# မြန်မာလက်စွဲဆယ်စောင်တွဲ

(ဦးမောင်မောင်လေး)

၁၁၈၉၀

# ပြန်မာ့လက်စွဲ

# ဆယ်ခေါင်တွဲ

၁၉၇၈-ခု၊ ဇွန်လတွင် ပထမအကြိမ်အဖြစ် အုပ် ၂၀၀၀ ရိုက်သည်။
မျက်နှာဖုံး ဒီဇိုင်းကို ပန်းချီ 'တင်ထွန်းကျော်' ရေး၍
အဖုံးဘလောက်ကို 'လွင်' တွင် လုပ်သည်။
အဖုံးရိုက်-စိုးမိုးမိတ်ဆက်

●

၁၀-ကျပ်

ဦးအုန်းမောင် (မြ-၀၁၆၅၄)၊
ဇေယျာစာပေ၊ ၂၃၈/၁၂၊ ၆-ရပ်ကွက်၊ ရန်ကင်း၊
ရန်ကုန်က ထုတ်ဝေ၍

ဒေါ်အေးမိ (မြ-၀၁၉၁၇)၊
မိမိပုံနှိပ်တိုက်၊ ၁၁၄၁၊ သုမင်္ဂလလမ်း၊ ၆-ရပ်ကွက်
တာ ဥက္ကလာပ၊ ရန်ကုန်တွင် ရိုက်နှိပ်သည်။

၁၁၈၉

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

အမှာစာ — ၁

## ပထမပိုင်း

### (က) ဘာသာ

မင်္ဂလသုတ်ပါဠိတော် .... ၇
မင်္ဂလသုတ်အနက် .... ၉
မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ကောက်နုတ်ချက် .... ၁၆
မဟာမင်္ဂလာခွဲ အမေးအဖြေ .... ၁၉
မဟာမင်္ဂလသုတ် အဓိပ္ပာယ် အထူးမှတ်ရန် .... ၃၃
မင်္ဂလာတရားသုံးဆယ့်ရှစ်ပါး သံပေါက် .... ၃၇
အပြင်အောင်ခြင်း ရှစ်ပါးပါဠိ .... ၄၀
အပြင်အောင်ခြင်းရှစ်ပါးအနက် .... ၄၂
အတွင်းအောင်ခြင်း ရှစ်ပါးပါဠိ .... ၄၇
အတွင်းအောင်ခြင်း ရှစ်ပါးအနက် .... ၄၈
ရတနာရွှေချိုင့်ပါဠိ .... ၅၃
ရတနာရွှေချိုင့် အနက် .... ၅၅

## — မာတိကာ —


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နမက္ကာရပါဠိ | .... | ၆၁ |
| နမက္ကာရ အနက် | .... | ၆၉ |
| ပရိတ်ကြီးပါဠိတော် | .... | ၈၉ |
| ၁။ မင်္ဂလသုတ် | .... | ၉၀ |
| ၂။ ရတနသုတ် | .... | ၉၂ |
| ၃။ မေတ္တသုတ် | .... | ၉၇ |
| ၄။ ခန္ဓသုတ် | .... | ၁၀၀ |
| ၅။ မောရသုတ် | .... | ၁၀၁ |
| ၆။ ဝဋ္ဋသုတ် | .... | ၁၀၂ |
| ၇။ ဓဇဂ္ဂသုတ် | .... | ၁၀၃ |
| ၈။ အာဋာနာဋိယသုတ် | .... | ၁၀၇ |
| ၉။ အင်္ဂုလိမာလသုတ် | .... | ၁၁၀ |
| ၁၀။ ဗောဇ္ဈင်သုတ် | .... | ၁၁၁ |
| ၁၁။ ပုဗ္ဗဏှသုတ် | .... | ၁၁၃ |
| ပရိတ်ကြီးအနက် | .... | ၁၁၆ |
| ၂။ ရတနသုတ်အနက် | .... | ၁၁၉ |
| ၃။ မေတ္တသုတ်အနက် | .... | ၁၃၂ |
| ၄။ ခန္ဓသုတ်အနက် | .... | ၁၃၆ |
| ၅။ မောရသုတ် အနက် | .... | ၁၃၉ |
| ၆။ ဝဋ္ဋသုတ်အနက် | .... | ၁၄၂ |
| ၇။ ဓဇဂ္ဂသုတ် အနက် | .... | ၁၄၄ |

## — မာတိကာ —

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


၈။ အာဠွာနာဠွိယသုတ် အနက် .... ၁၅၇
၉။ အင်္ဂုလိမာလသုတ် အနက် .... ၁၆၆
၁၀။ ဗောဇ္ဈင်သုတ် အနက် .... ၁၆၇
၁၁။ ပုဗ္ဗဏှသုတ် အနက် .... ၁၇၀


# ပထမပိုင်း

## ( ၁ ) ယဉ်ကျေးမှု


လောကနီတိ ပါဠိ .... .... ၁၇၉
၁။ ပဏ္ဍိတ ကဏ္ဍ .... ၁၇၉
၂။ သုဇန ကဏ္ဍ .... ၁၈၄
၃။ ဗာလဒုဇ္ဇန ကဏ္ဍ .... ၁၈၇
၄။ မိတ္တ ကဏ္ဍ .... ၁၈၉
၅။ ဣတ္ထိ ကဏ္ဍ .... ၁၉၁
၆။ ရာဇ ကဏ္ဍ .... ၁၉၅
၇။ ပကိဏ္ဏက ကဏ္ဍ ... ၁၉၀
လောကနီတိအနက် .... ၂၀၃
၁။ ပဏ္ဍိတ ကဏ္ဍအနက် .... ၂၀၃
၂။ သုဇန ကဏ္ဍ အနက် .... ၂၁၅
၃။ ဗာလဒုဇ္ဇန ကဏ္ဍ အနက် .... ၂၂၃
၄။ မိတ္တ ကဏ္ဍ အနက် .... ၂၂၆

— မာတိကာ —

အကြောင်းအရာ | စာမျက်နှာ


၅။ ဇာလင်္ကာရ အနက် .... ၂၃၁
၆။ ရာဇကာရာ အနက် .... ၂၃၇
၇။ ပကိဏ္ဏက ကဏ္ဍအနက် .... ၂၄၄
နိဂုံး .... ၂၅၄
ပုဗ္ဗောဝါဒ ဆုံးမစာ .... ၂၅၅
၁။ အဘက သားကို ဆုံးမရန် .... ၂၅၅
၂။ အမိက သားကို ဆုံးမရန် .... ၂၅၇
၃။ နှမက မောင်ကို ဆုံးမရန် .... ၂၅၉
၄။ ဆရာက နည်းနာပြ၍ ဆုံးမရန် .... ၂၆၂
၅။ မိဘမကောင်းလျှင် သားတို့က တဖန်ဆုံးမရန်
ဘုရားလောင်းပုံစံကို ပြဆိုရာ .... ၂၆၆
၆။ သားကောင်း သောဏမထေရ် ကယ်မ၍
အဘမုဆိုး နတ်ပြည် ရောက်ဖူးသည်ကို
ပုံတင်၍ပြရာ .... ၂၇၂
၇။ သားသုံးယောက်နှင့် စကားအမျိုးမျိုးတို့ကို
ပြောဆိုရာ .... ၂၇၄
၈။ မိဘတို့ကို ပြစ်မှား၍ သင်္ခန်းစက်ငရဲ၌ခံရသော
သေဌေးသား မိတ္တဝိန္ဒကကို ပုံပြ၍ဆုံးမရာ.... ၂၇၇
၉။ ဆရာကို ပြစ်မှား၍ အပြစ်ရောက်သည်ကို
ပြဆိုရာ .... ၂၈၃
လောကသာရ ဆုံးမစာ .... ၂၈၆

## — မာတိကာ —


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အနုသာသန ဆုံးမစာ | .... ၃၀၉ |
| ရှင်မဟာ သီလဝံသ၏ 'တိလောကဟု' ချီ လင်္ကာ | ၃၂၃ |
| ရှင်မဟာရဋ္ဌသာရ၏ 'လက်သစ်တောင်ဆော' လင်္ကာ | ... ၃၃၃ |
| သားရွှေတောင် လင်္ကာ | .... ၃၄၀ |
| သားရွှေခဲလင်္ကာ | .... ၃၄၅ |


## ဒုတိယပိုင်း

### (က) စာပေ


| | |
| --- | --- |
| အဂ္ဂရာခွဲထားသတ်ပုံ | .... ၃၅၃ |
| ရွှေနားတော်သွင်း ခွဲထား | .... ၃၅၆ |
| ယငယ်ရေးသတ်ပုံ | .... ၃၆၄ |
| ဗဦးထုပ်နှင့် ဘကုန်းရေးပုံ လင်္ကာ | .... ၃၇၀ |
| တောကြီးမှူးသတ်ထူး | .... ၃၇၃ |
| မြန်မာသံပေါက်သတ်ပုံ | .... ၃၈၃ |
| သဒ္ဒါနုသာရီသတ်ပုံ | .... ၄၀၅ |


## ဒုတိယပိုင်း

### (ခ) စကား


| | |
| --- | --- |
| ၁။ စကားကြီးဆယ်မျိုး | ... ၄၂၅ |
| ၂။ ဥပမာစကား | .... ၄၄၄ |

– မာတိကာ –

အကြောင်းအရာ | စာမျက်နှာ


၃။ စကားကြီးခြောက်ခွန်း .... ၄၄၈
၄။ ပေါက်ကံမောင်ချို စကားပုံ .... ၄၅၃
၅။ ကျည်းကန်ရှင်ကြီး စကားပုံ .... ၄၆၀
၆။ ဖိုးသူတော်ဦးနု စကားပုံ .... ၄၆၃
၇။ နှစ်ကြော့တင် စကားပုံ .... ၄၆၆
၈။ ပေါရာဏကထာ လက်ဟောင်း .... ၄၆၉
၉။ ပေါရာဏကထာ လက်သစ် .... ၄၇၃

# အမှာစာ

ဤစာအုပ်ပါ (ပါဠိ-မြန်မာ)စာပေ ကောက်နုတ်ချက်တို့သည် ရှေးရိုးစဉ်လာ မြန်မာစာသင်သား လူငယ်တို့ လေ့ကျက်သင်ကြားခဲ့ရသော စာပေများပင် ဖြစ်ပါသည်။

ဤစာပေတို့ကို လေ့လာခြင်းဖြင့် ရှေးခေတ် စာသင်သား လူငယ်တို့သည် မြန်မာတို့၏ ဘာသာရေးအယူအဆ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို သိရှိနားလည်လာမည် ဖြစ်သည့်ပြင် မြန်မာမှုနှင့်ဆိုင်ရာ စကားအရာ လိမ္မာကျွမ်းကျင်မှု၊ စာပေအတတ်ပညာ စီကုံးနန်းဖွဲ့မှုတို့ကို ကျွမ်းကျင်နိုင်နင်းလာမည် ဖြစ်ပါသည်။ မိမိသက်တမ်းတလျှောက် ကျင့်ကြံအားထုတ် လုပ်ကိုင်ရမည့် အခြေခံအချက်တို့ကိုလည်း နားလည်သိရှိပြီး ဖြစ်ခဲ့ကြလေသည်။

စာသင်သား လူငယ်တို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့လာစေရန် ဤစာများက ပြုပြင်ပေးခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့် ဤစာများမှာ မြန်မာတို့၏ လက်စွဲဖြစ်ပြီး ခေတ်အဆက်ဆက် တည်မြဲလာခဲ့ခြင်း ဖြစ်ပါသည်။

ပေါ့ချပိုက်တို့တွင် သိမ်းထားသော ဤစာများကို ပုံနှိပ်စာအုပ်အဖြစ် ရိုက်နှိပ်ရာ၌ နှစ်စောင်တွဲ၊ ငါးစောင်တွဲ၊ ခုနစ်စောင်တွဲ၊ ဆယ်စောင်တွဲ၊ ဆယ့်ငါးစောင်တွဲ စသည်ဖြင့် ပါဝင်သည့် စာ အနည်းအများအပေါ်မူတည်၍ မှည့်ခေါ်ကြခဲ့သည်။ ဤအခေါ်အဝေါ်များအနက် 'ဆယ်စောင်တွဲ'ဟူသော ဝေါဟာရသာလျှင် အသုံးတွင် ပေါ်လွင်လာပါသည်။ ထို့ကြောင့် ယခုစာအုပ်တွင် စာ (၁၀)မျိုးမက ပါဝင်သော်လည်း တွင်ပြီး ဝေါဟာရ 'ဆယ်စောင်တွဲ'ဟူ၍သာ အမည်ပေး ကင်ပွန်းတပ်လိုက်ရခြင်း ဖြစ်ပါသည်။

ဆယ်စောင်တွဲပါ စာများကို လေ့လာမှု နည်းပါးသည်နှင့်အမျှ လူငယ်တို့၏ ယဉ်ကျေးသိမ်မွေ့ နူးညံ့မှုတို့သည် လျော့နည်းလာမည်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု ဓလေ့များဖြင့် ကင်းကွာလာမည်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်သားသမီးရှင်မိဘတိုင်း ဤစာများကို အလေးဂရု ပြုသင့်ပါသည်။ အနည်းဆုံး ဤစာများကို ရွတ်ဖတ်ပြခြင်း၊ ရှင်းလင်းပြခြင်းဖြင့် ဤစာများ၏ ဆိုလိုရင်းကို သားတို့ သမီးတို့ သဘောပေါက် နားလည်စေအပ်ပါသည်။

ဖယောင်းအသွင် ပျော့ပျောင်းနေသောအချိန်က လိုရာပုံကို သွင်းယူနိုင်မှသာ သံချောင်းပမာ မာကျောလာချိန်တွင် မိမိတို့ လိုရာပုံသဏ္ဌာန်ဖြင့် တည်တန့် ခိုင်မြဲနိုင်မည် ဖြစ်ပါသည်။

နောင်တခေတ်၏ ခေါင်းဆောင်ဖြစ်လာမည့် လူငယ်များ၏ စိတ်ဓာတ်ကို မြန်မာ့နည်း မြန်မာ့ဟန်ကျကျ ပြုပြင်ပေးသင့်သည်

ဟု ယုံကြည်ပါသည်။ ဤယုံကြည်ချက်ဖြင့်ပင် ဤစာအုပ်ကို စုဆောင်းထုတ်ဝေရခြင်း ဖြစ်ပါသည်။ စီစဉ်တင်ပြရာ၌ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စာများကို တပိုင်း၊ စာပေနှင့် စကားဆိုင်ရာများကိုတစု၊ နှစ်ဌာနခွဲခြား၍ တင်ပြထားပါကြောင်း။

ထုတ်ဝေသူ

၁၃၃၉ ခု၊ တော်သလင်း လဆုတ် (၇) ရက်။

# ပထမပိုင်း

## ( က ) ဘာသာ

ဤအပိုင်းပါ ပါဠိစာပေ၊ ဂါထာ ဒေါက်နုတ်ချက်တို့ကို ရွတ်ဖတ်ခြင်းဖြင့်၎င်း၊ အနက်အဓိပ္ပာယ်ကို လေ့ကျက်မှတ်သားခြင်းဖြင့်၎င်း၊ မြန်မာတို့၏ ရှေးရိုးစဉ်လာ လက်ခံယုံကြည် ဆည်းကပ် ကိုးကွယ်ခဲ့ကြသော ဗုဒ္ဓဘာသာ၏ အသိအနှစ်တို့ကို ပွင့်ဆိုပြထားချက်များအား သေချာစွာ လေ့လာမှတ်သား၍ လိုက်နာ ကျင့်ကြံ အားထုတ်မှု ပြုအပ်ပေသတည်း။

# မင်္ဂလသုတ်
# ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သ-ဒေဝကာ။
သောတ္ထာနံ နာ-ဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝ-ဒေဝေန၊ သဗ္ဗ-ပါပ-ဝိနာသနံ။
သဗ္ဗ—လောက-ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတ-ဝနေ အ-နာထ ပိဏ္ဍိကဿ အာရာမေ၊ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ—ဝဏ္ဏာ ကေဝလကပ္ပံ ဇေတ-ဝနံ ဩဘာသေတွာ ယေန ဘဂဝါ၊

တေနု-ပသင်္ကမိ။ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၄။ ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ-မုတ္တမံ။ ။

၅။ အ-သေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၆။ ပတိရူပ-ဒေသ-ဝါသောစ၊ ပုဗ္ဗေစ ကတ-ပုညတာ။
အတ္တ-သမ္မာ-ပဏိဓိစ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သု-သိက္ခိတော။
သု-ဘာသိတာစ ယာ ဝါစာ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၈။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တ-ဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၉။ ဒါနဉ္စ ဓမ္မ-စရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၁၀။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇ-ပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၁၁။ ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌိစ ကတညုတာ။
ကာလေန ဓမ္မ-ဿဝဏံ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၁၂။ ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မ-သာကစ္ဆာ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။

၁၃။ တပေါ စ ဗြဟ္မ-စရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန-သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။
၁၄။ ဖုဋ္ဌဿ လောက-ဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အ-သောကံ ဝိ-ရဇံ ခေမံ၊ ဧတံ မင်္ဂလ-မုတ္တမံ။ ။
၁၅။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မ-ပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ-မုတ္တမံ။ ။

---

## မင်္ဂလသုတ် အနက်

၁။ သ-ဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်ပြီ။ သောတ္ထာနံ၊ စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဥ္စ၊ သုံးဆယ့် ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ နာဓိဂစ္ဆန္တိ နအဓိဂစ္ဆန္တိ ဧဝ၊ မသိနိုင်ကုန် သလျှင်ကတည်း။

၂။ ဒေဝ-ဒေဝေန၊ နတ်ဘကာတို့ထက် မြတ်သော ဝိသုဒ္ဓိ နတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗ-လောက— ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗ—ပါပ-ဝိနာသနံ၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်ပေတတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ ဟေ၊ အို....သူတော်ကောင်း တို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံ သုတ္တံ၊ ဤမဟာမင်္ဂလသုတ်တော်ကို။ * မေ– မယာ့အာနန္ဒေန၊ အကျွန်ုပ်အာနန္ဒာသည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊မျက်မှောက်တော်မှ။ ဧဝံ၊ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထ ပိဏ္ဍိကဿ၊ အနာထပိဏ်သေဋ္ဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့်မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ညဉ့်ဦးယံလွန်ပြီးသော။ရတ္တိယာ၊ သန်ခေါင်အခါ၌။ အဘိက္ကန္တ-ဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။ ယေန၊အကြင်အရပ်၌။ ဘဂဝါ၊မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ဋ္ဌိတာခေါ၊ရပ်ပြီး

* မေ-မယာ အာနန္ဒတ္ထေရေန၊အကျွန်ုပ်အာနန္ဒာမထေရ်သည် (မှက်ချ)

သော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့ နားတော်လျှောက်ပေ၏။

၄။ ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ကာလပတ်လုံး။ အစိန္တယုံ၊ ကြံကြကုန်ပြီ၊ စိန္တယန္တာပိ၊ ကြံကြကုန်သော်လည်း။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကုန်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ တရားတော်မြတ်ကို။ တုံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော့။

၅။ ဘောဒေဝပုတ္တ၊ အို....နတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို။ ယာသေဝနာစ၊ အကြင်မှီဝဲ ဆည်းကပ်ရခြင်း သည်လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ယာပူဇာစ၊ အကြင်ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၆။ ဘောဒေဝပုတ္တ၊ အို….နတ်သား။ ပတိရူပ ဒေသဝါ သောစ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် လည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊ မိမိပြုခဲ့ဘူး သော ကောင်းမှုရှိသော သူ၏ အဖြစ်သည်လည်းကောင်း။ အတ္တ သမ္မာပဏိဓိစ၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တော်၊ ဤသုံးပါးသော တရားသည် လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၇။ ဘောဒေဝပုတ္တ၊ အို….နတ်သား။ ဗာဟုသစ္စဉ္စ၊ အကြား အမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း။ သိပ္ပဉ္စ၊ လက်မှု ပညာ အစရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရ ခြင်းသည်လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာသင်အပ် သော။ ဝိနယောစ၊ ဝိနည်းတရားသည်လည်းကောင်း။ သုဘာ သိတာ၊ ကောင်းစွာဆိုအပ်သော။ ယာဝါစာစ၊ အကြင်စကား သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တော်၊ ဤလေးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၈။ ဘောဒေဝပုတ္တ၊ အို….နတ်သား။ မာတာပိတု၊ [illegible] အဘကို။ ဥပဋ္ဌာနဉ္စ၊ လုပ်ကျွေးမွေးမြူရခြင်းသည်လည်းကော[illegible] ပုတ္တဒါရဿ၊ † သားမယားအား။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထော[illegible] ရခြင်းသည်လည်းကောင်း။ အနာကုလာ၊ အနှောင့်အယှ[illegible]

---

* အမိအဘတို့ကို (မှုကွဲ) † သားမယားတို့အား (မှုကွဲ)

မရှိကုန်သော။ ကမ္မန္တာ၁၀၊ အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တံ၊ သင်နတ်သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

၉။ ဘောဒေဝပုတ္တ၊ အို...နတ်သား။ ဒါနဉ္စ၊ အလှူပေးရ ခြင်းသည်လည်းကောင်း။ ဓမ္မစရိယာ၁၀၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ အား။ သင်္ဂဟော၁၀၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိ၁၀၊ အမှုတို့ကို ပြုရ ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘောဒေဝပုတ္တ၊ အို...နတ်သား။ ပါပါ၊ မကောင်းမှု မှ။ အာရတိ၁၀၊ ဝေးစွာ ရှောင်ကြဉ် ရခြင်းသည်လည်းကောင်း။ ဝိရတိ၁၀၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း။ မဇ္ဇပါနာ၊ သေရည်သေရက် သောက်ခြင်းမှ။ သံယမော၁၀၊ ကောင်းစွာ ရှောင်ကြဉ် ရခြင်းသည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ အပ္ပမာဒေါ၁၀၊ မမေ့မလျော့ရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည် ၏ ဟူ၍။ တံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၁။ ဘောဒေဝပုတ္တ၊အို....နတ်သား။ဂါရဝေါစ၊ ရိုသေထိုက်သော သူတို့အား ရိုသေရခြင်းသည်လည်းကောင်း။ နိဝါတောစ၊ မိမိကိုယ်ကို နှိမ့်ချရခြင်း သည်လည်းကောင်း။ သန္တုဋ္ဌိစ၊ ရောင့်ရဲ လွယ်ရခြင်းသည်လည်းကောင်း။ ကတညုတာစ၊ သူပြုဘူးသော ကျေးဇူးကို သိရခြင်း သည်လည်းကောင်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သောအခါ၌။ ဓမ္မဿဝဏဉ္စ။ သူတော်ကောင်း တရားကို နာရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘောဒေဝပုတ္တ၊အို...နတ်သား။ခန္တီစ၊သည်းခံရခြင်း သည်လည်းကောင်း။ သောဝစဿတာစ၊ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်သော သူ၏ အဖြစ်သည်လည်း ကောင်း။ သမဏာနံ၊ ရဟန်း ပုဏ္ဏားတို့အား။ ဒဿနဉ္စ၊ ဖူးမြင် ရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ် သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ လေးပါးသောတရားသည်လျှင်၊ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊မှတ်လေ လော့။

၁၃။ ဘောဒေဝပုတ္တ၊အို....နတ်သား။ တပေါစ၊ ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့် ကို ကျင့်ရခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာ

တို့ကို။ ဒသာနဥ္စ၊ သိမြင်ရခြင်းသည်လည်းကောင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ သစ္ဆိကိရိယာစ၊ မျက်မှောက်ပြုခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၄။ ဘောဒေဝပုတ္တ၊ အိုး...နတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသောမြူလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘောဒေဝပုတ္တ၊ အိုး...နတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ အဋ္ဌတိံသမင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌၊ အပရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသောတရားသည်လျှင်။ တေသံ၊ ထိုနတ်၊ လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ်အနက် ပြီး၏။

# မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ကောက်နုတ်ချက်

အသေဝနာစ ဗာလာနံ–ဟူသောပုဒ်၌(၃)ပါး

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်းတပါး။

၂။ ပညာရှိသော သူတို့ကို မှီဝဲ ဆည်းကပ်ရခြင်းလည်း တပါး။

၃။ ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရခြင်းလည်း တပါး။

ပတိရူပ ဒေသဝါသောစ-ဟူသောပုဒ်၌(၃)ပါး

၁။ တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းလည်း တပါး။

၂။ ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှု ရှိသောသူ၏ အဖြစ်လည်းတပါး။

၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တပါး။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ–ဟူသောပုဒ်၌(၄)ပါး

၁။ အကြားအမြင်များသောသူ၏ အဖြစ်လည်းတပါး။

၂။ အပြစ်မရှိသော အတတ်ကို တတ်ရခြင်းလည်းတပါး။

၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်းတပါး။

၄။ ကောင်းစွာဆိုအပ်သော စကားလည်းတပါး။

မာတာပိတု ဥပဋ္ဌာန်-ဟူသော ပုဒ်၌(၃)ပါး

၁။ အမိအဘကို လုပ်ကျွေး မွေးမြူရခြင်းလည်းတပါး။
၂။ သားမယားအား သင်္ဂြိုဟ် ထောက်ပံ့ ရခြင်းလည်း တပါး။
၃။ အနှောင့်အရှက်မရှိသော အမှုလည်းတပါး။

ဒါနဥ္စ ဓမ္မစရိယာစ-ဟူသော ပုဒ်၌(၄)ပါး

၁။ အလှူပေးရခြင်းလည်းတပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တပါး။
၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ ရခြင်းလည်း တပါး။
၄။ အပြစ်မရှိသော အမှုလည်းတပါး။

အာရတိ ဝိရတိပါပါ-ဟူသော ပုဒ်၌(၄)ပါး

၁။ မကောင်းမှုမှ ဝေးစွာ ကြဉ်ရှောင်ရခြင်းလည်းတပါး။
၂။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင်ရခြင်းလည်း တပါး။
၃။ သေရည်အရက်ကို သောက်ခြင်းမှ ကောင်းစွာကြဉ်ရှောင် ရခြင်းလည်းတပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တပါး။

ဂါရဝေါ စ နိဝါတော စ-ဟူသောပုဒ်၌(၅)ပါး

၁။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းလည်း တပါး။
၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်း တပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်းတပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်းတပါး။
၅။ လျောက်ပတ်သော အခါ၌ တရားတော်ကို နာရခြင်း လည်း တပါး။

ခန္တီစ သောဝစဿတာ-ဟူသောပုဒ်၌(၄)ပါး

၁။ သည်းခံရခြင်းလည်းတပါး။
၂။ သူတော်ကောင်းတို့ ဆုံးမရာ လိုက်နာလွယ်ရခြင်းလည်း တပါး။
၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမျှော် ရခြင်းလည်းတပါး။
၄။ လျောက်ပတ်သောအခါ တရားစကားကို ဆွေးနွေး မေးမြန်းရခြင်းလည်းတပါး။

တပေါ စ ဗြဟ္မစရိယဉ္စ-ဟူသောပုဒ်၌(၄)ပါး

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်းတပါး။
၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်း တပါး။
၃။ အရိယသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တပါး။
၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်းတပါး။

ဖုဋ္ဌဿ လောကဓမ္မေဟိ–ဟူသောပုဒ်၌(၄)ပါး

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသည် လည်းတပါး။

၂။ စိုးရိမ်ခြင်းမရှိသည်လည်းတပါး။

၃။ ရမ္မက်ဟူသော မြူကင်းခြင်းလည်းတပါး။

၄။ ဘေးမရှိခြင်းလည်းတပါး။

---

## မဟာမင်္ဂလာသွဲ့ အမေး၊အဖြေ

မေး။ ။ယခု အဘယ်စာကိုသင်သနည်း။

ဖြေ။ ။မဟာမင်္ဂလသုတ်ကို သင်ပါသည်ဘုရား။

မေး။ ။မဟာမင်္ဂလသုတ်၌ မင်္ဂလာအပြား အဘယ်မျှ ရှိသနည်း။

ဖြေ။ ။သုံးဆယ့်ရှစ်ပါး ရှိပါသည်ဘုရား။

မေး။ ။အဘယ်ပါဠိကို ထောက်၍ သိရသနည်း။

ဖြေ။ ။ဒေသနာ ရိယောသာနေ နိဂုံးအဆုံးဖြစ်သော-တောဒိသာနိ အဋ္ဌတိံသမင်္ဂလာနိ-ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။

မေး။ ။အဘယ်ကြောင့် မင်္ဂလာမည်သနည်း။

ဖြေ။ ။မင်္ဂလာ ပါဠိ လုနာဂတိဆိန္နတီတိမင်္ဂလံဟူသော ဝိဂ္ဂဟ်နှင့်အညီ မကောင်းမှုကို ပယ်ဖြတ်တတ်သောကြောင့် မင်္ဂလာမည်ပါသည်ဘုရား။

မေး။ ။အဘယ်မျှသောဂါထာဖြင့်ဟောတော်မူသနည်း။

ဖြေ။ ။ဆယ်ဂါထာဖြင့် ဟောတော် မူပါသည်ဘုရား။

မေး။ ။ဟောတော်မူသော ဂါထာကား အဘယ်ဂါထာနည်း။

ဖြေ။ ။အသေဝနာစ, လည်း တဂါထာ၊ ပတိရူပ, လည်း တဂါထာ၊ ဗာဟုသစ္စဉ္စ, လည်း တဂါထာ၊ မာတာပိတု, လည်း တဂါထာ၊ ဒါနဉ္စ, လည်း တဂါထာ၊ အာရတိ, လည်းတဂါထာ၊ ဂါရဝေါစ, လည်းတဂါထာ၊ ခန္တီစ, လည်းတဂါထာ၊ တပေါစ, လည်း တဂါထာ၊ ဖုဋ္ဌဿ, လည်းတဂါထာ၊ ဤဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

မေး။ ။အဘယ်အရပ်မှာ ဟောသနည်း။

ဖြေ။ ။သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဘုရား။

မေး။ ။သာဝတ္ထိပြည်ဟု အဘယ့်ကြောင့် တွင်သနည်း။ (ဆိုသနည်းဟုလည်းမေး။)

ဖြေ။ ။သဗ္ဗံမနုဿမတ္ထိအတ္ထိတိ–ဟု ပါဠိရှိသောကြောင့် ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာ ရတနာအပေါင်းတို့သည် လိုရမတ ပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ။သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။

ဖြေ။ ။ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည်ဘုရား။

မေး။ ။ဇေတဝန် ကျောင်းတော်ဟု အဘယ်ကြောင့်ခေါ်သနည်း။

ဖြေ။ ။ဇေတမင်းသား၏ ဥယျာဉ်မြေကို ရွှေအသပြာအတိ ခင်းပြီးလျှင် မြေဘိုးပေး၍ ဆောက်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ဆိုပါသည်ဘုရား။

မေး။ ။အဘယ်သူဆောက်သနည်း။

ဖြေ။ ။အနာထပိဏ်သေဌေး ဆောက်ပါသည်ဘုရား။

မေး။ ။အနာထပိဏ် သေဌေးဟု အဘယ်ကြောင့် ခေါ်သနည်း။

ဖြေ။ ။အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော-ဟူသောပါဠိနှင့်အညီ၊ ကိုးကွယ်ရာ မရှိသောသူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့် အနာထပိဏ် သေဌေးဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ။ယင်းမည်ကို အဘယ်သူဆိုသနည်း။

ဖြေ။ ။သုဒတ္တ ဆိုပါသည်ဘုရား။

မေး။ ။ဇေတဝန်ကျောင်းတော်သည် သာဝတ္ထိပြည်နှင့်နီးသလော၊ ဝေးသလော၊ အရှေ့, အနောက်,

တောင်၊ မြောက်၊ ဗသည်တို့တွင် အဘယ်အရပ်မှာ နည်း။

ဖြေ။ ။ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရသ အဝိဒူရေ ဓနုပဥ္စ သတမတ္တေ ဒက္ခိဏပဿေဟူသော သာဓကပါဠိ ရှိသောကြောင့် သာဝတ္ထိပြည်၏ တောင်အရပ်ဖြစ်သော ကုလားလေးတာ အပြန်ငါးရာ အရပ်တွင် ဖြစ်ပါသည်ဘုရား။

မေး။ ။ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော၊ စမွယ်ရုံလော၊ ဦးပြည့်လော။

ဖြေ။ ။တိဘူမိကေသု ဂန္ဓကုဋီသု-ဟူ၍ သာဓကပါဠိ ရှိသောကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ဘုံသုံးဆင့်ရှိသော ဇေတဝန်ကျောင်းတော် ဖြစ်ပါသည်ဘုရား။

မေး။ ။အဘယ်သူ တောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ။ ။အမျိုးအမည် မထင်ရှားသော နတ်သားတောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

မေး။ ။အဘယ်ကြောင့် မထင်ရှားသော နတ်သားဟု ဆိုသနည်း။

ဖြေ။ ။အညတရာဒေဝတာ-ဟူသော ပါဠိကို ထောက်၍ ဆိုပါသည်ဘုရား။

မေး။ ။မထင်ရှားသောနတ်သားအဘယ်သူဖြစ်သနည်း။

ဖြေ။ ။ဣန္ဒသက္က သိကြားဟု ဆိုပါသည်ဘုရား။

မေး။ ။အဘယ်အခါ တောင်းပန်သနည်း။

ဖြေ။ ။သန်းခေါင်အခါ တောင်းပန်ပါသည် ဘုရား။

မေး။ ။အဘယ်ကြောင့် သိရသနည်း။

ဖြေ။ ။အဘိက္ကန္တာယ ရတ္တိယာ-ဟူသော ပါဠိကိုထောက်၍ သိရပါသည်ဘုရား။

မေး။ ။မာဃင်ရှားသော နတ်သားကို အဘယ်အကြောင်းကြောင့် သိကြားဟု ဆိုသနည်း။

ဖြေ။ ။ဘုရားသခင်၏ ခြေတော်ရင်း၌ ညဉ့်ဦးယံကား စတုမဟာရာဇ် နတ်တို့သည် ဆည်းကပ်ဖူးမျှော်ပူဇော်မြဲအချိန်အခါ ဖြစ်ပါသည်။ သန်းခေါင်ယံအခါ၌ တာဝတိံသာ နတ်သိကြားတို့ ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်။ မိုးသောက်ယံကား ဗြဟ္မာတို့ ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါဖြစ်ပါသည်။ ထိုအချိန်ကာလ သုံးပါးတွင် သန်းခေါင်ယံအချိန် ဖြစ်သောကြောင့် သိကြားဟု ဆိုပါသည်ဘုရား။

မေး။ ။သိကြား တောင်းပန်ကြောင်းကို အဘယ်သူကြားသနည်း။

ဖြေ။ ။အရှင်အာနန္ဒာ ကြားပါသည်ဘုရား။

မေး။ ။အရှင်အာနန္ဒာကြားကြောင်းကို အဘယ်ကြောင့် သိရသနည်း။

ဖြေ။ ။အာနန္ဒတ္ထေရေန သုတံ-ဟူသောပါဠိကို ထောက်၍ သိရပါသည်ဘုရား။

မေး။ ။အရှင်အာနန္ဒာ ကြားသော် အဘယ်သူကို ပြော
သနည်း။
ဖြေ။ ။အရှင် မဟာကဿပ မထေရ်ကို ပြောပါသည်
ဘုရား။
မေး။ ။အရှင်မဟာကဿပဟု အဘယ်ကြောင့် ခေါ်
သနည်း။
ဖြေ။ ။ကဿပကမ္မာဒီသု သံဝေဂံ ပဋိလဘိတွာန ယထာ
တော တိ ကဿပေါ-ဟူသော ဝိဂ္ဂဟ်ပါဠ်နှင့်အညီ
လယ်လုပ်ခြင်းစသော အမှုတို့၌ ထိတ်လန့်ခြင်း
တရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပဟု
ခေါ်ပါသည်ဘုရား။
မေး။ ။ငယ်မည်ကို အဘယ်သူ ဆိုသနည်း။
ဖြေ။ ။ရွှေအဆင်းကဲ့သို့ ကိုယ်သားကိုယ်ရေတို့၏ တင့်
တယ်ခြင်းရှိသောကြောင့် ပိပ္ပလိလုလင်ဟု ဆိုပါ
သည် ဘုရား။
မေး။ ။မဂ်သာ သုံးဆယ့်ရှစ်ပါးဆိုသော် အဘယ်သည်တို့
နည်း။
ဖြေ။ ။အသေဝနာစ—ဟူသော ပဌမ ဒေသနာတော်၌
မင်္ဂလာ သုံးပါး။
ပတိရူပ—ဟူသော ဒုတိယ ဒေသနာတော်၌ မင်္ဂ
လာ သုံးပါး။
ဗာဟုသစ္စဉ္စ—ဟူသော တတိယ ဒေသနာတော်၌
မင်္ဂလာ လေးပါး။

မာတာပိတု—ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာ သုံးပါး။

ဒါနဉ္စ—ဟူသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။

အာရတီ—ဟူသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာ လေးပါး။

ဂါရဝေါစ—ဟူသော သတ္တမ ဒေသနာတော်၌ မင်္ဂလာ ငါးပါး။

ခန္တီစ—ဟူသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။

တပေါစ—ဟူသော နဝမဒေသနာတော်၌ မင်္ဂလာ လေးပါး။

ဖုဋ္ဌဿ—ဟူသော ဒသမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။

ဤသို့အားဖြင့် မင်္ဂလာ သုံးဆယ့်ရှစ်ပါးရှိပါသည် ဘုရား။

မေး။ ။အသေဝနာစ-အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ။သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ။ပညာရှိသော သူတို့ကို မှီဝဲ ဆည်းကပ် နှီးနှောရခြင်းသည်လည်း မင်္ဂလာ တပါး။ ။ဘုရားအစရှိသော ရတနာ သုံးပါးတို့အား အရိုအသေ အလေးအမြတ် ပြုရခြင်းသည်

လည်း မင်္ဂလာတပါး။ ....ဤသို့အားဖြင့် အသေဝနာဒိ အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာ သုံးပါး ရှိပါသည်ဘုရား။

မေး။ ။ပတိရူပ ဒေသဝါသာဒိ-အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော အဘယ်သည်တို့နည်း။

ဖြေ။ ။တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတပါး။ ။ရှေးက ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်းသည်လည်း မင်္ဂလာတပါး။ ။မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး။ ...ဤသို့အားဖြင့် ပတိရူပ ဒေသဝါသာဒိ-အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါးရှိပါသည်ဘုရား။

မေး။ ။ဗာဟုသစ္စဉ္စ-အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာ လေးပါးဆိုသော အဘယ်သည်တို့နည်း။

ဖြေ။ ။ကျမ်းဂန်တရား အကြားအမြင် များရခြင်းသည်လည်း မင်္ဂလာတပါး။ ။အပြစ်ခပ်သိမ်း ကင်းသော လက်မှုအတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ။ကောင်းစွာ သိအပ်သော ဝိနည်းတရားတို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတပါး။ ။အင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မင်္ဂလာ

တပါး။....ဤသို့အားဖြင့် ဗာဟုသစ္စ - အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါး ရှိပါသည်ဘုရား။

မေး။ ။မာတာပိတု-အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ။အမိ အဘတို့ကိုလုပ်ကျွေးမွေးမြူရခြင်းသည်လည်း မင်္ဂလာတပါး။ ။သားမယားတို့အား သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။ ။ အနှောင့်အရှက်မရှိသော လယ်လုပ်ခြင်း၊ကုန်သွယ်ခြင်း အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။....ဤသို့အားဖြင့် မာတာပိတုအစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရား သုံးပါးဖြစ်ပါသည်ဘုရား။

မေး။ ။ဒါနဉ္စ-အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ။အလှူပေးရခြင်းသည်လည်းမင်္ဂလာတပါး။တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး။ ။ အဆွေအမျိုးတို့အား ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။ ။အပြစ် မရှိသော အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။....ဤသို့အားဖြင့် ဒါနဉ္စ အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ ။အာရတိ—အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ။မကောင်းမှုကို မပြုမူ၍ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ။ကိုယ်၏အသက်ကို ငဲ့ကွက်ခြင်း ကင်းသောစိတ်ဖြင့် ငါသည် မကောင်းမှုကို မပြုပြီ၊ ငါ၏အသက် သေသော်လည်း သေပါစေ၊ သူ၏အသက်ကို မသတ်မူ၍ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အမှုကို မပြုပြီဟု အထူးသဖြင့် ကြဉ်ရှောင်ခြင်းသည်လည်း မင်္ဂလာ တပါး။

မေး။ ။သုရာငါးပါးဆိုသည် အဘယ်နည်း။

ဖြေ။ ။ပိဋ္ဌသုရာ၊ မုံ့ညက်ဖြင့်ပြုသောသေ၊ ပူဝသုရာ၊ မုံ့ဖြင့်ပြုသောသေ။ ဩဒနသုရာ၊ ထမင်းဖြင့် ပြုသောသေ။ ကိဏ္ဏပက္ခိတ္တသုရာ၊ တဆေးထည့်၍ ပြုသောသေ။ သမ္ဘာရသံယုတ္တာ၊ များစွာသော အဆောက်အဦတို့ဖြင့် ပြုသောသေ။ ဤသည်ကား သေငါးပါး ဖြစ်ပါသည်ဘုရား။

မေး။ ။မေရယ ငါးပါးဆိုသည် အဘယ်နည်း။

ဖြေ။ ။ပုပ္ဖါသဝေါ၊ အပွင့်အရည်တို့ဖြင့်ပြုသောအရက်။ ဖလာသဝေါ၊ သစ်မည်စည်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်။ မဓွာသဝေါ၊ မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်။ ဂုဠာသဝေါ၊

ကြံရည်တို့ဖြင့် ပြုသော အရက်။ သမ္ဘာရ သံယုတ္တာ၊ များစွာသော အဆောက်အဦတို့ဖြင့် ပြုသော အရက်။ ဤသည်ကား မေရယ ငါးပါး ဖြစ်ပါသည်ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုး ငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်း သည်လည်း မင်္ဂလာတပါး။ ။ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မ တည်းဟူသော ကုသိုလ်တရားဆယ်ပါးတို့၌ မမေ့မလျော့ရခြင်းသည်လည်း မင်္ဂလာတပါး။....
ဤသို့အားဖြင့် အာရတိ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး။ ။ဂါရဝေါစ–အစရှိသော သတ္တမ ဒေသနာတော်၌ မင်္ဂလာတရား ငါးပါးဟူသော်ကား အဘယ်သည် တို့နည်း။

ဖြေ။ ။ဇာတိ, ဂုဏ်, ရှိသော သူတို့အား အရိုအသေ အလေး အမြတ်ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာ တပါး။ ။ရရသမျှသော ပစ္စည်းအသုံးအဆောင် တို့ဖြင့် ရောင့်ရဲသွယ်ရခြင်းသည်လည်း မင်္ဂလာ တပါး။ ။သူတပါးကျေးဇူးကို သိရခြင်း သည် လည်း မင်္ဂလာတပါး။ ။လျောက်ပတ်သော

အခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတပါး။...ဤသို့အားဖြင့် သတ္တမ ဒေသနာ တော်၌မင်္ဂလာတရား ငါးပါးဖြစ်ပါသည် ဘုရား။

မေး။ ။ခန္တီစ-အစရှိသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာ တရား လေးပါး ဟူသော်ကား အဘယ်သည်တို့ နည်း။

ဖြေ။ ။ကိုယ့်အောက် ယုတ်သောသူတို့ကို သည်းခံရခြင်း သည်လည်း မင်္ဂလာတပါး။ ။သူတော်ကောင်း တို့ ဆိုဆုံးမသော သူ၏အဖြစ်သည်လည်း မင်္ဂလာ တပါး။ ။ရဟန်း ပုဏ္ဏားတို့အား ဖူးမြင်ရခြင်း သည်လည်း မင်္ဂလာတပါး။ ။လျောက်ပတ် သောအခါ တရားစကားကို နှီးနှောပြောဆို ဆွေး နွေးမေးမြန်းရခြင်းသည်လည်း မင်္ဂလာတပါး။ ... ဤသို့အားဖြင့် အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္တီစ-၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး။ ။တပေါစ—အစရှိသော နဝမဒေသနာတော်၌ မင်္ဂလာ တရား လေးပါး ဟူသည်ကား အဘယ်သည်တို့ နည်း။

ဖြေ။ ။ခြိုးခြံ၍ ကျင့်ခြင်းသည်လည်း မင်္ဂလာတပါး။ မြတ်သောမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, တည်းဟူသော ဗြဟ္မစိုရ်တရားကို ကျင့်ရခြင်းသည် လည်း မင်္ဂလာတပါး။ ။အရိယသစ္စာ တရား

မှန်တို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာတပါး။ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ။...ဤသို့ အားဖြင့် တပါး‌ စ–အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ ။ဖုဋ္ဌဿ–အစရှိသော ဒသမဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ။လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ,ပသံသာ,သုခံ,ဒုက္ခံတည်းဟူသော လောကဓံတရားရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး။ ။ထိုလောကဓံတရား ရှစ်ပါးတို့ကို တွေ့သောအခါ စိုးရိမ်ခြင်း မရှိသည်လည်း မင်္ဂလာတပါး။ ။ကိလေသာ ရမ္မက် ဟူသော အညစ်အကြေးမတင် သန့်ရှင်းစင်သော အဖြစ်သည်လည်း မင်္ဂလာတပါး။ ။ကြောက်မက်ခြင်းကင်းသော အဖြစ်သည်လည်း မင်္ဂလာ တပါး။ ။....ဤသို့အားဖြင့် ဒသမဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ ။မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာ မထေရ်သည် အရှင်မဟာကဿပ မထေရ်အား ပြောသည်ဆိုသော်၊ အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ။ ။ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး။ ။ရာဇဂြိုဟ်ပြည်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ ။စကြဝတေးအစရှိသော ဘုန်းကြီးသော မင်းတို့သည် သိမ်းယူရာဖြစ်သောကြောင့် ရာဇဂြိုဟ်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ။ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ စသောအရပ်တွင် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ။ ။ရာဇဂြိုဟ်ပြည် မြို့ပြင်မြောက်ဖက်အရပ် ဝေဘာရတောင်ဝှမ်း စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ ဘုံဆောင်ဗိမာန်နှင့် တူသော ရတနာမျိုးတို့ဖြင့် တန်းဆာဆင်အပ်သော ချောမောပြေပြစ် ဆန်းကြယ်လှစွာသောရတနာသဘင်မဏ္ဍပ်၌ ဣန္ဒနီလာ၊ မသာရဂလ်၊ မနောမယ အစရှိသော ရတနာမျိုးတို့ဖြင့် စီမံအပ်သော တွေတွေဒိးဒိး၊ ရွှေချပ်ချင်းစီးသကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ အဘိုးအတိုင်းမသိထိုက်သော ခင်းနှီးနေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကိုကိုင်၍ အရှေ့ရှုးစူးသို့ မျက်နှာပြုလျက် နေတော်မူပြီးလျှင်၊ ပဉ္စမသင်္ဂါယနာကို အမှူးပြု၍ ဆောင်ရွက်တော်မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင်၊ အရှင်အာနန္ဒာဖြေလျှောက်

ပါသည်ဘုရား။ နတ်သား တောင်းပန်၍ ဟောတော်မူသောအခါ ကုဋေရှစ်သန်းမျှလောက်ကုန်သော နတ်သားတို့သည် ရဟန္တာဖြစ်၏ ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သူ အနန္တဆိုပါသည်ဘုရား။

မဟာမင်္ဂလာခွဲ ဤတွင် ပြီး၏။

---

## မဟာမင်္ဂလသုတ် အဓိပ္ပာယ် အထူးမှတ်ရန်

မဟာမင်္ဂလသုတ်၌ အဓိပ္ပာယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှ ထည့်သွင်းလိုက်ပါဦးအံ့။

''ကေမန္တံ အဋ္ဌာသိ'' ဟူသောပါဌ်၏အဓိပ္ပာယ်ကား

နီးလွန်းသောအရပ်၊ ဝေးလွန်းသောအရပ်၊ လေညာဖြစ်သော အရပ်၊ မြင့်သောအရပ်၊ ရှေ့တူရူ ဖြစ်သော အရပ်၊ နောက်တူရူ ဖြစ်သောအရပ်၊ ၎င်းခြောက်ရပ်မှ လွတ်သော အရပ်ကို ဆိုလိုသည်။

''ပတိရူပ ဒေသဝါသော စ'' ဟူသောပါဌ်၏ အဓိပ္ပာယ်ကား

ရတနာသုံးပါး ထင်ရှားရှိသော အရပ်၌ နေရခြင်းကို ဆိုလိုသည်။

“အတ္တသမ္မာပဏိဓိစ”ဟူသော ပါဌ်၏ အဓိပ္ပာယ်ကား

ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

“သုဘာသိတာစ ယာဝါစာ”ဟူသော ပါဌ်၏ အဓိပ္ပာယ်ကား

ပိသုဏဝါစာမှ ကြဉ်၍ ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သမ္ဖပ္ပလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား၊ ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားကို ဆိုလိုသည်။

“ပုတ္တဒါရဿသင်္ဂဟော”ဟူသော ပါဌ်၏အဓိပ္ပာယ်ကား

သရဏဂုံဆောက်တည်၍၊ ပဉ္စသီကိုထိန်းစောင့်၍၊ ကုသိုလ်ကောင်းမှုကိုပြု၍ တရားဘော်နှင့်အညီ သား,မယား မွေးရမည် ဆိုလိုသည်။

“ဒါနဉ္စ ဓမ္မစရိယာစ”ဟူသော ပါဌ်၏အဓိပ္ပာယ်ကား

ထမင်း, အဖျော်, ကျောင်း, သင်္ကန်း, ယာဉ်, ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး, ၎င်း ဒါနဝတ္ထု ဆယ်ပါး လူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး၊ ဤ ဆယ်ပါးကို ဒါနဉ္စပုဒ်၌ သွင်းအပ်၏။ ငါးပါးသီလ,ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မစရိယာစပုဒ်၌ သွင်းအပ်၏။ အဋ္ဌင်္ဂသီလကို အနဝဇ္ဇာနိ ကမ္မာနိဟူသော ပုဒ်၌ သွင်းအပ်၏။

''အာရတိ ဝိရတိ'' ပါဠိ၏ အဓိပ္ပာယ်ကား

စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတိမည်၏။ ကိုယ်, နှုတ်, နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝိရတိမည်၏။

''မဇ္ဇပါနာ'' ပါဠိ၏အဓိပ္ပာယ်ကား

သုရာငါးပါး၊ မေရယ ငါးပါးကို ကြဉ်ရှောင်ရမည် ဆိုလိုသည်။

''သန္တုဋ္ဌိစ'' ပါဠိ၏အဓိပ္ပာယ်ကား

ကိလေသာတို့ကို ခေါင်းပါးစေခြင်းငှာ လောဘ အာရုံသို့ မလိုက်မူ၍၊ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍၊ သုံးဆောင်ရမည် ဆိုလိုသည်။

''ကာလေန ဓမ္မဿဝနံ'' ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား

ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်, [illegible] ဝိတက် ပေါ်လာသော အခါသည် တရားတော်ကို နာခြင်း ငှာ [illegible]ကျက်ပတ်သောအခါ မည်၏။

''သောဝစဿတာ'' ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား

သားတော်ရာဟုလာကို ဩဝါဒ ပေးတော်မူသောအခါ တခွန်းတည်းသော စကားဖြင့် နာယူလွယ်သကဲ့သို့၊ သူတော်ကောင်းတို့ ဆုံးမစကားကို တခွန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည် ဆိုလိုသည်။

''သမဏာနဉ္စ ဒဿနံ''ဟူသော ပါဠိ၏အဓိပ္ပာယ်ကား
သီလဝန္တပုထုဇ္ဇန် ပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

''တပေါစ''ဟူသော ပါဠိ၏အဓိပ္ပာယ်ကား
ဝီရိယကိုဖြစ်စေ၍ ဣန္ဒြိယသံဝရသီလကို လုံအောင်ထိန်းသိမ်းရမည် ဆိုလိုသည်။

''ဗြဟ္မစရိယဉ္စ''ဟူသော ပါဠိ၏အဓိပ္ပာယ်ကား
မေထုန် ၇-ပါးမှ ကြဉ်ရမည် ဆိုလိုသည်။

''အရိယသစ္စာန ဒဿနံ''ဟူသော ပါဠိ၏အဓိပ္ပာယ်ကား
သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည် ဆိုလိုသည်။

''နိဗ္ဗာန သစ္ဆိကိရိယာစ''ဟူသော ပါဠိ၏အဓိပ္ပာယ်ကား
အရဟတ္တဖိုလ်သို့ ရောက်ခြင်း၊ ဆင်ခြင်ခြင်းကို ဆိုလိုသည်။

''လောကဓမ္မေဟိ''ဟူသော ပါဠိ၏အဓိပ္ပာယ်ကား
လာဘ်ရခြင်း, လာဘ်မရခြင်း, အခြံအရံရှိခြင်း, အခြံအရံမရှိခြင်း, ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်း, ဤလောကဓံတရား ရှစ်ပါးကို ဆိုလိုသည်။

အထူးမှတ်ရန် အကျဉ်းအဓိပ္ပာယ် ပြီး၏။

## မင်္ဂလာတရား ၃၈-ပါး သံပေါက်

၁။ ကောလာဟလ၊ ကြံကုန်ကြ၊ ဒေဝမနုဿာ။

၂။ သက္က-သိကြား၊တောင်းပန်ငြား၊ ဟောထားဒေသနာ။

၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြဝေးဝေးခွာ။

၄။ ပဏ္ဍိတာနဉ္စ၊ သေဝနာ၊ ပေါင်းကြမှီဝဲရာ။

၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။

၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။

၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။

၈။ ကိုယ်ကိုစောင့်မ၊ တည်ဆောက်က၊ 'လားကြနိဗ္ဗုတာ။

၉။ အကြားအမြင်၊ များမြောက်ပင်၊ ကြည်လင်အားထုတ်ပါ။

၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။

၁၁။ ဝိနဒ့ယာစ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။

၁၂။ သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စွာ။

၁၃။ မာတာပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးပါ။

၁၄။ မယား-သားအား၊ သင်္ဂြိုဟ်ငြား၊ ဘပါးမင်္ဂလာ။

၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။

၁၆။ အလှူဒါန၊ ပေးဝေငှ၊ ထက်လှစေတနာ။

၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွသူတော်စွာ။

၁၈။ ဉာတကာနဉ္စ၊ သင်္ဂဟ၊ မ,စ,သင်္ဂြိုဟ်ပါ။

၁၉။ အနုဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတီစ၊ အမွ၊ နေ့ညကြဉ်ကုန်ပါ။
၂၁။ ဝိရတီစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။
၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ။
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ညမမေ့ရာ။
၂၄။ ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ။
၂၅။ နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာနမဆောင်ရာ။
၂၆။ သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စအလွယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မတိမ်မြုပ်၊ ကြည်နူးသိကုန်ပါ။
၂၈။ လျောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံးကျင့်အပ်စွာ။
၃၀။ ကောင်းသည်စကား၊ ဆိုတတ်ငြား၊ အများကြည်မေတ္တာ။
၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလားကြဉ်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယှဉ်းချွတ်မရှိရာ။
၃၃။ သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ညဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြပတ္တိတာ။
၃၆။ အရိယသစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ။

၃၇။ နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်ခြောက်၊ ထွန်းတောက်မင်္ဂလာ။

၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။

၃၉။ စိုးရိမ်သောက၊ စိတ်မခ၊ ကင်းကြလွတ်သည့်သာ။

၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုး ရှင်းရှင်းကွာ။

၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။

၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကြပါ။

၄၃။ ကျက်၍အရ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။

၄၄။ ကြက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုဟိုးကျော်မည်သာ။

မင်္ဂလာ သံပေါက် ပြီး၏။

# အပြင် အောင်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿမဘိနိမ္မိတ–သာဝုဓန္တံ၊
ဂိရိမေခလံ*ဥဒိတဃောရံသ–သေန-မာရံ။
ဒါနာဒိ-ဓမ္မ–ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယ–မင်္ဂလဂ္ဂံ။

၂။ မာရာတိရေက-မဘိယုဇ္ဈိတ သဗ္ဗ–ရတ္တိံ၊
ဃောရံ ပနာဠဝက–မက္ခမ-ထဒ္ဓ-ယက္ခံ။
ခန္တီ-သုဒန္တ–ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယ-မင်္ဂလဂ္ဂံ။

၃။ နာဠာဂိရိံ ဂဇ-ဝရံအတိ–မတ္တဘူတံ၊
ဒါဝဂ္ဂိ– စက္က-မသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗု- သေက-ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယ-မင်္ဂလဂ္ဂံ။

---

* ဥဒိတဃောရ-သီ။

၄။ ဥက္ခိတ္တ–ခဂ္ဂ-မတိဟတ္ထ-သုဒါရုဏန္တံ၊
ဓာဝန္တိ-ယောဇန-ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီဘိသင်္ခတ-မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ-မင်္ဂလဂ္ဂံ။

၅။ ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယာ၊
စိဉ္စာယ ဒုဋ္ဌ-ဝစနံ–ဇနကာယ-မဇ္ဈေ။
သန္တေန သောမ-ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ–မင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက-ဝါဒ-ကေတုံ၊
ဝါဒ–ဘိရောပိတ-မနံ အတိအန္ဓ-ဘူတံ။
ပညာ-ပဒီပ-ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ-မင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ-ဘုဇဂံ ဝိဗုဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရ-ဘုဇဂေန *ဓုနာပယန္တော။
ဣဒ္ဓူပဒေသ-ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ-မင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟ–ဒိဋ္ဌိ-ဘုဇဂေန သုဒဋ္ဌ-ဟတ္ထံ၊
ဗြဟ္မံ†သုတံ ဇုတိ-မဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ-မင်္ဂလဂ္ဂံ။

———

* ဒမာပယန္တော-သီ။ † ဝိသုဒ္ဓိဇုတိ-သီ။

# အပြင်အောင်ခြင်း ရှစ်ပါးအနက်

၁။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဂိရိမေခလံ၊ ဂိရိမေခလာအမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတသာဝုဓဟတ္ထံ၊ အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့် တကွဖြစ်သော။ ဗာဟုံသဟဿံ၊ တထောင်သော လက်ရုံးရှိထသော။ ဃောရံ၊ ကြမ်းထမ်းစွာသော။ သသေနမာရံ၊ စစ်သည်နှင့်တကွသော မာရ်နတ်သားကို။ ဒါနာဒိ ဓမ္မ ဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ မာရ်နတ်သား ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အား ဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာရ်နတ်သားထက်အလွန်။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်မက်ဘွယ်ရှိထသော။ အက္ခမံ၊ သူတပါးတို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းထမ်း ခက်မာစွာထသော။ အာဠဝကံ၊ အာဠဝကအမည်ရှိသော။ ယက္ခံပန၊ ဘီလူးကိုကား။ ခန္တိသုဒန္တ ဝိဓိနာ၊ သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော် မူခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော် မူလေပြီ။ တံတေဇသာ၊ အာဠဝက ဘီလူးကို အောင်တော် မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်

အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒါဝဂ္ဂိ စက္ကံ မသနိဝ၊ တောမီး, မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊ အလွန်ကြမ်းကြုတ်စွာထသော။ အတိမတ္တဘူတံ၊ အလွန်မှုန်ယစ်စွာထသော။ နာဠာဂိရိံ၊ နာဠာဂိရိ အမည်ရှိထသော။ ဂဇဝရံ၊ မြတ်သောမင်းစီးဆင်ကို။ မေတ္တမ္ဗုသေကဝိဓိနာ၊ မေတ္တာတော် ရေကို သွန်းခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူခဲ့လေပြီ။ တံ တေဇသာ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဥက္ခိတ္တခဂ္ဂ မဘိဟတ္ထသုဒါရုဏန္တံ၊ ချီအပ်သောသံလျက် လက်၌ရှိသည် ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော။ တိယောဇနပထံ၊ သုံးယူဇနာသောခရီးကို။ ဓာဝံ၊ တဟုန်တည်း ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ လက်ညှိုးတည်းဟူသောပန်း ရှိသောခိုးသူကို။ ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူခဲ့လေပြီ။ တံ တေဇသာ၊ အင်္ဂုလိမာလ, အမည်ရှိသော ခိုးသူကို အောင်တော် မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ကဋ္ဌံ၊ သစ်သားကို။ ဂဗ္ဘိနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဥဒရံဣဝ၊ ဝမ်းကဲ့သို့။ ကတွာန၊ ပြုလတ်၍။ ဇနကာယမဇ္ဈေ၊ တရားနာ ပရိသတ်ဖြစ်သော လူ့ ရဟန်းအပေါင်းတို့၏ အလယ်၌။ စိဉ္စာယ၊ စိဉ္စမာဏဝိကာ, အမည်ရှိသောမိန်းမညစ်၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို။ သန္တေန၊ ငြိမ်သက်စွာသော။ သောမဝိဓိနာ၊ ဖြူစင်စွာသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ စိဉ္စမာဏဝိကာ, အမည်ရှိသော မိန်းမညစ်၏ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒတည်းဟူသော မှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတပါးတို့အား နှိပ်နင်းလိုသော စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန်မိုက်လှစွာသော ကုဋ္ဌဒန္တ, အမည်ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပဇလိတော၊ ပညာတော် တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော်မူသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ကုဋ္ဌဒန္တ, အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အား

ဖြင့်။ မေ၊ အကျွန်ုပ်အား။ အင်္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသောတန်ခိုးရှိသော။ နန္ဒောပနန္ဒဘုဇဂံ၊ နန္ဒောပနန္ဒ, အမည်ရှိသော နဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော။ ပုတ္တေန၊ သားတော် အရှင်မောဂ္ဂလာန်ကို။ ဒမာပယန္တော၊ အခိုးအလျှံကို ထွက်စေလျက်။ ဣဒ္ဓူပဒေသဝိဓိနာ၊ တန်ခိုးတော် ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကိုပေးသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ နန္ဒောပနန္ဒ, အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အင်္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ မကောင်းသော အယူမိစ္ဆာဒိဋ္ဌိ တည်းဟူသော မြွေသည်။ သုဒဋ္ဌဟတ္ထံ၊ ပြင်းစွာကိုက်ခဲအပ်သော လက်ရှိထသော။ သုတိ၊ ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိံ၊ တောက်ပသော ကြီးသောတန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗက, အမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဆေးဟုဆိုအပ်သော။ ဝိဓိနာ၊ အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊

ဗတ္တအမည်ရှိသော ဗြဟ္မာမင်းကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်၊ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်းရှစ်ပါး အနက် ပြီး၏။

# အတွင်းအောင်ခြင်းရှစ်ပါးပါဠ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာ-အဏ္ဏ-ကောသမ္ပိ သတ္တော* တဏှာ- ဇလာဗုဇေ။
ကာမ္မာ ဌာနာ နိက္ခာမေသိ၊ ဒေသနာ-ဉာဏ-တေဇသာ။
တေန သစ္စ-ဝဇ္ဇေန၊ ဟောတု မေ ဇယ-မင်္ဂလံ။ ။

၂။ မဟာ-မောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာ-စက္ခုံ လဘာပေသိ၊ ဉာဏာ လောကေန သော ဇိနော။
တေန သစ္စ-ဝဇ္ဇေန၊ ဟောတု မေ ဇယ-မင်္ဂလံ။ ။

၃။ ရာဂါဒိ အဂ္ဂိ-ဇာလေဟိ၊ ဍယှ-ကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရ-နာထော၊ အဋ္ဌ-မဂ္ဂင်္ဂ-ဝါရိနာ။
တေန သစ္စ-ဝဇ္ဇေန၊ ဟောတု မေ ဇယ-မင်္ဂလံ။ ။

၄။ စတုရော ဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မ-နာဝါယ နာယကော။
တေန သစ္စ-ဝဇ္ဇေန၊ ဟောတု မေ ဇယ-မင်္ဂလံ။ ။

---

* တဏှာဇလမ္ဗုဇေ (မူကွဲ)

၅။ သံသာရ-စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာန-ပုရံ ပါပေသိ၊ယာနတ္တယေန သော ဇိနော။
ဧတေန သစ္စ- ဝဇ္ဇေန၊ဟောတု မေ ဇယ–မင်္ဂလံ။ ။

၆။ ကဋ္ဌမုခါဒိ-သပ္ပေဟိ၊ ဒဋ္ဌ-ကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဓီရော၊ နာထော တိလောက-ဝေဇ္ဇ ကော။
ဧတေန သစ္စ-ဝဇ္ဇေန၊ ဟောတု မေ ဇယ-မင်္ဂလံ။ ။

၇။ သံသာရ-ဒုက္ခ-ကန္တာရာ၊ကိလေသ–စောရ-ပီဠိတံ။
ခေမန္တ-ဘူမိံ တာရေသိ၊သတ္တ-ဝါဟော ဝိနာယကော။
ဧတေန သစ္စ-ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။ ။

၈။ ပဋ္ဌတာလီသ ဝဿာနိ၊ဌတွာ လောကံသ- ဒေဝကံ။
ပိဝယိတွာ ဓမ္မ-ရသံ၊နိဗ္ဗုတော သော သ-သာဝကော။
ဧတေန သစ္စ–ဝဇ္ဇေန၊ဟောတု မေ ဇယ-မင်္ဂလံ။ ။

---

## အတွင်း အောင်ခြင်းရှစ်ပါးအနက်

၁။ အဝိဇ္ဇာ အဏ္ဍကောသမှိ၊ အဝိဇ္ဇာ တည်းဟူသော ဥခွံတွင်း၌။ တဏှာဇလာဗုဇေ၊ တဏှာတည်းဟူသော *သားအိမ်၌ ဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ဒေသနာဉာဏ တေဇသာ၊ ဒေသနာဉာဏ်တည်းဟူသော တန်ခိုးဖြင့်။ တမ္ဗာဉနာ၊ ထိုအဝိဇ္ဇာဥခွံတဏှာသားအိမ်အရပ်မှ။နိက္ခာမေသိ၊ ထွက်မြောက်

* တံလျှပ်၌ ဖြစ်ကုန်သော။ (မူကွဲ)

စေတော်မူပြီ။ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကား ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

၂။ သောဇိနေန္ဒော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလော ကေန၊ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်။ မဟာ မောဟန္ဓတာရေန၊ ကြီးစွာသော အမိုက်တိုက်တည်းဟူသော မောဟသည်။ အဘိဘူတေ၊ အလွန် နှိပ်စက်အပ်ကုန်သော။ မဟာဇနေသတ္တေ၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာ စက္ခုံ၊ ပညာတည်းဟူသော စက္ခုကို။ လဘာပေသိ၊ ရစေတော် မူပြီ၊ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာ သည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

၃။ နရနာရီနံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည်။ ရာဂါဒိအဂ္ဂိဇာလေန၊ ရာဂအစ ရှိသော မီးလျှံတို့ဖြင့်။ ဒုက္ခတာပ၊ ပူလောင်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ အဋ္ဌင်္ဂဝါရိနာ၊ မဂ္ဂင် ရှစ်ပါးတည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော် မူပြီ၊ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာ သည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

၄။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူထသော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရေ၊နက်စွာသော၊ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌၊ စတုရောဃေဟိ၊ လေးပါးသော အယဉ်တို့ဖြင့်။ ဝုယှန္တေ၊မျောကုန်သော သတ္တဝါတို့ကို။ ဓမ္မနာဝါယ၊တရားတည်းဟူသော လှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာ စကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၅။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရစာရကံ၊ သံသရာ၌ ကျင်လည်ထသော။ ဒုက္ခေန၊ ဇာတိအစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ။ ပီဠိတံ၊ နှိပ်စက်အပ်ထသော။ လောကံ၊ လူအပေါင်းကို။ ယာနတ္တယေန၊ ယာဉ်သုံးပါးတို့၏ အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်မြတ်သို့။ ပါပေသိ၊ ရောက်စေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

၆။ မဟာမိရော၊ ကြီးမြတ်သော ပညာ ရှိတော်မူထသော။ တိလောကဝေဇ္ဇကော၊ လူသုံးပါးတို့၏ ဆေးသမားသဘွယ် ဖြစ်တော်မူထသော။ နာထော၊ မြတ်စွာဘုရားသည်။ ဂဠဒ္ဓ

မုခါဒိသပ္ပေဟိ၊ ကဋ္ဌမုခ, အစရှိသော မြွေလေးစင်းတို့သည်။ ဒဋ္ဌကာယံ၊ ကိုက်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသောသတ္တဝါကို။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

၇။ သတ္တဝါဟော၊ ယာဉ်မှူးသဘွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည်။ ကိလေသစောရပိဋ္ဌိတံ၊ ကိလေသာ တည်းဟူသော ခိုးသူတို့သည် နှိပ်စက်အပ်သော သတ္တဝါအပေါင်းကို။ သံသာရ ဒုက္ခကန္တာရာ၊ သံသရာတည်းဟူသော ခရီးခဲမှ။ ခေမန္တဘူမိံ၊ ဘေးမရှိရာနိဗ္ဗာန်သို့။ တာရေသိ၊ ပို့ဆောင်ထုတ်ချောက် ကူးမြောက်တော်မူစေပြီ။ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည်ဖြစ်ပါစေသတည်း။

၈။ သော၊ ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူပြီးသော မြတ်စွာဘုရားသည်။ ပဉ္စတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးဝါတိုင်တိုင်လုံး။ ဌတွာ၊ တည်တော်မူ၍။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ ဓမ္မရသံ၊ တရားတည်းဟူသော အမြိုက်အရသာကို။ ပါယိတွာ၊

သောက်စေတော်မူပြီး၍။ သသာဝတော၊ တပည့်သားသဃ်ာတော်အပေါင်းနှင့်တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ တေနှ သစ္စဝစ္စေနု၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်အပ်သော မင်္ဂလာသည်။ ဟောတု၊ အောင်သည် ဖြစ်ပါစေသတည်း။

အတွင်းအောင်ခြင်းရှစ်ပါး အနက် ပြီး၏။

# ရတနာရွှေချိုင့်ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ *ဇယာ-သနဂတာ ဗုဒ္ဓါ၊ ဇေတွာ မာရံ †သ-ဝါဟနံ။
စတု-သစ္စာ-မတ-ရသံ၊ ယေ ပိဝိံသု နရာ-သဘာ။ ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိနာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။ ။

၃။ သီသေ ပတိဋ္ဌိတောနော-သိ၊ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ဥရေ သဗ္ဗ-ဂုဏာ-ကရော။ ။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာ-ဘာဂသ္မိံ၊ မောဂ္ဂလာနော စ
ဝါမကေ။ ။

၅။ ဒက္ခိဏေ သဝဏေ မယှံ၊ အာသုံ အာနန္ဒ-ရာဟုလာ။
ကဿပေါ စ မဟာနာမော၊ ဥဘော-သုံ ဝါမ-
သောတကေ။ ။

---

* ဇယာသန္နာဂတာ (မူကွဲ) † သဝါသနံ (မူကွဲ)

၆။ ကောသ-ဓန္တ ပိဋ္ဌိ-ဘာဂသ္မိံ၊ သူရိယောဝ ပဘံကရော။
နိသိန္နော သိရိ-သမ္ပန္နော၊ သောဘိတော မုနိ-ပုင်္ဂဝေါ။ ။
၇။ ကုမာရကဿပေါ နာမ၊ မဟေသိ စိတြ-ဝါစကော။
သောမယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာ-ကရော။ ။
၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊ ဥပါလိ-နန္ဒ-သီဝလိ။
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ ဝိယ။ ။
၉။ တေဟိ သေသာ မဟာထေရာ၊ ဇိဘဝန္တော ဇိနော-ရသာ။
ဇလန္တာ သီလ-တေဇေန၊ အင်္ဂ-မင်္ဂေသု သဏ္ဌိတာ။ ။
၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တ-သုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။ ။
၁၁။ ခန္ဓ-မောရ-ပရိတ္တဉ္စ၊ အာဋာနာဋိယ-သုတ္တကံ။
အာကာသေ ဆဒနံ အာသိ၊ သေသာ ပါကာရ-လင်္ကတာ။ ။
၁၂။ ဇိနာနံ ဗလ-သံယုတ္တေ၊ ဓမ္မပါကာရ-လင်္ကတေ။
ဝသတော မေ အ-ကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓ-ပဉ္စရေ။ ။
၁၃။ ဝါတ-ပိတ္တာဒိ-သဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တု-ပဒ္ဒဝါ။
အ-သေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏ-တေဇသာ။ ။
၁၄။ ဇိန-ပဉ္စရ မဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာသဘာ။ ။
၁၅။ ဣစ္စေဝံ မေကန္တကတော၊ သု-ရက္ခော ဇိနာ-နုဘာဝေန။
ဟတာ-ရိ-သံဃော သံဃဿ၊ တေဇေန ဂုဏာ-ကရဿ။ ။

# ရတနာသွေချိုင့် အနက်

၁။ *ဇယာသနဂတာ၊ အောင်နေရာခွင်၊ အပရာဇိတပလ္လင်သို့ ရောက်တော်မူကုန်ထသော။ နရာသဘာ၊ လူနတ်ပြဟ္မာသတ္တဝါတို့ထက်လည်း မြတ်တော် မူကုန်ထသော ယေဗုဒ္ဓါ၊ အကြင် မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ တေဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည်။ †သဝါဟနံ၊ စစ်သည်ဗိုလ်ပါနှင့်တကွဖြစ်သော။ မာရံ၊ မာရ်နတ်သားကို။ ဇိတွာ၊ အောင်တော်မူလေကုန်သည်ဖြစ်၍။ စတုသစ္စာမတရသံ၊သစ္စာလေးပြား မြိုက်ရသာကို။ ပိဝိံသု၊ သောက်တော်မူလေကုန်ပြီ။

၂။ မုနိဿရာ၊ မုနိဟုဆိုအပ်သော ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်ထသော။ နာယကာ၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ခရီးလမ်းညွှန်သဘွယ်လည်း ဖြစ်တော်မူကုန်ထသော။ အဋ္ဌဝီသတိ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ တဏှင်္ကရာဒယော၊ တဏှင်္ကရာ ဘုရား အစရှိကုန်သော၊ ယေဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည်။ မယှံ၊ အကျွန်ုပ်၏။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

* ဇယာသနာဂတာ၊ အောင်ခြင်း၏အနီးသို့ ရောက်တော်မူကုန်ထသော။ (မှတ်ချက်)
† သဝါဟနံ၊ ဝါဟနာနှင့်တကွဖြစ်သော၊ မာရံ၊ မာရ်စစ်သည်ကို။ (မှတ်ချက်)

၃။ သဗ္ဗဂုဏာကရော၊ ခပ်သိမ်းသော ဂုဏ်ကျေးဇူးတော်အပေါင်းတို့၏ တည်ရာလည်း ဖြစ်တော်မူသော။ နော၊ အကျွန်ုပ်တို့၏။ ဗုဒ္ဓေါ၊ ဂေါတမမြတ်စွာဘုရားသည်။ မယှံ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်း၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ဖြစ်ပြီ။ ဓမ္မော၊ ကိုးပါးသော လောကုတ္တရာတရားတော်သည်။ မယှံ၊ အကျွန်ုပ်၏။ ဒွိသလောစနေ၊ မျက်စိနှစ်ဘက်၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ ဖြစ်ပြီ။ သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်သည်။ မယှံ၊အကျွန်ုပ်၏။ ဥရေ၊ ရင်၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ ဖြစ်ပြီ။

၄။ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါသည်။ မေ၊ အကျွန်ုပ်၏။ ဟဒယေ၊ နှလုံး၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ ဖြစ်ပြီ။ သာရိပုတ္တော၊ အရှင်သာရိပုတြာသည်လည်း။ မေ-မမ၊ အကျွန်ုပ်၏။ ဒက္ခိဏေ၊ လကျာ၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ဖြစ်ပြီ။ ကောဏ္ဍညော၊ ကောဏ္ဍညအရှင်သည်။ မမ၊အကျွန်ုပ်၏။ ပစ္ဆာဘာဂသ္မိံ၊ နောက်အဘို့၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ဖြစ်ပြီ။ မောဂ္ဂလာနော၊ အရှင်မောဂ္ဂလာန်သည်လည်း။ မမ၊အကျွန်ုပ်၏။ ဝါမကေ၊လက်ဝဲ၌။ ပတိဋ္ဌိတော၊တည်တော်မူသည်။ အာသိ၊ဖြစ်ပြီ။

၅။ အာနန္ဒရာဟုလာ၊ အရှင်အာနန္ဒာ, အရှင် ရာဟုလာတို့သည်။မယှံ၊အကျွန်ုပ်၏။ ဒက္ခိဏေ သဝဏေ၊ လကျာနား၌။ ပတိဋ္ဌိဘာ၊ တည်တော်မူကုန်သည်။ အာသုံ၊ဖြစ်ကုန်ပြီ။ ကဿ

ပေါ၊ ကဿပ, အရှင်သည်လည်းကောင်း။ မဟာနာမော၊ မဟာနာမ်, အရှင်သည်လည်းကောင်း။ ဥဘော၊ နှစ်ပါးသော အရှင်တို့သည်။ မယှံ၊ အကျွန်ုပ်၏။ ဝါမ သောတကေ၊ လက်ဝဲနား၌။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၆။ သူရိယော ဝ၊ နေမင်းကဲ့သို့။ ပဘင်္ကရော၊ အရောင်ကို ပြုတတ်သော။ သိရိသမ္ပန္နော၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူသော။ မုနိပုင်္ဂဝေါ၊ ရဟန်းတကာတို့၏ အရှင်ဖြစ်သော။ သောဘိတော၊ သောဘိတ အရှင်သည်။ မယှံ၊ အကျွန်ုပ်၏။ ကေသန္တေ၊ ဆံ၏အဆုံးဖြစ်သော။ ပိဋ္ဌိဘာဂသ္မိံ၊ ကျောက်ကုန်းအဘို့၌။ နိသိန္နော၊ နေတော်မူသည်။ အာသိ၊ ဖြစ်ပြီ။

၇။ မဟေသီ၊ သီလက္ခန္ဓ၊ စသည်ကျေးဇူး၊ ဂုဏ်အထူးကို၊ ရှင်မြူးဝမ်းသာ၊ ရှာတော်မူလေ့ရှိထသော။ စိတြဝါစကော၊ ဆန်းကြယ်သော တရားစကားကို ဆိုတော်မူတတ်ထသော။ ဂုဏာကရော၊ ကျေးဇူးတော်အပေါင်း၏ တည်ရာဖြစ်တော်မူထသော။ ကုမာရ ကဿပေါနာမ၊ ကုမာရကဿပ, မည်တော်မူသော။ သောထေရော၊ ထိုမထေရ်သည်။ မယှံ၊ အကျွန်ုပ်၏။ ဝဒနေ၊ နှုတ်ခမ်း၌။ နိစ္စံ၊ အမြဲ။ ပတိဋ္ဌာသိ၊တည်တော်မူ၏။

၈။ ပုဏ္ဏော စ၊ အရှင်ပုဏ္ဏ မထေရ်သည်လည်းကောင်း။ အင်္ဂုလိမာလော စ၊ အရှင်အင်္ဂုလိမာလ မထေရ်သည်လည်းကောင်း။ ဥပါလိ နန္ဒ သီဝလိ စ၊ အရှင်ဥပါလိထေရ်၊ အရှင်နန္ဒထေရ်၊ အရှင်သီဝလိထေရ် သည်လည်းကောင်း။ ဣမေပဉ္စ မဟာထေရာ၊ ဤငါးပါးသော မဟာထေရ်တို့သည်။ မေ၊

အကျွန်ုပ်၏။ နသာဋ္ဌေ၊ နဖူးပြင်၌။ တိလကာဝိယ။ မှန်ကူသကဲ့သို့။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အာသုံ၊ဖြစ်ကုန်ပြီ။

၉။ တေဟိ၊ ထိုအရှင်အနုရုဒ္ဓါ၊ အရှင်သာရိပုတြာ အစရှိသော အရှင်တို့မှ။ သေသာ၊ ကြွင်းကုန်သော။ ဇိတဝန္တော၊ အောင်အပ်ပြီးသော ရမ္မက်ရှိကုန်သော။ ဇိနေ့ာရသာ၊ မြတ်စွာဘုရားသခင်၏ သားတော်ဖြစ်ကုန်သော။ သီလသေတဇေန၊ သီလတန်ခိုးအားဖြင့်။ ဇလန္တာ၊ ထွန်းတောက်ပကုန်သော။ မဟာထေရာ၊ မဟာထေရ်တို့သည်။ မေ၊ အကျွန်ုပ်၏။ အင်္ဂမင်္ဂေသု၊ မြတ်သော အင်္ဂါတို့၌။ သဏ္ဌိတာ၊ ကောင်းစွာ တည်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၁၀။ ရတနံ၊ ရတနသုတ် ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ပုရတော၊ ရှေ့မှ။ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ဖြစ်ပြီ။ မေတ္တသုတ္တကံ၊ မေတ္တသုတ် ပရိတ်တော်သည်ကား။ မေ၊ အကျွန်ုပ်၏။ ဒက္ခိဏေ၊ လက်ျာ၌။ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်ပြီ။ ဓဇဂ္ဂံ၊ ဓဇဂ်သုတ် ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ပစ္ဆတော၊နောက်မှ။ ပတိဋ္ဌိတံ၊တည်သည်။ အာသိ၊ ဖြစ်ပြီ။ အင်္ဂုလိမာလကံ၊ အင်္ဂုလိမာလသုတ် ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ဝါမေ၊ လက်ဝဲ၌။ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်ပြီ။

၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ ခန္ဓသုတ်, မောရသုတ် ပရိတ်တော်သည်လည်းကောင်း။ အာဋာနာဋိယသုတ္တကံ၊ အာဋာနာဋိယသုတ် ပရိတ်တော် သည်လည်းကောင်း။ အာကာသေ၊ ကောင်းကင်၌။ ဆဒနံဝိယ၊ထီးကဲ့သို့။ အာသိ၊ ဖြစ်ပြီ။ သေသာ၊

ကြွင်းကုန်သော ပရိတ်တော်တို့သည်ကား။ ပါကာရလက်တာ
ယ၊ တံတိုင်းကဲ့သို့ ကောင်းစွာ တည်ကုန်သည်။ အသုံးဖြစ်ကုန်
ပြီ။

၁၂။ ဇိနာနံ၊ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏။ ဗလသံယုတ္တေ၊ ဆယ်ပါးသော အားတော်နှင့် ယှဉ်ထသော။ ဓမ္မပါကာရ လက်တေ၊ တရားတော်တည်းဟူသော မြို့တံတိုင်းဖြင့် တန်းဆာဆင်အပ်ထသော။ သမ္မာသမ္ဗုဒ္ဓပဥ္စရေ၊ မြတ်စွာဘုရားတည်းဟူသော ရွှေချိုင့်၌။ အကဲ့တွေနေ၊ မပြိုမြင်သဖြင့်။ ဝသတော၊ နေသော။ မေ၊ အကျွန်ုပ်အား။—

၁၃။ ဝါတပိတ္တာဒိ သဥ္စာတာ၊ လေ, သည်းခြေစသည်တို့ကြောင့် ဖြစ်ကုန်သော။ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ၊ အတွင်းအပ၌ ဖြစ်ကုန်သော ဘေးရန်တို့သည်။ အနန္တဂုဏတေဇသာ၊ အဆုံးမရှိသော ကျေးဇူးတော်ရှိသော ရတနာသုံးပါး၏ တန်ခိုးတော်အားဖြင့်။ အသေသာ၊ အကြွင်းအကျန် မရှိကုန်သည်ဖြစ်၍။ ဝိနာသံ၊ ပျောက်ပျက်ခြင်းသို့။ ယန္တု-ပါပေန္တု၊ ရောက်စေကုန်သတည်း။

၁၄။ ဇိနပဥ္စရမဇ္ဈမှိ၊ မြတ်စွာဘုရားသခင် တည်းဟူသော ရွှေချိုင့်အလယ်၌။ ဝိဟရန္တံ၊ နေသော။ မံ၊ အကျွန်ုပ်ကို။ မဟီတလေ၊ မြေအပြင်၌။ အာသဘာ၊ ကြီးမြတ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေမဟာပုရိသာ၊ ထိုယောကျ်ားမြတ်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ပါလေန္တု၊ စောင့်ရှောက်စေကုန်သတည်း။

၁၅။ ဣဒ္ဓိစွဝံ-ဣတိဝေယထာ ပုတ္တာပွကာရေနု၊အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ မေ-မယာ၊ ငါသည်။ ကေန္တံ-ကေန္တေန၊ စင်စစ်အားဖြင့်။ သုရက္ခော၊ ကောင်းသော အစောင့်အရှောက်ကို။ ကတော၊ ပြုအပ်ပြီ။ ဇိနာနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော်တော်အားဖြင့်။ ဟတာရိသံဃော၊ သတ်အပ်ပြီးသော ဘေးရန်အပေါင်းရှိသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ဂုဏာကရဿ၊ သီလ,သမာဓိ အစရှိသော ကျေးဇူး အပေါင်းတို့၏ တည်ရာဖြစ်သော။ သံဃဿ၊ ပရမတ္ထ သံဃာ တော်၏။ တေဇေန၊ တန်ခိုးဖြင့်။ သုစိတ္တော၊ ကိုယ်စိတ်၏ ချမ်းသာခြင်းရှိသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ရတနာရွှေချိုင့် အနက် ပြီး၏။

# နမက္ကာရပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ သုဂတံ သုဂတံ သေဋ္ဌံ၊ ကုသလံ–ကုသလံ ဇဟံ။
တို့ကိုရင်း။ ဒသဉ္စပါရမိယော၊ ဆယ်ပါးသော ဥပပါရမီတို့ကိုရင်း။ ဒသပရမတ္ထပါရမိယော၊ ဆယ်ပါးသော ပရမတ္ထပါရမီတို့ကိုရင်း။ ဣတိ၊ ဤသို့သော အပြားရှိကုန်သော။ သမတိံသ ပါရမိယော၊ အမျိုးသုံးဆယ်သော ပါရမီတို့ကိုရင်း။ ပဉ္စမဟာပရိစ္စာဂေ၊ ငါးပါးသော စွန့်ခြင်းကြီးတို့ကိုရင်း။ လောကတ္ထစရိယံ၊ လောကသုံးပါး၏ အကျိုးစီးပွားအလို့ငှါ ကျင့်ခြင်း၊ ဉာတတ္ထစရိယံ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားအလို့ငှါ ကျင့်ခြင်း။ ဗုဒ္ဓတ္ထစရိယံ၊ ဘုရားဖြစ်ခြင်းအကျိုးငှါ ကျင့်ခြင်း။ ဣတိ၊ ဤသို့။ တိဿောစရိယာယော၊ သုံးပါးသော အကျင့်တို့ကိုရင်း။ ပစ္ဆိမဘဝေ၊ အဆုံးစွန်သောဘဝ၌။ ဂဗ္ဘဝေါက္ကန္တိံ၊ အမိဝမ်း၌ ပဋိသန္ဓေ နေခြင်းကိုရင်း။ ဇာတိံ၊ ဘွားခြင်းကိုရင်း။ အဘိနိက္ခမနံ၊ မြတ်သော တောထွက်ခြင်းကိုရင်း။ ပဓာနစရိယံ၊ ပြင်းစွာသော လုံ့လဖြင့် ကျင့်ခြင်းကိုရင်း။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပလ္လင်၌။ မာရဝိဇယံ၊ မာရ်ငါးပါးကို အောင်ခြင်းကိုရင်း။ သဗ္ဗညုတဉာဏပ္ပဋိဝေဓံ၊ သဗ္ဗညုတဉာဏ်ကို သိတော်မူခြင်းကိုရင်း။ ဓမ္မစက္ကပ္ပဝတ္တနံ၊ ဓမ္မစကြာ တရားတော်ကို ဟောတော်မူခြင်းကိုရင်း။ နဝလောကုတ္တရဓမ္မေ၊ ကိုးပါးသော လောကုတ္တရာ တရားတို့ကိုရင်း။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဗုဒ္ဓဂုဏေ၊ ကျေးဇူး ဗုဒ္ဓဂုဏ်တော်၊ ဤဘုရားသခင်၏ ကျေးဇူးတော်တို့ကို၊ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ ဝေသာလိယာ၊ ဝေသာလီပြည်၏ တိသု၊ သုံးထပ်ကုန်သော။ ပါကာရန္တရေသု၊ မြို့တံတိုင်း၏ အကြားတို့၌၊ တိယာမရတ္တိံ၊ ညဉ့်သုံးယာမ်ပတ်လုံး။ ပရိတ္တံ၊ အရံအတားကို။ ကရောန္တော၊

ပြုသော။ အာယသ္မာ၊ ရှည်သော အသက်ရှိသော။ အာနန္ဒတ္ထေရော ဝိယ၊ အာနန္ဒထေရ်ကဲ့သို့။ ကာရုညစိတ္တံ၊ သနားခြင်းနှင့်ယှဉ်သော စိတ်ကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေဦး၍ ———

၂၆-၂၇။ ကောဋိသတသဟဿာနံ၊ ကုဋေတသိန်းမျှလောက်ကုန်သော။ စက္ကဝါဠေသု၊ စကြာဝဠာတိုက်တို့၌။ ဒေဝတာ၊ နတ်တို့သည်။ယဿ၊ အကြင်ရတနသုတ် ပရိတ်တော်၏။ အာဏံ၊ အာဏာစက်ကို။ ပဋိဂ္ဂဏှန္တိ၊ ခံကုန်၏။ ဝေသာလိယာ၊ ဝေသာလီအမည်ရှိသော။ ပုရေ၊ ပြည်၌။ ရောဂါ မနုဿဒုဗ္ဘိက္ခသမ္ဘူတံ၊ အနာ, ဘီလူး, မွတ်သိပ်ခြင်းကြောင့် ဖြစ်သော။ တိဝိဓံ၊သုံးပါးအပြားရှိသော။ ဘယံ၊ဘေးကို။ ယဋ္ဌ-ယံခေ ပရိတ္တံ၊ အကြင်ရတနသုတ် ပရိတ်တော်သည်လျှင်။ ခိပ္ပံ၊လျင်စွာ။ အန္တရဓာပေသိ၊ ကွယ်စေတတ်၏။ တံပရိတ္တံ၊ ထိုရတနသုတ် ပရိတ်တော်ကို။ ဟေ၊အရှင် သူတော်ကောင်းတို့။ မယံ၊ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၂၈။ ဘူမာနိ၊ မြေ၌ တည်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင် ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်ငင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ယာမာစသော နတ်တို့သည်ငင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီအညွတ်လာကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဘူတာဝေ၊ နတ်တို့သည်သာလျှင်။ သုမနာ၊ ဝမ်းမြောက်သော နှလုံးရှိကုန်သည်။ ဘဝန္တု၊ ဖြစ်ကုန်လော့။ အထောပိ၊ ထိုမျှ လည်း။ဘာသိတံ၊ ဟောတော်

မှုအပ်သော တရားတော်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏန္တု၊ နာကုန်လော့။

၂၉။ ဘူတာနိ၊ အို....နတ်တို့။ ယသ္မာ၊ အကြင်ကြောင့်။ သမာဂတာနိ၊ အညီအညွတ် စည်းဝေးလာကုန်၏။ တသ္မာဟိ-တသ္မာဝ၊ ထိုသို့ စည်းဝေးလာကုန်သောကြောင့် သာလျှင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တုမှေ၊ သင်တို့သည်။ နိသာမေထ၊ နာကုန်လော့။ မာနုသိယာ၊ လူဖြစ်သော။ ပဇာယ၊ သတ္တဝါ၌။ မေတ္တံ၊ ချစ်ခြင်းကို။ ကရောထ၊ ပြုကုန်လော့။ ဒိဝါစ၊ နေ့၌ ၎င်း။ ရတ္တောစ၊ ညဉ့်၌၎င်း။ ယေ၊အကြင်သူတို့သည်။ တုမှာကံ၊ သင်တို့အား၊ ဗလိံ၊ ပူဇော်သက္ကာရကို။ ဟရန္တိ၊ ဆောင်ကုန်၏။ တသ္မာဟိ-တသ္မာဝ၊ ထိုသို့ ဆောင်ကုန်သောကြောင့်သာလျှင်။ အပ္ပမတ္တာ၊ မမေ့ မလျော့ကုန်သည်ဖြစ်၍။ နေ၊ ထိုသူတို့ကို။ ရက္ခထ၊စောင့်ကုန်လော။

၃၀။ ဣဓဝါ၊ ဤလူ့ပြည်၌၎င်း။ ဟုရံဝါ၊ နဂါးပြည် ဂဠုန်ပြည်၌၎င်း။ သဂ္ဂေသုဝါ၊ နတ်ပြည်တို့၌၎င်း။ ယံကိဉ္စိ၊ ခပ်သိမ်းသော။ ယံဝိတ္တံဝါ၊ အကြင် သုံးဆောင်အပ်သော ဥစ္စာသည်၎င်း။ ယံရတနံဝါ၊ အကြင် အလေးအမြတ်သိုထားအပ်သော ရတနာသည်၎င်း။ ပဏီတံ၊မြတ်၏။ တံ၊ ထိုရတနာသည်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူသောရတနာသည်။ နနော အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ ဗုဒ္ဓေ-ဗုဒ္ဓေါ၊မြတ်စွာဘုရား၏၊ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤအရဟံစသော ကျေးဇူးတို့နှင့် ပြည့်စုံသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့မှန်သော

စကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၃၁။ သကျမုနိ၊ သာကီဝင်မင်းတို့၏ အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သမာဟိတော၊ တည်ကြည်သော နှလုံး ရှိတော်မူသည်ဖြစ်၍။ ခယံ၊ ရာဂစသော ကိလေသာတို့၏ ကုန်ရာလည်း ဖြစ်ထသော။ ဝိရာဂံ၊ ရာဂ၏ ကင်းရာလည်း ဖြစ်ထသော။ အမတံ၊ သေခြင်းကင်းထသော၊ ပဏီတံ၊ မြတ်ထသော။ ယံ၊ အကြင်နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ သိတော်မူ၏။ တေန ဓမ္မေန၊ ထိုနိဗ္ဗာန်ဖြစ်သောတရားနှင့်။ သမံ၊ တူသော။ ကိဉ္စိ၊ တစုံတခုသော ရတနာသည်။ နအတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ ဓမ္မေ-ဓမ္မသ၊ နိဗ္ဗာန်ဖြစ်သောတရား၏။ ဣဒမ္ပိရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤခယတာ စသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၃၂။ ဗုဒ္ဓသေဋ္ဌော၊ မြတ်စွာဘုရားသည်။ အညံ၊ သောတာပတ္တိမဂ်သိသော အပိုင်းအခြားကို မလွန်ဘဲ သိတတ်ထသော။ သုစိံ၊ စင်ကြယ်စွာထသော။ ယံသမာဓိံ၊ အကြင် အရဟတ္တမဂ်နှင့်ယှဉ်သော သမာဓိကို။ ပရိဝဏ္ဏယီ၊ ချီးမွမ်းတော်မူ၏။ အာနန္တရိကံ၊ မဂ်၏အခြားမဲ့၌ အကျိုးကိုပေးတတ်၏ဟူ၍။ အာဟု၊ ဟောတော်မူပြီ။ တေနသမာဓိနာ၊ ထိုအရဟတ္တမဂ်သမာဓိနှင့်။ သမော၊ တူသောသမာဓိသည်။ နဝိဇ္ဇတိ၊ မရှိ။

ခေမ္မ-မဂ္ဂ၊ မင်္ဂန္နင့်ယှဉ်သော သမာဓိတရား၏။ ကွဒ်မ္ပိရတနံ-အယမ္ပိသုတနာတာဝေါ၊ ဤစင်ကြယ်ခြင်းစသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၁၃။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့ကို။ သတံ၊ ဘုရားစသော သူတော်ကောင်းတို့သည်။ ပသတ္ထာ၊ ချီးမွမ်းအပ်ကုန်၏။ တနည်းကား၊ အဋ္ဌသတံ၊ တရာ့ရှစ်ယောက်ကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့ကို။ ပသတ္ထာ၊ မြတ်စွာဘုရားသည် ချီးမွမ်းအပ်ကုန်၏။ တေ၊ ထိုရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်ကား။ စတ္တာရိယုဂါနိ၊ လေးပါးသော အစုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုဂတဿ၊ မြတ်စွာဘုရား၏ သာဝကာ၊ တပည့်ဖြစ်ကုန်သော။ တေ၊ ထိုရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်ကား။ တနည်းကား။ တေ၊ ထိုတရာ့ရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်ကား။ ဒက္ခိဏေယျာ၊ မြတ်သော အလှူကို ခံထိုက်ကုန်၏။ ဧတေသု၊ ထိုရှစ်ယောက်သော ပုဂ္ဂိုလ်တို့အား။ ဒိန္နာနိ၊ ပေးလှူအပ်သော ဝတ္ထုတို့သည်။ မဟပ္ဖလာနိ၊ များသောအကျိုး ရှိကုန်၏။ သံဃ-ရတနံ၊ သံဃာတော်၏။ ကွဒ်မ္ပိရတနံ-အယမ္ပိရတနာတာဝေါ၊ ဤသို့ မြတ်စွာဘုရား ချီးမွမ်းတော်မူခြင်း စသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။

သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေ
သတည်း။

၃၄။ ယေ၊ အကြင်ရဟန္တာတို့သည်။ ဂေါတမ သာသနမှိ၊
ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်၌။ ဒဠှေန၊ မြဲမြံစွာ
သော။ မနသာ၊ နှလုံးဖြင့်။ သုပ္ပယုတ္တာ၊ ကောင်းစွာလုံ့လ
ပြုကုန်သည်ဖြစ်၍၊ နိက္ကာမိနော၊ ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကုန်၏။
တေ၊ ထိုရဟန္တာတို့သည်။ အမတံ၊ နိဗ္ဗာန်ကို။ ဝိဂယှ၊ အာရုံ
ပြု၍။ လဒ္ဓါ၊ ရသည်ဖြစ်၍။ မုဓာ၊ ကိလေသာကင်းကုန်လျက်။
နိဗ္ဗုတိံ၊ နိဗ္ဗာန်ချမ်းသာကို။ ဘုဉ္ဇမာနာ၊ ခံစားကုန်သည်ဖြစ်၍။
ပတ္တိံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကုန်သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ သံဃေ-သံဃာ၌၊ ရဟန္တာဖြစ်သော သံဃာတော်
၏။ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤအရဟတ္တဖလသမာ
ပတ် ဟူသော ရတနာ၏အဖြစ်သည်လည်း။ ပဏီတံ ပဏီတော၊
မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။
ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွား
ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၃၅။ ပထဝိဿိတော၊ မြေ၌ မြုပ်သော။ ဣန္ဒခီလော၊
ကျောက်စာတိုင်သည်။ စတုဗ္ဘိ၊ အရပ်လေးမျက်နှာမှ လာကုန်
သော။ ဝါတေဟိ၊ လေတို့သည်။ အသမ္ပကမ္ပိယော၊ မတုန်
မလှုပ်စေနိုင်သည်။ သိယာယထာ၊ ဖြစ်သကဲ့သို့။ ယော၊ အကြင်
ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ၊ လေးပါးသော အရိယသစ္စာ
တို့ကို။ အဝေစ္စ၊ သောတာပတ္တိမဂ်ဖြင့် သက်ဝင်၍။ ပဿတိ၊
မြင်၏။ တံ သပ္ပုရိသံ၊ ထိုသောတာပတ္တိမဂ်ဖြင့် အရိယသစ္စာတို့ကို

မြင်ပြီးသော သုံးပါးအပြားရှိသော သောတာပန် ဖြစ်သော သူတော်ကောင်းကို။ တထုပမံ၊ ထိုကျောက်စာတိုင်နှင့် တူ၏ ဟူ၍။ ဝဒါမိ၊ ငါဘုရားသခင် ဟောတော်မူ၏။ သံသေ-သံဃာ၊ သုံးပါးသော သောတာပန်သံဃာ၏ ဣဒမ္ပိ ရတနံ-အယမ္ပိရတနဘာဝေါ၊ ဤသို့ မတုန်မလှုပ်သော သူ၏ အဖြစ် တည်းဟူသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်း သည်။ ဟောတု၊ ဖြစ်စေသတည်း။

၃၆။ ဂမ္ဘီရပညေန၊ နက်နဲသော ပညာရှိသော မြတ်စွာ ဘုရားသည်။ သုဒေသိတာနိ၊ ကောင်းစွာ ဟောတော်မူအပ် ကုန်သော။ အရိယသစ္စာနိ၊ လေးပါးသော အရိယသစ္စာတို့ကို။ ယေ၊ အကြင်သတ္တက္ခတ္တု ပရမ သောတာပန် ပုဂ္ဂိုလ်တို့သည်။ ဝိဘာဝယန္တိ၊ သိကုန်၏။ တေ၊ ထို သတ္တက္ခတ္တု ပရမ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဘုသံပမတ္တာ၊ ဘာဝနာ၌ အလွန် မေ့လျော့ကုန်သည်။ ကိဉ္စာပိဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ တထာပိ၊ ထိုသို့ မေ့လျော့ကုန်သော်လည်း။ တေ၊ ထိုသတ္တက္ခတ္တု ပရမသောတာပန် ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ၊ ရှစ်ကြိမ်မြောက် သော။ ဘဝံ၊ ဘဝကို။ နအာဒိယန္တိ၊ မယူကုန်။ သံသေ သံဃာ၊ သတ္တက္ခတ္တု ပရမ ဖြစ်သော သောတာပန် သံဃာ၏။ ဣဒမ္ပိရတနံ အယမ္ပိရတနဘာဝေါ၊ ဤရှစ်ကြိမ်မြောက် ဘဝ ကို မယူခြင်းတည်း ဟူသောရတနာ၏ အဖြစ်သည်လည်း။ ပဏီ တံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သော

စကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသောစီးပွားခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။

၃၇။ သက္ကာယဒိဋ္ဌိစ၊ အတ္တဟူသော မိမိကိုယ်ရှိ၏ ဟူသော အယူရင်း။ ဝိစိကိစ္ဆိတဉ္စ၊ ရှစ်ပါးသော ဌာန၌ ယုံမှားခြင်းရင်း။ သီလဗ္ဗတံဝါပိ၊ နွား၏ သီတင်းအကျင့် ခွေး၏ သီတင်းအကျင့် စသည်ဖြင့် သံသရာမှ ထွက်မြောက်၏ ဟူသော အယူရင်း။ တယော၊သုံးပါးကုန်သော။ ဓမ္မာ၊ သဘောတရားတို့ကို။ အဿ၊ ထို သောတာပန်ပုဂ္ဂိုလ်၏။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိမဂ်၏ ပြည့်စုံခြင်းနှင့်။ သဟာဝ၊ တကွလျှင်။ ဇဟိတာ၊ စွန့်အပ်ကုန်သည်။ အဿုဘဝန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ တစုံတခုသော။ ယံ၊ အကြင်မှားသော အယူသည်၊ အတ္ထိ၊ ရှိ၏။ တံပိ၊ ထိုမှားသော အယူကိုလည်း။ ဇဟိတံ၊ စွန့်အပ်၏။

၃၈။ သော သောတာပန္နော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ စတူဟိ၊ လေးပါးကုန်သော။ အပါယေဟိ၊ အပါယ်တို့မှ။ ဝိပ္ပမုတ္တော၊ လွတ်၏။ ဆ၊ ခြောက်ပါးကုန်သော။ အဘိဋ္ဌာနာနိစ၊ လွန်စွာသော အကြောင်းတို့ကိုလည်း။ ကာတုံ၊ ပြုအံ့သောငှါ။ အဘဗ္ဗော၊ မထိုက်။ သံဃေ-သံဃာ၌၊ သုံးပါးသော သောတာပန်ဖြစ်သော သံဃာတော်၏။ ဣဒမ္ပိရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤသုံးပါးသော သံယောဇဉ်တို့ကို ပယ်ခြင်းအစရှိသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသောစီးပွားခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။

၃၉။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ ကာယေနဝါ၊ ကာယ ဒွါရဖြင့်ရင်း။ ဝါစာ-ဝါစာယဝါ- ဝစီဒွါရဖြင့်ရင်း။ ဥဒ၊ ထိုမျိုး။ စေတသာဝါ၊ မနောဒွါရဖြင့်ရင်း။ ပါပကံ၊ မကောင်းသော။ ကမ္မံ၊ အမှုကို။ ကိဥ္စာပိ၊ အကယ်၍လည်း။ ကရောတိ၊ ပြုမိ၏။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမကောင်းမှုကို။ ပဋိစ္ဆဒါယ၊ ဖုံးလွှမ်းအံ့သောငှါ။ အဘဗ္ဗော၊ မထိုက်ပြီ။ ဒိဋ္ဌပဒဿ၊ မဂ်ဖြင့် မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်၏။ အဘဗ္ဗတာ၊ မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်သော အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ သံဃေ-သံဃဿ၊ သုံးပါးသော သောတာပန်သံဃာ၏။ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤသို့ပြုပြီးသော မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်ခြင်းတည်းဟူသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၄၀။ ဂိမှာနမာသေ၊ နွေလေးလအတွင်း၌။ ပဌမသ္မိံ ဂိမှေ၊ အစစွာသောနွေလ၌။ ဖုဿိတဂ္ဂေ၊ ပွင့်သော အဖျားရှိသော။ ဝနပ္ပဂုမ္ဗေ၊ တောအုပ်သည်။ ယထာ၊ အသရေရှိသကဲ့သို့၊ ပရမံဟိတာယ၊ မြတ်သော လောကုတ္တရာ စီးပွားအလို့ငှါ။ တထူပမံ၊ ထိုတောအုပ်နှင့်တူသော။ နိဗ္ဗာနဂါမိံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်ထသော။ ဓမ္မဝရံ၊ ပရိယတ္တိတရားတော်မြတ်ကို။ အဒေသယိ၊ ဟောတော်မူ၏။ ဗုဒ္ဓေ ဗုဒ္ဓဿ၊ မြတ်စွာ

ဘုရား၏။ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤဒေသနာ ဟူသော ရတနာ၏အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ် ၏။ ဧတေန သစ္စေန၊ ဤသို့၊ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၄၁။ ဝရော၊ မြတ်ထသော။ ဝရညူ၊ မြတ်သောတရားကို လည်း သိတော်မူတတ်ထသော။ ဝရဒေါ၊ မြတ်သော လောကုတ္တရာ တရားကိုလည်း ပေးတော်မူတတ်ထသော။ ဝရာဟရော၊ မြတ်သောစီးပွားကိုလည်း ဆောင်တော်မူတတ်ထ သော။ အနုတ္တရော၊ လွန်သော သူမရှိသော မြတ်စွာဘုရား သည်။ ဓမ္မဝရံ၊ ပရိယတ္တိတရားတော်မြတ်ကို။ အဒေသယိ၊ ဟော တော်မူ၏။ ဗုဒ္ဓေ-ဗုဒ္ဓသ္မိံ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိရတနံ-အယမ္ပိ ရတနဘာဝေါ၊ ဤသို့ ဤဥ္ဇြိယာပဒေသပရိယတ္တိညာဏ် ရှေးရှိသည် ဖြစ်၍ ပရိယတ္တိဓမ္မကို ဟောခြင်းတည်းဟူသော ရတနာ၏ အဖြစ် သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့ မှန်သောစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေ သတည်း။

၄၂။ ယေ၊ အကြင် ရဟန္တာတို့သည်။ အာယတိကေ၊ လာလတ္တံ့သော၊ ဘဝသ္မိံ၊ ဘဝ၌။ ဝိရတ္တစိတ္တာ၊ တပ်ခြင်းကင်း သော စိတ်ရှိကုန်၏။ တေသံ၊ ထိုရဟန္တာတို့အား။ ပုရာဏံ၊ ရှေး၌ဖြစ်သောကံသည်။ ခီဏံ၊ ကုန်ပြီ။ နဝသမ္ဘဝံ၊ ဘဝသစ်၌ ဖြစ်လတ္တံ့သော ကံသည်လည်း။ နတ္ထိ၊ မရှိ။ ခီဏဗီဇာ၊ ကုန်ပြီး

သော ကံဟူသော မျိုးစေ့ရှိကုန်ထသော။ အဝိရူဠ္ဟိဆန္ဒာ၊ ဘဝသစ်၌ မဖြစ်ပြန်လိုသောဆန္ဒလည်း ရှိကုန်ထသော။ ဓီရာ၊ ပညာလည်း ရှိကုန်ထသော။ တေ၊ ထိုရဟန္တာတို့သည်။ အယံပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာယတိယထာ၊ ငြိမ်းသကဲ့သို့။ နိဗ္ဗာယန္တိ၊ ငြိမ်းကုန်၏။ သံဃေ-သံဃသ၊ ရဟန္တာဖြစ်သော သံဃာတော်၏။ ဣဒမ္ပိရတနံ-အယမ္ပိရတနဘာဝေါ၊ ဤသာဝသစ်၌၊ မဖြစ်ပြန်ခြင်းတည်းဟူသော ရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့မှန်သော စကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသောစီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၄၃။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာ နတ်တို့သည်ငင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ယာမာစသော နတ်တို့သည်ငင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီအညွတ်လာကုန်၏။ တေမယံ၊ ထိုသို့လာကုန်သော နတ်အပေါင်း ဖြစ်ကုန်သောငါတို့သည်။ တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းထသော။ ဒေဝမနုဿပူဇိတံ၊ နတ်တို့သည် ပူဇော်အပ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿာမ၊ ရှိခိုးကုန်၏။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသောစီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၄၄။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာ နတ်တို့

သည်ရှင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ယာမာစသော နတ်တို့သည်ရှင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီအညွတ်လာကုန်၏။ တေမယံ၊ ထိုသို့လာကုန်သော နတ်အပေါင်းဖြစ်ကုန်သော ငါတို့သည်။ တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းထသော။ ဒေဝမနုဿပူဇိတံ၊ နတ်လူတို့သည် ပူဇော်အပ်ထသော။ ဓမ္မံ၊ တရားတော်ကို။ နမဿာမ၊ ရှိခိုးကုန်၏။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၇။ ဘုမ္မာနိ၊ မြေ၌တည်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာ နတ်တို့သည်ရှင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိဘူတာနိဝါ၊ အကြင်ယာမာစသော နတ်တို့သည်ရှင်း။ ဣဓ၊ ဤအရပ်၌။ သမာဂတာနိ၊ အညီအညွတ်လာကုန်၏။ တေမယံ၊ ထိုသို့လာကုန်သော နတ်အပေါင်း ဖြစ်ကုန်သော ငါတို့သည်။ တထာဂတံ၊ ရှေးဘုရား တို့ကဲ့သို့လာခြင်းကောင်းထသော။ ဒေဝမနုဿပူဇိတံ၊ နတ်လူတို့သည် ပူဇော်အပ်ထသော။ သံဃံ၊ သံဃာတော်ကို။ နမဿာမ၊ ရှိခိုးကုန်၏။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

ရတနသုတ္တံ၊ ရတနသုတ် ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

# ၃-မေတ္တသုတ်အနက်

၄၆။ ယဿ၊ အကြင်မေတ္တာသုတ်၏။ အနုဘာဝတော၊ အာနုဘော်ကြောင့်။ ယက္ခာ၊ ဘီလူးတို့သည်။ ဝါ၊ ဘုမ္မစိုးနတ်တို့သည်။ ဘိံသနံ၊ ကြောက်မက်ဘွယ်သော အဆင်းကို။ နေဝဒဿန္တိ၊ မပြဝံ့ကုန်။ ယမှိစေဝ-ယမှိစေဝ၊ အကြင်မေတ္တာသုတ်ပရိတ်တော်ကိုသာလျှင်။ ရတ္တိံ၊ ညဉ့်၌ရင်း။ ဒိဝံ၊ နေ့၌ရင်း။ အတန္ဒိတော၊ မပျင်းရိသည်ဖြစ်၍။ အနုယုဉ္ဇန္တော၊ လုံ့လပြုသော သူသည်။ ———

၄၇။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုတ္တောစ၊ အိပ်ပျော်သော်လည်း။ ကိဉ္စိ၊ တစုံတခုသော။ ပါပံ၊ မကောင်းသော အိပ်မက်ကို။ နပဿတိ၊ မမြင်မက်။ ဧဝမာဒိဂုဏူပေတံ၊ ဤသို့အစရှိသော ကျေးဇူးနှင့်ပြည့်စုံသော။ တံပရိတ္တံ၊ ထိုမေတ္တသုတ် ပရိတ်တော်ကို။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၄၈။ သန္တံ၊ ငြိမ်သက်စွာသော။ ယံပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ထိုနိဗ္ဗာန်သို့။ အဘိသမေစ္စ၊ အာရုံပြုသောအားဖြင့်ကပ်၍။ ဝါ၊ လောကီဉာဏ်ဖြင့် သက်ဝင်၍။ အတ္ထကုသလေန၊ အစီးအပွား၌ လိမ္မာသောသူသည်။ ကရဏီယံ၊ ပြုအပ်၏။ သက္ကောစ၊ ပြုခြင်းငှာ တတ်အားသည်လည်း။ အဿ၊ ဖြစ်ရာ၏။ ဥဇူစ၊ ဖြောင့်မတ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဟုဇူစ၊ ကောင်းစွာဖြောင့်မတ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဝစောစ၊ ပညာရှိတို့ဆိုလွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

မုဒုစ၊ နူးညံ့သည်လည်း။ အဿ၊ ဖြစ်ရာ၏။ အနတိမာနီစ၊ မာန်မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၄၉။ သန္တုဿကောစ၊ ရောင့်ရဲလွယ်သည်လည်း၊ အဿ၊ ဖြစ်ရာ၏။ သုဘရောစ၊ မွေးမြူသည်လည်း။ အဿ၊ ဖြစ်ရာ၏။ အပ္ပကိစ္စောစ၊ နည်းသောကိစ္စရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သလ္လဟုကဝုတ္တိစ၊ ပေါ့သောအသက် မွေးခြင်းရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သန္တိန္ဒြိယောစ၊ ငြိမ်သက်သော ဣန္ဒြေရှိသည် လည်း။ အဿ၊ ဖြစ်ရာ၏။ နိပကောစ၊ ရင့်သောပညာရှိသည် လည်း။ အဿ၊ ဖြစ်ရာ၏။ အပ္ပဂဗ္ဘောစ၊ မကြမ်းထမ်းသည် သည်။ အဿ၊ ဖြစ်ရာ၏။ ကုလေသု၊ ဒါယကာတို့၌။ အနနု ဂိဒ္ဓေါစ၊ မမက်မောသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၅၀။ ယေန၊ အကြင်မကောင်းသော အမှုဖြင့်။ ဝိညူ၊ ပညာရှိကုန်သော။ ပရေ၊ တပါးသောသူတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကုန်ရာ၏။ ကိဉ္စိ၊ တစုံတခုသော။ တံ၊ ထိုပညာရှိတို့သည် ကဲ့ရဲ့အံ့သောအမှုကို။ ခုဒ္ဒမ္ပိ၊ အနည်းငယ်မျှ သော်လည်း။ နစအာစရေ၊ မကျင့်ရာ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သုခိနောဝါ၊ ချမ်းသာခြင်း ရှိကုန်သည်၎င်း။ ခေမိနောဝါ၊ ဘေးမရှိကုန်သည်၎င်း။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ် ရှိကုန်သည် သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

၅၁။ အနဝသေသာ၊ အကြွင်းမရှိကုန်သော။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ပါဏဘူတာဝါ၊ ထွက်သက်၊ ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်၎င်း။ တသာဝါ၊ လန့်တတ်သော

သတ္တဝါတို့သည်၎င်း။ ထာဝရာဝါ၊ တည်ကြည်မြဲမြံသက်သော သတ္တဝါတို့သည်၎င်း။ ဒီဃာ၊ ရှည်ကုန်သော။ ယေသတ္တာဝါ၊ အကြင်သတ္တဝါတို့သည်၎င်း။ မဟန္တာဝါ၊ ကြီးသောသတ္တဝါတို့သည်၎င်း။မဇ္ဈိမာဝါ၊မတို၊မရှည်၊မကြီး၊မငယ်သော သတ္တဝါတို့သည်၎င်း။ ရဿကာ၊ တိုသော သတ္တဝါတို့ သည်၎င်း။ အဏုကထူလာစ၊ ကြုံသောသတ္တဝါ၊ ဆူသော သတ္တဝါတို့ သည်၎င်း။

၅၂။ ဒိဋ္ဌာ၊ မြင်အပ်ကုန်သော။ ယေသတ္တဝါ၊ အကြင် သတ္တဝါတို့သည်၎င်း။ အဒိဋ္ဌာ၊ မမြင်အပ်ကုန်သော။ယေသတ္တာဝါ၊ အကြင်သတ္တဝါတို့သည်၎င်း။ ဒူရေ၊ အဝေး၌။ ဝသန္တိ၊ နေကုန်၏။ တေ သတ္တဝါ၊ ထိုသတ္တဝါတို့သည်၎င်း။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဝသန္တိ၊ နေကုန်၏။ တေသတ္တဝါ၊ ထိုသတ္တဝါတို့သည်၎င်း။ ဘူတာဝါ၊ ဖြစ်ပြီးသော သတ္တဝါတို့ သည်၎င်း။ သမ္ဘဝေသီဝါ၊ နောင်ဖြစ်လတ္တံ့သော သတ္တဝါတို့ သည်၎င်း။ တနည်းကား၊ သမ္ဘဝေ၊ သုက်၌။ သီဝါ၊ ကိန်း သောသတ္တဝါတို့သည်၎င်း။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သုခိတတ္တာ၊ ချမ်းသာ သော ကိုယ်စိတ်ရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

၅၃။ ပရော၊ သူတပါးသည်။ ပရံ၊ သူတပါးကို။ နနိကုဗ္ဗေထ၊ *မလှည့်ပတ်ရာ။ ကတ္ထစိ၊ တစုံတခုသော အမှု၌။ နံ၊ ထိုသူတပါးကို။ ဗျာရောသနာ-ဗျာရောသနာယ၊ချုတ်ချယ်

* အမျက်မထွက်ရာ (မှုကွဲ)

သော စကားဖြင့်၎င်း။ ပဋိဃသညာ-ပဋိဃသညာ ယ၊ အမျက်ထွက်သောအမှတ်ဖြင့်၎င်း။ ကိဉ္စိ၊ တစုံးတစိမျှ၊ နာဝိမညေထ၊ မထေမဲ့မြင် မအောက်မေ့ရာ။ အညမညဿ၊ အချင်းချင်း၏။ ဒုက္ခံ၊ ဆင်းရဲကို။ နဣစ္ဆေယျ၊ အလိုမရှိရာ။

၅၄။ မာတာ၊ အမိသည်။ နိယံပုတ္တံ၊ မိမိကို မှီ၍ဖြစ်သော။ ဧကပုတ္တံ၊ တယောက်တည်းသောသားကို။ အာယုသာ၊ အသက်ကြောင့်။ အနုရက္ခေ ယထာ၊ အဘန်တလဲလဲစောင့်သကဲ့သို့။ ဧဝမ္ပိ၊ ထို့အတူ၎င်း။ သဗ္ဗဘူတေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းမသိသော။ မာနသံ၊ မေတ္တာစိတ်ကို။ ဘာဝယေ၊ ပွားစေရာ၏။

၅၅။ ဥဒ္ဓံ၊ အထက်၌၎င်း။ အဓော၊ အောက်၌၎င်း။ တိရိယဉ္စ၊ ဖီလာ၌၎င်း။ သဗ္ဗလောကသ္မိံ၊ ခပ်သိမ်းသော လောက၌။ အသမ္ဗာဓံ၊ ကျဉ်းမြောင်းခြင်းလည်း မရှိထသော။ အဝေရံ၊ အတွင်းရန်လည်း မရှိသော။ အသပတ္တံ၊ အပရန်လည်း မရှိသော။ အပရိမာဏံ၊ အတိုင်းမသိသော။ မာနသံ၊ မြတ်နိုးခြင်းတည်းဟူသော။ မေတ္တဉ္စ၊ မေတ္တာစိတ်ကိုလည်း။ ဘာဝယေ၊ ပွားစေရာ၏။

၅၆။ ယာဝတာ၊ အကြင်မျှလောက်။ ဝိဂတမိဒ္ဓေါ၊ ကင်းသော ပိုက်မျည်းခြင်းရှိသည်။ အဿ၊ ဖြစ်ရာ၏။ တာဝတာ၊ ထိုမျှလောက်။ တိဋ္ဌံဝါ၊ ရပ်သော်၎င်း။ စရံဝါ၊ သွားသော်၎င်း။ နိသိန္နောဝါ၊ ထိုင်သော်၎င်း။ သယာနောဝါ၊ လျောင်းသော်၎င်း။ ဧတံသတိံ၊ ထိုမေတ္တာစိတ်နှင့် ယှဉ်သော သတိကို။ အဓိဋ္ဌေယျ၊ အမြဲဆောက်တည်ရာ၏။ ဧတံဝိဟာရံ၊

တိုမေတ္တာစိတ်နှင့် ယှဉ်၍ နေခြင်းကို။ ဗြဟ္မံ၊ မြတ်သော။ ဝိဟာရံ၊ နေခြင်းဟူ၍။ ဣဓ၊ ဤသာသနာတော်၌။ အာဟု၊ ဆိုကုန်၏။

၁၇။ ဒိဋ္ဌိဉ္စ၊ မှားသောအယူသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်ဥ၍။ သီလဝါ၊ သီလတင်းရှိသည်ဖြစ်၍။ ဒဿနေန၊ မဂ်ပညာနှင့်။ သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍။ ကာမေသု၊ ဝတ္ထုကာမ, ကိလေသာ ကာမတို့၌။ ဂေဓံ၊ တပ်ခြင်းကို။ ဝိနေယျ၊ ဖျောက်ရာ၏။ သော၊ ထိုသူသည်။ ဂဗ္ဘသေယျံ၊ အမိဝမ်း၌ ရှိသန္ဓေနေခြင်းကို။ ပုန၊ တဖန်၊ ဇာတု၊ အကယ်မလွှယ်သဖြင့်။ နဟိဧတိ၊ မရောက်။

မေတ္တသုတ္တံ၊ မေတ္တသုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၄-ခန္ဓသုတ်အနက်

၁၈-၁၉။ သဗ္ဗာသီဝိသဇာတီနံ၊ ခပ်သိမ်းသော အဆိပ်လျှင်သော မြွေလေးပါးတို့၏။ ဃောရံ၊ ပြင်းစွာသော။ ဝိသံ၊ အဆိပ်ကို။ ဒိဗ္ဗမန္တာဂဒံဝိယ၊ နတ်၌ဖြစ်သော ဆေးမန္တရားကဲ့သို့၊ ယံ၊ အကြင် ခန္ဓသုတ်ပရိတ်သည်။ နာသေတိ၊ ဖျောက်တတ်၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော။ အာဏာခေတ္တမှိ၊ အာဏာခေတ်ဖြစ်သော ကုဋေတသိန်းသော စကြဝဠာ၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သေသံ၊ မြွေဆိပ်မှ ကြွင်းသော၊ ပရိဿယဉ္စာပိ၊ ဘေးရန်ကိုလည်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော

အခါ၌။ သဗ္ဗသောပိ၊ ခပ်သိမ်းသော အပြားအားဖြင့်လည်း။ နိဝါရေတိ၊ မြင်တားအပ်၏။ တံပရိတ္တံ၊ ထိုခန္ဓသုတ်ပရိတ်တော်ကို။ ဟော၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၆၀။ ဝိရူပက္ခေဟိ၊ ဝိရူပက္ခနဂါးမင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဧရာပထေဟိ၊ ဧရာပထ နဂါးမင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဆဗျာပုတ္တေဟိ၊ ဆဗျာပုတ္တ နဂါးမင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ကဏှာဂေါတမကေဟိစ၊ ကဏှာဂေါတမ နဂါးမင်းတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၆၁။ အပါဒကေဟိ၊ အခြေမရှိသော သတ္တဝါတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်၊ ဟောတု၊ ဖြစ်စေသတည်း။ ဒွိပါဒကေဟိ၊ အခြေ နှစ်ချောင်းရှိသော သတ္တဝါတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ စတုပ္ပဒေဟိ၊ အခြေလေးခုရှိသော သတ္တဝါတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဗဟုပ္ပဒေဟိ၊ များသော အခြေရှိသော သတ္တဝါတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၆၂။ မံ၊ ငါ့ကို။ အပါဒကော၊ အခြေမရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ ဒွိပါဒကော၊ အခြေနှစ်ခုရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ စတုပ္ပဒေါ၊ အခြေလေးခုရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ မံ၊ ငါ့ကို။ ဗဟုပ္ပဒေါ များသောအခြေရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။

၆၃။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ သတ္တဝါတို့သည်ငှင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ ထွက်သက် ဝင်သက်ရှိသော သတ္တဝါတို့သည်ငှင်း။ ကေဝလာ၊ အကြွင်းမရှိကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘူတာစ၊ ထင်ရှားဖြစ်သော သတ္တဝါတို့သည်ငှင်း။ သဗ္ဗေ–သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ဘဒြာနိ၊ ကောင်းမြတ်သော အမြင်တို့ကို။ ပဿန္တု၊ မြင်စေကုန်သတည်း။ ကိဉ္စိ၊ တစိုးတစိမျှ။ ပါပံ၊ မကောင်းမှုသို့။ မာ ာဂမာ၊ မရောက်စေကုန်သတည်း။

၆၄။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အပ္ပမာဏော။ နှိုင်းရှည့်ကြောင်းဖြစ်သော ကိလေသာမရှိ။ ဓမ္မော၊ တရားတော်သည်။ အပ္ပမာဏော၊ နှိုင်းရှည့်ကြောင်း ဖြစ်သော ကိလေသာမရှိ။ သံဃော၊ သံဃာတော်သည်။ အပ္ပမာဏော၊ နှိုင်းရှည့်ကြောင်းဖြစ်သော ကိလေသာမရှိ။ သရီသပါနိ၊ ကင်း, သန်းတို့သည်ငှင်း။ အဟိ၊ မြွေသည်ငှင်း။ ဝိစ္ဆိကာ၊ ကင်းပုဇွန်သည်ငှင်း။ သတပဒီ၊ ကင်းခြေများသည်ငှင်း။ ဥဏ္ဏနာဘိ၊ ပင့်ကူသည်ငှင်း။ (ပင့်ကူနက်လည်းဟူ။) သရဗူ၊ တက်တူသည်

ရှင်း၊ (အိမ်မြှောင်လည်းဟူ၏) မှုသိကာ၊ ကြွက်သည်ရှင်း။ ပမာဏဝန္တာနိ၊ နိုင်းရှည့်ကြောင်းဖြစ်သော ကိလေသာရှိကုန်၏။

၆၅။ မေ၊ ငါသည်၊ ရက္ခာ၊ အစောင့်အရှောက်ကို၊ ကတာ၊ ပြုအပ်ပြီ၊ မေ၊ ငါသည်၊ ပရိတ္တံ၊ အရံအတားကို၊ ကတံ၊ ပြုအပ်ပြီ။ ဘူတာနိ၊ သတ္တဝါတို့သည်၊ ပဋိက္ကမန္တု၊ ဖဲလေကုန်လော့။ သော အဟံ၊ ထိုငါသည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီ အစရှိသော ဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

ခန္ဓသုတ္တံ၊ ခန္ဓသုတ် ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၅-မောရသုတ်အနက်

၆၆-၆၇။ ဘောဓိသတ္တာရှေ၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီသုံးဆယ်တို့ကို။ ပူရေန္တော၊ ဖြည့်တော်မူထသော။ မောရယောနိယံ၊ ဥဒေါင်း၏ အမျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်ထသော။ ယေန၊ အကြင်မောရပရိတ်ဖြင့်။ သံဝိဟိတာရက္ခံ၊ စီရင်အပ်သော စောင့်ရှောက်ခြင်းရှိထသော။ မဟာသတ္တံ၊ ဘုရားလောင်းကို။ ဝနေစရာ၊ တောမုဆိုးတို့သည်။ စိရဿံ၊ မြင့်ရှည်စွာ ကာလပတ်လုံး။ ဝါယမန္တာပိ၊ လုံ့လပြုကုန်သော်လည်း။ ဂဏှိတုံ၊ ဖမ်းယူအံ့သောငှါ။ နေဝသက္ခိံသု၊ မတတ်နိုင်ကုန်။ ဗြဟ္မမန္တန္တိ၊ မြတ်သောမန္တရားဟူ၍၊ အက္ခာတံ၊ ဟောတော်မူ

အပ်သော။ တံ၊ ပရိတ္တံ၊ ထိုမောရပရိတ်ကို။ ယော၊ အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၆၀။ စက္ခုမာ၊ လူတို့၏ မျက်စိလည်းဖြစ်ထသော။ ဧကရာဇာ၊ မြတ်သောမင်းလည်း ဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေ၏ အဆင်းနှင့်တူသော အဆင်းလည်းရှိထသော။ ပထဝိပ္ပဘာသော၊ မြေ၌ ထွန်းသော အရောင်လည်းရှိထသော။ အယံ၊ ဤနေမင်းသည်။ ဥဒေတိ၊ တက်လတ်၏။ တံ-တဲသွာ၊ ထိုကြောင့်။ ဟရိဿဝဏ္ဏံ၊ ရွှေ၏ အဆင်းနှင့်တူသော အဆင်းလည်း ရှိထသော။ ပထဝိပ္ပဘာသံ၊ မြေ၌ထွန်းသော အရောင်လည်းရှိထသော။ တံ၊ ထိုရှင်နေမင်းကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုး၏။ အဇ္ဇ၊ ယနေ့၊ ဒိဝသံ၊ တနေ့ပတ်လုံး။ တယာ၊ အရှင်နေမင်းသည်။ ဂုတ္တာ၊ စောင့်အပ်ကုန်သည် ဖြစ်၍။ မယံ၊ ငါတို့သည်။ ဝိဟရေမု၊ နေကုန်အံ့။

၆၉။ ဗြာဟ္မဏာ၊ မကောင်းမှုကိုလည်း အပပြုကုန်ပြီးထသော။ ယေ၊ အကြင် မြတ်စွာဘုရားတို့သည်။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းသောတရားတို့ကို။ ဝေဒဂူ၊ သိခြင်းသို့ ရောက်ကုန်၏။ တေ၊ ထိုမြတ်စွာဘုရားတို့ကို။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေစ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ မံ၊ ငါကို။ ပါလယန္တု၊ စောင့်စေကုန်သတည်း။ ဗုဒ္ဓါနံ၊ သစ္စာလေးပါးကို သိကုန်ပြီးသော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဗောဓိယာ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊

ကိလေသာမှ လွတ်ကုန်ပြီးသော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ သောမောရော၊ ထိုဥဒေါင်းမင်းသည်။ ဣမံပရိတ္တံ၊ ဤအရံအတားကို။ ကတွာ၊ ပြု၍။ ဧသနာ—ဧသနာယ၊ အစာရှာအံ့သောငှါ။ စရတိ၊ သွား၏။

၇၀။ စက္ခုမာ၊ လူတို့၏ မျက်စိလည်း ဖြစ်ထသော။ ဧကရာဇာ၊ မြတ်သော မင်းလည်း ဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေ၏ အဆင်းနှင့် တူသော အဆင်းလည်းရှိထသော။ ပထဝိပ္ပဘာသော၊ မြေ၌ ထွန်းသော အရောင်လည်းရှိထသော။ အယံ၊ ဤနေမင်းသည်။ အပေတိ၊ ဝင်၏။ တံ-တသ္မာ၊ ထိုကြောင့်။ ဟရိဿဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိထသော။ ပထဝိပ္ပဘာသံ၊ မြေ၌ထွန်းသော အရောင်လည်း ရှိထသော။ တံ၊ ထိုအရှင်နေမင်းကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုး၏။ အဇ္ဇ၊ ယနေ့။ ရတ္တိံ၊ တညဥ့်ပတ်လုံး။ တယာ၊ အရှင်နေမင်းသည်။ ဂုတ္တာ၊ စောင့်အပ်ကုန်သည် ဖြစ်၍။ မယံ၊ ငါတို့သည်။ ဝိဟရေမု၊ နေကုန်အံ့။

၇၁။ ဗြာဟ္မဏာ၊ မကောင်းမှုကိုလည်း အပပြုကုန်ပြီးထသော။ ယေ၊ အကြင် မြတ်စွာဘုရားတို့သည်။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းသော တရားတို့ကို။ ဝေဒဂူ၊ သိခြင်းသို့ ရောက်ကုန်၏။ တေ၊ ထို မြတ်စွာဘုရားတို့ကို။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေစ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ မံ၊ ငါ့ကို။ ပါလယန္တု၊ စောင့်ရှောက်စေကုန်သတည်း။ ဗုဒ္ဓါနံ၊

သစ္စာလေးပါးကို သိကုန်ပြီးသော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဗောဓိယာ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်အားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်ပြီးသော ပုဂ္ဂိုလ်တို့အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်အား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ သောမောရော၊ ထို ဥဒေါင်းမင်းသည်။ ဣမံပရိတ္တံ၊ ဤအရံအတားကို။ ကတွာ၊ ပြု၍။ ဝါသံ၊ နေခြင်းကို။ အကပ္ပယိ၊ ပြု၏။

မောရသုတ္တံ၊ မောရသုတ် ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၆-ဝဋ္ဋသုတ်အနက်

၇၂။ ဗောဓိသမ္ဘာရေ၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သော ပါရမီသုံးဆယ်တို့ကို။ ပူရေန္တော၊ ဖြည့်တော်မူထသော။ ဝဋ္ဋဇာတိယံ၊ ငုံး၏ အမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ်ထသော။ မဟာသတ္တံ၊ ဘုရားအလောင်းကို။ ယဿပရိတ္တဿ၊ အကြင်ပရိတ်တော်၏။ တေဇေန၊ တန်ခိုးအာနုဘော်ကြောင့်။ ဒါဝဂ္ဂိ၊ တောမီးသည်။ ဝိဝဇ္ဇယိ၊ ကြဉ်ဖဲ၏။

၇၃။ သာရိပုတ္တဿ၊ သာရိပုတြာ အမည်ရှိတော်မူသော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဘာသိတံ၊

ဟောတော်မူအပ်ထသော၊ ကပ္ပဋ္ဌာယိံ၊ ကမ္ဘာပတ်လုံး တည်ထသော။ မဟာတေဇံ၊ ကြီးသော အာနုဘော်ရှိထသော။ တံပရိတ္တံ၊ ထိုငုံးမင်းပရိတ်ကို။ ဟော၊ အို...သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၇၄။ လောကေ၊ လောက၌။ သီလဂုဏော၊ သီလ၏ ကျေးဇူးသည်ရင်း။ သစ္စံ၊ သစ္စာသည်ရင်း။ သောစေယျဉ္စ၊ ကိုယ်နှုတ်နှလုံး စင်ကြယ်သည်၏ အဖြစ်သည်ရင်း။ အနုဒ္ဒယာစ၊ သတ္တဝါတို့အား သနားခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ တေန သစ္စေန၊ ထိုသို့သော သစ္စာစကားဖြင့်။ အနုတ္တရံ၊ အတုမရှိသော။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ အဟံ၊ ငါသည်။ ကာဟာမိ၊ ပြုဘူး၏။

၇၅။ ဓမ္မဗလံ၊ သစ္စာတရား၏ အစွမ်းကို။ အာဝဇ္ဇိတွာ ဆင်ခြင်၍။ ပုဗ္ဗကေ၊ ရှေး၌ ဖြစ်တော်မူကုန်ပြီးသော။ ဇိနေ၊ မြတ်စွာဘုရားတို့ကို။ အဟံ၊ ငါသည်။ သရိတွာ၊ အောက်မေ့၍။ သစ္စဗလံ၊ သစ္စာ၏ အစွမ်းကို။ အဝဿာယ၊ အမှီပြု၍။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ အကာသိံ၊ ပြုဘူး၏။

၇၆။ ဇာတဝေဒ၊ အို...တောမီး။ မေ၊ ငါ၏။ ပက္ခာ၊ အတောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ အပတနာ၊ မပျံနိုင်ခဲ့။ မေ၊ ငါ၏။ ပါဒါ၊ ခြေတို့သည်။ သန္တိ၊ ရှိကုန်၏။ အဝဉ္စနာ၊ မသွားတတ်ခဲ့။ မေ၊ ငါ၏။ မာတာပိတာစ၊ အမိအဘတို့သည်လည်း။ နိက္ခန္တာ၊ ထွက်သွားခဲ့ကုန်ပြီ။ ဇာတဝေဒ၊ အို... တောမီး။ ပဋိက္ကမ၊ ဖဲကြဉ်လေလော့။

၄၄။ သာရိပုတ္တ၊ သာရိပုတြာ။ ဣတိ၊ ဤသို့။ မယှံ-မယာ၊ ငါငုံးမင်းသည်။ သစ္စေ၊ သစ္စာကို။ ကတေ၊ ပြုသည်ရှိသော်။ သစ္စကာတေန၊ ပြုအပ်သော သစ္စာနှင့်။ သဟ၊ တကွ။ သိခီ၊ တောမီးသည်။ ဥဒကံ၊ ရေသို့။ ပတွာ၊ ရောက်၍။ ဝဇ္ဇေသိယ ထာ၊ ဖဲကြဉ်သကဲ့သို့။ မဟာပဇ္ဇလိတော၊ ကြီးသောအလျှံ ရှိသော။ သိခီ၊ တောမီးသည်။ သောဠသကရီသာနိ၊ တဆဲ့ ခြောက်မင်း ပယ်စားတို့ဘိုင်တိုင်။ ဝဇ္ဇေသိ၊ ဖဲကြဉ်လေ၏။ သာရိပုတ္တ၊ သာရိပုတြာ။ မေ၊ ငါ၏။ သစ္စေန၊ သစ္စာစကားနှင့်။ သမော၊ တူသောတရားသည်။ နတ္ထိ၊ မရှိ။ ဧသာပါရမီ၊ ဤ ပါရမီသည်ကား။ မေ၊ ငါ၏။ သစ္စပါရမီ၊ သစ္စာပါရမီဘည်း။

ဝဋ္ဋပ ရိတ္တံ၊ ဝဋ္ဋသုတ်ပရိတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၇-ဓဇဂ်သုတ်အနက်

၄၀။ ယဿ၊ အကြင်ဓဇဂ်သုတ် ပရိတ်တော်ကို။ အနုဿရ ဏေနာပိ အောက်မေ့ကာမျှတည်းဖြင့်လျှင်။ အန္တလိက္ခေပိ၊ ကောင်းကင်၌ တည်ကုန်လျက်လည်း။ ပါဏိနော၊ သတ္တဝါ တို့သည်။ ဘူမိယံဝိယ၊ မြေ၌ကဲ့သို့။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပတိဋ္ဌံ၊ တည်ရာကို။ အဓိဂစ္ဆန္တိ၊ ရကုန်၏။

၄၆။ ယက္ခစောရာဒိသမ္ဘဝါ၊ ဘီလူး, ခိုးသူ စသည် တို့ကြောင့် ဖြစ်သော။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ခပ်သိမ်းသော ဥပဒ္ဒဝေါ တည်းဟူသော ကွန်ယက်မှ။ မုတ္တာနံ၊ လွတ်ကုန်သော

သူတို့ကို။ ဂဏနာ၊ ရေတွက်ခြင်းသည်။ နစအတ္ထိ၊ မရှိသလျှင်ကတည်း။ တံပရိတ္တံ၊ ထိုဓဇဂ်သုတ် ပရိတ်တော်ကို။ ဟော၊ အို.... အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၈၀-၈၁။ ဘန္တေမဟာကဿပ၊ အရှင်မဟာကဿပ။ ဣဒံ ဓဇဂ္ဂ၊ ဤဓဇဂ်သုတ် ပရိတ်တော်ကို။ မေ-မယာအာနန္ဒေန၊ အကျွန်ုပ်အာနန္ဒာသည်။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ တနည်းကား။ ဘန္တေမဟာကဿပ၊ အရှင်မဟာကဿပ။ ဣဒံ၊ ဤဓဇဂ်သုတ် ပရိတ်တော်ကို။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ၊ မေ၊ အကျွန်ုပ်၏။ သုတံ၊ ကြားခြင်းသည်ကား။ ဧဝံ၊ ဤသို့လျှင်တည်း။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုသို့ နေတော်မူသောအခါ၌လျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ-အာလပတိ၊ ခေါ်တော်မူ၏။ ဘဒ္ဒန္တေတိ၊ မြတ်သောအရှင်ဘုရားဟူ၍။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ဝန်ခံကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ဤသို့သောစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူးသည်ကား။ ဒေဝါသုရသင်္ဂါမော၊ တာဝတိံသာနတ်, အသုရာနတ်

တို့၏ စစ်သည်သည်၊ သမုပဗျူဠှော၊ ကောင်းစွာ တက်သည်။ အပဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အထခေါ၊ ထိုအခါ ၌။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်၊ တာဝတိံသေ၊ တာဝတိံသာ နတ်ပြည်၌ နေကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာမန္တေသိ၊ ခေါ်တော်မူ၏။ မာရိသာ၊ ငါနှင့်တူကုန်သော အချင်းနတ်တို့။ သင်္ဂါမဂတာနံ၊ စစ်မြေအရပ်၌ သွားကုန်သော။ ဒေဝါနံ၊ သင်နတ်တို့အား။ ဘယံဝါ၊ ကြောက်ခြင်းသည်၎င်း။ ဆမ္ဘိတတ္တံဝါ၊ ကိုယ်ခက်တရော် ရှိသောအဖြစ်သည်၎င်း။ လောမဟံသောဝါ၊ ကြက်သီးမွေးညှင်း ထခြင်း သည်၎င်း။ သစေ၊ အကယ်၍။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ငြားအံ့။ တသ္မိံသမယေ၊ ထိုသို့ဖြစ်သောအခါ၌။ မမေဝ၊ ငါ၏သာလျှင်။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွာ။ မမ၊ ငါ၏၊ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ။ အကြင်ကြောက်ခြင်းသည်၎င်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင်ကိုယ်ခက်တရော်ရှိသော အဖြစ်သည်၎င်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်းသည်၎င်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၈၂။ နော ငါ၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ စေ၊ အကယ်၍။ နောဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့ မကြည့်မိကုန်သည်ရှိသော်။ ပဇာပတိဿ၊ ပဇာပတိအမည်

ရှိသော။ ဒေဝရာဇာသာ၊ နတ်မင်း၏။ ဇင်္ဂါ၊ တမ်းခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွာ။ ပဇာပတိသာ၊ ပဇာပတိအမည်ရှိသော။ ဒေဝရာဇာသာ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်းသည်ရှင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင်ကိုယ်ခက်တရော်ရှိသော အဖြစ်သည်ရှင်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်းထခြင်းသည်ရှင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၈၃။ ပဇာပတိဿ၊ ပဇာပတိအမည်ရှိသော။ ဒေဝရာဇာသာ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ စေ၊ အကယ်၍။ နောဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့မကြည့်မိကုန်သည်ရှိသော်။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကုန်လော့။ ဟိ၊ သင့်စွာ။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်းသည်ရှင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင်ကိုယ်ခက်တရော်ရှိသော အဖြစ်သည်ရှင်း။ ယောလောမဟံသောဝါ၊ အကြင်ကြက်သီးမွေးညှင်း ထခြင်းသည်ရှင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၇၄။ ဝရုဏာသ၊ ဝရုဏာအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ စေ၊ အကယ်၍။ နောဥလ္လောကေယျာထ၊ မကြည့်မိကုန်အံ့။ အထ၊ ထိုသို့ မကြည့်မိကုန်သည်ရှိသော်။ ဤသာနဿ၊ ဤသာနအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကေယျာထ၊ ကြည့်ကြကုန်လော့။ ဟိ၊ သင့်စွ။ ဤသာနဿ၊ ဤသာနအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကယတံ၊ ကြည့်ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်၎င်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်၎င်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်းသည်၎င်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။ ဣတိ၊ ဤသို့။ သက္ကော၊ သိကြားမင်းသည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌ နေကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

၇၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒဿ၊ အရှင်ဖြစ်သော။ သက္ကဿ၊ သိကြားမင်း၏။ တံခေါပနဓဇဂ္ဂံ၊ ထိုဘမ်းခွန်ဖျားကို။ ဥလ္လောကယတံဝါ၊ ကြည့်သောနတ်တို့အား၎င်း။ ပဇာပတိဿ၊ ပဇာပတိ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လောကယတံဝါ၊ ကြည့်သောနတ်တို့အား၎င်း။ ဝရုဏဿ၊ ဝရုဏအမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဓဇဂ္ဂံ၊ တမ်းခွန်ဖျားကို။ ဥလ္လော

ကယတံဝ ါ၊ ကြည့်သောနတ်တို့အားရင်း။ ဤသာနသ၊ ဤသာန အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်း၏။ ဇဂ္ဂံ၊ တံခွန်ဖျားကို။ ဥလ္လောကယတံဝ ါ၊ ကြည့်သော နတ်တို့အားရင်း။ ယံဘယံဝ ါ၊ အကြင်ကြောက်ခြင်းသည်ရင်း။ ယံဆမ္ဘိတတ္တံဝ ါ၊ အကြင်ကိုယ်ခက်တရော်ရှိသော အဖြစ်သည်ရင်း။ ယောလောမဟံသောဝ ါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယေထာပိ၊ ပျောက်သည် မူလည်း ဖြစ်ရာ၏၊ နောပဟီယေထာပိ၊ မပျောက်သည် မူလည်း ဖြစ်ရာ၏။

၈၆။ တံ၊ ထိုပျောက်ခြင်း, မပျောက်ခြင်းသည်။ ကိဿဟေတု၊ အဘယ်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ အဝီတရာဂေါ၊ မကင်းသောရာဂရှိ၏။ အဝီတဒေါသော၊ မကင်းသောဒေါသရှိ၏။ အဝီတမောဟော၊ မကင်းသော မောဟရှိ၏။ ဘီရု၊ ကြောက်တတ်၏။ ဆမ္ဘီ၊ ကိုယ်ခက်တရော်ရှိတတ်၏။ ဥတြာသီ၊ လန့်တတ်၏။ ပလာယီ၊ ပြေးတတ်၏။

၈၇။ ဘိက္ခဝေ၊ ရဟန်းတို့၊ အဟဉ္စ၊ ငါသည်ကား။ ဧဝံ၊ အကယ်မလွဲသဖြင့်။ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟော၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အရညဂတာနံဝ ါ၊ တော၌မူလည်း နေကုန်ထသော။ ရုက္ခမူလဂတာနံဝ ါ၊ သစ်ပင်ရင်း၌မူလည်း နေကုန်ထသော။ သုညာဂါရဂတာနံဝ ါ၊ ဆိတ်ငြိမ်ရာ အရပ်၌မူလည်း နေကုန်ထသော။ တုမှာကံ၊ သင်တို့အား။ ဘယံဝ ါ၊ ကြောက်ခြင်း

သည်၎င်း။ ဆမ္ဘိ တတ္တံဝါ၊ ကိုယ်ခက်တရော်ရှိသော အဖြစ်သည်၎င်း။ လောမဟံသော ဝါ၊ ကြက်သီးမွေးညှင်း ထခြင်းသည်၎င်း။ သစေ၊ အကယ်၍။ ဥပ္ပဇ္ဇေယျ၊ ဖြစ်တုံအံ့။ တသ္မိံ သမယေ၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသ ဖြစ်သော အခါ၌။ မမေဝ-မမံဧဝ၊ ငါဘုရား၏ ဂုဏ်ကိုသာလျှင်။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၈၈။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကိလေသာတို့မှ ဝေးတော်မူသောကြောင့်လည်း။ ဝါ၊ ကိလေသာရန်တို့ကို သတ်တော် မူဘတ်သောကြောင့်လည်း။ ဝါ၊ သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော် မူဘတ်သောကြောင့်လည်း။ ဝါ၊ ပစ္စည်းလေးပါးစသော ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်လည်း။ ဝါ၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသောကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ကောင်းစွာ သယမ္ဘုညာဏ်ဖြင့် မိမိအလိုလို သစ္စာလေးပါး တရားတို့ကို သိတော်မူတတ်သောကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ နိဗ္ဗာန်သို့ သွားတော်မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ တံနည်းကား။ ဣတိပိ၊ ဤသို့ ကောင်းသောစကားကို

ဆိုတော် မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကာမလောက၊ ရူပလောက၊ အရူပလောက၊ တနည်းကား။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသော လောကသုံးပါးကို သိတော်မူတတ်သောကြောင့် လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ အတုမရှိသော တရားတော်ဖြင့် ဆုံးမတော် မူတတ်သောကြောင့်လည်း။ အနုတ္တရော၊ အတုမရှိသော။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ မည်တော်မူ၏။ တနည်းကား။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လွန်သောသူ မရှိသောကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရမည်တော်မူ၏။ ဣတိပိ၊ ဤသို့ ဆုံးမတော်မူအပ်သော ဝေနေယျ သတ္တဝါတို့ကို ဆုံးမတော် မူတတ်သောကြောင့် လည်း။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသောကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ သိအပ်သော တရားတို့ကို သိတော်မူတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ တနည်းကား။ ဣတိပိ၊ ဤသို့ နတ်လူတို့ကို သိစေတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ၊ ဤသို့ ဆည်းပူးအပ်သော ပါရမီဟူသော ဘုန်းရှိတော် မူသောကြောင့်လည်း။ ဘဂဝါ၊

ဘဂဝါ မည်တော်မူ၏။ ဣတိ၊ ဤသို့။ မမေဝ၊ ငါ၏ ဂုဏ်ကို သာလျှင်။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၇၉။ ဟိ၊ သင့်စွာ။ ဘိက္ခဝေ၊ ရဟန်းတို့။ မမံ၊ ငါဘုရား၏ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်းသည်ရင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တရောင်ရှိသော အဖြစ်သည်ရင်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ,ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့သတည်း။

၈၀။ မံ၊ ငါဘုရား၏ဂုဏ်ကို။ စေ၊ အကယ်၍။ နော အနုဿရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ ဓမ္မံ၊ ငါဟောတော်မူအပ်သော တရားတော်၏ဂုဏ်ကို။ အနုဿရေယျာထ။ အောက်မေ့ကုန်လော့။

၈၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မော၊ တရားတော်သည်။ သန္ဒိဋ္ဌိကော၊ မျက်မှောက်၌ အကျိုးကိုပေးတတ်၏။ အကာလိကော၊ အခါမလင့် အကျိုးကိုပေးတတ်၏။ ဧဟိပဿိကော၊ လာလှည့် ရှုလှည့်ဟူသောစကားကို ဆိုထိုက်၏။ ဩပနေယျိကော၊ နတ်ရွာနိဗ္ဗာန်သို့ ဆောင်ခြင်းကို ထိုက်၏။ ပစ္စတ္တံ-ပဋိအတ္တံ၊ အသီးအသီး မိမိမိမိတို့၌။ ဝိညူဟိ၊ မဂ္ဂဉာဏ်လေးယောက်,ဖလဉာဏ် လေးယောက်ဖြစ်သော ပညာရှိတို့သည်။ ဝေဒိတဗ္ဗော၊ သိအပ်

ခံစားအပ်၏။ ဣတိ၊ ဤသို့။ ဓမ္မံ၊ တရားတော်ဂုဏ်ကို။ အနုဿ ရေယျာထ၊ အောက်မေ့ကုန်လော့။

၈၂။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မံ၊ တရား တော်ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်း သည်ရင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည် ရင်း။ လောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၈၃။ နော စေ အနုဿရေယျာထ၊ ဓမ္မံ၊ တရားတော်ဂုဏ်ကို။ နော အနုဿရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ သံဃံ၊ ငါ့တပည့် သံဃာတော် ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၈၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သော သံဃာသည်။ သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့် တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သော သံဃာသည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်ဖြောင့် ကျင့်တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်ဖြစ်သောသံဃာသည်။ ဉာယပ္ပဋိပန္နော၊ အသင့် အားဖြင့် ကျင့်တတ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်ဖြစ်သော သံဃာသည်။ သာမီစိပ္ပဋိ ပန္နော၊ အရိုအသေပြုခြင်းကို ခံထိုက်အောင် ကျင့်တတ်၏။

စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ-ယာနိပုရိသ ယုဂါနိ၊ အကြင်ယောကျ်ားမြတ်၏ အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေပုရိသပုဂ္ဂလာ၊ ထိုလေးပါးအစုံဖြစ်သော ယောကျ်ားတို့သည်ကား။ အဋ္ဌ၊ ရှစ်ယောက်တို့တည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝကသံဃော၊ ထိုတပည့် ဖြစ်သော သံဃာတော်သည်ကား။ အာဟုနေယျော၊ ဆောင်၍ ပူဇော်ခြင်းကို ခံထိုက်၏။ ပါဟုနေယျော၊ ဧည့်သည်တို့အား ရည်၍ထားသော ပစ္စည်းအထူးဖြင့် ပူဇော်ခြင်းကို ခံထိုက်၏။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်၏။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကိုခံထိုက်၏။လောကဿ၊ လူအများ၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဘွယ်လည်း ဖြစ်၏။ ဣတိ၊ ဤသို့၊ သံဃံ၊ သံဃာတော်ဂုဏ်ကို။ အနုဿရေယျာထ၊ အောက်မေ့ကုန်လော့။

၉၅။ ဟိ၊ သင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့၊ သံဃံ၊ သံဃာတော်ဂုဏ်ကို။ အနုဿရတံ၊ အောက်မေ့ကုန်သော။ ဝေါ၊ သင်တို့အား၊ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်ရင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တဲရော်ရှိသော အဖြစ်သည်ရင်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညင်း ထခြင်းသည်ရင်း၊ ဘဝိဿတိ၊ ဖြစ်တုံအံ့။ သော၊ ထိုဘယ ဆမ္ဘိတတ္တ လောမဟံသသည်။ ပဟီယိဿတိ၊ ပျောက်လတ္တံ့ သတည်း။

၉၆။ တံ၊ထိုဘယ ဆမ္ဘိတတ္တ လောမဟံသ ပျောက်ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။

တထာဂတော၊ ဝိပဿိအစရှိသောရှေးဘုရားတို့၏ လာခြင်းကဲ့သို့ ကောင်းသော လာခြင်းရှိသော သင်တို့ဆရာ ငါဘုရားသည်။ အရဟံ၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကိုပြုခြင်းငှာ မထိုက်။ သမ္မာသမ္ဗုဒ္ဓေါ၊ ကောင်းစွာကိုယ်တိုင် သစ္စာလေးပါးတရားကို သိတော်မူတတ်၏။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ... ဝိတ ... ကင်းသော ... ရှိ၏။ ... သုဂတော၊ ကောင်းသော ... ရှိ၏။ ... ကင်းသော မေ ... ရှိ၏။ အဘီရူ၊ မကြောက်တတ်။ အဆမ္ဘီ၊ ကိုယ်ဘက် တရော်မရှိတတ်။ အနုတြာသီ၊ မလန့်တတ်။ အပလာယီ၊ မပြေး တတ်။ ဣတိဟသ္မာ၊ ထိုကြောင့်။ ပဟိယိဿတိ၊ ပျောက် လတ္တံ့သတည်း။

၉၇။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤသို့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏။ သုဂတော၊ မြတ်စွာ ဘုရားသည်။ ဣဒံ၊ ဤသို့သောစကားကို။ ဝတွာန၊ မိန့်ဦး၍။ အထ၊ ထိုနောင်မှ။ အပရံ၊ တပါးသော။ ဧတံ၊ ဤသို့သော စကားကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

၉၈။ ဘိက္ခဝေါ၊ ရဟန်းတို့။ အရညေ၊ တောသို့၎င်း၊ ရုက္ခမူလေ၊ သစ်ပင်ရင်းသို့၎င်း။ သုညာဂါရေ၊ ဆိတ်ကွယ် ရာအရပ်သို့၎င်း။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရား၏ဂုဏ်ကို။ ... သင် တို့သည် အနုဿရေထ၊ အောက်မေ့ကုန်ရာ၏။ ... သင်တို့၏။ ဘယံ၊ ကြောက်ခြင်းသည်။ နေဝသိယာ ၊ မဖြစ်ရာ။

၉၉။ လောကဇေဋ္ဌံ၊ လူတို့၏အကြီးဖြစ်ထသော။ နရာသဘံ၊ လူတို့ထက်လည်းမြတ်ထသော။ ... မြတ်စွာဘုရား၏ ဂုဏ်ကို ... အကယ်၍။ နေဝသရေယျာထ၊ မအောက်မေ့မိကုန်အံ့။

အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ နိယျာနိကံ၊ သံသရာမှထုတ်၍ ဆောင်သွားတတ်ထသော။ သုဒေသိတံ၊ ကောင်းစွာ ဟောအပ်ထသော။ ဓမ္မံ၊ တရားတော် ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့ကုန်လော့။

၁၀၀။ နိယျာနိကံ၊ သံသရာမှထုတ်၍ ဆောင်သွားတတ်ထသော။ (ဝဋ္ဋဒုက္ခမှ ဆောင်တတ်သောလည်းပေး။) သုဒေသိတံ၊ ကောင်းစွာ ဟောအပ်ထသော။ ဓမ္မံ၊ တရားတော်၏ ဂုဏ်ကို။ ဝေါ၊ အကယ်၍။ နောသရေယျာထ၊ မအောက်မေ့မိကုန်အံ့။ အထ၊ ထိုသို့ မအောက်မေ့မိကုန်သည်ရှိသော်။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ပွားရာ လယ်ယာမြေကောင်းသဘွယ်လည်း ဖြစ်ထသော။ သံဃံ၊ သံဃာတော်၏ ဂုဏ်ကို။ သရေယျာထ၊ အောက်မေ့ကုန်လော့။

၁၀၁။ ဘိက္ခဝေါ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့်။ ဗုဒ္ဓဥ္စ၊ ငါဘုရား၏ဂုဏ်ကိုရင်း။ ဓမ္မဥ္စ၊ တရားတော်၏ ဂုဏ်ကိုရင်း။ သံဃဥ္စ၊ သံဃာတော်၏ ဂုဏ်ကိုရင်း။ သရန္တာနံ၊ အောက်မေ့ကုန်သော သင်တို့အား။ ယံဘယံဝါ၊ အကြင် ကြောက်ခြင်းသည်ရင်း။ ယံဆမ္ဘိတတ္တံဝါ၊ အကြင် ကိုယ်ခက်တရော်ရှိသော အဖြစ်သည်ရင်း။ ယောလောမဟံသောဝါ၊ အကြင် ကြက်သီးမွေးညှင်း ထခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုဘယ,ဆမ္ဘိတတ္တ, လောမဟံသသည်။ နပဟိဿတိ၊ မဖြစ်လတ္တံ့သတည်း။

ဓဇဂ္ဂသုတ္တံ၊ဓဇဂ်သုတ် ပရိတ်တော်သည်။ နိဋ္ဌိတ၊ ပြီးပြီ။

# ဂ-အာဋ္ဌာနာဋ္ဌိယသုတ်အနက်

၁၀၂။ နာထဿ၊ မြတ်စွာဘုရား၏၊ သာသနံ့သမ္ဘဝေ ကောင်း၏ဟူ၍ သမုတ်အပ်ကုန်သော။ သာသနေ၊ သာသနာတော်၌။ အပ္ပသန္နေဟိ၊ မကြည်ညိုကုန်လသော။ စန္ဒေဟိ၊ ကြမ်းကြုတ်ကုန်ထသော။ သဒါ၊ ခပ်သိမ်းသောအခါ၌၊ ကိဗ္ဗိသကာရိဟိ၊ ကြမ်းကြုတ်သောအမှုကို ပြုတတ်ကုန်ထသော။ အမနုဿေဟိ၊ ဘီလူးတို့သည်။

၁၀၃။ စတဿန္နံ၊ လေးပါးကုန်သော။ ပရိသာနံ၊ ပရိသတ်တို့ကို။ အဟိံသာယ၊ မညှဉ်းဆဲစိမ့်သောငှါလည်း။ ဂုတ္တိယာစ၊ စောင့်စိမ့်သောငှါလည်း။ မဟာဝီရော၊ ကြီးမြတ်သောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည်။ ယံပရိတ္တံ၊ အကြင်အာဋ္ဌာနာဋ္ဌိယသုတ် ပရိတ်တော်ကို။ ဒေသေသိ၊ ဟောတော်မူပြီ။ တံပရိတ္တံ၊ ထိုအာဋ္ဌာနာဋ္ဌိယသုတ် ပရိတ်တော်ကို။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၀၄။ စက္ခုမန္တဿ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူထသော။ သိရီမတော၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူထသော။ ဝိပဿိဿစ၊ ဝိပဿီမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဘူတာနုကမ္ပိနော၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားတော်မူတတ်သော။ သိခိဿာပိစ၊ သိခီမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်၊ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၅။ နာ့တကဿ၊ မကောင်းမှုကို ဆေးပြီးထသော။ တပဿိနော၊ ခြိုးခြံသော အကျင့်ထိုလည်း ကျင့်တတ်ထသော။ ဝေဿဘုဿစ၊ ဝေဿဘူ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ မာရ သေနာပမဒ္ဒိနော၊ မာရ်စစ်သည်ကို နှိမ်နိုင်းတတ်သော။ ကကု သန္ဓဿ၊ ကကုသန် မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၆။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပ ပြုပြီးထသော။ ဝုသိမတော၊ ငါးပါးသော ဝသီဘော်နှင့် ပြည့်စုံထသော။ ဝါ၊ သုံးပြီးသော မဂ်ဟူသော သီတင်းလည်းရှိထသော။ ကောဏာ မေနဿစ၊ ကောဏာဂုံ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုး ခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဓိ၊ အလုံး စုံသော အရာ၌။ ဝါ၊ ခပ်သိမ်းသော ကိလေသာမှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်တော်မူပြီးသော။ ကဿပဿစ၊ ကဿပ မြတ်စွာ ဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁၀၇။ ယော၊ အကြင်ဂေါတမ ဘုရားသခင်သည်။ သဗ္ဗ ဒုက္ခာ ပနူဒနံ၊ အလုံးစုံသော ဆင်းရဲခြင်းကို ပယ်ဖျောက်တော် မူတတ်သော။ ဣမံဓမ္မံ၊ ဤတရားကို။ ဒေသေသိ၊ ဟောတော် မူ၏။ အင်္ဂီရသဿ၊ ကိုယ်တော်မှ ထွက်သော အရောင်ရှိထသော။ သိရီမတော၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူထသော။ သကျ ပုတ္တဿ၊ သာကီဝင်မင်းသား ဖြစ်တော်မူထသော။ တဿ၊

ဘိုဂေါတမ ဘုရားသခင်အား၊ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၁ဂဂ။ လောကေ၊ လောက၌။ နိဗ္ဗုတာ၊ ငြိမ်းဧပေဟူန်ပြီးသော။ ယေစာပိဇနာ၊ အကြင်မြတ်စွာဘုရားတို့သည်။ ယထာဘူတံ၊ ဟုတ်သော အလျောက်။ ဝိပဿိသုံ၊ မြင်ကုန်ပြီ။ တေဇနာ၊ ထိုမြတ်စွာဘုရားတို့သည်။ အ-ပိသုဏာ၊ ချောပစ်သော စကားကို မဆိုကုန်။ အထ၊ ထိုမျိုး။ မဟန္တာ၊ မြတ်ကုန်၏။ ဝီတသာရဒါ၊ ကင်းသော ရွံ့ကြောက်ခြင်းရှိကုန်၏။

၁၀၉။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး,ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူထသော။ မဟန္တံ၊ မြတ်စွာသသော။ ဝီတသာရဒံ၊ ကင်းသော ရွံ့ကြောက်ခြင်းရှိသသော။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတံ၊ အစီးအပွားလည်း ဖြစ်ထသော။ ဂေါတမံ၊ ဂေါတမအမျိုးလည်း ဖြစ်ထသော။ ယံဗုဒ္ဓံ၊ အကြင် မြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကုန်၏။

၁၁၀။ တေစ၊ ထိုဝိပဿီ အစရှိသော မြတ်စွာဘုရားခုနစ်ဆူတို့သည်ရင်း။ အဋ္ဌေ၊ တပါးကုန်သော။ အနေကသတကောဋိယော၊ အကုဋေ အရာမကများကုန်သော။ သမ္ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်ရင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အသမ-သမာ။ ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် မတူကုန်သည်ဖြစ်၍ ဘုရားချင်းသာ တူကုန်၏၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်၏။

၁၁၁။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဒသဗလူပေတာ၊ ဆယ်ပါးသော ဌာနာဌာန အစ ရှိသော အားနှင့် ပြည့်စုံကုန်၏။ ဝေသာရဇ္ဇဟိ၊ ဝေသာရဇ္ဇ ဉာဏ်တို့နှင့်။ ဥပါဂတာ၊ ပြည့်စုံကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဥတ္တမံ၊ မြတ်စွာသော။ အာသဘံ၊ ပုရိသဥသဘ၏ အဖြစ်ဘည်းဟူသော။ ဌာနံ၊ အရာဖြစ်သော သဗ္ဗညုတဉာဏ်ကို။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။

၁၁၂။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ပရိသာသု၊ ပရိတ်သတ်တို့၌။ ဝိသာရဒါ၊ ရဲရင့်ကုန်သည်ဖြစ်၍။ သီဟနာဒံ၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို။ နဒန္တိ၊ ဆိုကုန်၏။ လောကေ၊ လောက၌။ အပ္ပဋိဝတ္တိယံ၊ သူတပါးတို့ မလည်စေနိုင်သော။ ဗြဟ္မစက္ကံ၊ မြတ်သော ဓမ္မစကြာတရားတော်ကို။ ပဝတ္တေန္တိ၊ လည်စေကုန်၏။ (ဟောကုန်၏ ဟူလိုသည်။)

၁၁၃။ နာယကာ၊ လူသုံးပါးတို့၏ ခရီးညွှန် ဖြစ်တော်မူသော ဘုရားရှင်တို့သည်။ အဋ္ဌာရသဟိ၊ တဆဲ့ရှစ်ပါးကုန်သော။ ဗုဒ္ဓဓမ္မေဟိ၊ ဘုရား၏ ကျေးဇူးတရားတို့နှင့်။ ဥပေတာ၊ ပြည့်စုံကုန်၏။ ဗာတ္တိံသ လက္ခဏူပေတာ၊ သုံးဆဲ့နှစ်ပါးသော လက္ခဏာကြီးနှင့်လည်း ပြည့်စုံကုန်၏။ အသီတနုဗျဥ္ဇနာဓရာ၊ ရှစ်ဆယ်သော လက္ခဏာ ငယ်တို့ကိုလည်း ဆောင်ကုန်၏။

၁၁၄။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရား တို့သည်။ ဗျာမပ္ပဘာယ၊ တလံမျှလောက်သော ကိုယ်တော် ၏ အရောင်ဖြင့်။ သုပဘာ၊ ကောင်းစွာ ထွန်းပကုန်၏။ မုနိကုဉ္ဇရာ၊ ရဟန်းတို့ထက်လည်း မြတ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဗုဒ္ဓါ၊ ထိုမြတ်စွာ ဘုရားတို့သည်။ သဗ္ဗညုနော၊ ခပ်သိမ်းသော တရားကို သိတတ်ကုန်၏။ ခီဏာ သဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်၏။ ဇိနာ၊ မာရ်ငါးပါး ကို အောင်ကုန်၏။

၁၁၅။ မဟာပဘာ၊ များသော ကိုယ်တော်အရောင်လည်း ရှိကုန်၏။ မဟာတေဇာ၊ ကြီးသောတန်ခိုးလည်း ရှိကုန်၏။ မဟာပညာ၊ ကြီးသောပညာလည်း ရှိကုန်၏။ မဟဗ္ဗလာ၊ ကြီး သော ခွန်အားလည်း ရှိကုန်၏။ မဟာကာရုဏိကာ၊ များသော ကရုဏာလည်း ရှိကုန်၏။ ဓိရာ၊ လုံ့လလည်း ရှိကုန်၏။ သဗ္ဗေ သာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ သုခါဝဟာ၊ ချမ်းသာကို ဆောင်တတ်ကုန်၏။

၁၁၆။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ပါဏိနံ၊ သတ္တဝါ တို့၏။ ဒီပါစ၊ ကျွန်းလည်းမည်ကုန်၏။ နာထာစ၊ ကိုးကွယ် ရာလည်း မည်ကုန်၏။ ပတိဋ္ဌာစ၊ တည်ရာလည်း မည်ကုန်၏။ တာဏာစ၊ စောင့်ရှောက်ရာလည်း မည်ကုန်၏။ လေဏာစ၊ ပုန်းကွယ်ရာလည်း မည်ကုန်၏။ ဂတီစ၊ လားရာလည်း မည်ကုန် ၏။ ဗန္ဓူစ၊ အဆွေလည်း မည်ကုန်၏။ မဟေဿာသာစ၊ မြတ်သော လေးသမားလည်း မည်ကုန်၏။ သရဏာစ၊

အောက်မေ့ရာသည်းမည်ကုန်၏။ ဟိတေသိနောစ၊ စီးပွားကိုလည်း ရှာကြံလေ့ရှိကုန်၏။

၁၁၇။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လူ၏။ ပရာယဏာ၊ လည်းလျောင်းရာလည်း မည်ကုန်၏။ အဟံ၊ ငါသည်။ ပုရိသုတ္တမ-ပုရိသုတ္တမာနံ၊ ယောကျ်ားတကာတို့ထက် မြတ်ကုန်သော။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၁၈။ တေ တထာဂတေ၊ ထိုမြတ်စွာ ဘုရားတို့ကို။ သယနေ၊ အိပ်သောအခါ၌ငြင်း။ အာသနေ၊ ထိုင်သောအခါ၌ငြင်း။ ဌာနေ၊ ရပ်သောအခါ၌ငြင်း။ ဂမနေစာပိ၊ သွားသောအခါ၌ငြင်း။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ ဝစသာ စေဝ၊ ဝစီဒွါရဖြင့်ငြင်း။ မနသာစေဝ ၊ မနောဒွါရဖြင့်ငြင်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၁၉။ သန္တိကရာ၊ ကိလေသာ၏ ငြိမ်းခြင်းကိုလည်း ပြုတတ်ကုန်သော။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ တုဝံ၊ သင့်ကို။ သဒါ၊ ခပ်သိမ် သောအခါ၌။ သုခေန၊ ချမ်းသာသဖြင့်။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ဘေဟိ၊ ထိုမြတ်စွာ ဘုရားတို့သည်။ ရက္ခိတော၊ စောင့်အပ်သော။ တွံ၊ သင်သည်။ သန္တော စ၊ ငြိမ် သက်သည်ငြင်း။ သဗ္ဗဘယေဟိ၊ ခပ်သိမ်းသော ဘေးတို့မှ။ မုတ္တော စ၊ ကင်းလွတ်သည်ငြင်း။ ဘဝါဟိ၊ ဖြစ်စေသတည်း။

၁၂၀။ တုဝံ၊ သင်သည်။ သဗ္ဗရောဂဝိမုတ္တော၊ ခပ်သိမ်းသော အနာမှ ကင်းလွတ်သည်ဖြစ်၍။ သဗ္ဗသန္တာပဝဇ္ဇိတော၊ ခပ်သိမ်းသော ပူပန်ခြင်းမှ ကင်းသည်ဖြစ်၍။ သဗ္ဗဝေရံ၊ ခပ်သိမ်းသော ရန်ကို။ အတိက္ကန္တော၊ လွန်နိုင်သည်ဖြစ်၍။ နိဗ္ဗုတော၊ ငြိမ်းချမ်းခြင်းရှိသည်ဖြစ်၍။ ဘဝ-ဘဝါဟိ၊ ဖြစ်စေသတည်း။

၁၂၁။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ သီလေန၊ သီတင်းဖြင့်၎င်း။ သစ္စေန- သစ္စာဖြင့်၎င်း။ ခန္တိမေတ္တာဗလေန၊ သည်းခံခြင်းမေတ္တာဟူသော အစွမ်းဖြင့်၎င်း။ တေပိ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ အရောဂေန၊ အနာမရှိသဖြင့်၎င်း။ သုခေန၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၂။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ဘူတာ၊ ဂန္ဓဗ္ဗနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဂန္ဓဗ္ဗ နတ်တို့သည်လည်း။ အရောဂေန၊ အနာမရှိသဖြင့်၎င်း။ သုခေန၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၃။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ တောင်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုး ရှိကုန်သော။ ဒေဝါ၊ ကုမ္ဘဏ်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုကုမ္ဘဏ် နတ်တို့သည်လည်း။ အရောဂေန၊ အနာမရှိသဖြင့်၎င်း။ သုခေန၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၄။ ပစ္ဆိမဿံ ဒိသာဘာဂေ၊ အနောက်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ နာဂါ၊ နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနဂါးတို့ သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်၎င်း။ သုခေနစ၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၅။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ မြောက်မျက်နှာအဘို့၌။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဘီလူးတို့ သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်၎င်း။ သုခေနစ၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၆။ ပုရတ္ထိမေန၊ အရှေ့မျက်နှာအရပ်၌။ ဓတရဋ္ဌော၊ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်း၎င်း။ ဒက္ခိဏေန၊ တောင်မျက်နှာအရပ်၌။ ဝိရူဠှကော၊ ကုမ္ဘဏ်နတ်တို့ကို အစိုးရသော ဝိရူဠှကနတ်မင်း၎င်း။ ပစ္ဆိမေန၊ အနောက်မျက်နှာအရပ်၌။ ဝိရူပက္ခော၊ နဂါးတို့ကို အစိုးရသော ဝိရူပက္ခနတ်မင်း၎င်း။ ဥတ္တရံဒိသံ၊ မြောက်မျက်နှာအရပ်၌၊ ကုဝေရော၊ ဘီလူးတို့ကို အစိုးရသော ကုဝေရနတ်မင်း၎င်း။ ———

၁၂၇။ လောကပါလာ၊ လူတို့ကို စောင့်တတ်ကုန်ထသော။ ယသဿိနော၊ အခြံအရံများကုန်ထသော။ စတ္တာရော၊ လေးယောက်ကုန်သော။ တေမဟာရာဇာ၊ ထိုနတ်မင်းကြီးတို့သည်။ ဝသန္တိ၊ နေကုန်၏။ တေပိ၊ ထိုနတ်မင်းကြီးတို့ သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်၎င်း။ သုခေနစ၊ ချမ်းသာသဖြင့်၎င်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၈။ အာကာသဠ္ဌာ၊ ကောင်းကင်၌ တည်ကုန်သော။ ဒေဝါ၊ နတ်တို့သည်ရင်း။ ဘုမဠ္ဌာ၊ မြေ၌တည်ကုန်သော။ ဒေဝါ၊ နတ်တို့သည်ရင်း။ နာဂါ၊ နဂါးတို့သည်ရင်း။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုး ရှိကုန်၏။ တေပိ၊ ထိုနတ်,နဂါးတို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ရင်း။ သုခေနစ၊ ချမ်းသာသဖြင့်ရင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၂၉။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးသည်လည်း ဖြစ်ကုန်သော။ ယေဒေဝါ၊ အကြင်နတ်တို့သည်သည်း။ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ဝသန္တာ၊ နေကုန်၏။ တေပိ၊ ထိုနတ်တို့သည်လည်း။ အရောဂေနစ၊ အနာမရှိသဖြင့်ရင်း။ သုခေနစ၊ ချမ်းသာသဖြင့်ရင်း။ အမှေ၊ ငါတို့ကို။ အနုရက္ခန္တု၊ စောင့်စေကုန်သတည်း။

၁၃၀။ သဗ္ဗီတိယော၊ ခပ်သိမ်းသော ဥပဒ္ဒဝေါတို့သည်။ ဝိဝဇ္ဇန္တု၊ ကင်းစေကုန်သတည်း။ သောကော၊ စိုးရိမ်ခြင်းသည်ရင်း။ ရောဂေါ၊ အနာသည်ရင်း။ ဝိနဿတု၊ ပျောက်စေသတည်း။ တေ၊ သင့်အား။ အန္တရာယာ၊ အန္တရာယ်တို့သည်။ မာဘဝန္တု၊ မဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်းနှင့်ပြည့်စုံသည်ဖြစ်၍။ ဒီဃာယုကော၊ ရှည်သောအသက် ရှိသည်။ ဘဝ၊ ဖြစ်စေသတည်း။

၁၃၁။ အဘိဝါဒန သီလိဿ၊ ရတနာသုံးပါးအား ရှိသေစွာ ရှိခိုးသော အလေ့ရှိထသော။ နိစ္စံ၊ အမြဲလျှင်။ ဝုဍ္ဎာပစာယိနော၊ သီလစသော ကျေးဇူးဖြင့် ကြီးသောသူကို ရိုသေသော

အခေလ့ရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာယု၊ အသက်သည်၎င်း။ ဝဏ္ဏော၊ အဆင်းသည်၎င်း။ သုခံ၊ ချမ်းသာသည်၎င်း။ ဗလံ၊ ခွန်အားသည်၎င်း။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ ကျေးဇူးတို့သည်။ ဝဍ္ဎန္တိ၊ ပွားကုန်၏။

အာဋာနာဋိယသုတ္တံ၊ အာဋာနာဋိယ သုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

## ၉-အင်္ဂုလိမာလသုတ်အနက်

၁၃၂။ ယံပရိတ္တံ၊ အကြင် အင်္ဂုလိမာလသုတ် ပရိတ်တော်ကို။ ဘဏန္တဿ၊ ရွတ်သောထေရ်၏။ နိသိန္နဋ္ဌာနဓောဝနံ၊ နေရာအရပ်ကိုဆေးသော။ ဥဒကမ္ပိ၊ ရေမျှသည်လည်း။ သဗ္ဗံ၊ ခပ်သိမ်းသော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိဧဝ၊ ပျောက်စေသလျှင်ကတည်း။

၁၃၃။ ယံ၊ အကြင် အင်္ဂုလိမာလပရိတ်သည်။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ ဂဗ္ဘဝုဋ္ဌာနဉ္စ၊ ကိုယ်ဝန် ဘွားခြင်းကိုလည်း။ တင်္ခဏေ၊ ထိုခဏ၌။ သာဓေတိ၊ ပြီးစေတတ်၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလအမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်ထသော။ ကပ္ပဋ္ဌာယိံ၊ အာယုကပ် ပတ်လုံးတည်ထသော။ မဟာတေဇံ၊ ကြီးသောတန်ခိုးလည်း ရှိထသော။ တံပရိတ္တံ၊

ထိုအင်္ဂုလိမာလပရိတ်တော်ကို။ ပေ။ အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ အဘာမ၊ ရွတ်ကြကုန်အံ့။

၁၃၄။ ဘဂိနိ၊ နှမ။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ အရိယာယ၊ မြတ်သော။ ဇာတိယာ၊ အဖြစ်ဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍။ သဉ္စိစ္စ၊ သေစေလိုသော စေတနာ ရှိသည်ဖြစ်၍။ ပါဏံ၊ အသက်ရှိသော သတ္တဝါကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတာ ဣတိ၊ ချသူ၏ဟူ၍။ နာဘိဇာနာမိ၊ ငါမသိ။ တေန သစ္စေန၊ ထိုသို့မှန်သော စကားဖြင့်။ တေ၊ သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ ဝမ်း၌ရှိသော သတ္တဝါအား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ္တံ၊ အင်္ဂုလိမာလသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၁၀-ဗောဇ္ဈင်သုတ် အနက်

၁၃၅။ သံသာရေ၊ သံသရာ၌။ သံသရန္တာနံ၊ ကျင်လည်ကုန်သော သတ္တဝါတို့၏။ သဗ္ဗဒုက္ခ ဝိနာသနေ၊ ပယ်သိမ်းသော။ ဆင်းရဲကို ဖျောက်တတ်ကုန်သော။ မာရသေနာပမဒ္ဒနေ၊ ကိလေသာဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ အရဟတ္တမဂ်၏ အင်္ဂါ ဖြစ်ကုန်သော။

၁၃၆။ ယေလ္လာမေမေမွ၊ အကြောင်တရားတို့ကို။ ဗုဇ္ဈိတွာဝ၊ သိ၍သားလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ တိဘဝါ၊ သုံးပါးသောဘဝမှ။ မုတ္တကာ၊ ထင်းလွတ်ကုန်၏။ ဥတ္တမာ၊ မြတ်ကုန်၏။ အဇာတိံ၊ ပဋိသန္ဓေ နေခြင်းမရှိထသော။ အဇရံ၊ အိုခြင်းမရှိထသော။ အဗျာဓိံ၊ နာခြင်းမရှိထသော။ နိဗ္ဗာယံ၊ ဘေးလည်းမရှိထသော။ အမတံ၊ သေခြင်းမရှိထသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။

၇၆။ ယာဝ၊ အကြင်မျှလောက်။ ကာလံ၊ မိမိ၏ အကြံကာလသည်။ အနာဂတံ၊ မရောက်သေး။ တာဝ၊ ထိုမျှလောက်။ အမိတ္တံ၊ ရန်သူကိုလျှင်။ ခန္ဓေန၊ ပခုံးဖြင့်။ ဝဟေ၊ ရွက်ဆောင်ရာ၏။ ကာလော၊ မိမိအကြံကာလသည်။ အာဂတော၊ ပြည့်စုံခြင်းသို့ ရောက်လေပြီးသော်။ တမေဝ၊ ထိုရန်သူကိုလျှင်။ သေလေ၊ ကျောက်၌။ ဃဋံ၊ ရွက်ဆောင်သောအိုးကို။ ဘိန္ဒေဝ္ဝ ခွဲသကဲ့သို့။ ဘိန္ဒေ၊ ဖျက်ရာ၏။

၈၇။ ဣဏသေသော၊ မြီကြွင်းလည်းကောင်း။ အဂ္ဂိသေသော၊ မီးကြွင်းလည်းကောင်း။ တထေဝစ၊ ထိုအတူလျှင်။ ရောဂံသေသော၊ ရောဂါကြွင်းလည်းကောင်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဝိဝဍ္ဎတိ၊ ပွားတတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ သေသံ၊ အကြွင်းကို။ နကာရယေ၊ မပြုရာ။

၈၈။ ယဿ၊ အကြင်သူ၏။ မုခံ၊ မျက်နှာကား။ ပဒုမံ-ပဒုမံဣဝ၊ ပဒုမာကြာကဲ့သို့ ရွှင်၏။ ဝါစာ၊ ဆိုသောစကားသည်လည်း။ စန္ဒနသီတလာ၊ စန္ဒကူးကဲ့သို့ ချမ်းအေး၏။ ဟဒယေတု၊ နှလုံး၌ကား။ ဟလာဟလံ၊ လျင်စွာ သေစေတတ်သော အဆိပ်ကဲ့သို့ရှိ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော သူကို။ နောပသေဝေယျ၊ မမှီဝဲရာ။

၈၉။ ဖရုသံ၊ ကြမ်းကြုတ်သော။ သာမိံ၊ အရှင်ကို။ နသေဝေ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ မစ္ဆရိံ၊ ဝန်တိုသော။ သာမိံ၊ အရှင်ကို။ နစသေဝေယျ၊ မမှီဝဲရာ။ တတော၊ ထိုထက်။ အပဂ္ဂဏှံ၊ မချီးမြှင့်တတ်သော။ သာမိံ၊ အရှင်ကို။ နသေဝေယျ၊ မမှီဝဲရာ။ တဘော၊ ထိုထက်။ နိဂ္ဂဟိတံ၊ နှိပ်စက်တတ်သော။ သာမိံ၊ အရှင်ကို။ နေဝသေဝေယျ၊ မမှီဝဲရာသလျှင်ကတည်း။

၉၀။ သိင်္ဂီ၊ ဦးချိုရှိသော သတ္တဝါတို့ကို။ ပညာသဟတ္ထေန၊ အတောင်ငါးဆယ်ရှိသော အရပ်မှ၊ ဝဇ္ဇေ၊ ကြဉ်ရာ၏။ ဝါဇိနံ၊ မြင်းကိုကား။ သတေန၊ အတောင်တရာမှ။ ဝဇ္ဇေ၊ ကြဉ်ရာ၏။ ဟတ္ထိံ ဒန္တိံ၊ အစွယ်ရှိသောဆင်ကိုကား။ သဟဿေန၊ အတောင်ဘထောင်ကသာလျှင်။ ဝဇ္ဇေ၊ ကြဉ်ရာ၏။ ဒုဇ္ဇနံ၊ သူမကောင်းကိုကား။ ဒေသစာဂေန၊ အရပ်ကို စွန့်သဖြင့်။ ဝဇ္ဇေ၊ ကြဉ်ရာ၏။

၉၁။ ကုဒေသဥ္စ၊ မကောင်းသော အရပ်ကိုလည်းကောင်း။ ကုမိတ္တဥ္စ၊ မကောင်းသော ခင်ပွန်းကိုလည်းကောင်း။ ကုကုလဥ္စ၊ မကောင်းသော အမျိုးကိုလည်းကောင်း။ ကုဗန္ဓဝဥ္စ၊ မကောင်းသော အဆွေခင်ပွန်းကိုလည်းကောင်း။ ကုဒါရဥ္စ၊ မကောင်းသော မယားကိုလည်းကောင်း။ ကုဒါသဥ္စ၊ မကောင်းသော ကျွန်ကိုလည်းကောင်း။ ဒူရတော၊ ဝေးစွာ။ ပရိဝဇ္ဇယေ၊ ကြဉ်ရာ၏။

၉၂။ ယေ သဒါ၊ အကြင်ခင်ပွန်းတို့သည်။ ရောဂါတုရေစ၊ အနာနှိပ်စက်သော ကာလ၌လည်းကောင်း။ ဒုဗ္ဘိက္ခေစ၊ ငတ်မွတ်ခေါင်းပါးသော ကာလ၌လည်းကောင်း။ ဗျသနေစ၊ စည်းစိမ်ပျက်စီးသော ကာလ၌လည်းကောင်း။ သတ္တုဂဟေစ၊ ရန်သူဖမ်းမိသော ကာလ၌လည်းကောင်း။ ရာဇဒွါရေစ၊ မင်းအိမ်တံခါး၌လည်းကောင်း။ သုသာနေစ၊ သုသာန် တစပြင်၌လည်းကောင်း။ တိဋ္ဌာ၊ တည်ရပ်ပေကုန်၏။ တေသဒါ၊ ထိုခင်ပွန်းတို့သည်သာလျှင်။ သုမိတ္တကာ ခင်ပွန်းကောင်း မည်ကုန်၏။

၉၃။ သီတဝါစော၊ နူတ်ခွန်းချိုသော စကားရှိသော သူသည်။ ဗဟုမိတ္တော၊ များသော အဆွေခင်ပွန်းရှိ၏၊ ဖရုသော၊ ကြမ်းကြုတ်သော သူသည်။ အပ္ပမိတ္တကော၊ နည်းသော အဆွေခင်ပွန်းရှိ၏။ သူရိယ စန္ဒ ရာဇူနံ၊ နေမင်း လမင်းတို့၏။ ဥပမာ၊ ဥပမာကို။ ဧတ္ထ၊ ဤအရာ၌။ ဉာတဗ္ဗာ၊ သိအပ်၏။

မိတ္တကဏ္ဍော၊ ခင်ပွန်းကို ဆိုရာ အခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

# ၅-ဇုတ္ထိကဏ္ဍ

၉၄။ ကောကိလာနံ၊ ဥဩတို့၏။ ရူပံ၊ အဆင်းကား။ သဒ္ဒေါ၊ အသံလျှင်တည်း။ နာရိရူပံ၊ မိန်းမတို့၏ အဆင်းကား။ ပတိဗ္ဗတာ၊ လင်ကို မြတ်နိုးခြင်းတည်း။ အရူပါနံ၊ ရုပ်သဏ္ဌာန် မကောင်းသော သူတို့၏။ ရူပံ အဆင်းကား။ ဝိဇ္ဇာ၊ အတတ်တည်း။ တပဿီနံ၊ ရသေ့တို့၏။ ရူပံ၊ အဆင်းကား။ ခမာ၊ သည်းခံခြင်းတည်း။

၉၅။ ဣတ္ထီနံ၊ မိန်းမတို့၏။ ဓနံ ဥစ္စာကား။ ရူပံ၊ အဆင်းတည်း။ ပုရိသာနံ၊ ယောကျ်ားတို့၏။ ဓနံ၊ ဥစ္စာကား။ ဝိဇ္ဇာ၊ အတတ်လျှင်တည်း။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဓနံ၊ ဥစ္စာကား။ သီလံ၊ သီလတည်း။ ရာဇာနံ၊ မင်းတို့၏၊ ဓနံ၊ ဥစ္စာကား။ ဗလံ၊ ရဲမက်ဗိုလ်ပါတည်း။

၉၆။ တာပသာ၊ ရသေ့ရဟန်းတို့သည်ကား။ ကိသာဝ၊ ကြုံကုန်မှသာလျှင်၊ သောဘာ၊ တင့်တယ်ကုန်၏။ စတုပ္ပဒါ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့သည်ကား။ ထူလာဝ၊ ဆူကုန်မှသာလျှင်။ သောဘာ၊ တင့်တယ်ကုန်၏။ ပုရိသာစ၊ ယောကျ်ားတို့သည်ကား။ ဝိဇ္ဇာ၊ အတတ်ပညာ ရှိကုန်မှသာလျှင်။ သောဘာ၊ တင့်တယ်ကုန်၏။ ဣတ္ထီစ၊ မိန်းမတို့သည်ကား။ သာမိကာဝ၊ လင်ရှိမှသာလျှင်။ သောဘာ၊ တင့်တယ်ကုန်၏။

၉၇။ သုဂန္ဓဗ္ဗာ၊ တတ်လှစွာသော စောင်းသမားသည်။ ပဉ္စရတ္တာ၊ ငါးရက်မျှ စောင်းနှင့်ကင်းမူ။ မလာ၊ မျက်၏၊ ဓနုဂ္ဂဟာ၊ တတ်လှစွာသော လေးသမားသည်။ သတ္တရတ္တာ ခုနစ်ရက်မျှ

လေးနှင့်ကင်းမူ။ မလာ၊ ပျက်၏။ သုဘိရိယာ၊ တော်မှန်လှစွာသော မယားဖြစ်လျှင်မူလည်း။ ကေမာသာ၊ လင်နှင့်တလကင်းမူ။ မလာ၊ ပျက်၏။ သိဿာ၊ တပည့်တို့ကား။ အစုမာသာ၊ တလခွဲမျှ ဆရာနှင့်ကင်းမူ။ မလာ၊ ပျက်၏။

၉၈။ ဟိံ၊ကျွဲကား။ပင်၊ ညွန်ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ဟင်၊ ဟံသာငှက်ကား။ ပေါက်၊ ရေကန်ရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ထိ မိန်းမကား။ ပု၊ ယောကျ်ားရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။ ခု၊ ရဟန်းကား။ ဓံ၊ တရားရှိမှသာလျှင်။ ရမတိ၊ မွေ့လျော်၏။

၉၉။ အန္နံ၊ ထမင်းကိုကား။ ဇိဏ္ဏံ၊ အစာကြေမှ။ ပသံသေယျ။ ချီးမွမ်းရာ၏။ ဒါရဉ္စ၊ မယားကိုလည်း။ ဂတယောဗ္ဗနံ၊ အရွယ်လွန်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ သူရံ၊ ရဲမက်ကိုကား။ ရဏာ ပုနာဂတာ၊ စစ်အောင်၍ပြန်မှ။ပသံသေယျ၊ ချီးမွမ်းရာ၏။ သဿံ၊ ကောက်ကို။ ဂေဟမာဂတံ၊ အိမ်သို့ရောက်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။

၁၀၀။ ဒွိတရိပတိ၊ နှစ်လင် သုံးလင် ကွာပြီးသော်။ နာရီစ၊ မိန်းမသည်လည်းကောင်း။ဝိဟာရဒွိတရိ၊ နှစ်ကျောင်းသုံးကျောင်း ပြောင်းပြီးသော။ ဘိက္ခုစ၊ ရဟန်းသည်လည်းကောင်း၊ ဒွိတြိပါသံ၊ ကြော့ကွင်းမှ နှစ်ကြိမ်သုံးကြိမ်လွတ်ပြီးသော။ သကုဏောစ၊ ငှက်သည်လည်းကောင်း။ ကတမာယာဗဟုတရံ၊ ပြုအပ်သော မာယာများသလျှင်ကတည်း။

၁၀၁။ ဒုဇ္ဇနံ၊ သူယုတ်ကို။ ပဟာရာ၊ ပုတ်ခတ်သဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။ အမိတ္တံ၊ မကောင်းသောခင်ပွန်းကို။ အဘာဏိကာ၊ စကားဆိုမြဲမဆိုသဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။ကုလတ္ထိနံ၊ မကောင်းသောမိန်းမတို့ကို။ ဗျသနာ၊ စည်းစိမ်ကို မအပ်နှင်းသဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။ ရာဂိနံ၊ အစာ၌တပ်မက်မောတတ်သောသူကို။ အပ္ပဘောဇိနာ၊ အစာကို ယုတ်စေသဖြင့်။ ဒန္တိ၊ ယဉ်စေရာ၏။

၁၀၂။ စန္ဒိမာ၊ လမှ။ ဝိနာ၊ ကင်းသော။ ရတ္တိ၊ ညဥ့်သည်။ နသောဘတေ၊ မတင့်တယ်ရာ။ ဝိစိဝိနာ၊ လှိုင်းတံပိုးမှကင်းသော။ အဏ္ဏဝါစ၊ သမုဒြာသည်လည်း။ နသောဘတေ၊ မတင့်တယ်ရာ။ ဟံသဝိနာ၊ ဟင်္သာမှကင်းသော။ ပေါက္ခရဏီ၊ ရေကန်သည်။ နသောဘတေ၊ မတင့်တယ်ရာ။ပတိဝိနာ၊လင်မှကင်းသော။ကညာ၊ သတို့သမီးသည်။ နသောဘတေ၊ မတင့်တယ်ရာ။

၁၀၃။ ပတိနာ၊ . လင်သည်သာလျှင်။ ဘောဂံ၊ စည်းစိမ်ဥစ္စာကို။ ဇနိတံ၊ ဖြစ်စေအပ်၏။ ကုလတ္ထိယာ၊ မိန်းမမူကား။သံဂုတ္တနံဝ၊ လုံစေသည်သာတည်း။ ဟိ၊ ထိုစကားသင့်စွ။ ပုရိသောဝ၊ ယောကျာ်းသည်သာလျှင်။ ပဓာနော၊ ပဓာနတည်း။ ကုလတ္ထိ၊ မိန်းမကား၊ သုစိသုတ္တံယထာ၊ အပ်၌ချည်နှင့်သာ တူပါသတည်း။

၁၀၄။ သဗ္ဗာနဒီ၊ ခပ်သိမ်းသောမြစ်တို့သည်။ ဝင်္ကနဒီ၊ မြစ်ကောက်သာ ရှိကုန်၏။သဗ္ဗေဝနာ၊ ခပ်သိမ်းသော တောတို့သည်။ ကဋ္ဌမယာ၊ ထင်းဖြင့်သာ ပြီးကုန်၏။သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။နိဝါတကေ၊ ဆိတ်ငြိမ်သောအရပ်ကို။ လဘမာနေ၊ ရသည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ ကရေ၊ ပြုမြဲတည်း။

၁၀၅။ ယာနာရီ၊ အကြောင်မိန်းမသည်။ ဝိဝါဒသီလီ၊ ငြင်းခုံ
တတ်သောအလေ့ရှိ၏။ ဥဿုယာဘာဏီနီ၊ ငြူစူစောင်းမြောင်း၍
ပြောဆိုလေ့ရှိ၏။ ပဿတဏှီ၊ မြင်တိုင်းကိုလည်း တပ်၏။ ဗဟု
ပါကတ္တနီ၊ များစွာလည်းချက်၍စားတတ်၏။ အဂ္ဂန္ဒဘုတ္တိ၊ လင်၏
အဦးစားတတ်သော အလေ့ရှိ၏။ ပရဂေဟဝါသီ၊ သူ့အိမ်သို့
သွားတတ် နေတတ်သော အလေ့ရှိ၏။ သာနာရီ၊ ထိုမိန်းမကို။
ပုတ္တာသတံပိ၊ သားတရာပင်မြင်ငြားသော်လည်း။ ပုမာ၊ယောကျ်ား
သည်။ စတ္တာ၊ စွန့်အပ်၏။

၁၀၆။ ယာနာရီ၊ အကြောင်မိန်းမသည်။ ဘုတ္တေသု၊ စား
သောအခါတို့၌လည်းကောင်း။မဏ္ဍေသု၊ အဝတ်တန်းဆာပြုပြင်
ဆင်ယင်သောအခါတို့၌လည်းကောင်း။ဇနီဝ၊ အမိကဲ့သို့။ ကန္တိနီ၊
နှစ်သက်ဘွယ် ပြုပြင်တတ်၏။ ဂုယှေသု၊ လျှို့ဝှက်အပ်ကုန်သော။
ဌာနေသု၊ မကျစ်မလစ်သောအရာတို့၌။ ဘဂိနီဝ၊ နှမကဲ့သို့။ ဟိရီ၊
လွန်စွာရှက်တတ်၏။ ကမ္မေသု၊ အမှုလုပ်သော အခါတို့၌ လည်း
ကောင်း။ ပတ္တေသု လင်၏အပါးသို့သွားသောအခါတို့၌ လည်း
ကောင်း။ ဒါသိနီဝ၊ ကျွန်မကဲ့သို့။ ကရီ၊ ရိုသေစွာပြုတတ်၏။
ဘယေသု၊ ဘေးရှိသောအခါတို့၌။မန္တိ၊ တိုင်ပင်ဘက်ရ၏။ သယ
နေသု၊ အိပ်သောအခါတို့၌။ ရမတိ၊ မွေ့လျော်စေတတ်၏။ ရူပိ
သု အရောင်အဆင်းကိုပြုပြင်ခြင်းတို့၌။ သိက္ခိ၊ တင့်တယ်စွာ၏။
ကုပ္ပနေသု၊ အမျက်ထွက်သောအခါတို့၌။ ခမနီ၊ သည်းခံတတ်၏။
သာနာရီ၊ ထိုမိန်းမကို။ သေဋ္ဌတိ၊ မြတ်၏ဟူ၍။ ပဏ္ဍိတာ၊ ပညာရှိ
တို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ သာနာရီ၊ ထိုမိန်းမသည်။ ကာ

ယသာဘောဒါစ၊ သေသည်၏အခြားနှဲ့၌လည်း။ ဒိင ေ၊ နတ်ပြည်၌။ ဘဝေယျ၊ ဖြစ်ရာ၏။

၁၀၇။ ယာယုဝတိ၊ အကြင်မိန်းမငယ်သည်။ သာမာ၊ ရွှေသောအသားအရေလည်းရှိ၏။မိဂက္ခိ၊ သမင်မျက်စိကဲ့သို့ ညိုသောမျက်စိလည်းရှိ၏။ ကနုမဇ္ဈဂတ္တာ၊ ခါးစည်းတင်ကျယ် ငယ်သောဝမ်းလည်းရှိ၏။ သုရူ၊ ဆင်နှာမောင်းကဲ့သို့ အရင်းမှသည် အဖျားတိုင်အောင် သွယ်သောပေါင်ရှိ၏။ သုကေသိ၊ ဖြေ၍ နောက်သို့လှန်သော် ရှည်သော အဖျားကော့တက်သော ဆံလည်းရှိ၏။ သမပန္တိဒန္တိ၊ ကြီးငယ်မထင် ညီညွတ်သော သွားအစဉ်လည်းရှိ၏။ ဂမ္ဘိရနာဘိ၊ နက်သောချက်သည်း ရှိ၏။ သုသိလီ၊ ကောင်းသော အလေ့အကျင့်လည်း ရှိ၏။ သာယုဝတိ၊ ထိုသို့သောမိန်းမငယ်ကို။ ဟီနကုလေသု၊ ယုတ်သောအမျိုးတို့၌။ဇာတာပိ ဖြစ်သော်လည်း။ ဝိဝါဟေ၊ ဆက်ဆံထိမ်းမြားရာ၏၊

၁၀၈။ ဥတုကာလာနံ၊ ဥတုကာလတို့တွင်။ သရဒံ၊ တန်ဆောင်မုန်းလသည်။ ပဓာနံ၊ မြတ်၏။ ဘရိယာနံ၊ မယားတို့တွင်။ ရူပဝတီ၊ အဆင်းလှသော မိန်းမသည်။ ပဓာနံ၊ မြတ်၏။ ပုတ္တာနံ၊ သားတို့တွင်။ဇေဋ္ဌပုဗ္ဗဓာနံ၊ သားကြီးသာမြတ်၏။ ဒိသာနံ၊ အရပ်မျက်နှာတို့တွင်။ ဥတ္တရပုဗ္ဗဓာနံ၊ မြောက်အရပ်သာ မြတ်၏။

၁၀၉။ ယာနာရီ၊ အကြင်မိန်းမသည်။ ဇာတိံ ဇာတိံ၊ ဖြစ်တိုင်းဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပုရိသံ၊ ယောကျာ်းအဖြစ်ကို။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ သာနာရီ၊ ထိုမိန်းမသည်။ ပရိစာရိကာ၊ သိကြားမင်း၏မယားသည်။ ဣန္ဒံ၊ သိကြားမင်းကို။

အပစာယတိဏ္ဍဝ၊အရှိအသေလုပ်ကျေးသကဲ့သို့။သာမိကံ၊ လင်ကို။ အပစာယေယျ၊ အရှိအသေ လုပ်ကျေးရာ၏။

၁၁၀။ ယောပေါ်သော၊ အကြင်ယောကျ်ားသည်။ ဇာတိံ ဇာတိံ၊ ဖြစ်တိုင်းဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပုရိသံ၊ ယောကျ်ား၏အဖြစ်ကို။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ သောပေါ်သော၊ ထိုယောကျ်ားသည်။ ပရဒါရံ၊ သူတပါး၏ မယားကို။ဓောတပါဒေါ၊ ခြေဆေးပြီးသော။ ပေါ်သော၊ ယောကျ်ားသည်။ ကဒ္ဒမံ၊ ညွန်ကို။ ဝိဝဇ္ဇေတိယထာ၊ ကြဉ်သကဲ့သို့။ ဝိဝဇ္ဇေယျ၊ ကြဉ်ရာ၏။

၁၁၁။ အတိမဟာလ္လကော။အရွယ်လွန်ပြီးသော။ပေါ်သော၊ ယောကျ်ားသည်။ တိမ္ဗရုတ္ထနိံ၊ တည်သီးမျှငယ်သော သားမြတ်ရှိသော။ ယုဝတိံ၊ မိန်းမငယ်ကို။ အာနေတိ၊ ယူဆောင်သိမ်းဆည်း၏။ တဿာ၊ ထိုမိန်းမအား။ဣဿာ၊ မိမိအလိုရှိရာ မပါသည်ဖြစ်၍ စောင်းမြောင်း ငြူစူတတ်၏။ နသဒ္ဒဟတိ၊ လင်အိုတယောက်၌သာ မွေ့လျော်လတ္တံ့ဟု မယုံကြည်။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုငယ်သောမယားကို သိမ်းဆည်းခြင်းသည်။ ပရာဘဝတော၊ ပျက်စီးအံ့သည်၏။ မုခံ၊ အကြောင်းတည်း။

ဣတ္ထိကဏ္ဍ၊မိန်းမကို ဆိုရာဖြစ်သော အခန်းသည်။
နိဋ္ဌိတော၊ ပြီးပြီ။

## ၆-ရာဇ ကဏ္ဍ

၁၁၂။ ရာဇာ၊ မင်းကား။ ဧကယာမံ၊ တယာမ်သာ။သယေ၊ အိပ်ရာ၏။ ပဏ္ဍိတော၊ ပညာရှိကား။ ဒွိယာမသယေ၀၊ နှစ်ယာမ် သာလျှင်။ သယေ၊ အိပ်ရာ၏။ ဃရာဝါသော၊ အိမ်ရာထောင် သော လူအပေါင်းကား။ တိယာမော၀၊ သုံးယာမ်သာလျှင်။ သယေ၊ အိပ်ရာ၏။ ယာစကောတု ဘုန်းတောင်းယာစကာကား။ စတုယာမော၀၊ လေးယာမ်လုံးသာလျှင်။ သယေ၊ အိပ်ရာ၏။

၁၁၃။ ယတ္ထ၊ အကြင်အရပ်၌။ ဓနဝါ၊ ဥစ္စာရှိသောသူ လည်းကောင်း။ သုတိယော၀ါ၊ အကြားအမြင် များသော ပညာရှိလည်းကောင်း။ ရာဇာ၊ မင်းလည်းကောင်း။ နဒီ၊ မြစ် လည်းကောင်း။ တထာ၊ ထို့မျှ။ဝေဇ္ဇော၊ ဆေးသမား လည်း ကောင်း။ ဣမေပဉ္စ၊ ဤငါးပါးတို့သည်။ နဝိဇ္ဇန္တိ၊ မရှိကုန်။ တတ္ထ၊ ထိုအရပ်၌။ ဒိဝသံ၊ တနေ့တရက်မျှ။ နဝသေ၊ မနေရာ။

၁၁၄။ ယသ္မိံပဒေသေ၊ အကြင်အရပ်၌။ နမာနော၊ မြတ်နိုးခြင်းလည်း မရှိ။ နပေမံ၊ ချစ်ခြင်းလည်းမရှိ။ နစဗန္ဓ၀ါ၊ အဆွေခင်ပွန်းလည်း မရှိ။ ကောစိ၊ တစုံတယောက်မျှ။ နစဝိဇ္ဇာ ဂမော၊ အတတ်ပညာသင်စိမ့်သောသူလည်းမရှိ။ တတြပဒေသေ၊ ထိုအရပ်၌။ ဒိဝသံ၊ တနေ့တရက်မျှ။ နဝသေ၊ မနေရာ။

၁၁၅။ လောကေ၊ လောက၌။ အပုတ္တကံ၊ သားမရှိသော။ ဃရံ၊ အိမ်သည်။ သုညံ၊ ဆိတ်ငြိမ်၏။ အရာဇကံ၊ မင်းမရှိသော။

ရဋ္ဌံ၊ တိုင်းသည်။ သုညံ၊ ဆိတ်ငြိမ်၏။ အသိပ္ပသ်၊ အတတ်မရှိသောသူ၏။ မုခံ၊ ခံတွင်းသည်။ သုညံ၊ ဆိတ်ငြိမ်၏။ ဒလိဒ္ဒတံ၊ ဆင်းရဲခြင်းကား။ သဗ္ဗသုညံ၊ အလုံးစုံ ဆိတ်ငြိမ်၏။

၁၁၆။ လောကော၊ လောကဉ္ဇ။ ခနုံ၊ ဥစ္စာကို။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ ဝါဏိဇ္ဇေယျ၊ ကုန်သွယ်ရာ၏။ ဝိဒ္ဓျံ၊ အတတ်ကို။ ဣစ္ဆေ၊ အလိုရှိမူကား။ သုတံ၊ အကြားအမြင်ရှိသောပုဂ္ဂိုလ်ကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ ပုတ္တံ၊ သားကို။ ဣစ္ဆေ၊ အလိုရှိမူကား။ တရုဏိတ္ထိံ၊ မိန်းမငယ်ကို။ ဝသေ၊ နေရာ၏။ ရာဇာမစ္စံ၊ မင်းအမတ်ဖြစ်ခြင်းကို။ ဣစ္ဆေ၊ အလိုရှိမူကား။ ဣစ္ဆာဂတော၊ မင်း၏ အလိုသို့ လိုက်ရာ၏။

၁၁၇။ ယတိ၊ ရဟန်းသည်။ အသန္တုဋ္ဌော၊ မရောင့်ရဲမူ။ နဋ္ဌော၊ ပျက်၏၊ မဟီပတိစ၊ မြေကြီးသေဉ္ဇနင်း ပြည့်ရှင်မင်းသည်လည်း။ သန္တုဋ္ဌော၊ ရောင့်ရဲတတ်မူ။ နဋ္ဌော၊ ပျက်၏။ ဂဏိကာ၊ ပြည့်တန်းဆာမသည်။ လဇ္ဇာ၊ ရှက်ဘတ်မူ။ နဋ္ဌာ၊ ပျက်၏။ကုလမိတာ၊ အမျိုးကောင်းသမီးသည်။ နိလ္လဇ္ဇာ၊ မရှက်ဘတ်မူ။ နဋ္ဌာ၊ ပျက်၏။

၁၁၈။ ပက္ခီနံ၊ ငှက်တို့၏။ ဗလံ၊ အားကား။ အာကာသော၊ ကောင်းကင်တည်း။ မစ္ဆာနံ၊ ငါးတို့၏၊ ဗလံ၊ အားကား။ ဥဒကံ၊ ရေတည်း။ ဒုဗ္ဗလဿ၊ အားနည်းသောသူ၏။ ဗလံ၊ အားကား။ ရာဇာ မင်းတည်း။ ကုမာရာနံ၊ သူငယ်တို့၏။ ဗလံ အားကား။ ရုဒံ၊ ငိုခြင်းတည်း။

၁၁၉။ ခမာ၊ သည်းခံခြင်းလည်းကောင်း။ ဇာဂရိယံ နိုးကြားခြင်းလည်းကောင်း။ ဥဋ္ဌာနံ၊ ထကြွလုံ့လ ပြုခြင်းလည်း

ကောင်း။ သံဝိဘာဂေါ၊ ဝေဘန်ပေးကမ်းခြင်း လည်းကောင်း။ ဒယာ၊ သနားခြင်းလည်းကောင်း။ ဣက္ခဏာ၊ မြော်မြင်ခြင်း လည်းကောင်း။ ဧတေ၊ ဤခြောက်ပါးတို့ကား။ နာယကဿ၊ မင်းစသောသူကြီးမိဘ၏။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့တည်း။ သတံ၊ သူတော်ကောင်းတို့၏။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်ကုန်သော။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့တည်း။

၁၂၀။ လောကေ၊ လောက၌။ ရာဇာနော၊ မင်းတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သမဏဗြာဟ္မဏာ ရဟန်း ပုဏ္ဏားတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သပ္ပုရိသာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ ဧသ-ဧသဓမ္မော၊ ဤသို့သော သဘောတရား သည်။ သနန္တနော၊ ရှေးသူတော်ကောင်းတို့၏ အကျင့်တည်း။

၁၂၁။ လောကေ၊ လောက၌။ အလသော၊ ပျင်းသော။ ကာမဘောဂီ၊ အိမ်ရာထောင်သော။ ဂိဟီ၊ လူသည်။ နသာဓု၊ မကောင်း။ အသညတော၊ ကိုယ်နှုတ်နှလုံး မစောင့်သော။ ပဗ္ဗဇိ တော၊ ရဟန်းသည်။ နသာဓု၊ မကောင်း။ အနိသမ္မကာရီ၊ မဆင်မခြင်ပြုလေ့ရှိသော။ရာဇာ၊ မင်းသည်။ နသာဓု၊ မကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ကောဓနော၊ အမျက်ထွက်တတ်၏။ တံပိ၊ ထိုအမျက်ထွက်သောပညာရှိသည်လည်း။နသာဓု မကောင်း။

၁၂၂။ ယတ္ထ၊ အကြင်အရပ်၌။ နေတ္တာရော အကြီးအကဲတို့ သည်။ ဗဟဝေါ များ [illegible]န်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သောသူတို့ သည်။ ပဏ္ဍိတမာနိနော၊ ပညာရှိသာပြုလိုကုန်၏။ သဗ္ဗေ၊ ခပ်သိမ်း

ကုန်သောသူတို့သည်။ မဟတ္တံ၊ အကြီးအမြတ်၏အဖြစ်ကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တေသံ၊ ထိုသူတို့၏။ ကမ္မံ အမှုသည်။ ဝိနဿတိ၊ ပျက်တတ်၏။

၁၂၃။ ရာဇာနာမ၊ မင်းမည်သည်ကား။ အာယံ၊ အခွန်အတုတ်၏ ထွက် မထွက်ကိုလည်းကောင်း။ ခယံ၊ မျိုးရိက္ခာ ကုန် မကုန်ကိုလည်းကောင်း။ သယံ၊ ကိုယ်တိုင်။ ဇညာ၊ သိအောင်ပြုရာ၏။ ကတာကတံ၊ အမှုထမ်းသည် မထမ်းသည်ကိုလည်း။ သယံ၊ ကိုယ်တိုင်။ ဇညာ၊ သိအောင်ပြုရာ၏။ နိဂ္ဂဟာရဟံ၊ နှိပ်ခြင်းငှာ ထိုက်သောသူကို။ နိဂ္ဂဟေ၊ နှိပ်ရာ၏။ ပဂ္ဂဟာရဟံ၊ ချီးမြှောက်ခြင်းငှာထိုက်သောသူကို။ ပဂ္ဂဟေ၊ ချီးမြှောက်ရာ၏။

၁၂၄။ လောကေ၊ လောက၌။ အက္ကံ၊ နေမင်းကို။ ပိဋ္ဌိတော ဝ၊ ကျောက်ဖြင့်သာလျှင်။ နိသေဝေယျ၊ ကပ်ရာ၏။ ဟုတာသနံ၊ မီးကို။ ကုစ္ဆိနာဝ၊ ဝမ်းဖြင့်သာလျှင်။ နိသေဝေယျ၊ ကပ်ရာ၏။ သာမိကံ၊ အရှင်ကိုကား။ သဗ္ဗာဘာဝေန၊ အလုံးစုံသောအဘို့ဖြင့်။ နိသေဝေယျ၊ ကပ်ရာ၏။ ပရလောကံ၊ တမလွန်ဘဝကိုကား။ အမောဟံဝ၊ မမိုက်သဖြင့်သာလျှင်။ နိသေဝေယျ၊ ကပ်ရာ၏။

၁၂၅။ လောကေ၊ လောက၌။ အဂ္ဂိ၊ မီးကိုလည်းကောင်း။ အာပေါ၊ ရေကိုလည်းကောင်း။ ဣတ္ထီ၊ မိန်းမကိုလည်းကောင်း။ မူဠှော၊ သူမိုက်ကိုလည်းကောင်း။ သပ္ပေါ၊ မြွေကိုလည်းကောင်း။ ရာဇကုလာနိစ၊ မင်းမျိုးတို့ကိုလည်းကောင်း။ အပယန္တေန၊ မထိ မပါး ရှောင်ရှားသဖြင့်။ ဂန္တဗ္ဗော၊ သွားအပ်၏။ အစ္စေကပါဏ ဟရာနိ၊ လတ်တလော အသက်ကို ချတတ်ကုန်၏။

၁၂၆။ လောကေ၊ လောက၌။ ဒုဋ္ဌဘရိယသံဝါသော၊ မကောင်းသောမယားနှင့် ပေါင်းဘော်သောသူလည်းကောင်း။ ဒေါသောစိတ္တရဒါသကော၊ ကြမ်းလှစွာသောစိတ်ရှိသော ကျွန်ကို စေသောသူလည်းကောင်း။ သသပ္ပေ၊ မြွေရှိသော။ ဃရေ၊ အိမ်၌။ ဝါသော စ၊ နေသောသူလည်းကောင်း။ မစ္စုဧဝ၊ သေအံ့သည်လျှင် အမှန်တည်း။ နသံသယော၊ ယုံမှားမရှိရာ။

၁၂၇။ လောကေ၊ လောက၌။ သမ္မုဠ္ဌသိသောပဒေသေန၊ မိုက်လှစွာသော တပည့်ကို အတတ်ပညာ သင်ကြားသဖြင့်လည်း ကောင်း။ ကုနာရိဘရဏေနစ၊ ယုတ်စွာသော မိန်းမကို အိမ်ထောင်ဘက် ပြုသဖြင့်လည်းကောင်း။ အသတံ သမ္ပယောဂေန၊ မသူတော်နှင့် ပေါင်းဘော်သဖြင့် လည်းကောင်း။ ပဏ္ဍိတောပိ၊ ပညာရှိသောသူပင် ဖြစ်သော်လည်း။ အဝသီဒတိ၊ နစ်တတ် ချေသလျှင်ကတည်း။

၁၂၈။ လောကေ၊ လောက၌။ ပါပံ၊ ယုတ်မာသော အမှုကို။ ပုတ္တကရံ၊ သားတည်းပြုလေမူကား။ မာတာ၊ အမိပြုသည် မည်၏။ တထာ၊ ထိုအတူ။ သိဿပါပံ၊ တပည့်တည်းမကောင်းမှု ပြုမူကား။ ဂုရု၊ ဆရာပြုသည်မည်၏။ ပါပံ၊ မကောင်းမှုကို။ ရဋ္ဌကရံ၊ တိုင်းသူပြည်သားတည်း ပြုမူကား။ ရာဇာ၊ မင်းပြုသည် မည်၏။ ရာဇပါပံ၊ မင်းတည်းမကောင်းမှု ပြုမူကား။ ပုရောဟိတော၊ ပုရောဟိတ် မကောင်းမှု ပြုသည်မည်၏။

၁၂၉။ ရာဇနာမ၊ မင်းမည်သည်ကား။ ကောဓံ၊ အမျက် မာန်စောင် ကြီးလှသောသူကို။ အကောဓေန၊ အမျက်နည်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ အသာဓုံ၊ မတော် မမှန်သော သူကို။

သာဒုနာပိ၊ မိမိက သူတော်ကောင်း လုပ်သဖြင့်လည်း။ ဇိနေ၊ အောင်ရာ၏၊ ကဒရိယဉ္စ၊ ဝန်တိုသောသူကိုလည်း။ ဒါနေန၊ ပေးကမ်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလိကဝါဒိနံ၊ စကား မမှန်သောသူကို။ သစ္စေန၊ အမှန်ဆိုသဖြင့်။ ဇိနေ၊ အောင်ရာ၏။

၁၃၀။ လောကေ၊ လောက၌။ ဒါနံ၊ ပေးကမ်းခြင်းသည်။ အဒန္တဒမနံ၊ မယဉ်ကျေးသော သူကို ယဉ်ကျေးစေတတ်၏။ ဒါနံ၊ ပေးကမ်းခြင်းသည်။ သဗ္ဗတ္ထသာဓကံ၊ ခပ်သိမ်းသော အကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေးကမ်းခြင်းကြောင့် လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဘွယ်သော စကားကြောင့်လည်းကောင်း။ ဥန္နမန္တိ၊ မိမိကလည်း သူ့အပေါ် မြင့်မောက်နိုင်ကုန်၏။ နမန္တိစ၊ မိမိသို့လည်း ရှိညွတ်ကုန်၏။

၁၃၁။ လောကေ လောက၌။ ဒါနံ၊ ပေးကမ်းခြင်းသည်။ သိနေဟ ဘေသဇ္ဇံ၊ ချစ်စေတတ်သော ဆေးတည်း။ မစ္ဆရံ၊ ဝန်တို ခြင်းကား။ ဒေါသနေ့ာသမံ၊ မုန်းစေတတ်သော ဆေးတည်း။ ဒါနံ၊ ပေးကမ်းခြင်းကား။ ယသဿိဘေသဇ္ဇံ၊ အခြံအရံများ သော ဆေးတည်း။ မစ္ဆေရံ၊ ဝန်တိုခြင်းကား။ ကပဏောသမံ၊ အထီးကျန်သော ဆေးတည်း။

၁၃၂။ လောကေ၊ လောက၌။ ဗဟူနံ၊ များစွာကုန်သော။ အပ္ပသာရနံ၊ ဂုဏ်ကျေးဇူးမှ ကင်းကုန်သော သူတို့အား။ သာ မဂ္ဂိယာ ညီညွတ်သည်ရှိသော်။ ဇယံ၊ အောင်အပ်သော ရန်ကို။ ဇယေ၊ အောင်နိုင်၏။ တိဏေန မြက်ဖြင့်။ ယောတ္တံ၊ လွန်ကို။ ဝဋ္ဋေ၊ ကျစ်အပ်၏၊ တေန၊ ထိုလွန်ဖြင့်။ နာဂေါပိ၊ ဆင်ပြောင် ကိုလည်း။ ဗန္ဓတိ။ ဘွဲ့နိုင်သလျှင်ကတည်း။

၁၃၃။ သဟာယောပိ၊ ဗိုလ်ပါ သူရဲ သဟဲ အဘော်ပြည့်စုံ ညီညွတ်လျက်လည်း။ အသမတ္ထော၊ ရန်ကို မအောင်ငြိမ်းနိုင်သော မင်းကား။ တေဇသာ၊ တန်ခိုးဖြင့်။ ကိံကရိဿတိ၊ အဘယ်ပြုအံ့ နည်း။ နိဝါတေ၊ လေထောင့်သော အရပ်၌။ ဇလိတော၊ ညီးအပ်သော၊ အဂ္ဂိ မီးသည်။ သယမေဝ၊ အလိုလိုသာလျှင်။ ဥပ သမ္မတိ၊ ငြိမ်းချေသလျှင်ကတည်း။

၁၃၄။ ( ) ဘာဂံ၊ ကာမစည်းစိမ်ကို။ ရညာ၊ မင်းနှင့်။ သမကံ၊ အတူ ) စနုံ တရုံတဆစ်မျှ။ နဘုဉ္ဇေ၊ မစံစားရာ။ အာကပ္ပံ အသွင်ကိုလည်းကောင်း။ ရသဘုတ္တိံ ဝါ၊ အရသာ စားခြင်းကိုလည်းကောင်း။ မာလာဂန္ဓ ဝိလေပနံ၊ ပန်းပန်ခြင်း နံ့သာလိမ်းခြင်းကို လည်းကောင်း။ ဝတ္ထံ၊ ပုဆိုးအဝတ်ကိုလည်း ကောင်း။ အလင်္ကာရံ တန်ဆာ ဆင်ခြင်းကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံကို။ ရညာ၊ မင်းနှင့်။ သဒိသံ၊ အတူ။ နကရေ၊ မပြုရာ။

၁၃၅။ ရာဇာ၊ မင်းကား။ မေ၊ ငါ၏။ သခါ ခင်ပွန်းသည်။ နဟောတိ၊ မဖြစ်။ ရာဇာ၊ မင်းကား။ မေထုနော၊ ဂုဏ်ရည်တူ သော အပေါင်းအဘော်သည်။ နဟောတိ၊ မဖြစ်။ ဧသော၊ ဤမင်းကား။ မယှံ၊ ငါ၏။ သာမိကော၊ အရှင်တည်း။ ဣတိ၊ ဤသို့။ စိန္တေ၊ စိတ်၌။ နိဒ္ဒဟ၊ အပြီး။ သုဌာပယေ၊ ကောင်းစွာ ထားရာ၏။

၁၃၆။ ဝါဝကော၊ မင်းခယောကျ်ားသည်။ ရညော၊ မင်းအား။ အတိဒူရေ အလွန်ဝေးသော အရပ်၌။ နဘဝေ၊ မခစားရာ။ အစ္စာသန္နေ အလွန်နီးသည်၌။ နဘဝေ၊ မခစားရာ။ ဥပဝါတကေ၊ လေညာ၌။ နဘဝေ၊ မခစားရာ။ ဥဇုကေ၊ ရှေ့ရှူ

၌။ နဘဇေ၊ မခစားရာ။ အတိနိဋ္ဌေစ၊ အလွန်နိမ့်ရာ အရပ်၌လည်း။ နဘဇေ၊ မခစားရာ။ ဥစ္စမာသနေစ၊ မြင့်သော နေရာ၌လည်း။ နဘဇေ၊ မခစားရာ။ ဣတိ၊ ဤသို့။ ဆဒေါသေ၊ ခြောက်ပါးသော အပြစ်တို့ကို။ ဝဇ္ဇေ၊ ကြဉ်ရာ၏။ အဂ္ဂိဝ၊ မီးကဲ့သို့။ သံယတော၊ စောင့်စည်းလျက်။ တိဋ္ဌေ၊ တည်ရာ၏။

၁၃၇။ သဗ္ဗညု တုလျော၊ သဗ္ဗညု မြတ်စွာဘုရားနှင့် တူသော။ ဂုဏောပိ၊ ကျေးဇူးရှိသောသူ ဖြစ်လင့်ကစား။ အနိဿရော။ မင်းတည်းဟူသော မှီခိုရာမရမူ။ နသောဘတိ၊ မတင့်တယ်။ မဏိနာ၊ ပတ္တမြားသည်။ အနဂ္ဃမပိ၊ အဘိုးအတိုင်း မသိထိုက်သော်လည်း။ ဟေမံ၊ ရွှေကို။ နိဿာယ၊ မှီမှသာလျှင်။ သောဘတေ၊ တင့်တယ်၏။

**ရာဇကဏ္ဍ၊ မင်းကိုဆိုရာဖြစ်သော အခန်းသည်။**

**နိဋ္ဌိတံ၊ ပြီးပြီ။**

---

## ၇ – ပကိဏ္ဏက ကဏ္ဍ

၁၃၈။ ဣဏ္ဍိမိသော၊ မိန်းမနှင့် နှီးနှောသော ဘိက္ခုမှို၊ ရဟန်း၌။ ကုတောသီလံ၊ အဘယ်မှာသီလရှိအံ့နည်း။ မံသဘက္ခေ၊ အသားစားကြူးသောသူ၌။ ကုတောဒယာ၊ အဘယ်မှာ သနားခြင်း ရှိအံ့နည်း။ သုရာပါနေ၊ သေသောက်ကြူးသော သူ၌။

ကုတောသစ္စံ၊ အဘယ်မှာ စကားမှန်အံ့နည်း။ မဟာလောဘေ၊ အလိုရမ္မက်ကြီးသောသူ၌၊ ကုတောလဇ္ဇာ၊ အဘယ်မှာ အရှက်ရှိအံ့နည်း။ မဟာတန္ဒေ၊ အပျင်းကြီးသောသူ၌။ ကုတောသိပ္ပံ၊ အဘယ်မှာ အတတ်ဘတ်အံ့နည်း။ မဟာကောဓေ၊ အမျက်ကြီးသောသူ၌၊ ကုတောဓနံ၊ ဥစ္စာ အဘယ်မှာ ရအံ့နည်း။

၁၃၉။ သုရာယောဂေါစ၊ သေသောက်ကြူးသော သူသည်လည်းကောင်း။ ဝိကာလေစ၊ အခါမဟုတ်သည်၌ သွားလေ့ရှိသော သူသည်လည်းကောင်း။ သမဇ္ဇစရဏာဂ်တောစ၊ သဘင်အသွားများသော သူသည် လည်းကောင်း။ ခိဍ္ဍာဝုတ္တောစ၊ ကြွေအန်အစရှိသော လောင်းတမ်းကစားကြူးသော သူသည်လည်းကောင်း၊ ပါပမိတ္တောစ မကောင်းသော အဆွေခင်ပွန်းရှိသော သူသည်လည်းကောင်း။ အလသံ၊ ပျင်းရိဖင့်နွဲ့သော သူသည်လည်းကောင်း။ဣမေ၊ ဤသူတို့ကား။ ဘောဂါနံ၊ စည်းစိမ်တို့၏။ မုခံ၊ ပျက်စီးအံ့သော အကြောင်းတည်း။

၁၄၀။ ဒိဝါ၊ နေ့အခါ၌။ အဒိက္ခာ၊ မရှုဦးဘဲ။ နဝတ္တဗ္ဗာ၊ မဆိုအပ်။ ရတ္တောစ၊ ညဉ့်၌လည်း။ အဝေစနေန၊ မမေးဦးဘဲ။ နဝတ္တဗ္ဗာ၊ မဆိုအပ်။ ဘယာ၊ ဘေးမှ။ ဘီတော၊ ကြောက်သော။ ဝနစရီ၊ တောမုဆိုးသည်။ ဝနေ၊ တော၌။ သဋ္ဌရတိယထာ၊ ရှေ့နောက်ရှုလျက် သွားသကဲ့သို့။ သဋ္ဌရဘ၊ ကျင့်ရာ၏။

၁၄၁။ ဒိဝဓ္ဓေဝပိ၊ အသက်ရှင်လျက်လည်း။ မတံ၊ သေသူဟူ၍။ ပဉ္စ၊ ငါးယောက်သောသူတို့ကို။ ဗျာသေန၊ ဗျာသဆရာသည်။ ပရိကိတ္တိတာ၊ ကြားအပ်ကုန်၏။ ဒုက္ခိတော၊ ဆင်းရဲသောသူ။ ဗျာဓိတော၊ အနာနှိပ်စက်သောသူ။ မူဠှော၊ မိုက်မဲသော

သူ။ ဣဏာဝါ၊ မြီများသောသူ။ နိဝါျသေဝကော၊ မင်းဝယ် ကိုယ်ကြပ် ခစားသောသူ။ ဣမေ၊ ဤသူတို့တည်း။

၁၄၂။ ပဏ္ဍိတော၊ ပညာရှိတို့သဘောကား။ အနာဂတံ၊ မရောက်သေးသော။ ဘယံ၊ ဘေးကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဒူရတော၊ အဝေးကလျှင်။ ပရိဝဇ္ဇယေ၊ ကြဉ်ရာ၏။ အာဂတံ၊ ရောက်ပြီးရောက်ဆဲသော။ ဘယံ၊ ဘေးကို။ ဒိသွာ၊ မြင်မူကား။ အဘီတော၊ ကြောက်ရွံ့တတ်သော သဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။

၁၄၃။ လောကေ၊ လောက၌။ နိဒ္ဒါလုကော၊ အအိပ်ကြူးသော သူလည်းကောင်း။ ပမာဒေါစ၊ မေ့လျော့သော သူလည်းကောင်း။ သုခိတောစ၊ ချမ်းသာစွာ နေတတ်သော သူလည်းကောင်း။ ရောဂဝါ၊ အနာရှိသော သူလည်းကောင်း။ အလသော၊ ပျင်းသောသူလည်းကောင်း။ ဣစ္ဆန္တော၊ အလိုကြီးသော သူလည်းကောင်း။ ကမ္မာရာမောစ၊ အမှုသစ်၌ မွေ့လျော်သော သူလည်းကောင်း။ ဧတေသတ္တ၊ ဤခုနစ်ယောက်သော သူတို့သည်။ သတ္ထဝဇ္ဇိတာ၊ ကျမ်းဂန်မှ ကင်းကုန်၏။

၁၄၄။ ဟောလာဘ။ အိုလာဘ်။ ဒုဂ္ဂတံ၊ သူဆင်းရဲသို့။ ဂစ္ဆ၊ သွားပါလေ။ လာဘော၊ လာဘ်များသောသူသည်။ လာဘေန၊ လာဘ်ဖြင့်၊ ပူရတိ၊ ပြည့်၏။ ဟောပဇ္ဇုန္န၊ အိုပဇ္ဇုန်နတ်။ ထလေ၊ ကြည်း၌။ ဝဿထ၊ ရွာလေကုန်။ အာပေါ၊ သမုဒ္ဒါသည်။ အာပေန၊ ရေဖြင့်။ ပူရတိ၊ ပြည့်၏။ ဣဒံမမ္ဗဇာတံ၊ ဤသဘောတရားသည်။ နတ္ထိ၊ မရှိ။ ကမ္ဗုပ္ပခါနံ၊ ကံသာလျှင် ပမာနတည်း။

၁၄၅။ လောကေ၊ လောက၌။ ကိစ္စေ၊ ပြုဘွယ်ကိစ္စသည်။ ကတေ၊ ပြုပြီးသည်ရှိသော်။ ကတ္တာရံ၊ ပြုတတ်သောသူကို။ ကောစိ၊ တစုံတယောက်သော သူသည်။ နဟိသမ္ပေက္ခတေ၊ တဘန် မရှုမကြည့်တတ်။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ ကိစ္စာနိ၊ အမှုတို့ကို။ သာဝသေသေန၊ အကြွင်းအားဖြင့်။ ကာရယေ၊ ပြုရာ၏။

၁၄၆။ လောကေ၊ လောက၌။ တူလံ၊ လဲဝါသည်။ သလ္လဟုကံ၊ ပေါ့၏။ တတော၊ ထိုထက်။ စပလဇာတိကော၊ လျှပ်ပေါ်သောသူသည်။ သလ္လဟုကံ။ ပေါ့၏။ တတော၊ ထိုထက်။ ဝုဍ္ဎမနောဝါဒေါ၊ ဆရာမိဘတို့၏ အဆုံးအမကို မခံသောသူသည်။ သလ္လဟုကံ၊ ပေါ့၏။ တတော၊ ထိုထက်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ပမာဒေါ၊ မေ့လျော့သောသူသည်။ သလ္လဟုကံ၊ ပေါ့၏။

၁၄၇။ လောကေ၊ လောက၌။ ပါသာဏဆတ္တံ၊ ကျောက်ထီးသည်။ ဂရုကံ၊ လေး၏။ တတော၊ ထိုထက်။ ဒေဝါနံ၊ နတ်တို့၏။ အာစိက္ခဏံ၊ ပြောကြားခြင်းသည်။ ဂရုကံ၊ လေး၏။ တတော၊ ထိုထက်။ ဝုဍ္ဎာနံ၊ ဆရာမိဘတို့၏။ ဩဝါဒေါ၊ အဆုံးအမသည်။ ဂရုကံ၊ လေး၏။ တတော၊ ထိုထက်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်သည်။ ဂရုကံ၊ လေး၏။

၁၄၈။ လောကေ လောက၌။ ဒက္ခိဏဟတ္ထော၊ လက်ျာလက်ကား။ ကာယဿ၊ ကိုယ်၏။ ဒါသော၊ ကျွန်မည်၏။ ထွေ၊ ဤလက်ျာလက်၌။ ကဏိဋ္ဌကော၊ လက်သန်းကား။ ကဏ္ဏာသာနာနံ၊ နားနှာခေါင်းတို့၏လည်းကောင်း။ အက္ခီနံ၊ မျက်စိတို့၏

လည်းကောင်း။ ဒါသော၊ ကျွန်မည်၏။ ဝါမဟာတ္တော၊ လက်ဝဲလက်သည်ကား။ ပါဒဒါသော၊ ခြေတို့၏ ကျွန်မည်၏။

၁၄၉။ တမ္ဗုလဿ၊ ကွမ်း၏။ မဇ္ဈေ၊ အလယ်ဖြစ်သော။ ပတ္တေ၊ အရွက်၌။ ကုဝေရော၊ ကုဝေရနတ်သည်။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတိ၊ စောင့်၏။ မူလမှိ၊ အရင်း၌။ ယက္ခော၊ ဘီလူးသည်။ ရက္ခတိ၊ စောင့်၏။ အဂ္ဂမှိစ၊ အဖျား၌သည်း။ ကာလကဏ္ဏိ၊ ဒေဝမိစ္ဆာ နတ်ယုတ် မာသည်။ ရက္ခတိ၊ စောင့်၏။တသ္မာ၊ ထို့ကြောင့်၊ တာနိ၊ ထိုအရင်းအဖျားတို့ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဘုဥ္စေယျ၊ စားငြားအံ့။ သိရီဝေ၊ ကြက်သရေသည်သာလျှင်။ ပဝဍ္ဎတိ၊ ပွား၏။

၁၅၀။ ဗြဟ္မာဝ၊ ဗြဟ္မာသည်သာလျှင်။ သမ္ပုဏ္ဏရက္ခော၊ သင်ပုန်းကိုစောင့်၏။ ဗိသဏောစ၊ ဗိဿကြိုးနတ်သည်လည်း။ အစ္စုရက္ခော၊ ကမ္ပလွေကိုစောင့်၏။ တသ္မာဟိ-တသ္မာဝေ၊ ထိုကြောင့်သာလျှင်။သိပ္ပါရမ္ဘာ၊ အတတ်သင်သောသူတို့သည်။တေ၊ ထိုဗြဟ္မာ, ဗိဿကြိုးတို့ကို။ပူဇယန္တု၊ပူဇော်စေကုန်သတည်း။သဒါ၊ အခါခပ်သိမ်း။ တံနရံ၊ ထိုပူဇော်တတ်သောသူကို။ မာနေန္တိ၊ မြတ်နိုးတတ်ကုန်၏။

၁၅၁။ ဂေါကာ၊ နွားတို့သည်။ သဗ္ဗဂိဟီနံ၊ ခပ်သိမ်းသောလူတို့အား။ ဟိယသ္မာ၊ အကြင်ကြောင့်။ ပေါသကာ၊ ကျွေးမွေးတတ်ကုန်၏။ ဘောဂဒါယကာ၊ စည်းစိမ်ကို ပေးတတ်ကုန်၏။ တသ္မာဟိ-တသ္မာဝေ၊ ထိုကြောင့်သာလျှင်။ မာတာပိတုဝ၊ အမိအဘကဲ့သို့။ တေ၊ ထိုနွားတို့ကို။ မာနယေ၊ မြတ်နိုးရာ၏။ သက္ကရေယျစ၊ အရိုအသေလည်း ပြုရာ၏။

၁၅၂။ ယောစ၊ အကြင်သူတို့သည်လည်း။ ဂေါမံသံ၊ နွား တို့၏အသားကို။ ခါဒန္တိ၊ စားကုန်၏။ တေ၊ ထိုသူတို့သည်။ မာတု မံသံဝ၊ အမိ၏အသားကိုသာလျှင်။ ခါဒယေ၊ စားသည်မည်ရာ၏။ တေသု၊ ထိုနွားတို့သည်။ မတေသု၊ သေကုန်သည်ရှိသော်။ ဂိဇ္ဈာနံ၊ ငှင်းတတို့အား။ ဒဒေ ပေးရာ၏။ သောတေစ၊ ရေအယဉ်၌ သော်လည်း။ ဝါဟယေ၊ မျှောရာ၏။

၁၅၃။ ဂုရု၊ ကြာသပတေးနေ့၌။ သိပ္ပါရမ္ဘော၊ အတတ် ပညာစ၍သင်မှုကား။သိဒ္ဓေါ၊ ပြီးစီး၏။ရဝိသောကြာစ၊ တနင်္ဂနွေ နေ့ သောကြာနေ့၌သင်မှုကား။ မဇ္ဈိမော၊ လျစ်လျူရှိ၏။ ဗုဒ္ဓ စန္ဒရော၊ ဗုဒ္ဓဟူးနေ့ တနင်းလာနေ့၌သင်မှုကား။နသိပ္ပေါ၊ အတတ် မတတ်ရာ။ သောရိအင်္ဂါစ၊ စနေနေ့ အင်္ဂါနေ့၌တည်းသင်မှုကား။ မရဏံ၊ သေရာ၏။

၁၅၄။ အဋ္ဌမိယံ၊ လဆန်း ရှစ်ရက်၊ လဆုတ် ရှစ်ရက်နေ့၌ အတတ် ပညာသင်မှုကား။ ဂုရုံဟန္တိ၊ ဆရာကိုသတ်သည်မည်၏။ စတုဒ္ဒသ၊ လဆန်းတဆဲ့လေးရက်၊ လဆုတ်တဆဲ့လေးရက် နေ့၌ အတတ်သင်မှုကား။ သိဿံဟန္တိ၊ တပည့်ကို သတ်သည်မည်၏။ ဒသသိပ္ပံ၊ လဆန်းဆယ်ရက်၊ လဆုတ်ဆယ်ရက်နေ့၌ အတတ်ပညာ သင်မှုကား။ သိပ္ပံဟန္တိ၊ အတတ်ကို သတ်သည်မည်၏။ ပုဏ္ဏမီ၊ လပြည့်နေ့၌ အတတ်ပညာသင်မှုကား။ မာတာပိတာဟန္တိ၊ အမိ အဘကို သတ်သည်မည်၏။

၁၅၅။ လောကေ၊ လောက၌၊ သိပ္ပါရမ္ဘော၊ အတတ်ပညာ သင်သောသူသည်။ သတ္တ၊ လဆန်းခုနစ်ရက်၊ လဆုတ်ခုနစ်ရက်၌။ နာလိကံ၊အုန်းသီးကို။နဘုဉ္ဇေ၊ မစားရာ။နဝမံ၊ ကိုးရက်မြောက်၌။

လာဗု၊ အိမ်ဗူးကို။ တထော၊ ထိုအတူ။ နဘုဥ္ဇေ၊ မစားရာ။ ဒွါဒသ၊ တဆဲ့နှစ်ရက်မြောက်၌။ ပြိန္န၊ ကင်းပိန့်ကို။ နဘုဥ္ဇေ၊ မစားရာ။ တြိ၊ သုံးရက်မြောက်၌။ မီနံ၊ ဟင်းမျိုးကို။ နဘုဥ္ဇေ၊ မစားရာ။ ဘုဥ္ဇေ၊ စားမိငြားအံ့။ သိပ္ပံ အတတ်သည်။ ဝိနဿတိ၊ ပျောက်၏။

၁၅၆။ လောကေ၊ လောက၌။ ကုလအတ္ထံ၊ အမျိုး၏အကျိုးငှာ၊ ဧကံ၊ တယောက်သောသူကို။ စဇေ၊ စွန့်ရာ၏။ ဂါမအတ္ထံ၊ ရွာ၏အကျိုးငှာ။ ကုလံ၊ အမျိုးကို။ စဇေ၊ စွန့်ရာ၏။ ဇနပဒအတ္ထံ၊ ဇနပုဒ်၏အကျိုးငှာ။ ဂါမံ၊ ရွာကို။ စဇေ၊ စွန့်ရာ၏။ အတ္တတ္ထံ၊ မိမိအကျိုးငှာ။ ပထဝိံ၊ မြေအလုံးကို။ စဇေ၊ စွန့်ရာ၏။

၁၅၇။ လောကေ၊ လောက၌။ သီဟော၊ ခြင်္သေ့သည်လည်းကောင်း။ သပ္ပုရိသော၊ သူတော်ကောင်းသည် လည်းကောင်း။ ဂဇော၊ ဆင်သည်လည်းကောင်း။ ဣမေ၊ ဤသူတို့သည်။ ဒေသံ၊ အကျိုးမရှိသော အရပ်ကို။ သြသဇ္ဇ၊ စွန့်၍။ ဂစ္ဆန္တိ၊ သွားကုန်၏။ ကာကော၊ ကျီးလည်းကောင်း။ ကာပုရိသော၊ ယုတ်မာသော ယောကျ်ားလည်းကောင်း။ မိဂေါ၊ သမင်လည်းကောင်း။ ဣမေ။ ဤသတ္တဝါတို့သည်။ တတ္ထေဝ၊ ထိုမိမိ ကျင်လည်ရာ အရပ်၌သာလျှင်။ နိဓနံ၊ ပျက်စီးခြင်းသို့။ ယန္တိ၊ ရောက်ကုန်၏။

၁၅၈။ ယမှိပဒေသေ၊ အကြင်အရပ်၌။ နမာနော၊ မြတ်နိုးခြင်းမရှိ။ နပေမံ၊ ချစ်ခြင်းလည်းမရှိ။ နစဗန္ဓဝါ၊ အဆွေခင်ပွန်းလည်း မရှိ။ ကောစိ၊ တစုံတယောက်သော။ နစဝိဇ္ဇာဂါဟော၊

အတတ်ပညာ သင်စိမ့်သောသူလည်း မရှိ။ တတ္ထ၊ ထိုအရပ်၌။ ဝသန်၊ နေခြင်းကို။ နကရေ၊ မပြုရာ။

၁၅၉။ ပဏ္ဍိတော၊ ပညာရှိသဘောကား။ ဧကေနပါဒေန၊ လှမ်းသောခြေတဘက်နှင့် တူသောအရပ်သစ်ကို မျှော်တမ်းသော စိတ်ဖြင့်။ စရတိ၊ သွား၏။ ဧကေန ပါဒေန ရပ်သောခြေ တဘက်နှင့်တူသော အရပ်ဟောင်းကို မခွာသောစိတ်ဖြင့်။ တိဋ္ဌတိ၊ ရပ်၏။ ပရံဋ္ဌာနံ၊ အရပ်သစ်ကို။ အနိသမ္မ၊ မစူးစမ်းဘဲ။ ပုဗ္ဗမာလယံ၊ နေရပ်ဟောင်းကို။ နစဇေ မစွန့်တည့်ရာ။

၁၆၀။ လောကေ၊ လောက၌။ ဓနဓညပယောဂေသု၊ ဥစ္စာစပါး ရောင်းဝယ်သောအခါတို့၌ လည်းကောင်း။ တထာ။ ထို့မှ တပါး။ ဝိဒျာဂမေသုစ၊ အတတ်သင်သောအခါတို့၌ လည်းကောင်း။ ဒူတေသု၊ တမန် အစေအပါး ခံသောအခါတို့၌ လည်းကောင်း။ အပစာရေသု၊ မေထုန် မှီဝဲသော အခါတို့၌ လည်းကောင်း။ တဒါ-တေသုကာလေသု၊ ထိုအခါတို့၌။ လဇ္ဇာ၊ အရှက်အကြောက်ကို။ စဇ္ဇာ၊ စွန့်သည်။ ဘဝေ၊ ဖြစ်ရာ၏။

၁၆၁။ ထီနံ၊ မိန်းမတို့၏။ အာဟာရော၊ အစာစားခြင်းကား။ ပုရိသာနံ။ ယောကျ်ားတို့ထက်။ ဒွိဂုဏော၊ နှစ်ဆလွန်သည်။ ဘဝေ၊ ဖြစ်၏။ ဗုဒ္ဓိစာပိ၊ ပညာသည်လည်း။ စတုဂ္ဂုဏော၊ လေးဆလွန်၏။ ဝါယာမော၊ လုံ့လကား။ ဆဂ္ဂုဏော၊ ခြောက်ဆလွန်သည်။ ဟောတိ၊ ဖြစ်၏။ ကာမောတု၊ ကာမဂုဏ်ကို တပ်မက်ခြင်းကား။ အဋ္ဌဂုဏော၊ ရှစ်ဆလွန်သည်။ ဘဝေ၊ ဖြစ်၏။

၁၆၂။ လောကေ လောက၌၊ ဥစ္ဆု၊ ကြံသည်။ အဂ္ဂတော၊ အဖျားမှ။ ကမေန၊ အစဉ်သဖြင့်။ ပဗ္ဗေ ပဗ္ဗေ၊ အဆစ်တိုင်း

အဆစ်တိုင်း။ ဝိသေသရသဝါ၊ လွန်သောထူးသော အရသာရှိသည်။ ဟောတိ၊ ဖြစ်၏။ သုမေဓ္တိကော၊ ခင်ပွန်းကောင်းဖြစ်သော။ သာခု၊ သူတော်သူမြတ်သည်လည်း။ တထာ၊ ထိုကြံ၏အဖျားမှ အရင်းတိုင်အောင် လွန်၍ လွန်၍ ချိုသည်နှင့် တူ၏။ ဒုဇ္ဇနော၊ ယုတ်မာသော အဆွေခင်ပွန်းကား။ ဝိပရီတောဝ၊ အရင်းအစသာ ချို၍ အဖျားတိုင်လတ်သော် မချိုသော ကြံ၏သဘောနှင့် တူ၏။

၁၆၃။ ကဿကော၊ လယ်လုပ်သောသူ လည်းကောင်း။ ဝါဏိဇော၊ ကုန်သည် လည်းကောင်း။ အမစ္စော၊ အမတ်လည်းကောင်း။ သုတသီလဝါ၊ အကြားအမြင် သီတင်းသီလနှင့်ပြည့်စုံသော။ သမဏော၊ ရဟန်း လည်းကောင်း။ တေသု၊ ထိုလေးပါးတို့သည်။ ဝိပုလဇာတေသု၊ ပြန့်ပြောစွာ ဖြစ်ကုန်လတ်သော်။ ရဋ္ဌံပိ၊ တိုင်းနိုင်ငံသော်လည်း။ ဝိပုလံ၊ ပြန့်ပြောသည်။ သိယာ၊ ဖြစ်ရာ၏။

၁၆၄။ အသဇ္ဈာယ၊မသရဇ္ဈာယ်သောသူအား။မန္တာ၊ ပညာသည်။ မလာ၊ ပျက်၏။ အနုဋ္ဌာနံ၊ ထကြွလုံ့လ ဝီရိယမရှိသောသူ၏။ ဃရာ၊ အိမ်သည်။ မလာ၊ ညစ်နွမ်းပျက်စီး၏။ ဝဏ္ဏဿ၊ အဆင်းလှသော သူအား။ ကောသဇ္ဇံ၊ ပျင်းရိခြင်းသည်။ မလံ၊ အညစ်အကြေးတည်း။ ရက္ခတော၊ ဣန္ဒြေကို စောင့်ရှောက်သော ရဟန်းအား။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ မလံ၊ အညစ်အကြေးတည်း။

၁၆၅။ လောကေ၊ လောက၌။ ဟီနာနံ၊ ချို့သော လုံ့လ ရှိကုန်သော။ ဇနာနံ၊ လူတို့၏။ ဝိတ္တံ၊ ဥစ္စာကား။ ဝိရာနံဝ၊

ကြီးသော လုံ့လရှိကုန်သော သူတို့၏ သာလျှင်။ သန္တကတ္တံ၊ ဥစ္စာ၏အဖြစ်သို့။ ဂစ္ဆတော၊ ရောက်တတ်၏။ ဟီနာဇနာ၊ ယုတ်မာသော သူတို့သည်။ ပုဗ္ဗကမ္မပ္ပမာဒနာ၁တိ၊ ရှေးကံသာပမာဒနာ၁ဟု၊ ဝဒန္တိစ။ ဆိုကုန်သလျှင်ကတည်း။

၁၆၆။ မီရော၊ ပညာရှိတို့ကား။ ဧဝံ၊ ဤသို့။ နဝဒန္တိ၊ မဆိုကုန်။ သဗ္ဗကမ္မေ၊ ခပ်သိမ်းသော အမှုကိစ္စတို့ကို။ ဝါယမိံ သု၊ လုံ့လပြုကုန်သည်သာလျှင်ကတည်း။ စေ၊ အကယ်၍။ တံကမ္မံ၊ ထိုအမှုသည်။ နသိဇ္ဈတိ၊ မပြီးခဲ့အံ့။ အဖလံဝေ၊ ရည်တိုင်းအကျိုး မဖြစ်ရုံသည်သာလျှင်ကတည်း။ ကိံ ဒေါသော၊ အဘယ်အပြစ် ရှိအံ့နည်း။

၁၆၇။ ယောနရော၊ အကြင်ယောကျ်ားမိန်းမသည်။ နိစကုလံ၊ နိမ့်သောအမျိုး၌လည်း ဖြစ်၏။ နိပ္ပညာဝါ၊ နှုတ်ပညာထက်ပညာအတတ်လည်းမရှိ။ နိရူပံ၊ အရုပ်အရည်လည်း မတင့်တယ်။ နိဗလံသမံ၊ အစွမ်းအားလည်းမရှိ။ တထာပိ၊ ထိုသို့ အဖြစ်လင်သော်လည်း။ ဣမံကာလံ၊ ဤကာလကား။ ဆုတ္တကာလံ၊ ကာလဆုတ်တည်း။ ဓနမေဝ၊ ဥစ္စာသည်သာလျှင်။ ဝိသေသကံ၊ အထူးပြုသော ကာလတည်း။

**ပကိဏ္ဏက ကဏ္ဍော၊ ပြီးပြွမ်းကိုဆိုရာဖြစ်သော အခန်းကား။**
**နိဋ္ဌိတော၊ ပြီးပြီ။**

# နိဂုံး

ပဏ္ဍိတော သုဇနော ကဏ္ဍော၊ ဒုဇ္ဇနော မိတ္တ ဂုတ္တိစ။
ရာဇ ပကိဏ္ဏကော စာတိ၊ သတ္တကဏ္ဍ ဝိဘူသိနော။ ။
စက္ကိန္ဒာဘိသိရိနာယံ၊ သောဓိတော ကာသိကေ သတေ။
ဆနော်တုံ့ ဒုတိယာသင္ဌေ ကာဠသတ္တမအာဒိဟော။ ။

ပဏ္ဍိတော ကဏ္ဍော ပညာရှိကိုဆိုရာ အပိုင်းလည်းကောင်း။ သုဇနောကဏ္ဍော သူတော်ကောင်းကိုဆိုရာအပိုင်းလည်းကောင်း။ ဒုဇ္ဇနော၊ သူယုတ်ကိုဆိုရာ အပိုင်းလည်းကောင်း။ မိတ္တဂုတ္တိစ၊ အဆွေခင်ပွန်းကိုဆိုရာအပိုင်း့ မိန်းမကိုဆိုရာအပိုင်းလည်းကောင်း။ ရာဇ ပကိဏ္ဏကောစ၊ မင်းကိုဆိုရာအပိုင်း့ ပြီးပြွမ်းသောစကားကိုဆိုရာအပိုင်းလည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တကဏ္ဍဝိဘူသိနော၊ ခုနစ်ပိုင်းတို့ဖြင့် တန်းဆာဆင်အပ်သော လောကနီတိကျမ်း၏။ စက္ကိန္ဒာဘိသိရိနာ၊ စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရုအမည်တော်ရှိသော မဟာအောင်မြေဘုံစံအုတ်ကျောင်းဆရာတော်သည်။ သောဓိတော၊ သုတ်သင်အပ်သော။ အယံလောကနီတိ နိဿယော၊ ဤလောကနီတိ နိဿယသည်။ ကာသိကေ သဘေဆနောတုံ၊ ၁၁၉၆ ခု။ ဒုတိယသာဠေ၊ ဒုတိယဝါဆိုလ၌။ ကာဠသတ္တမအာဒိဟော၊ လပြည့်ကျော် ခုနစ်ရက် တနင်္ဂနွေနေ့၌။ နိဋ္ဌိတော၊ ပြီးခြင်းသို့ ရောက်ပြီ။

လောကနီတိ ပ ဌ် အနက် ပြီး၏။

# ပုဏ္ဏောဝါဒ ဆုံးမစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-အဘက သားကို ဆုံးမရန်

၁။ ဇမ္ဗူရောင်ရွှေ၊ ရှန်းရှန်းဝေသည်၊ သပြေမည်ခံ၊ ပြည်နိဗ္ဗာန်သို့၊ အမှန်ကူးတို့၊ ငါးကြိမ်ပို့သား၊ မြတ်ဘုရားတို့၊ ငါးပါးမည်ရပ်၊ ဘဒ္ဒကပ်ဟု၊ တိုက်မြတ်မင်္ဂလာ၊ မဇ္ဈေချာတွင်၊ ငါးခါပွင့်မှန်၊ ကကုသန်ဟု၊ နိဗ္ဗာန်သခင်၊ မြတ်ထွတ်ဘင်နှင့်၊ ထိုပြင်နောက်တို၊ ကောဏဂုံက၊ ကဿပဟု၊ လူ့ဘဘုရား၊ ရှင်စောများနှင့်၊ သုံးပါးနောက်မှ၊ ဂေါတမဟု၊ သကျရာဇာ၊ စိန္တေယျာကို၊ သိဒ္ဓတ္ထိပ်ပြင်၊ ပန်းသို့ဆင်မှ၊ ဓမ္မသဉ္ဇာ၊ မြတ်နှစ်ဖြာကို၊ သိဿာဝန္ဒန၊ ဦးနှိမ်ချ၍၊ ညွတ်ခကော်ရော်၊ ရှိပူဇော်မှ၊ မိနှင့်ဘ၏၊ သုံးမစကား၊ သားတို့များကို၊ ဆိုငြားပြောဟော၊ ဟုတ်လှမောသည်၊ ပုဏ္ဏောဝါဒ၊ မည်ရတင့်မှန်း၊ လင်္ကာကျမ်းကို၊ တတ်စွမ်းသာချို၊ ဘင့်၍ဆိုဘိမ့်၊ နားချိုကြပါ၊ ဒါယကာတို့၊ ဤစာဘူးဆန်း၊ လင်္ကာကျမ်းကို၊ ရွေပန်းပမာ၊ ဆင်တို့ပါက၊ သူငယ်လှတို့၊ ရလိမ့်ပညာ၊ သာလိမ့်သူ့ထက်၊ တက်လိမ့်စီးပွား၊ များ

လိမ့်ခြွေရံ၊ စံလိမ့်စည်းစိမ်၊ငြိမ့်လိမ့်ချမ်းသာ၊သာလိမ့်ကြွက်သရေ၊ ဤကျမ်းရွှေသည်။ ။သပြေပန်းသို့ လန်း၏တည်း။

၂။ **ပန်း၏ပမာ**၊ ဤလောကာတွင်၊ မာတာပိတာ၊ ဆိုဆုံးမသား၊ ထိုစကားကို၊ မှတ်သားကုန်ကြ၊ မိန့်ဆိုပြအံ့၊ မွေးဘလက်ရုံး၊ မြပန်းကုံးသို့၊ နှလုံးဝမ်းက၊ ချစ်နိုးလှသည်၊ သားလှရွှေတောင်၊ ဘသည်းခေါင်။ ။နားထောင်၍သာ၊ စေ့စေ့နာလော့၊ မိရာဘရည်၊ တည်မည်အကြောင်း၊ ကောင်းသောကျင့်ဝတ်၊ စာအတတ်ကို၊ သားမြတ်ယခု၊ တတ်အောင်ပြုလော့၊ ဗဟုသုတ၊ မရှိကမူ၊ လျှောကျရေတူ၊ လူမဟူရ၊ ရှက်ကြီးရလိမ့်၊ နောင်တ ဆယ်ကြိမ်၊ ညှိုးပိန်မျက်နှာ၊ ပွဲမှာမဝင်၊ ပြင်မှာမရောက်၊ တောမှာမျောက်သို့၊ ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ လူပျက်လူနှမ်း၊ လူပေါက်ပန်းနှင့်၊ လူသွမ်းလူပေါ့၊ ထဲသော့သော့ဟု၊ ကဲ့ရဲ့ပြုလိမ့်။ ။ညှိုးပုံရှက်မည် ထင်၏တည်း။

၃။ **ထိုကြောင့်သားထွေး**၊ ငယ်ကွေးလေးက၊ လူ့ရေးလူ့ရာ၊ ရှိစိမ့်ငှာဟု၊ ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊ သို့လျှင်သို့ဘတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကွသို့ကန်း၊ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့ကိုသို့ကျင့်၊ သို့နှင့်သို့လျှိုး၊ သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ၊ ညီ့ဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ၊ မမေ့စေနှင့်၊ စေ့ရေမွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ကာထား၍။ ။သည်းဖျားမှတ်စေချင်၏တည်း။

၄။ **သည်းဖျားမှတ်စိမ့်**၊ တဘန်မိန့်အံ့၊ နှစ်သိမ့်ဝမ်းသာ၊ ညီနားနာလော့၊ လူ့ရွာလျှပ်ပေါ်၊ ရှင်မြူးပျော်သည်၊ သူတော်

မဟုတ်၊ လူယုတ်လူသောင်း၊ လူဗူးတောင်းနှင့်၊ မကောင်းမှုများ၊ နေ့တိုင်းပွားသည်၊ သောက်စားယစ်ဝ၊ လူ့ဗာလဟု၊ စသည် လူတွင်၊ ဘော်မဝင်နှင့်၊ ပျော်ရွှင်ကစား၊ လူမိုက်များတို့၊ ပေါင်းငြားရုံခါ၊ နီးယှဉ်လာလည်း၊ ဝေးစွာသားလှ၊ ခွာနိုင်မှ တည့်၊ သားလှကိုယ်ကျိုး၊ စုံပြည့်ဖြိုးလိမ့်၊ ကြိုးလေသားလှ၊ မှာ သမျှကို၊ မချမြေဝယ်၊ မပယ်နှင့်သား၊ ဘစကားကို၊ ရှင်အား ရ၍။ ။သားလှ မှတ်စေချင်၏တည်း။

---

## ၂-အမိက သားကို ဆုံးမရန်

၅။ ဤသို့ပိတာ၊ ဘမြွတ်ဟွာက၊ ဆိုပြီးမှလျှင်၊ ကြီးလှဗဟို၊ ဟောင်မြင့်မိုရလည်း၊ ပုံသိုနိုင်းစာ၊ မွေးမာတာက။ ။ထပ်ကာ ဆိုပြန်တုံ၏တည်း။

၆၊ မွေးမိဘံဆုံး၊ ရှောန်းကုံးသို၊ နှလုံးဝမ်းက၊ သတ်မှတ် ရသည်၊ သားလှရွှေဘောင်၊ မိမျက်နှောင်။ ။မောင်ငယ်သား ထွေး၊ နာဘိသေးလော့၊ ရှေးရှေးဘဝ၊ သံသာရ၌၊ မောင့်ဘနှင့် ငါ၊ ရေသွန်းပါ၍၊ ဟသ်ာမောင်နှံ၊ ငှက်သဏ္ဍာန်တို့၊ တူစုံလှည့်ရာ၊ ရွဲသာသနွေ၊ နေသည့်ကာလ၊ သားလှချမ်းသာ၊ ရစိမ့်ငှာဟု၊ ပူဆာစပ်ခါး၊ မစားတို့ရ၊ ထကြွဖြေးဖြေး၊ ကိုယ်ရေးကိုယ်ထက်၊ ဆယ်ဆတက်၍၊ နှစ်သက်ကြင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာ စေကြောင်း၊ လက်ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊ မျက်နှာ ပြင်လည်း၊ ရွှေစင်အလား၊ သားယောကျ်ားကို၊ ငါ့အားမြင်လို၊

ဆုတောင်းဆို၍၊ ညကိုရေချမ်း၊ နံနက်ဆွမ်းနှင့်၊ ဖြန့်မွမ်းတုလွတ်၊ သုံးလူ့နတ်ကို၊ ။မိမြတ် ပူဇော်တုံ၏တည်း။

၇။ ဤသို့သန္တေ၊ စွဲလာနေ၍၊ ဆယ်လမေ့သော်၊ ကြွေ့ကြွေ့ဝမ်းသာ၊ မောင့်မျက်နှာကို၊ မာတာမိခင်၊ မြင်ရသောခါ၊ ဥပမာမူ၊ ရတနာမျိုး၊ ရွှေအိုးပဒေသာ၊ ပေါက်ပေလာသည် ပမာမမျှ၊ မောင်သားလှကြောင့်၊ ဝသည်ပီတိ၊ ရှိသည်ရိုးတွင်း၊ ခြင်ဆီချဉ်းမျှ၊ ချစ်မောလှလျက်၊ သန်းပြကြမ်းပိုး၊ မှက်ခြင်မျိုးက၊ ဟုသမျှလည်း၊ ကိုက်ရမည်ကွာ၊ မောင့်ကိုသာလျှင် ချမ်းသာစိမ့်ကြောင်း၊ သမားကောင်းနှင့်၊ ဆေးကောင်းစားစား၊ ရှောင်ရှားအစာ၊ အိသာကျန်းတော၊ ရှိစေသောဟု၊ ဆုတောင်းပြုမှု၊ ညောင်ရေစသည်၊ နေ့ညလည်းသွန်း၊ မယ့်ကြမ်းစွန်းသည်။ ။ရွှန်းရွှန်း နေ့တိုင်းစို၏တည်း။

၈။ နေ့တိုင်းနေ့တိုင်း၊ သားသက်နိုင်းကို၊ ကသိုဏ်းအတု၊ မပြတ်ပြုသည်၊ ရှု၍မငြီး၊ မျက်စိမျက်နှာ၊ ထပ်ကာကာသည်၊ မြင်ပါချင်စိတ်၊ ရေသို့ဖိတ်လျက်၊ သားလှသက်သည်၊ တို့ထက်တာရှည်၊ တည်ပါစေသား၊ မောင်ရွှေသားဟု၊ သနားကရုဏာ၊ မေတ္တာစုံမက်၊ ကိုယ်အသက်ထက်၊ ဆတက်ကြင်နာ မိမာတာကား၊ ကပ်ကာတီးပုသ်၊ မှောက်ကားထကြွ၊ တော့လာ-တော့ဝါ၊ မပြီစကား၊ အသံကြားလည်း၊ သနားကြင်နာ၊ မျက်နှာရှင်ပျ၊ မြင်တို့ရလည်း၊ ဝမ်းကမဆံ့၊ ပီတိနှံ့လျက်၊ နှစ်သက်ရွှင်ပြုံး၊ သားရွှေတုံးကို။ ။မျက်လုံးကဲ့သို့ ထင်၏တည်း။

၉။ မျက်လုံးပမာ၊ သားသည်းချာတို့၊ ကောင်းပါစေလို့၊ ပညာကိုလည်း၊ နုပျိုငယ်က၊ သင်ချေမှတည့်၊ ထိုမှရှယ်ရောက်၊

တမ်းခွန်ဆောက်သို့၊ တယောက်ထင်ပေါ်၊ နှံ့သိကျော်လိမ့်၊ ငယ်သော်ငယ်က၊ များသိပ္ပကို၊ တစမသင်၊ လေးဖင်၍သာ၊ အိမ်မှာလည်းပျော်၊ နေချော်သော်မူ၊ လူမဟူရ၊ လူအ လူကန်း၊ လူနှမ်း လူရူး၊ သည်ထက်ထူး၏၊ မူးမူးမော်မော်၊ သောက်ယစ်ပျော်လိမ့်၊ ကရော်ကမည်း ဖြစ်လတ်သည်ကား၊ ယှင်းမမှားတည့်၊ မျက်ဝါးထင်ထင်၊ သိုပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဘွားစိတ်က၊ မြင်ချင်စွာ့တည့်၊ တ-နမသိ၊ ဖြစ်စေဘိက၊ ငါ့သားလှသည်၊ ဒုက္ခပဲ၊ ဧကန်မြဲအံ့။ ။ဆင်းရဲ နှမ်းရှာလိမ့်မည်တည်း။

၁၈။ ဤသို့ဖြစ်၍၊ ချစ်လည်းချစ်လှ ငါ့ဝမ်းမှလည်း၊ ဆယ်လလည်းလွယ်၊ ငါ့သက်နှယ်သို့၊ ငါ့ဝယ်လည်းဆင်၊ နေ့တိုင်းကြင်သည်၊ လူလျှင်ဖြစ်ဘိ၊ မယ့်မျက်စိသည်၊ သိလည်းသိပါ၊ မွေးမိမှာအံ့၊ နာလည်းနာလော့၊ မမေ့လျော့နှင့်၊ မပေါ့နှင့်သား၊ မိစကားကို၊ ငါသားမောင်ပု၊ ငယ်ရွယ်နုက၊ ဗဟုသိပ္ပ၊ ဟူသမျှကို၊ တတ်လှလျှင်အောင်၊ မောင်ငယ်ပျို့ထွား ကျောင်းသို့သွား၍၊ ရှင်အားရရ၊ စာပေကျမ်း၊ လှလှလက်ရေး၊ ငါ့ရင်သွေးသည်။ ။သာသထွေးရင်နှုံး သင်ချေဦး။

---

## ၉-နှုံက ပေါ်ကို ဆုံးမရန်

၁၁။ ဤသို့ဘခင်၊ ကျေးဇူးရှင်နှင့်၊ မိခင်မာတာ၊ ဘိပြီးကာမှ၊ ဟူသာဘွားမြောက် တဝမ်းပေါက်သည်၊ ကယောက်ဆိုရ၊ နှမကမူ၊ မောင်ကိုဟူက၊ ဌာရသာတွင်၊ သိပ္ပထိုထို၊ အတတ်ကိုလျှင်၊

တတ်စေခြင်း၍၊ နားဝင်စေလို၊ လင်္ကာချိုနှင့်။ ။မောင်ကိုဤသို့ ဆိုသတည်း။

၁၂။ ရှေးဟိုသံသာ၊ ဆက်များစွာတွင်၊ လှူဒါယီလ၊ ပြုကြအတူ၊ ရွှေဂူဝင်ဘက်၊ ရေစက်တူလောင်း၊ ရွှေကျောင်းတူသွား၊ တရားတူနာ၊ မေတ္တာဘူပြု၊ ဤကောင်းမှုကြောင့်၊ ကျေးဇူးသခင်၊ မွေးမိခင်၏၊ ဝမ်းတွင်သန္ဓေ၊ ရှေ့နောက်နေ၍၊ ရင်ရွှေမြတ်နို့၊ ရှေ့နောက်စို့သည်၊ နှစ်လှိုဘွယ်လှ၊ ကျွန်နှမ၏၊ သိသဦးလုံး၊ ရွှေပန်းကုံးသို့၊ နှလုံးဝမ်းက၊ ထင်မောလှသည်၊ လူလှဆင်းရောင်၊ နှမမောင်။ ။ရွှေတောင်အသွင်၊ မောင့်ကိုကြင်၍၊ နားဝင်စေကြောင်း၊ နှုတ်သံညောင်းနှင့်၊ ဖျောင်းဖျောင်းဖျဖျ၊ ဆိုသမျှကို၊ နာပမောင်ထွေး၊ နာဘိသေးလော့၊ လူ့ရေးလူ့ရာလူ့ခြင်းရာကား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ ဆယ့်ရှစ်ပါးတွင်၊ တအင်အင်ကို၊ အကြွင်သသူ၊ မတတ်မူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊ ချမ်းသာပျောက်၍ သူ့နောက်ကသာ၊ ရှိတို့ရာလိမ့်။ ။ချမ်းသာရမည် ခဲ့၏တည်း။

၁၃။ မရချမ်းသာ၊ ငယ်သောခါက၊ ကျောင်းမှာမကြီး၊ နွယ်ဖျားသီးသည်၊ ဗူးသီးမွေးနု၊ လက်သပ်ပြုသို့၊ ရမူပညာ၊ ငယ်ရွယ်စွာက၊ ဆရာထက်ကြပ်၊ မဆည်းကပ်မိ၊ နှမိနှမြော၊ လွန်လှမောဟု အိုသောကာလ၊ နောင်တ ရလိမ့်၊ မောင်လှအိမ်၊ ဝယ်၊လုပ်ဆောင်ဘွယ်ကို၊ မောင်ငယ်ဆံမျှ၊ မကြောင့်ကြနှင့်၊ နှမတို့ရေး၊ ရှိစေသေးလော့၊ ငယ်သေးငယ်ရွယ်၊ ငယ်နုနယ်က၊ မောင်ငယ်ပညာ၊ ရှိအောင်သာလျှင်၊ မောင်သာ ကြိုးစား၊ ကျောင်းကန်သွား၍၊ ရှင်အားရရ၊ လှလှကွေးကွေး၊ စာရေး

တတ်မှု၊ လုံ့လပြုလော့၊ ဗဟုသုတ၊ များသိပွကို။ ။မောင်လှ သင်ချေပါဦးလော့။

၁၄။ ဤသို့သာယာ၊ ပျားသကာလည်း ပမာမမျှ၊ ချစ်နှမက၊ မောင်လှကိုသာ၊ လူ့ရေးရာ၌၊ လိမ္မာစေလို၊ ကဘန်ဘို၍၊ နားချို မောင်လှ၊ မွေးဘမျက်စိ၊ မွေးမိမျက်တောင်၊ နှမမောင်။ ။ မောင်ငယ်ရင်သွေး၊ နာဘိသေးလော့၊ ရှေးသဒေရာအခါ၊ ပြည်ဗာ ရာဝယ်၊ ကုဋ္ဌေကြွယ်သား၊ သေဋ္ဌေးအားလျှင်၊ သားတယောက် ဖြစ် ချစ်ရှိတစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊ မိဘစုတေ့၊ ဒွန္တာရွှေသော်၊ အရှေ့ အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိ ပါပြီး၊ သေဋ္ဌေးသားသည်၊ သိုထားမတတ်၊ အရပ်ရပ်၌၊ နှံ့အပ် ဥစ္စာ၊ ရှိသည့်ငွေကို၊ များစွာကျွန်းပေါင်း၊ မကောင်းခိုးသူ၊ ပျူ၍ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်း ကျေလျက်၊ ဘက်လက်ဆွဲကာ၊ တောင်းစားပါလည်း နင်သာလူမိုက်၊ ဒုစရိုက် ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်။ ။ ကောင်းသေဋ္ဌင်းတ ကျ၏တည်း။

၁၅။ ဤသို့ပမာ၊ နည်းနယာ၌၊ မိုက်စွာလှပြား၊ သေဋ္ဌေး သားကို၊ ရှေ့ဟသားမောင်ဖြူ၊ နားတံချူနှင့်၊ ချူတံမရွှေ၊ တောင့် တ လေ့ဖြင့်၊ စေ့စေ့နှလုံး၊ ယူပြီးဆုံးမှု၊ ကွင်းထုံးရှေးမှ၊ ရေပေါ် ပါသို့၊ သည်ဆင်ပေါ်၊ ပညာကျော်အား၊ ဆည်းကပ်သွား၍၊ စကားသိလှာ၊ ပညာရှိပုံ၊ ဆင်စွယ်စုံသို့၊ မတုန်မလှုပ်၊ မရှုပ်မထွေး၊ ပညာဒေးဖြင့်၊ အမေးအဖြေ၊ ဆိုလေသမျှ၊ ရလေရာရာ၊ ပြဿနာ ကို၊ လျင်စွာဖြေကြောင်း၊ ပညာလောင်း၍၊ ကျမ်းပေါင်းဝတ္ထု၊ ဗဟုသုတ၊ ရှရှရှတ်ပါ၊ ဆိုသော်ခါလည်း၊ မပြေမပြစ်၊ အထစ်

ထစ်နှင့်၊ အဆစ်အဖု၊ တခုမဟုတ်၊ အရှုပ်ရှုပ်နှင့်၊ ဘရုတ်ဘရက်၊ ကြောင်ဘားချက်သို့၊ ရှက်စလိလိ၊ ရှုံဘွယ်ရှိ၏၊ မသိရှေ့နောက်၊ တောင်ယမ်မျောက်လား၊ ဆိုငြားဆိုခွင့်၊ ဆိုသင့်ဆိုရာ၊ မသိပါက၊ တော့-အ-အ နှင့်၊ တုန် အ နှုတ်ဆွက်၊လူပျက်လူမွေ၊ လူငလေနှင့်၊ မနေကျောင်းမှာ၊ စာပေမတတ်၊ ငတ်ရှဲသေငြား၊ သေငွေးသား သို့၊ တချားမကျ၊လူ့ဗာလကို။ ။မောင်လှရွှောင်စေချင်၏တည်း။

၁၆။ ဤသို့ပမာ၊ ထုံးပုံရှာ၍၊ အရာအထောင်၊ လူတို့ ဘောင်ထက်၊ တို့မောင်တက်၍၊ ထက်မြက်လိမ္မာ၊ တို့မောင် သာလျှင်၊ တတ်ပါစိမ့်ကြောင်း၊ တပင်ကောင်းသော်၊တသောင်း မို့ရာ၊ တို့မောင်မှာလည်း၊ ပမာထိုသို့ ထက်လေမြို့က၊တို့နှမလည်း၊ တင့်ရတော့မည်၊ အမှတ်တည်၍၊ဆိုသည်ထုံးပုံ၊ အလုံးစုံသည်။ ။ အကုန် ဤတွင် ပြီး၏တည်း။

---

## ၄-ဆရာ့ဘ နည်းနာပြ၍ ဆုံးမရန်

၁၇။ ဤသို့မိဘ နှမပေါက်ဘော်၊ တိုက်တွန်းဆော်သား ထိုစကားကို၊ ဆိုငြားပြီးလျှင်၊ ဆရာတွင်၌၊ မြဲပင်နိစ္စ၊ ကွပ်ဆုံးမ၍၊ တ-န သင်ကြောင်း၊ ထုံးဟောင်းနည်းနာ၊ အဖြာဖြာကို၊ သိသာ စေလို၊ ကဗျာချိုနှင့်၊ ဆိုအံ့သောငှါ၊ ဆားထုံးရှာ၏၊ ဒိသာ တောင်စောင်း၊ စဉ်းငယ်စောင်းသည်၊ ချောင်းရှေ့ဘက်ကမ်း၊ ပန်းကားဝေဝေ၊ သီးမျိုးထွေ၍၊စီးဝင်တွေ့တွေ၊ ရေကားအေးမြ ရိပ်ချမ်းလှနှင့်၊ သာလှဝိဟာ၊ ကျောင်း၌သာလျှင်၊ ဂုရိယာပိုထ်၊

မျှသောခိုက်တွင်၊ နှစ်ခြိုက်ဝမ်းသာ၊ ဆိုလိုက်ပါသည်။ ။လက်ာ ပန်းသို့ လန်း၏တည်း။

၁၈။ ပန်း၏ပမာ၊ ပျိုလက်ာတွင်၊ မာတာပိတာ၊ချစ်ခင်လှ၍၊ နမပေါက်ဘော်၊ ကျိုးကြောင်းမြော်လျက်၊ နိုးဆော်ကုန်မြောက်၊ ကျောင်းသို့ရောက်လာ၊ [illegible] ရာလည်း၊ သို့မှာသို့ရေး၊ နှုတ်သံ လေးနှင့်၊ ညိုထွေးသည့် [illegible] လက်သူကြွယ်နှင့်၊ လက်လယ်ကို ကား၊ ဤသို့ထားမှ၊ လ[illegible] သိပ်၊လက်ညှိုးပိတ်၍၊ နှိပ်ကာလည်း ကြွ၊ မ-ကာလည်းရေး၊ [illegible]လေးနှင့်၊ ဧးဧးသံရှင်၊ လက်ထား သင်သည်။ ။ဤတွင် အာဒိ အစတည်း။

၁၉။ အာဒပဌပ၊ နမောစ၍၊ သို့ချ သို့တင်၊ သို့ဝင် သို့ဆင့်၊ သို့ပင့် သို့ရစ်၊ ပြေပြစ်အက္ခရာ၊ အရာရာကို၊ သိသာစေချင်၊ ဘတ် ရွတ်လျှင်လည်း၊ သို့သျှင် သို့ဘတ်၊ သို့မှတ် သို့ဆို၊ သို့ကို သို့ရေး၊ သံလေး သံဖြတ်၊ သံလွတ် သံငေါ်၊ နာပျော်သာယာ၊ နားတန်း ဆာကို၊ သိသာလျှင်းအောင်၊ မီးတန်ဆောင်သို့၊ လောင်လတ် သောလား၊ တောင်ထိပ်ဖျားဝယ်၊ စိုက်ထားမိုးတွင်၊ တမ်းခွန် တင်သို့၊ နာသင်ချိုး၊ နှုတ်သံလေးနှင့်၊ ဧးဧးရင့်ရင့်၊ လက်ဖြင့် နားတွင်း၊ ဆုပ်၍သွင်းသို့၊ မတင်းမလျော့၊ မပေါ့မလေး၊ လူရည် သွေးသည်၊ စာရေးတတ်၍။ ။စာဘတ် သူ့ ထက် ထူးစေသော်ဝ်။

၂၀။ ဤသို့ ဌမ၊ နမောကကို၊စ၍ သင်ပြီး၊ သင်ပုန်းကြီး၊ လုံး၊ သုံးဆဲ့သုံး၌၊ နှလုံးပိုက်၍၊ ခြိုက်ခြိုက်အားရ၊ တတ်ပြီးမှ တည့်၊ မင်္ဂလသုတ်၊ ဆဲ့သုံးပုဒ်ကို၊ အားထုတ်လို့လ၊ မကြာခဲရခင်၊ မိဘ့ဘယ်ငင်၍၊ သိမြင်စိမ့်ကြောင်း၊ ပညာလောင်းသား၊ မပေါင်း ဘက်ရာ၊ သူမိုက်မှာသို့၊ မကပ်လျှို့နှင့်၊ မြင့်မိုရ့်ပမာ၊ ရှိပညာသို့၊

ဆည်းကပ်လျှိုလော့၊ ငါတို့ဆရာ၊ သမ္မာသာမဥ္စ၊ အာဒိစ၍၊ ဓမ္မတရား၊ ရှစ်ပါးအင်္ဂါ၊ အရိယာနှင့်၊ ပူဇာရဟ၊ ထိုက်ပေလှသည်၊ မြတ်လှဆရာ၊ ပိတာတို့ကို ကြည်ညိုနှစ်သို့၊ ပူဇော်တို့လော့၊ ဤသို့မှန်စွာ၊ အာဒိဖြာ၍၊ သုံးဆယ်စေ့သား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါးစွန်းပါ၊ မင်္ဂလာဟု၊ ဒေသနာထူးခြား၊ ဤတရားကို၊ ရွှင်အားရရ၊ ညီလှမှတ်၍။ ။စာတတ် သူ့ထက် ထူးစေသော်ဝ်။

၂၁။ ဤသို့မြတ်စွာ၊ မင်္ဂလာဟု၊ ဒေသနာထူးခြား၊ ဤတရားကို၊ ရွှင်အား ရရ၊ ချပြီးမှလျှင်၊ ဇာတ်တော်တွင်လည်း၊ အလျှင်ရှေးရှိ၊ တေမိအစ၊ နောက်မှဆုံးစွန်၊ ဝေဿန္တရာ၊ ဆယ်ဖြာဇာတ်ပေါင်း၊ နှုတ်သံညှောင်းနှင့်၊ ညီကောင်းသို့သင်၊ သို့တွင်သို့ရှိ၊ သည်ပါဠိ၌၊ လာရှိဓိပ္ပာယ် အသွယ်သွယ်ကို၊ ညီငယ်သို့ဆို၊ သည်ပါဠိကိုလည်း၊ နာချိုပမြို၊ လွန်နှစ်လိုလျက်၊ ဤသို့နက်လေး၊ ဤအရေး၌၊ ညီထွေးသို့မှတ်၊ သို့စပ်သမ္ဗန်၊ သို့မမှန်ဟု၊ မချန်မထား၊ ငါ့စကားကို၊ သည်းဖျားချပ်၍။ ။စာတတ် သူ့ထက် ထူးစေသော်ဝ်။

၂၂။ ဤသို့မဟာ၊ ဇာတ် ဆယ်ဖြာတွင်၊ ဓိပ္ပာယ်ငင်၍၊ သွန်သင်ပြီးမှ၊ အဋ္ဌသဒ္ဒါ၊ ကျမ်းရှစ်ဖြာတွင်၊ ရင်းချာမူလ၊ သန္ဓိစသည်၊ ဘာရသိုလာ၊ ဒီဃမှာမူ၊ ဤသို့ဟူ၍၊ ဗျည်းမူသုံးဆယ်၊ သုံးလုံးဝယ်လည်း၊ သိလွယ်စေလှ၊ ကေစ္စွာ၊ အက္ခရာသော်၊ လေးဆယ်ကျော်လျက်၊ တလုံးတက်တည့်၊ ရပ်တွက်သောခါ၊ တတြာကို၊ သို့သာပုဒ်ဖြတ်၊ တည်ပြီးလတ်မှ၊ သို့မှတ် သို့ခွင်း၊ သို့ကြွင်း သို့စေ၊ သို့ချေ သို့ကပ်၊ အပြီးသတ်ဟု၊ နှုတ်မြတ်သြဇာ၊

မြတ်ဆရာတို့၊ နည်းနာညွှန်ပြ၊ မိန့်သမျှကို၊ ညီလှနားတွင်၊ ဘွက်စေချင်သည်။ ။မြင်မြင် သူ့ထက်သာစေသော်ဝ်။

၂၃။ ပိဋကတ်ဟု၊ ကျမ်းမြတ်သုံးပုံ၊ အလုံးစုံကို၊ ရောက်တုံသော်လည်း၊ နည်း၏မထင်၊ ကျွမ်းကျင်မည်ပါ၊ အက္ခရာနှင့်၊ သဒ္ဒါကျမ်းကို၊ လှည့်ကာဆိုမှ၊ ဝတ္ထုစသည်၊ ဘတ်ကြလင်္ကာ၊ ပျို့ကဗျာဒ္ဒ်၊ လိမ္မာစေလို၊ သတ်ပုံကိုလည်း၊ နှုတ်ချိုရွှရွှ၊ သင်ကောင်းလှ၏၊ သို့မှစာတတ်၊ သတ်လတ်သောချာ၊ သံလိမ္မာလိမ့်၊ နှာ့စေချင်ဘွယ်၊ အသွယ်သွယ်နှင့်၊ နားဝယ်နှစ်သိမ့်၊ ရိုးခြင်စိမ့်လိမ့်၊ ပိမ့်ငြိမ့်အက္ခရာ၊ ရေးသောခါလည်း၊ သေချာစွာလှ၊ ကနှင့်ပကို၊ ကျနတွေးပူ၊ ညမူတခြား၊ ယကား တသွယ်၊ နငယ်နှင့် မ၊ မတူကြတည့်၊ ကွဲကြသည်သာ၊ သတ်ညွှန်းစာလည်း၊ များစွာရှိပေ၊ အတွေ့တွေ့ကို၊ ညီရွှေတပည့်၊ သင်ပေလှည့်လော့၊ တည့်တည့်သို့မှ၊ ထားကောင်းရှုသို့၊ မိုဃ်းဝကောင်းကင်၊ သိန္ဓောနှင်သို့၊ လျှင်လေသောလား၊ ရေကရေးမှ၊ ယိုငြားရေစက်၊ ပြွန်ပြွန်ထွက်သည်။ ။သူ့ထက် ညီထွေး ကဲစေသော်ဝ်။

၂၄။ ဤသို့ အံ့ဘွယ်၊ အသွယ်သွယ်နှင့်၊ သူငယ်တို့ကို၊ ဘတ်စေလို၍၊ ဆိုသည်အစဉ်၊ စကားယဉ်လျှင်၊ မပြီးခင်၌၊ မှတ်ချင်ရေးရော၊ လူ့ဘာသာလည်း၊ ရှိပါဘိုသေး၊ ညီကလေးကို၊ ရွေးပဲမူးမတ်၊ သွဲ့ကျပ်ဗိဿာ၊ ဆယ်ရာထောင်သောင်း၊ သိန်းသန်းပေါင်းနှင့်၊ ရက်ပေါင်းသင်္ချာ၊ လမှာနှစ်စစ်၊ သက္ကရာဇ်ကား၊ ဒုကား ဘယ်နှယ်၊ ဆယ်ကား ဘယ်သို့၊ မှတ်ကုန်မြို့လော့၊ မပေါ့ကြိုးစား၊ တပည့်များတို့၊ စပါးဆန်ရေ၊ ရွှေ ငွေ ခဲမ၊ ပြောင်းပဲစသည်၊ ဤမျှ ဤရွေ့၊ ဤနေ့ ဤလ ဤကာလ၌၊ ချေးထ

စားယူ၊ ထိုသည့်သူကား၊ တိုးပွားမည်မျှ၊ ငါက ချလစ်၊ သက္ကရာဇ်သည်၊ စစ်သော်ဤမျှ၊ တွက်ချက်ရလျှင်၊ ဆန်မျှမယုတ်၊ စက်မှန်ခုတ်သို့။ ။ဟုတ်ဟုတ် ညီထွေး တတ်စေသော်ဝ်။

၂၅။ လူရေးလူရာ၊ လူလိမ္မာဟု၊ ဖြစ်ပါလေစေ၊ ကျောင်းမှာနေက၊ များသိဿတို့၊ သင်ကြစမြဲ၊ မချွတ်လွဲတည့်၊ ကဲစေသူ့ထက်၊ ညနံ့နက်လည်း၊ မပျက်မြဲစွာ၊ သရဏာနှင့်၊ ပဉ္စသီလ၊ အဋ္ဌဥပုသ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးကုန်ကြ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ လက္ခဏာပြား၊ ဤသုံးပါးကို၊ ပျိုထွားမောင်လှ၊ စီးဖြန်းကြလော့၊ ငယ်စွ့သူငယ်၊ ငယ်၏ဟူ၍၊ မယူသေမင်း၊ မနေလျှင်းတည့်၊ မမှတ်တည့်နှင့်၊ မည်သည့်ချိန်ခါ၊ မရွေးသာတည့်၊ ရာဇသေမင်း၊ ခွင်းလေတတ်စွာ၊ သတိရလော့၊ မမေ့မလျော့၊ မပေါ့နှင့်သား၊ ထမင်းစားလည်း၊ ဦးဖျားယူငင်၊ သင်ပုတ်တင်မှ၊ စားကုန်ကြလော့၊ အိပ်ကြသောခါ၊ လက်ဆယ်မြွာကို၊ ထိပ်မှာတင်ထား၊ မြတ်ဘုရားနှင့်၊ တရားသင်္ဃာ၊ ကိုးကွယ်ရာဟု၊ အိပ်နေပြုမှ၊ နိုးလေကလည်း၊ ဗုဒ္ဓ ဓမ္မာ၊ သံဃာဟူသား၊ မြတ်သုံးပါးကို။ ။ညီကား ပူဇော် လေလင့်လော့။

---

## ၅-မိဘမကောင်းလျှင် သားတို့က တဘန်ဆုံးမရန် ဘုရားလောင်း ပုံစံကို ပြဆိုရာ

၂၆။ ဤသို့များစွာ၊ တတ်စရာကို၊ လှည့်ကာဆိုမှ၊ မိနှင့်ဘ၏ကြီးလှကျေးဇူး၊ တင်ပေဘူးကို၊ အထူးပြုပိမ့်၊ နားနာစိမ့်လော့၊

နှစ်သိမ့်လေးသောင်း၊ ပေါင်းသည့်ဤမြေ၊ ထူးထူးထွေလည်း၊ စိမ်းရွှေထွားထွား၊ ဝါးရွက်လားသို့၊ ကျယ်များစကြဝဠာ၊ ကြီးရောလည်း၊ အပ်မှာနဖား၊ ထင်း၏လားနှင့်၊ မပြားပုံသို့၊ တောင်မြင့်မိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဘောင်ဘောင်နှင့်၊ တဲချောင်သမုဒ္ဒြာ၊ ရေများစွာလည်း၊ ပမာမသောက်၊ မိုဃ်းရေပေါက်သို့၊ အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဘ၊ မြတ်ဂုဏအား၊ ဆပ်ပြောပါလို့၊ မိကိုလကျွာ၊ ဘမှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့စဉ်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည့်၊ အပိုင်မည်ကြောင်း၊ တရားကောင်းကို။ ။ညီကောင်းနားဝယ် စိမ့်လေလေ။

၂၇။ နားဝယ်စိမ့်ငှာ၊ ငါဆရာလျှင်၊ မာတာပိတာ၊ ဂုဏ်ကိုပြ၍၊ ပုတ္တတို့အား၊ ဆပ်ပြားနိုင်ကြောင်း၊ ဘော်ပြရှောင်းက၊ မကောင်းမိဘ၊ မွေ့မတည်၊ မကြည်မညို၊ ငန့်တိုမိစ္ဆာ၊ ပါဏာတိပါတ်၊ သတ်ခပ်လုယူ၊ မပြုနှလုံး၊ မသုံးသီလ၊ ဒါနမပွား၊ မသွားကျောင်းကန်၊ ယုတ်လှမှန်သား၊ မိဘအားကို၊ တရားစောင့်စောင့်၊ တော်ပြောင့်လှစွာ၊ မိစ္ဆာမဘောက်၊ မသောက်သေစာ၊ ပါဏာသူ့သက်၊ ခိုးဝှက်ယူမှု၊ ဤငါးခုကို၊ မပြုနှင့်ဗျာ၊ လျှူဒါမပြတ်၊ ပိဋကပါတ်သည်း၊ မလပ်နေ့တိုင်း၊ မရိုင်းကျောင်းကန်၊ အမှန်သွားသွား၊ တရားနာနာ၊ ရတနာသုံးဦး၊ မပြတ်ဖူး၍၊ ကြည်နူးလှစေ၊ ညောင်ရေလည်းသွန်း၊ သိမ်းထွန်းလျက်၊ သွမ်းကွမ်းလက်ဖက်၊ ရေစက်ချချ၊ လှူဒါနနှင့်၊ သီလဥပုသ်၊ ကိုယ်နှုတ်

နှလုံး၊ စောင့်သုံးကြပါ၊ မိမာတာတို့၊ ဤသို့ဆိုတတ်၊ ထိုသား မြတ်ကို။ ။ဆပ်ဆပ်ကျေးဇူး မို၏တည်း။

၂၁။ ကျေးဇူးဆပ်ဟု၊ ထူးမြတ်လှစွာ၊ ကျမ်းကဗျာကို၊ သိသာလှစေ၊ ဘော်ပြပေအံ့၊ ညီရွှေတပည့်၊ နားဝယ်ထည့်လော့၊ ဘည့်တည့်မရှက်၊ ဟုတ်တိုင်းထွက်ပိမ့်၊ ဘဝဂ်နှံ့ကျော်၊ သုံးလူ့ ဘော်၏၊ မိန့်တော်မူထ၊ သာသနာ့ကို၊ ကြည်လှစိတ်သန်၊ ထွတ် နိဗ္ဗာန်သို့၊ အမှန်ရောက်လို၊ မိမိကိုယ်ကို၊ ကြည်ညိုသမူ၊ ရှင်ပြု ကုန်ကြ၊ ပဥ္စင်းကကို၊ ရကြမထေရ်၊ ဤခါသည်မှ၊ ထူးလည် အောင်မျို့၊ ငယ်ကစို့သည်၊ ရင်နို့ရည်ဘိုး၊ ကြိုး၍ဆပ်ပေ၊ ပိုင် လေသသူ၊ ချင့်တွက်ယူက၊ မတူဘက်ရှား မြတ်ဘုရားလျက်၊ ရွှေနှုတ်မြွက်ကို၊ နှစ်သက်သမူ၊ သာဓုစကား၊ သုံးကြိမ်ကြား၏၊ ဘုရားသာသနာ၊ ယခုခါလည်း၊ ကြုံပါသည့်ကျိုး၊ မိန့်ဘိုးကို။ ။ ကြိုး၍ ညီထွေး ဆပ်လေလော့။

၂၉။ နို့ဘိုးပြေကြောင်း၊ ကောင်းသားကျင့်ဝတ်၊ ပိဋကတ် ကို၊ ဟုတ်ဟုတ်ကြားက၊ များသိသတို့၊ မှတ်ကြလိမ့်မည်၊ အကြောင်းတည်၍၊ ရေးသည်ကဗျာ၊ ပျိုလင်္ကာ၌၊ ရှေးခါဖြစ်ဘူး၊ ဂုဏ်ကျေးဇူးကို၊ အထူးပြလို၊ တဘန်ဆိုအံ့၊ နာချိုကြပါ၊ ဒါယကာတို့၊ ဗာရာတွင်မည်၊ ရွှေပြည်နဂရာ ထိုပြည်သာ၌၊ ရာဇာ ဗြဟ္မဒတ်၊ မင်းပြုလတ်သော်၊ တို့ရှင်ကျော်၏၊ လောင်း တော်အထွတ်၊ ဗောဓိသတ်လျှင်၊ မြတ်လှမိမှာ၊ စွဲလာသန္ဓေ၊ ဆယ်လနေ၍၊ လုံ့ထွေသိမ်မွေ့၊ ဘွားသည့်နေ့မှ၊ စသည်ရေလစ်၊ ခုနစ်နှစ်လျှင်၊ ရောက်ချင်လတ်သော်၊ အဘိုးတော်လည်း၊ မမျှော်

မျက်စိ၊ ဖြစ်ရှာဘိ၍၊ မချိဆင်းရဲ၊ လက်စွဲကိုင်လျက်၊ ပြင်သို့ထွက်လည်း၊ လက်ဆက်တူပင်၊ ဝင်လည်းတူကွ၊ သို့ထတစေ၊ မအေမိခင်၊ အိမ်တွင်ကြီးငယ်၊ လုပ်ဆောင်ဘွယ်ကြောင့်၊ စိုးရိမ်နှောင့်လျက်၊ မောင့်ဘကြောင့်သာ၊ အိမ်မှာကိစ္စ၊ ချွတ်ယွင်းရခဲ့၊ မောင့်ဘကိုလျှင်၊ လှည်းနှင့်တင်၍၊ တောခွင်သတ်လေ၊ ငါ့မိစေက၊ ငါ့မွေးဘမူ၊ သူ့ကိုဘယ့်နှယ်၊ သတ်ရမယ်ဟု၊ ဆဲရေးပြုလျှင်၊ တိတ်တိတ်ပင်တည့်၊ နောက်လျှင်များစွာ၊ ဆိုသောခါ၌၊ ရှားပါးမိခင်၊ လှည်းနှင့်တင်မြောက်၊ တောသို့ရောက်က၊ လှည်းမှချ၍။ ။အဘ တွင်းတူးလေ၏တည်း။

၃၀။ ထိုသို့ထိုခါ၊ တို့မြတ်စွာ၏၊ လောင်းလျာလည်းဖြစ်၊ ခုနစ်နှစ်သည်၊ ချစ်လည်းချစ်ဘွယ်၊ နုနယ်စလှ၊ လူယဉ်လှလျှင်၊ အဘနှင့်သွား၊ တောသို့သွား၍၊ ကြောင်းလျားမသင့်၊ ပြုကျင့်အပ်သည်၊ အတတ်ဟူက၊ မှတ်မိဝမ်းတွင်၊ ဉာဏ်ဆင်ခြင်မှု၊ ငါ၏ဘကို၊ ငါမှကယ်သူ၊ မရှိမူ၍၊ တွင်းမူတခြား၊ အတူးသွား၍၊ တူးငြားလေလျှင်၊ သားစင်ထိုမှာ၊ တွင်းတူးရာသို့၊ မကြာတူရူ၊ သွားလေမူလျှင်၊ အဘမြင်သော်၊ ညီလျှင်ဘန်ရည်၊ ဘယ်ပြုမည်ဟု၊ ဆိုသည်စကား၊ ကြားလတ်သောခါ၊ သားသည်ချာလည်း၊ အဘမှာကား၊ ဘယ်သို့ထားဘိ၊ ထံပါးကြပ်ကြပ်၊ မေးတုံလတ်သော်၊ အကြောင်းဘော်၍၊ နာပျော်ဘွယ်သာ၊ မောင့်မာတာသည်၊ တောမှာမြှုပ်လေ၊ ငါ့ကိုစေ၍၊ သေအောင်ရိုက်ချိုး၊ မောင်ငယ့်ဘိုးကို၊ အရိုးမကြွင်း၊ ဤသည့်တွင်း၌၊ ထည့်ပြီးလျှင်မှ၊

ငါ့သားလှုနှင့်၊ တူကွမကွာ၊ ငါတို့ရွာသို့။ ။တူသာသွားကြစို့၏တည်း။

၃၁။ ဤသို့ဆိုသား၊ ထိုစကားကို၊ ကြားလတ်သောခါ၊ သားပုတ္တာကား၊ သံဝါမြမြ၊ ဤသို့ဟ၏၊ မွေးဘချည်းသာ၊ ပြန်တို့ပါလော့၊ ငါမှာ တွင်းကြီး၊ မပြီးလက်စ၊ ရှိလေထဟု၊ မြမြသံဝါ၊ ဆိုသောခါလျှင်၊ မောင့်မှာဘယ်ကြောင့်၊ ပူဆောင့်ပူဆာ၊ တူးရှာသနည်း၊ ငါ့ခမည်းဟု၊ မိန့်ဆိုပြုသော်၊ ငါ့ဘိုးတော်ကို၊ မြှုပ်ကြသောလား၊ ငါ့ဘအားလည်း၊ ထိုပြွားသောခါ၊ ဤတွင်းမှာလျှင်၊ ငါသာမြှုပ်မည်၊ အကြောင်းရည်၍၊ တူးသည်မွေးဘ၊ နှုတ်သံမြနှင့်၊ ဆိုထစကား၊ကြားလတ်သောခါ၊ ဘပိတာလည်း၊ ငါသာမိုက်လှ၊ သံဝေရလျက်၊ တွင်းမှတက်၍၊ နှစ်သက်ဝမ်းသာ၊ နမ်းရှုပ်လာမှ၊ ငါ့သားလှုသည်၊ တောဝမှိုင်သာ၊ တူမပါမူ၊ ပိတာအဘ၊ မွေးဘကိုယ်လုံး၊ ခုံအဆုံးဟု၊ နှလုံးမဆံ့၊ လွန်ကြောက်ရွံ့မှ၊ မွေးသည်ဘကို၊ သံမြသာချို၊ ဤသို့ဆို၏၊ မြင့်မိုရ်သမုဒြာ၊ စကြဝဠာ ပထဝီ၊ ဤသည်မြေထက်၊ ကျေးဇူးနက်သည်၊ ပြိုင်ဘက်ခဲစွာ၊ ဘပိတာက၊ မျှားစွာမကောင်း၊ မှုအပေါင်းတွင်၊ မွေးဘခင်ကို၊ အကြင်သသူ၊ သတ်ချေမူကား၊ ထိုသူအားလျှင်၊ ဇမ္ဗူပြင်ကို၊ စည်သွင်မျက်နှာ၊ ညီပြီးစွာလျှင်၊ ရွေပ လွှင်တည့်၊ တည်တုံဘိ၍၊ မျှားဘိသဃာ၊ တော်နှင့်သာလျှင်၊ မြတ်ဒွာဘုရား၊ အထွတ်ထားကို၊ ကြည်ညိုသဒ္ဒါ၊ ပင့်တို့ပါ၍၊ ဒိဝါရဘ္ဘာ၊ အာဒိစ၍၊ ဆွမ်းကပြုပြု၊ နေ့တိုင်းလှုလည်း၊ ပူသည်

ဆင်းရဲ၊ ပါယ်ဝဋ္ဋထဲမှ၊ လွဲသည်မရှိ၊ ဒုဂ္ဂတိကို၊ သိတော်မူပါ၊ ဘပိတာဟု၊ သံဝါမြမြ၊ ဆိုဆုံးမသည်၊ မွေးဘပိတာ၊ ထိုအခါမှု။ ။လွန်စွာ ကြောက်ရွံ့ကုန်၏တည်း။

၃၂။ ကြောက်ငေးပြင်းစွာ၊ ဘပိတာကို၊ မှိုင်သာတောဝယ်၊ အသွယ်သွယ်နှင့်၊ ဆန်းကြွယ်လှစွာ၊ ပုံစံရှာ၍၊ ထိုခါကြုံတွင်၊ ထိုဘခင်လည်း၊ ငါ့လျှင်မိုက်စွာ့၊ ငါ့သားလှသည်၊ တောဝမှိုင်ခြေ၊ ပါပေတုံ၍၊ မသေငါ့ဘာ၊ ချမ်းသာရ၏၊ မကျငါလျှင်၊ ဝီစိတွင်သို့၊ မဝင်တို့ငေ၊ လွတ်ပေစွာ့ဟု၊ အားရဝမ်းသာ၊ သားသည်းချာနှင့်၊ ပိတာတို့လျှင်၊ အိမ်သို့ဝင်က၊ ကြည်လင်ကော်ရော်၊ ရှိပူဇော်မှ၊ မြတ်လှလုပ်ကျွေး၊ မွေးမြူကြင်နာ၊ စုတေ့ခါဝယ်၊ နတ်ရွာစံစား၊ ရသည်များကို၊ ငါးရာ့ငါးဆယ်၊ ဇာတ်တော်ဝယ်၌၊ အကျယ်များစွာ၊ ရှိလေရာတည့်၊ နာသာရုံမျှ၊ စဉ်းငယ်ပြသား၊ ပုံစံများကို၊ မှတ်သားကုန်ကြ၊ ညီသိဿတို့၊ မိဘတို့အား၊ ဘရားတိမ်းစောင်း၊ ကျင့်မကောင်းက၊ ဆိုဆုံးမလော့၊ သားလှမကောင်း၊ မိဘခေါင်းတည့်၊ သားကောင်းမိဘ၊ ခံရမည့်ရေး၊ ဘ[illegible]န်ဝေးစွာ့၊ မိဘနှစ်ပါး၊ ကောင်းသောသားကား၊ များ၏[illegible]ကွင်၊ ဖြစ်မည်ပင်တည့်၊ မိခင်ဖွေးဘ၊ သားထိုမျှကို၊ ဆုံးမကြပါ၊ တချို့မှာကား၊ ငါ၏သားသည်၊ သနားစလှည့်၊ ဖြစ်ပေ၏[illegible]၊ ကြည်နူးသာယာ၊ ကျောင်းမှာမထား၊ အိမ်တွင်သားနှင့်၊ စကားရေးရာ၊ ရှိသောခါမှု၊ ငါးမှာလျှာမဲ့၊ ဟူသကဲ့သို့၊ ကဲ့ရဲ့စရာ၊ မျက်နှာမလှ၊ မိနှင့်ဘသည်။ ။ရှက်ရ ကေန်သဘောတည်း။

## ၆။ သားကောင်း သောဏမထေရ် ကယ်မ၍ အဘမူဆိုး နတ်ပြည် ရောက်ဘူးသည်ကို ပုံတင်၍ပြရာ

၃၃။ ရှက်ရမှန်စွာ၊ သားပုတ္တာကို၊ မှန်စွာငယ်က၊ မဆုံးမမူ၊ မိဘတလည်း၊ ရန်သူမည်ဟု၊ ဆိုသည်စကား၊ ထုံးစံများကို၊ မှတ်သားကုန်ကြ၊ မိနှင့်ဘလည်း၊ ကျလုအပြီး၊ ဝိစိနည်းလျက်၊ နတ်ပြည်တက်၍၊ သို့သက်စံစား၊ သားစကားကြောင့်၊ ဖြစ်ငြား တုံလေ၊ ပုံသက်သေကို၊ မှတ်စေစိမ့်ငှါ၊ ဆုံးမစာဝယ်၊ သိသာရုံ မျှ၊ ပြပြီးမှတည့်၊ ဗုဒ္ဓသာသနာ၊ တော်၌သာလျှင်၊ သားရွှေစင် ကို၊ ကြည်လင်သမူ၊ ရဟန်းပြုငြား၊ မိဘများ၌၊ ရငြားချမ်းသာ၊ ရှိဘူးစွာကို၊ သိသာလျှင်အောင်၊ မိပွါယ်ဆောင်အံ့၊ နားထောင် ကြပါ၊ ဒါယကာတို့၊ မြတ်စွာဘုရား၊ အထွတ်ထား၏၊ ထင်ရှား နာမ၊ ကျော်ပေါက်ပြသည်၊ သောဏတွင်ခေါ်၊ တပည့်ကျော် ၏၊ ခမည်းတော်က၊ တရားမသိ၊ မိုက်လှဘိ၍၊ သတိမတွေး၊ ခွေးလည်းများစွာ၊ ရုံစကာနှင့်၊ ကြီးစွာတောင်ထက်၊ နေ့တိုင်း ရက်လည်း၊ တက်၍ရှာဖွေ၊ ခွေးတတွေနှင့်၊ နေ့ရှည်ရက်များ၊ သူ့ဘအားကို၊ သနားစလှ၊ ရှင်သောဏက၊ မွေးဘ၍သို့၊ မဖျင်း မြို့နှင့်၊ သို့ပင်တစေ၊ ဆုံးမလေလည်း၊ မနေတို့ပါ၊ တောသို့သာ လျှင်၊ သွားပါစမြဲ၊ တလဲလဲတည့်၊ အိုမြဲဇရာ၊ ရောက်သော ခါမှ၊ သားသောဏမူ၊ ကျောင်းသို့ယူထ၊ မွေးသည့်ဘကို၊ မြတ်လှ တရား၊ ဟောငြားသမူ၊ ရဟန်းပြုသည်။ ။သေလုတရား နိုး တွင်တည်း။

၃၄။ သေလုနီးနီး၊ တရားကြီးတွင်၊ မွေးဘခင်ကို၊ ကြည်လင်
စေမူ၊ ရဟန်းပြုလျှင်မျှ မကြာခင်၌ တောခွင်မြိုင်ခြေ၊ ခွေးတတွေ
နှင့်၊ ရှာဘွေလည်းပြု မကောင်းမှုကြောင့်၊ ယခုထင်ထင်၊
မြင်သည်ထင်ရှား၊ တောင်ထိပ်ဖျားက၊ ဆင်းငြား တုံလာ၊
ခွေးများစွာကို၊ ပိတာအဘ၊ မြင်လေကလျှင်၊ သားလှကယ်ပါ၊
ခွေးများစွာသည်၊ လာတပြီးကား၊ ငါ့အသားကို၊ စားကြမချွတ်၊
အသေသတ်လိမ့်၊ လွန်ကြောက်ထိမ့်၍၊ ဖိမ့်ဖိမ့်လည်တုန်၊ အသက်
ခုန်၍၊ ကြောက်ဟုန်ပြင်းစွာ၊ ရှိသောခါမှ သတိရလည်း၊ ငါ့
ဘ တောခွင်၊ ခွေးနှင့်ဝင်၍၊ ရှာချင်ခဲ့ထ။ ထိုပါပသည်၊ ခုက
ပင်လျှင်၊ ပါယ်လေးခွင်သို့၊ ငင်၍ချမည်၊ ရည်ပြုတကား၊ ငါ့ဘ
အားလည်း၊ မလားပါယ်ရှာ၊ ရှိစိမ့်ငှာလျှင်၊ ငါသာအရေး၊
ဖြစ်ချေသေး၏။ ထေးထေးဖွာဖွာ၊ ဘပိတာကို၊ ငါသာနုတ်ပြည်၊
တင်ပါမည်ဟု၊ ကြံစည်ပြီးမှ၊ များသိဿအား၊ တောဝမြိုင်ခြေ၊
ပန်းထွေတွေကို၊ ရှာစေပြီးမှ မွေးသည့်ဘကို၊ ဝတ်လှမွှေတော်၊
ကျိန်းဝပ်ပျော်သား၊ ကျောင်းတော်စေတီ၊ သို့လျှင်ချီ၍၊ ရှုအိ
ဘွယ်သာ၊ ပန်းများစွာနှင့်၊ ပူဇော်ရဟာ၊ ဤပုညကို မွေးဘတို့လျှင်၊
ဘန်စီရင်၏၊ စိတ်တွင်ကြည်စေ ငါ့ဘအေဟု၊ ဆိုလေသောခါ၊
ဘပိတာလည်း၊ ဝမ်းသာအားရ၊ ကြည်ဆွဆွလျှင်၊ ဖြစ်စေချင်
သော်၊ ခွေးလျှင်ငါးရာ၊ မလာတို့ဘဲ၊ ရှောင်ကြဉ်ဖဲ၍၊ လဲသည်
ဘ၀၊ စုတေရလျှင်၊ နတ်ပြည်ခွင်သို့။ ။ဘခင် စံရလေ၏တည်း။

၃၅။ ဤသို့ဘခင်၊ နတ်ပြည်ခွင်၌၊ မြဲပင်တာရှည်၊ စံရသည်
ကို၊ နွားလည်စိမ့်ငှာ၊ ဥပမာဖြင့်၊ နွားသာစိမ့်ကြောင်း၊ ဆိုပြန်
ရှောင်းအုံ့၊ မကောင်းရောဂါ၊ ဝေဒနာသည်၊ ပြင်းစွာနှိပ်စက်၊

သက်ထွက်လုနီး၊ တျားတျားတီးနှင့်၊ သက်ကြီးရှိုက်ဖို၊ ထိုသူကိုလျှင်၊ မိတ်ဝင်ကျွမ်းသူ၊ ဆွေတော်လူက၊ စသည်မျိုးပုံ၊ အားလုံးအုံမှ၊ မကြောင့်ကြနှင့်၊ သက်မှရှည်စေ၊ တိုးဝင်စေဟု၊ ဆိုလေတုံငြား၊ ဆေးသမားကို၊ သွားရှဲခေါ်မြောက်၊ အိမ်သို့ရောက်ငြား၊ ဆေးသမားလည်း၊ လက်ဖျားစမ်းသပ်၊ သွေးသံပြတ်ဟု၊ ဆိုလတ်သရော်၊ သို့သော်လွတ်မြဲ၊ သွေးကိုစွဲ၍၊ လှေကွဲစီးသာ၊ ပြုဘိုပါဟု၊ ဉာဏ်ကာတွို၊ ဆိုကြမြို့သား၊ သို့သော်ဤဆေး၊ တိုက်ကာပေးလော့၊ လွတ်ရေးမှန်လှ၊ ကေနွတည့်၊ ကောင်းစွာ့နှာနှပ်၊ မျက်စဉ်းခတ်က၊ ချမ်းသာရအံ့၊ မကြောက်လန့်နှင့်၊ တ့်တုံ့ဝန်တံ၊ ခံသည်နှင့်သာ၊ ရက်မကြာလျှင်၊ ရောဂါကင်းထ၊ ချမ်းသာရသို့၊ ပုံပြထို့သွင်၊ ငါ့ဘခင်လည်း၊ တောခွင်မှိုင်ခြေ၊ ရှာဘွေခဲ့ထ၊ ကျင့်ပါပလည်း၊ အာသန္နကံ၊ ပါယ်လေးတန်သို့၊ ပြောင်းပြန်ကျမည်၊ ထင်လေသည်ကို၊ မထေရ်သောဏ၊ သားပုတ္တာသည်၊ ဇီဝကလျှင်၊ ကုသောသွင်သို့၊ မျှားဖြင်ကုသိုလ်၊ ဆေးထိုထိုဖြင့်၊ ဉာဏ်တော်ချင့်၍၊ တိုက်လွင့်သောခါ၊ ခွေးများစွာလည်း၊ မလာဝံ့ကြ၊ ပျောက်ပျက်ပ၍၊ ကောင်းလှအာရုံ၊ ဉာဏ်သင့်ကြုံ၍။ ။နတ်ဘုံ စံစားလေ၏တည်း။

---

## ၈-သားသုံးယောက်နှင့် စကားအမျိုးမျိုးတို့ကို ပြောဆိုရာ

၃၆။ ဤသို့ပမာ၊ အဖြာဖြာကို၊ ပညာယူငင်၊ လူတို့တွင်လည်း၊ အကြင်သားကို၊ တတ်စေလို၍၊ ပျို့ရွယ်ကာလ၊ စချ

စိမ့်ငှာ၊ မြတ်ဆရာသို့၊ အပ်ကြမြို့လော့၊ သားတို့ပညာ၊ ရှိသော
ခါလျှင်၊ ဆရာမကာ၊ မိန္ဒင့်ဘအား၊ သဂ္ဂနတ်ပြည်၊ တင်ဘူးသည်
ကို၊ နားလည်ကြပါ၊ ဒါယကာတို့၊ ထိုသို့မဟုတ်၊ သားတည်း
ယုတ်မူ၊ ဆုတ်သည်လူယား၊ ပုံမပြားတည့်၊ သားကားသုံးယောက်၊
ခုမျက်မှောက်တွင်၊ ရှိသည်ပင်တည့်၊ မိခင်နှင့်ဘ၊ ကျင့်သမျှကို၊
ကျင့်ကြသမူ၊ အနုဇာတ၊ မည်ရတွင်မြောက်၊ သားတယောက်၊
တည့်၊ တယောက်မှာကား၊ မိဘများထက်၊ ထက်သည့်ပညာ၊
အကျင့်သာသည်၊ လွန်စွာဖြစ်ဘိ၊ အတိဇာတ၊ မည်ရတွင်မြောက်၊
သားတယောက်တည့်၊ မိဘအောက်ဆုတ်၊ ယုတ်သည်အကျင့်၊
ရှိလင့်တန်က၊ သမုတ်ကြသည်၊ အဝဇာတ၊ မည်ရတွင်မြောက်၊
သားတယောက်တည့်၊ သုံးယောက်သားတွင်၊ မိခင်နှင့်ဘ၊ တူကြ
မည်လား၊ လွန်ပင်ရှား၍၊ မိဘများထက်၊ ထက်မြက်လိမ္မာ၊
အကျင့်သာငြား၊ ထိုသည်သားမူ၊ လူတွင်ခပဲ၊ လွန်ဖြစ်ခဲသည်၊
ဝမ်းထဲပိုက်ကြ၊ နှလုံးမျှလော့၊ မိဘအောက်ယုတ်၊ ဆုတ်သည်
သားများ၊ လူတလွှားအား၊ ပမာကြားပိမ့်၊ တောဖျားမြိုင်ဝယ်၊
သစ်ပင်ငယ်တို၊ အနှစ်ရှိလည်း၊ ကြီးဘိသစ်ပင်၊ နှစ်မဲ့ချင်၏၊
သစ်ပင်ကြီးမှာ၊ နှစ်ရှိပါလည်း၊ ငယ်စွာသစ်ပင်၊ နှစ်မဲ့ချင်၏၊
သစ်ပင်ကြီးငယ်၊ တောလုံးဝယ်လည်း၊ အကယ်အနှစ်၊ မရှိ
ဖြစ်ခဲ့ သစ်ပင်ကြီးက၊ အာဒိစ၍၊ ရုံထသစ်ပင် ...က်ဝန်းကျင်
လည်း ကာလျှင်မပါ၊ အနှစ်သာနှင့်၊ အရာထူပြော၊ ဤလေး
တောသို့၊ ရှင်စောဘုရား၊ ပမာထား၍၊ ဟောကြားမိန့်မှာ၊
ပညာဆင်ခြင်၊ လူတို့တွင်လည်း၊ ဘခင်မွေးမိ၊ တရားသိ၍၊ ရှိသည်

အကျင့်၊ သွားကမြင့်လျက်၊ တင့်တင့်တယ်တယ်၊ လူ့ပြည်ဝယ် ၌။ ။စင်ကြယ် သန့်ရှင်း စေ၏တည်း။

၃၇။ **သန့်ရှင်းစင်ကြယ်၊** အသွယ်သွယ်ကို၊ အကယ်သိထွေ၊ ဆိုကောင်းပေသည်၊ ပဒေပဒါ၊ ကျယ်ဝန်းစွာ၍၊ နာသာရုံမျှ၊ ပြုပြီးမှလျှင်၊ သိသတို့အား၊ စကားအရာ၊ အဖြာဖြာကို၊ သိသာလှစေ၊ ဆိုတုံပေအံ့၊ စကားမွှေ- စကားနှောက်၊ စကားလှောက်- စကားထား၊ စကားသွား-စကားလာ၊ စကားညှာ-စကားနှိပ်၊ စကားမိတ်-စကားလှယ်၊ စကားဖယ်-စကားသွေး၊ စကားလေ- စကားပေါ့၊ စကားလျော့-စကားတင်း၊ စကားသွင်း- စကားမြှု၊ စကားချူ-စကားခေါ်၊ စကားချော်-စကားယှက်၊ စကားဝှက်-စကားဖန်၊ စကားတန်-စကားနှိပ်၊ စကားရိပ်-စကားဘန်း၊ စကားဆန်း-စကားမွှေး၊ စကားထွေး-စကားလှိုင်း၊ စကားပိုင်း- စကားသာ၊ စကားနာ-စကားငေး၊ စကားမေး-စကားလျှောက်၊ စကားနှောက်- စကားသင်၊ စကားတင်- စကားတည်၊ စကားရှည်-စကားတို၊ စကားဖို-စကားမ၊ စကားလှ- စကားပင်၊ စကားနှင်-စကားဆုံး၊ စကားရှုံး-စကားနိုင်၊ စကားပိုင်-စကားဖြေ၊ စကားနေ-စကားပွ၊ စကားကြွ-စကားတတ်၊ စကားနှပ်- စကားသိပ်၊ စကားချိပ်-စကားသွမ်း၊ စကားခြမ်း-စကားမှတ်၊ စကားဟပ်- စကားလာ၊ စကားဖြာ- စကားသွေ၊ စကားသေ- စကားရှင်၊ စကားရှင်-စကားအုပ်၊ စကားချုပ်-စကားမြောက်၊ စကားချောက်-စကားဟိန်း၊ စကားချိန်း- စကားနှေး၊ အထွေထွေကို၊ ညီဆွေတပည့်၊ မှတ်လှည့်တို့ပါ၊ သုဘာသိတ၊ ပိယ

သစ္စာ၊ ဓမ္မာအပြား၊ အင်လေးပါးနှင့်၊ ညီသဖြင့်လျှင်၊ ဆိုခွင့် ဆိုရာ၊ အဖြာဖြာကို၊ သေချာစေ့ငုံ၊ ပညာရှု၍၊ ဗာဟုသစ္စ၊ ဟူသမျှနှင့်၊ သိပ္ပအပြား၊ အပါးပါးကို၊ မှတ်သားလေက၊ ညီသိသာအား။ ။ထင်ရှားကျော်စော လေအံ့တည်း။

---

## ဂ-မိဘတို့ကိုပြစ်မှား၍ သင်ဝုန်းစက်ငရဲ၌ ခံရသော သေဋ္ဌေးသား မိတ္တဝိန္ဒက ကို ပုံပြု၍ ဆုံးမရာ

၃၈။ ထင်ရှားကျော်မည်၊ ရွှေသို့ရည်၍၊ ဆိုသည်ခြင်းရာ၊ အဖြာဖြာကို၊ မှတ်နာကုန်ကြ၊ ညီသိဿတို့၊ ထိုမှတပါး၊ မိဘများ၌၊ ပြစ်မှားကုန်သော်၊ သိစိမ့်သောငှာ၊ ဆိုလိုက်ပါအံ့၊ ရှေးခါလွန်လေ၊ ပွင့်ကုန်ပေသည်၊ ပရမေမြတ်လှ၊ ကဿပဟု၊ ဇိနထွတ်ထား၊ မြတ်ဘုရား၏၊ တင်ရှားသာသနာ၊ တော်၌သာလျှင်၊ များစွာဓနေ၊ ပြည့်စုံလှသည်၊ ကြွယ်ဝစည်ပင်၊ သေဋ္ဌေးတွင်၌၊ သားလျှင်ဘပေါက်၊ ရှိတုံမြောက်၍၊ အံ့လောက်လူဝယ်၊ ပညာကျယ်၍၊ ပူဝယ်ဖြစ်ဘိ၊ ကြက်သရေရှိအောင်၊ တတ်သိစိမ့်ငှာ၊ အဋ္ဌာရသ၊ ဟူသမျှကို၊ ကာ-နှ-မသင်၊ လေးဖင်၍နေ၊ သို့တစေနှင့်၊ စာပေပကျ၊ တ-နှ-မသိ၊ မိုက်ဘိလှငြား၊ ထိုသည့်သားကို၊ ထံပါးအနီး၊ ခေါ်တုံပြီးမှ၊ မိနှင့်ဘမူ၊ မြွက်ဟသာချို၊ ဤသို့ဆို၏၊ သားပျိုမောင်လှ၊ ယနေ့ညကို၊ သွားလှကျောင်းမှာ၊ အိပ်လေပါ၍၊ ညာစာမစား၊ တနေ့အားကို၊ တရားနာနာ၊ဆည်းကပ်ပါအံ့၊ မှန်စွာပယုတ်၊ ဤကောင်ထုပ်ကို၊ ဟုတ်ရာမည်သိ၊ နားလည်ဘိဟု၊

ဆိုသည့်စကား၊ ကြားလေသောခါ၊ သားမိုက်စွာလည်း၊ ညစာမစား၊ ကျောင်းသို့သွား၍၊ တရားဟောရာ၊ မနာလိုရှောင်း၊ လွဲပြောင်းအိပ်ပျော်၊ မိုးသောက်သော်လျှင်၊ သုံးလူ့ရှင်ကို၊ ဖူးမြင်မရှိ၊ လာလတ်ဘိသော်၊ မေ့မိသခင်၊ ကျေးဇူးရှင်လည်း၊ ကျောင်းတွင် ငါ့သား၊ အိပ်ပေငြား၍၊ မစားညစာ၊ ရှောင်ကာတုံပေ၊ ငါ့သက်ဝေကို၊ မှတ်ဖြေစိမ့်သည်၊ မယ်ကြိုးရည်၍၊ ချက်သည့်ကြိုင်သင်း၊ ဤထမင်းနှင့်၊ ဤဟင်းကိုလျှင်၊ သားပန်ပင်သည်၊ အလျင်ရှေးဖြား၊ စားပြီးငြားမှ၊ ရွှေသားမဟုတ်၊ ဤထောင်ထုပ်ကို၊ အဟုတ်ငါ့သား၊ ယူတော့လားဟု၊ မယ်ဘွားနှုတ်က၊ ဆိုမြွက်ဟသည်။ ။ချိုမြ သာတောင့်သာယာတည်း။

၃၉။ သာတောင့်သာယာ၊ သားသည်းချာကို၊ မာတာမိခင်၊ ဆိုလေချင်က၊ ထိုသားလှသည်၊ မိဘဆိုရာ၊ စိတ်မပါဘဲ၊ ဥစ္စာကြောင့်သာ၊ ကျောင်းမှာအိပ်နေ၊ ရှောင်လေညစာ၊ စေတနာမထက်၊ ထိုသားပျက်မူ၊ ယူအံ့ရွှေစင်၊ ရပြီးချင်မှ၊ နောင်လျှင်ထမင်း၊ စားတို့လျှင်းအံ့၊ ရှင်ခြင်းမသာ၊ ငိုသံပါနှင့်၊ မျက်နှာမလှ၊ ဆိုလေကလျှင်၊ မေ့မိခင်လည်း၊ ရွှေစင်တထောင်၊ ထုပ်ကိုဆောင်၍၊ မောင်ငယ်သားရွှေ၊ ယူတော့လေဟု၊ ပေးလေသောခါ၊ သားမိုက်စွာကား၊ ထမင်းစား၍၊ ကုန်သွားရင်နှီး၊ သဘောစီးလျက်၊ ပြည်ကြီးဗာရာ၊ လိုက်မည်သာဟု၊ မာတာမိကို၊ အကြောင်းဆိုလျှင်၊ မေ့မိခင်လည်း၊ တို့တွင်ဥစ္စာ၊ များလှစွာ၏၊ သမုဒ္ဒရာရေ၊ စီးတွေတွေကို၊ မစေမိခင်၊ ဆိုချင်ပါလည်း၊ မံဝင်နားမှာ၊ မိုက်လှစွာငြား၊ ထိုသည့်သားမူ၊ ယူ၍ရွှေစင်၊ သွားမည်

ပြင်သော်၊ မိခင်ရှေ့ပါး၊ ဟန့်ဆီးတားလည်း၊ သွားမည်နှင့်သာ၊ မိမာတာကို၊ ဘယ်ညာလက်စုံ၊ တွန်းလိုက်တုံသော်၊ မှောက်ခုံမှေးမိ၊ လဲလေဘိ၍၊ မချိဝေဒနာ၊ ရှိသောခါ၌၊ ထိုသားမိုက်လည်း၊ စိုက်စိုက်တန်းသွား၊ သဘော်သားနှင့်၊ ပေါင်းဖြူးလေချင်၊ ပင်လယ်ခွင်သို့၊ လွှင့်နှင်သောခါ၊ လှေနာဝါလည်း၊ ပြင်းစွာရေယဉ်၊ လေနှင့်ယှဉ်သော်၊ ကစဉ့်ကလျား၊ မျောလေသွား၍၊ ဦးဖျားဝမ်းလိုင်း၊ နံကိုင်းပေါက်ကွဲ၊ ပင်လယ်ဝဲ၌၊ ဆင်းရဲအတိ၊ နစ်လေဘိသော်၊ မှားဘိလည်းများ၊ သဘော်သားတို့၊ ငါးလိပ်အစာ၊ ဖြစ်လေပါ၍၊ ရေမှာသေ့းစင်း၊ လူခပင်းသည်။ ။ရှင်းရှင်းအကုန်စင်၏တည်း။

၄၀။ ရှင်းရှင်းစင်လေ၊ ထိုသူတွေတွင်၊ မအေမိခင်၊ တားပါချင်လည်း၊ မဝင်နားမှာ၊ မိုက်လှစွာဖြေား၊ထိုသည့်သားမူ၊ ပျဉ်ပြားတချပ်၊ မှီတဲ့လတ်၍၊ အရှေ့အနောက်၊ တောင်မြောက်မသိ၊ မျောဘိရေဝယ်၊ တလည်လည်နှင့်၊ ကျွန်းငယ်၌မှာ၊ တင်လေပါ၍၊ ညစာမစား၊ တနေ့အားကို၊ ရှောင်ရှားခဲ့ထ၊ ကုသိုလ်မ ၍၊ ဒေဝစံသီး၊ နတ်သမီးတို့၊ ခရီးဦးကို၊ ဆိုကြိုကြိုလျက်၊ ဗိမာန်ထက်၌၊ နှစ်သက်ဝမ်းမြောက်၊ လေးယောက်နှင့်သာ၊ စံရပါလျက်၊ ခုနစ်ရက်လျှင်၊ စေချင်သောခါ၊ ဒေဝါစံသီး၊ နတ်သမီးတို့၊ ဤသို့သာယာ၊ ဆိုတုံပါ၏၊ လူ့ရွာကလျှင်၊ တို့ရပ်ခွင်သို့၊ ရောက်ချင်တို့ပေ၊ တို့သက်ဝေကို၊ နေ့ရှေမကြာ၊ ရက်လည်ကာမျှ၊ မောင်သာဤတွင်၊ နေစေချင်ဟု၊ သံရှင်မြမြ၊ ဆိုကုန်ကြသော်၊ နှမတို့ကား၊ ဘယ်သို့သွားဟု၊ စကားသာယာ၊ မေးသောခါလျှင်။တို့မှာရောပြု၊

ကောင်းမှုနှစ်ပါး၊ ကျင့်တရားကြောင့်၊ တို့ကားခုနစ်ရက်၊ ဗိမာန်ထက်၌၊ နေလျက်ချမ်းသာ၊ စံရပါလျက်၊ ခုနစ်ရက်လျှင်၊ ငရဲခွင်၌၊ မြဲပင်ခံရ၊ ဤခြင်းတကို၊ မောင်လှမှတ်ပါ၊ ငရဲရွာသို့၊ သွားရှာရမည်၊ နားလျှင်လည်လော့၊ ဤသည်ထမင်း၊ ဤသည့်ဟင်းနှင့်၊ မဆင်းမသက်၊ ဗိမာန်ထက်တွင်၊ နှစ်သက်ဝမ်းသာ၊ စားတို့ပါ၍။ ။မောင်သာ နေနှင့်ရစ်ပါတော့။

၄၁၊ အားရစိမ့်ငှာ၊ ဆိုတုံပါလည်း၊ မနာတို့ဘဲ၊ မျက်နှာလွှဲသော်၊ လော့ကွဲပျဉ်ပြား၊ စီးသွားလေမြောက်၊ တကျွန်းရောက်သည်၊ ရှစ်ယောက်နတ်သမီး၊ အဖြိုးဖြိုးနှင့်၊ ငြိုးငြိုးငွေ့ငွေ့၊ စံပျော်မွေ့လျက်၊ ခုနစ်ရက်ကြာ၊ ရှိပြီးစွာလျှင်၊ ပမာရှေးလား၊ မှာကြထားလည်း၊ မျောသွားလေမြောက်၊ တကျိပ်ခြောက်ဟု၊ ရောင်တောက်ညီးညီး၊ နတ်သမီးနှင့်၊ ဘုံသီးဗိမာန်၊ ပျော်စံလေရ၊ ထိုမှတပါး၊ မျောသွားတုံပြီး၊ နတ်သမီးလည်း၊ ဖြင်ငြိုးရိပ်ရိပ်၊ သုံးကျိပ်ကသာ၊ နှစ်ယောက်သာနှင့်၊ တူသာရှင်စံ၊ စည်းစိမ်ခံမှု၊ တဘန်ရှေးလား၊ မျောသွားလေလျှင်၊ မွေးမိခင်အား၊ ဖယ်လိုက်ရှား၍၊ ကွန်းငြားလည်းပြု၊ မကောင်းမှုလျှင်၊ လည်ကိုင်၍၊ ပယ်ခွင်စုမည်၊ ယှဉ်သည်နှင့်သာ၊ စောင့်ရှောက်ပါ၍၊ လေးဖြာဒွါရ၊ တံခါးမနှင့်၊ နဂရထိုသို့၊ အင်မချိုသည့်၊ မြို့ကြီးပမာ၊ ငရဲရွာကို၊ ပက်ပါထင်ထင်၊ မြင်သည်နှင့်သာ၊ ချမ်းသာမရ လူထိုမျှ၏၊ ဟစ် တ အသံ၊ သောသောည့်ကို၊ ကြားပြန်လေလျှင်၊ လူ့ပြည်ထင်၏၊ ငါလျှင်မချွတ်၊ ဤပြည်မြတ်၌၊ အထွတ်အဖျား၊ မင်းတရားစစ်၊ ကေန်ဖြစ်အံ့၊ မချွတ်လတ္တံ့ဟူ၊ တတ်၍ယူလျှင်၊ တံခါး

တွင်၌၊ မြဲပင်နိစ္စ၊ ဆင်းရဲရသည်၊ ရှေးကမိကို၊ မရှိမသေ၊ မထေ လေးစား၊ ပြုပြောအခဲ့ထ၊ ဗာလလူရှုံး၊ လူသင်တုံးကို၊ သင်မုန်း စကြာ၊ ထိပ်မှာတင်သည်၊ ချာချာလည်လျက်၊ သွေးစက်စက်နှင့်၊ ထွက်သည်နှင့်သာ၊ ပွတ်ပုံစာသို့၊ ဗရဗွာဘက်၊ စဉ်ထွက်အလား၊ လွှစာသွားနှင့်၊ မျက်ဝါးထင်ထင်၊ တွေ့လေမြင်သည်၊ ခါးတွင် သံလွှန်၊ မြောက်သဏ္ဌာန်သို့၊ လက်ပြန်ကောချည်၊ ဆောက်တည် မရ၊ မွေးမိဘတို့၊ မြင်ကြလာပါ၊ငါ့ကြမ္မာဟူ၊ ငိုရှာရငြား၊ ထိုသူ အားကို၊ မျက်ဝါးထင်ထင်၊ တွေ့လေမြင်သည်။ ။လိုချင်တောင့်တ လေ၏တည်း။

၄၂။ တောင့်တလိုချင်၊ အကောင်းထင်၍၊ ထိပ်တင်မြဲရွက်၊ သင်မုန်းစက်ကို၊ နှစ်သက်ရှင်ပြုံး၊ ရွှေကုံးပမာ၊ ခါးမှာလည်းထား၊ သံလုံပြားကို၊ ဝတ်စားထင်နိုး၊ နတ်ပုဆိုးသို့၊ မွေးမျိုးနှံ့သာ၊ သွေးပြာပြာကို၊ မှတ်ရှာဘိချင်၊ မွေးမိခင်နှင့်၊ ဘခင်နှစ်ပါး၊ မြင်ပါလားဟူ၊ ဟစ်ငြားပြင်းထန်၊ တ ငိုသံကို ကြားပြန်လေလျှင်၊ သီချင်းသွင်သို့၊ မှတ်ထင်မိလေ၊ သို့ဖြစ်ထွေကြောင့်၊ ချဉ်းလေ အပါး၊ ထံသို့သွား၍၊ ထိပ်ဖျားဦးတင်၊ အစ်ကိုဆင်သား၊ ရွှေပန်း အားကို၊ ငါကားပန်ချင်၊ ကိုယ့်ခါးတွင်၌၊ ဆင်ယင်တင့်တယ်၊ ပုဆိုးနှယ်လည်း၊ ငါ့ဝယ်မရှိ၊ ဝတ်ချပ်ဘိစွ၊ မွေးဘိလှစွာ၊ ထို နှံ့သာကို၊ လိမ်းပါရစေ၊ သာလှပေသား၊ သီချင်းများကို၊ ငါ့ အားသင်ပါ၊ တောင်းသောခါလျှင်၊ငါ့မှာမကောင်း၊ မှုအပေါင်း ကြောင့်၊ ထောင်းကြသောထက်၊ ငါ့ထိပ်ထက်၌၊ ရွက်ရစကြာ၊ ငါ့ကြမ္မာသည်၊ ပန်းသာမဟုတ်၊ ချည်နှောင်တုပ်သား၊ ငါ၏

ခါးတွင်၊ သံလွန်များပင်၊ ဝတ်ချင်လှနိုး၊ ပုဆိုးတန်းဆာ၊ မဟုတ်
ပါတည့်၊ ဖြာဖြာသွေးရည်၊ ယိုကျသည်ကို၊ နှင်းရည်သာလျှင်၊
မမှတ်ချင်နှင့်၊ ငါတွင်ငိုသံ၊ တညံညံနှင့်၊ မခံမသာ၊ ရှည်လင့်
စွာကို၊ သိချင်းဆိုသို့၊ အစ်ကိုနားတွင်၊ မထင်နှင့်ကား၊ ဆိုလေ
ငြားလည်း၊ ယောကျ်ားချင်းကို၊ လို၏ဆိုက၊ မျှကြသည်ချည်း၊
လူ့စဉ်းလည်းဟု၊ ဆိုလေပြုသော်၊ ယခုညီသူ၊ ငါ့အတူလျှင်၊ လူ့
ပြည်တွင်၌၊ မိခင်တို့ကို၊ မရှိမသေ၊ မထေလေးစား၊ ပြုသည်ငြား
က၊ ငါ့အားကြမ္မာ၊ ယခုခါလည်း၊ ကုန်ပါတော့သည်၊ ဟုတ်လ
မည်ဟု၊ အကြံပြု၍၊ ယူဟုစကြာ၊ ပစ်လိုက်ပါက၊ ထိပ်ချာဝ၌၊
ထွင်း၍စိုက်သို့၊ တုန်ရိုက်ဖိမ့်ဖိမ့်၊ ကိုယ်လုံးစိမ့်၍၊ ငြိမ့်လသောခါ၊
ခါးမှသံပြား၊ လက်ကားနောက်ပြန်၊ ချည်ပြန်ကုန်ဘိ၊ သွေးတိ
များစွာ၊ ဗရဗွာလည်း၊ ပွတ်စာအလား၊ စဉ်ထွက်သွား၍၊ ခံငြား
မသာ၊ ကိုယ့်စကြာကို၊ ယူပါတော့ဆို၊ ငိုလည်းငိုလျက်၊ သံမှိုနှက်
သို့၊ ပြေးထွက်မသာ၊ တချာချာသည်။ ။ထိပ်မှာတည့်တည့်
တည်၏တည်း။

၄၃။ ထိုသို့ထိပ်ချာ၊ လည်သည်သာနှင့်၊ ပြင်းစွာနှိပ်စက်၊
ဆင်းရဲနက်သည်၊ သို့သက်တာရှည်၊ ခံရသည်ကို၊ နားလည်ကြ
ပါ၊ ညီသိဿတို့၊ မာတာပိတ၊ မိနှင့်ဘကို၊ ဒေါသမညစ်၊
မပြစ်မှားရာ၊ မကျင့်ရှာနှင့်၊ ကျင့်ရာချေက၊ တွင်းဆုံးကျသို့၊ ခံရ
အမှန်၊ စကြာပန်ကို၊ ပုံစံယူပါ၊ သူ့စကြာကို၊ ငါ့စကြာပြု၊ ယခု
တိုင်အောင်၊ ဥဒါန်းဆောင်၍၊ လူ့ဘောင်တလွှား၊ ဆိုသည်
ကြား၏၊ မှတ်သားကြပါ၊ ကျမ်းဂန်လာကို၊ သိသာရုံမျှ၊ ရုံးလိုက်

ပြသား၊ ငါ့စကားကို၊ ဟုတ်ငြားမထင်၊ မမှတ်ချင်နှင့်၊ မိခင်နှင့်ဘ၊ သိပ္ပဆရာ၊ မှန်စွာဖြစ်စေ ဒက္ခိဏေယျ၊ ဟုတ်ပေစွတည့်၊ ဇိနစိန္တေ၊ ဘုန်းဝေသာသနာ၊ ကွယ်သောခါလည်း၊ ဘယ်မှာဘုရား၊ ဘယ်ကားသင်္ဃာ၊ ရတနာဟု၊မသိပါကြ၊ မိနှင့်ဘကို၊ တုပ်ကွရိုကျိုး၊ ရှိခိုးဝန္ဒနာ၊ လုပ်ကျွေးပါသား၊ သူတို့အားလျှင်၊ နတ်ပြည်ခွင်သို့၊ ရောက်ချင်လေထ၊ ငလေရဟု၊ လူ့ဘဘုရား၊ ဟောခဲ့ထား၍၊ ဘုရားသာသနာ၊ ယခုမှာကား၊ သုံးပါးသရဏာ၊ ကိုးကွယ်ပါဟု၊ သည်မှာဘုရား၊ သည်တရားပင်၊ သည်ကားသင်္ဃာ၊ သည်မှာမိဘ၊ ဂုဏ်ကိုပြ၍၊ သည်ကဆရာ သိတ္တိပါလျက်၊ နှစ်သက်ကြည်စွာ၊ မသဒ္ဓါတည့်၊ ရတနာသုံးဦး၊ မဖူးမသွား၊ တရားမနာ၊ လှူဒါမပေး၊ မလုပ်ကျွေးကြ၊ မိနှင့်ဘကို၊ ညွတ်ခကော်ရော်၊ မပူဇော်ဘဲ၊ ရှောင်လွဲကာငြား၊ သားတို့များလည်း၊ မီးဝါးပူထဲ၊ လွဲမည်ခဲ၏၊ ဆင်းရဲကြီးစွာ၊ ရှိသောခါမှ၊ မွေးမယ်တ၍၊ မြင်ကြလာပါ၊ ငါကြမ္မာဟု ပူဆာဒုက္ခ၊ စိုးရိမ်တလျက်၊ ဘယ်နှစ်ရက်မှ။ ။ထွက်မည်အလှန်ခဲ၏တည်း၊

## ၉-ဆရာကို ပြစ်မှား၍ အပြစ်ရောက်သည်ကို ပြဆိုရာ

၄၄။ ဤသို့ဖြင့်၍၊ ချစ်လည်းချစ်စွာ၊ ညိသိဿကို၊သာလည်းသာချို၊ လက်ာဆို၍၊ ချိုလည်းချိုမြက်၊ လေးလေးနက်သား၊ ခက်လည်းခက်စွာ၊ ဥပမာဖြင့်၊ နာလည်းနာဘွယ်၊ ထုံးနည်းသွယ်၍၊ မကျယ်မကျဉ်း၊ စိုးတစဉ်းမျှ၊ ဆိုလိုက်ပြသား၊ ငါ့စကားကို၊

မှတ်သားကုန်ပါ၊ ညီသိဿာတို့၊ ဆရာမိဘ၊ တ-န သွန်သင်၊
ကျေးဇူးတင်သား၊ သူတို့များကို၊ ပြစ်မှားရှာ၍၊ သေပါလေဘူး၊
ိုတထူးကား၊ မြစ်နားတလျှောက်၊ ကထွက်ပေါက်၌၊ မြှောက်၍
ကစား၊ ဥဗျိုင်းအားကို၊ ယောကျ်ားတယောက်၊ မြင်လေမြှောက်
လျှင်၊ တုမြင်တတ်ရ၊ ဖြစ်ပေစွ့ဟု၊ စ၍လည်းသင်၊ မိုဃ်းကောင်း
ကင်သို့၊ မြှောက်တင်လိုက်သား၊ သစ်ချွန်များကို၊ မြေအားမကျ၊
ခံတွင်းဟ၍၊ လျှာမျှမထိ၊ ကိုက်နိုင်ဘိမှ၊ အုတ်ခဲစသည်၊ လုံမ
လုံသေး၊ ထက်စွာသွေးသား၊ သန်လျက်သွားကို၊ ကိုက်ထားတို့
နိုင်၊ ပြိုင်သူမရှိ၊ တတ်ခေါင်ထိလျှင်၊ ရှာသို့ဝင်၍၊ များဖြင့်
လာဘ်သပ်၊ အထပ်ထပ်နှင့်၊ အရပ်ရပ်သိ၊ တတ်မြှောက်ဘိ၍၊
မင်းကြီးရင်ပြင်၊ ပွဲသဘင်သို့၊ ဝင်၍ပြလျှင်၊ မင်းကြီးမြင်သော်၊
ရွှင်ရွှင်ပပ၊ အားပါးရ၍၊ ဆုချကြေးငွေ၊ အထွေထွေနှင့်၊ နေ့မှေ့
ချက်ကြာ၊ ရှိပြီးစွာလျှင်၊ လုလင်ဘယ်မှာ၊ ဘယ်ဆရာတွင်၊ သင်မပါ
သနည်း၊ ဖြည်းဖြည်းသံမြ၊ မေးလေကလျှင်၊ ကျွန်ုပ်တွင်၌၊
သွန်သင်ဆရာ၊ မရှိပါဟု၊ ရှိကြာလက်စုံ၊ လျှောက်ပြီးတုံမှ၊ ကမြဲ
ကသော်၊လုံ မ ခံတွင်း၊ အာကိုချဉ်း၍။ ။စင်းစင်း သေလေတုံ၏
ဘည်း။

ရှေးရှေးသောကံပါရမီ၊ တူညီသည့်ဘဝ၌၊ ပေါင်းဘက်ရပေ
သော ပိတ်ဆွေ၊ စေ့စေ့ရေလျှင်၊ မြဲကြွေနိစ္စ၊ ရှိရသည်လည်း
ဘကြောင်း၊ ရှေးဝဋ်ဟောင်းကံ ဆုံ၍၊ မတွေ့ကြုံသော်အလဲ၊
ဖြစ်မြဲမမှတာ၊ တရားကိုရှာပါလျှင်၊ "အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော" ၊ ကျော်စောကိတ္တိ၊ နှံ့သိအကြောင်းကြောင်း
တို့ကို၊ အောက်မေ့၍လည်း နေရ၊ တူကွမကွာ၊ ရွှေဟင်္သာ

မောင်နှံ့၊ ကဲ့သဏ္ဌာန်သို့၊ ပျော်စံသည်ထုံး၊ နှလုံးသွင်းပိုက်၍၊ စိတ်ကြိုက်လိုရာ၊ ပညာကိုတွေးတော၊ ရွှေသဘောဝေကန်၊ ကောင်းရာကို ကြံကြသော၊ မောင်နှံ့စုံ ရွှေဥဒေါင်း၊ ဘုရားလောင်းဇာတ်ပုံ၊ အကုန်သောစကား၊ ရှေ့သို့သွားရလျှင်၊ မခြားမဝေး၊ ပညာနှင့်တွေးပါရော့၊ အဆေးအကောင်း၊ မြော်မြင်လို့ပေါင်းရမည်၊ ပုဂ္ဂိုလ်ဟောင်း သုခမိန်၊ အကြိမ်ကြိမ်အကြောင်းတည်း။

ပုတ္တောဝါဒ ဆုံးမစာ ဤတွင် ပြီး၏။

# လောကသာရဆုံးမစာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**၁။** ကြားပိမ့်သူမြတ်၊ အများမှတ်စိမ့်၊ ဟိတတ္ထိက၊ ဩဝါဒဖြင့်၊ ဆုံးမပေးထွေ၊ နားဝင်စေလော့၊ နေသို့ထင်ရှား၊ ဘုရားတရား သံဃာ၊ ရတနာထွတ်ထား၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်ထက်၊ အမြဲရွက်၍။ ။စုံမက်သဒ္ဓါ ကြည်စေမင်း။

**၂။** အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပွဲပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍။ ။ကောင်းကျိုး ကိုယ်၌ တည်စေမင်း။

၃။ သူကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့၊ ဆိုဘုံ့မဝံ့၊ စောင်မာန်ညံ့၍၊ ကြောက်ရွံ့ရိုသေ၊ သည်းခံထွေဖြင့်။ ။ကောင်းနေနှလုံး ယဉ်စေမင်း။

၄။ ဆန္ဒဒေါသာ၊ ဘယာမောဟာ၊ အပါယ်ကျသား၊ ဓမ္မလေးမည်၊ ဂတိတည်လျက်၊ နတ်ပြည်လူ့ရွာ၊ ချမ်းသာကောင်းမွန်၊

စံခုန်ဆန်၍၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ လှူဒါန နှင့်၊ ပုညလယ်မြေ၊ စိုက်ကြဲထွေဖြင့်။ ။ပျိုးခြေအပင် စည် စေမင်း။

၅။ **ကိုယ်နှုတ်နှလုံး**၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို၊ မေတ္တာ သက်ပေ၊ လှူဘို့ဝေ၍၊ စိတ်စေကြည်သန့်၊ သဘောမှန်သား၊ ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်. မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍။ ။မြဲပင်စင်းလျင် ပေါင်းယှဉ်မင်း။

၆။ **ပညာမျက်စိ**၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့် စရိုက်၊ လူသူမိုက်ကို၊ မကိုက်မချစ် ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍။ ။အမြဲခွာရှင်း ဖဲကြဉ်မင်း။

၇။ **ပါဏာတိပါတ်**၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မပူသေစာ၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါန လှူဝတ်၊ ရက်မချုတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည် ခိုက်ရန်၊ သူ ကျူး လွန်လည်း။ ။စောင်းမာန်မပြင်း ယဉ်စေမင်း။

၈။ မိခင်ဘခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍ လုပ်ကျွေး ခယ၊ ငုံ့တုပ်ကုလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညိုသွတ်ဘိမ်း၊ ပိုက်ထုပ်သိမ်း၍။ ။ခပ်သိမ်းမယွင်း ငြိမ်း စေမင်း။

၉။ **စတုဒိသာ**၊ လေးမျက်နှာမှ၊ ရောက်လာအများ၊ ပဏ္ဏား ရဟန်း၊ ဆွမ်းပန်းချီတဲ့၊ ရိက္ခာမဲ့ကို၊ သယ်ခဲ့ဥစ္စာ၊ အိမ်လှောင် ခါ၌။ လှွယ်ကာထားယူ၊ ထိုသူ့သို့၊ လိုဘူမှတ်သား၊ သနား မြတ်လေး၊ ဝတ်စားပေး၍။ ။ကျွေးမွေးထံရင်း ငြိမ်းစေမင်း။

၁၀။ **အနိစ္စနှင့်**၊ ဒုက္ခ, အနတ္တာ၊ သုံးပါးလက္ခဏာ၊ မချာ အောက်မေ့ တစေ့စေ့လျှင်၊ အလေ့အထ ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ ငါးဖြာနာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဘန်၊ စက်အဟန်သို့၊ ဘန်တလဲလဲ၊ ဝဋ်ဆင်းရဲကို၊ ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်။ ။ရှိသေ သည်းတွင်း ကျိန်းစေမင်း။

၁၁။ **လောဘဒေါသ**၊ မောဟာသူပျက်၊ နေ့တိုင်းဖျက်၍၊ အမျက်လည်းလွန်၊ တဖျင်သန်လျှင်၊ ပြေးလွန်ဖင်ဖင်၊ အာရုံ မြင်က၊ ခင်ခင်မွတ်မွတ်၊ လိုက်လံတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထုံပိုင်းမချာ၊ ယဉ်စိမ့်ငှာလျှင်၊ ။ပညာထိန်း၍ မှိန်းစေမင်း။

၁၂။ **လယ်လုပ်** ကုန်သွယ်၊ ရောင်းဝယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပါးပါးလျှင်၊ အပွားအရင်း၊ လတွင်းတက်တိုး၊ ထမ်းပိုး နှစ်လည်၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြံ၊ လုပ်ကြံကြိုးစား၊ ကျွန်သွားဆိတ်ဝက်၊ ဝမ်းဘဲငှက်နှင့်၊ ကြက်က မကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ တန္ဒီပယ်ရှောင်း၊ ထပ်ကာ လောင်းလျက်၊ ပဲပြောင်းစပါး၊ ကျီပြည့်ထား၍၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်။ ။မျိုးဆွေမှီတင်း ကြွယ်စေ မင်း။

၁၃။ ထုံးတီးနည်းနာ၊ အဖြာဖြာ၌ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြမ်းမောင်းသည်းခံ၊ ဆရာထံ၌၊ သင်အံကျက်လေ့၊ တနေ့တပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို။ ။ဆည်းပူးသန့်ရှင်းကျယ်စေမင်း။

၁၄။ ဘေးဘိုးစဉ်ဆက်၊ မပျက်သုံးစွဲ၊ ကျင့်မြဲလုံ့လ၊ စာရိတ္တဖြင့်၊ မိဘအလိုက်၊ စရိုက်ကျင့်ရိုး၊ အမျိုးနွယ်လျှင်၊ စောင့်စည်းကြည့်၍၊ အယှဉ်အပေါင်း၊ ခင်ပွန်းကောင်းနှင့်၊ သူဟောင်းသက်ကြီး၊ ထုံးနည်းတီးကို၊ မငြီးမငွေ၊ မှတ်ကျက်လေ့လျက်၊ ခြေစက်သွေ့စကား၊ စပ်ကြားသူပျက်၊ ကုန်းတိုက်ဖျက်လည်း။ ။ရက်ရက် မယုံလွယ်နှင့်မင်း။

၁၅။ သူတော်တကာ၊ ဟတ်စရာသား၊ ဖဋ္ဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်ငှါ၊ ထိုသိပ္ပကို၊ နှံ့မျှလုံခြုံ၊ မတတ်တုံလည်း၊ တစုံတခု၊ တတ်အောင်ပြု၍၊ လူမှုအိမ်ထောင်၊ စီးပွားဆောင်လော့၊ ညဉ့်မှောင်မသိ၊ ကြက်မျက်စိသို့၊ မိမိကိုယ်ဘို့၊ အတတ်ချို့လည်း၊ သူတို့ပြစ်ဘင်၊ ဆင်းရဲမြင်အံ့၊ ထင်ထင်မျက်မြော်၊ မကော်ရော်သည်။ ။အို သော် သူ မရယ်စေနှင့်မင်း။

၁၆။ ဃရာဝါသ၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြနယ်မြေးသား၊ လူရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ်မာအတတ်၊ ချားရဟတ်သို၊ လှည့်ပတ်ပြီးမှ၊ ကြံတွက်ဆ

လျက်၊ လုံ့လပင်စည်၊ အရင်းတည်က၊ ခက်ရှည်ပညာ၊ ချမ်းသာ အသီး၊ ကြီးစ ရွှေရွှေ၊ အ ဓလေ့ဖြင့် မမေ့မကျန်၊ လူမှုပွန်လျက်၊ စောင်းမာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍။ ။နှလုံးသန့်စင် ကြယ် စေမင်း။

၁၇။ လေးကျွန်းထိပ်ခေါင်၊ မြင့်မိုရ်တောင်နှင့်၊ ချိန်ဆောင် နိုင်းလည်း၊ အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ အမိကားတိုက်၊ သိုက်ကားမယား၊ သားကားနွယ်ဆက်၊ ခက်လက်မျိုးဆွေ၊ ကျွန် ခြေရွှေနှင့်၊ အုပ်ထွေမကွဲ၊ လူခဲအား၊ ဆင်းရဲဖျောက်ပယ်၊ ချမ်းသာကယ်၍၊ လူဝယ်လူကောင်း ဖြစ်တော်ရှောင်းဟု၊ လူပေါင်းပြောပ၊ ချီးမွမ်းရလျက်၊ ကြောင့် ကြ ဘေး ဘျမ်း၊ ဖျောက်နိုင်စွမ်းသား၊ စိတ်ဝမ်းဖြောင့်တန်း၊ ဆွေခင်ပွန်းကို။ ။ ချစ်ပန်းနှံ့ မပြယ်စေနှင့်မင်း။

၁၈။ ဇေ့ မြေ့သိပ်သည်း၊ ရွှေရွှေ ဆည်းလော့၊ စရည်း အိုးခွက်၊ ကြီးစွာလျက်လျှင်၊ တံစက်ကျများ၊ ပြည့်သောလားသို့၊ ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊ ဖို့သည့် ခြင်းရာ၊ လူလိမ်မာတို့၊ ဥစ္စာဆည်းထွေ၊ ဘတ်လှစေလော့၊ ကြွက်သေတခု၊ အရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး၊ သေဌေးထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်ကို။ ။သူ့ထက်လုံးကယ် ကြွယ် စေမင်း။

၁၉။ လုံ့လပညာ၊ လိမ်မာတတ်တုံ၊ ဆင်ငွယ်စုံသို၊ ကိုယ်ယုံ မြဲမြံ၊ ကောင်းအောင်သံသား၊ လုပ်ကြံသေသပ်၊ ယောကျ်ား မြတ်တို၊ မှတ်ာည့်အတိုင်း၊ ပြည့်လိုင်းချမ်းသာ၊ စီးပွားရှာအံ့၊ ပညာချိတ့်၊ လုံ့လမဲ့ဟု၊ ကဲ့ရဲ့သဂြိုဟ်၊ သူများဆိုလည်း၊ ကိုယ်ကို

မချစ်၊ အကျင့်ညစ်သား၊အပြစ်ဘွဲ့ပို၊ လူသွမ်းတို့ကား၊မည်သို့မသိ၊ ပျင်းရိရိလျှင်၊ ရှိသည်ကိုယ်ဘို၊ ကုသိုလ်ပိုက၊ ငါတို့နေရာ၊ စီးပွားလာအံ့၊ ကြမ္မာကိုယ်ချည်း၊ မှတ်ထင်ရည်း၍၊ ကျင့်နည်းညွဲ့ဆိုး၊ သူပျက်ထုံးကို။ ။နှလုံး မငြိတွယ်စေနှင့်မင်း။

၂၀။ ကျောင်းတော်ခရီး၊ လမ်းမကြီး၌၊ ပင်ထီးပညောင်၊ မြစ်တထောင်နှင့်၊ မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်လျက်၊ ရိပ်လည်းမှိုင်မှိုင်၊ လေမနိုင်လျှင်၊ ပင်ခိုင်သီးမှည့်၊ အပြည့်ကျေးငှက်၊ စားလျက်သောင်းသဲ၊ မှိုင်ငဲလူငိုလ်၊ ရိပ်ခိုအများ၊ ခရီးသွားတို့၊ နေနားပျော်ရှင်၊ ထိုသစ်ပင်ကား၊ ဝင်လာသသူ၊ ခပ်သိမ်းလူကို၊ ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို့၊ လူ့ဘောင်ကောင်းကြွယ်၊ လူကုံကယ်လည်း၊ ထိုနှယ်လည်းကောင်း၊ ဖြစ်တုံရှောင်း၍၊ မျိုးပေါင်းဆွေဝါး၊ လူအများကို၊သနားကြင်နာ၊ စီးပွားရှာ၍၊မေတ္တာမကောင်း၊ မ၀ ခြင်းဖြင့်။ ။ထဲရင်း မှိုကိုးကွယ်စေမင်း။

၂၁။ ပျူပျူငှာငှာ၊ လူတကာကို၊ သာသာချိုချို၊ ချစ်ဘွယ်ဆို၍၊ စိုစိုပြည်ပြည်၊ ကျင့်မှုနည်ဖြင့်၊ လည်လည်ပတ်ပတ်၊ လောကဝတ်၌၊ ပြတ်ပြတ်သားသား၊ အပြားပြားလျှင်၊ မှုများခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်၊ သူစိမ်းသူကျက်၊ ပေါင်းဘက်သရွေ၊ မိဘတွေ့သို့၊ မွှေ့မွှေ့ လျော်လျော်၊ ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်၊ ဝတ်စားထောက်ပံ့၊ ဖြန့်ဖြူးနှံ့လျက်၊ အလွှံ့ ကျွန်ကျေး၊ ဆွေသားမြေးကို။ ။ကျွေးမွေးမညှိုးငယ်စေနှင့်မင်း။

၂၂။ **လောကသာရ**၊ ကျမ်းအစဥ်၊ ဆုံးမစကား၊ မျိုးလေးပါးတို့၊ မှတ်သားစိမ့်ငှာ၊ ပျိုလင်္ကာဖြင့်၊ နည်းနာထွေပြား၊ ထုံးပေါင်းကြွားသည်။ ။တခြား ပဌမ ပိုင်းတည်း။

၂၃။ ပြည်သူ့ထွတ်ဦး၊ ဘုန်းရောင်မြူးသည်၊ ရန်ငူးလူ့ဘောင်၊ ထွတ်ခေါင်ရာဇာ၊ ဆုံးမနာလေ့၊ ကမ္ဘာအံ့စ၊ မဟာသမ္မတ၊ ခတ္တိယတို့၊ နေကြကျင့်ရိုး၊ ကောင်းကျိုးအလှူ၊ စွန့်ကြဲမှုလည်း၊ စိတ်ယူဖြောင့်စင်း၊ နူးညံ့ခြင်းနှင့်၊ သီတင်းစောင့်စည်း၊ မျက်နည်းသည်းခံ၊ ခြိုးခြံသမှု၊ မပြုညှဥ်းဆဲ၊ ဆင်းရဲမရှာ၊ မေတ္တာသက်ဖြန့်၊ လူအဝန့်အား၊ မဆန့်ကျင်စေ၊ ဤသို့ရေသား၊ ဆယ်ထွေစောင့်ကြပ်၊ တရားကွပ်၍၊ လက်ယပ်ခေါ်ပြု၊ သင်္ဂြိုဟ်မှုလည်း၊ လေးခုအစေ့၊ ပြကတေ့ဖြင့်။ ။ကျင့်လေ့ မကြွင်းကျန်စေနှင့်မင်း။

၂၄။ ပြည်ကြီးသနင်း၊ မင်းတို့သော်ကား၊ သူတပါးထက်၊ ဆယ်ဆတက်၍၊ အိပ်စက်နည်းပါး၊ လူအများကို၊ စီးပွားချမ်းသာ၊ နေ့တိုင်းရှာလေ့၊ အခါခပ်သိမ်း မှုဒိမ်းခိုးသူ မပြုစေရ၊ ဆုံးမကွပ်ညှပ်၊ ပညတ်မလွန်၊ ရှေးမွန်မင်းတို့၊ ညွှန်ခဲ့သော်တိုင်း၊ ကျင့်သမိုင်းဖြင့်၊ နှုန်းနှိုင်းမယွင်း၊ တမျဉ်းခင်းသို့၊ ကျင့်ခြင်းမချွတ်၊ တည့်မတ်မတ်လျှင်၊ လူနတ်ချစ်ဘွယ်၊ ကျေးဇူးကျယ်၍။ ။ကျင့်နယ် လမ်းငြိမ့်မှန်စေမင်း။

၂၅။ မဖေ့မာလျှော့၊ မပေါ့လုပ်ကြံ၊ ကျွန်ကိုယ်ရံလည်း၊ မြဲမြံစောင့်ရှောက်၊ ထက်အောက်တင်းပြင်၊ မှမ်းဖြင်အပြည့်၊ အိပ်ဘန်ထည့်လျက်၊ အကြည့်အရှု အမှုမသင့်၊ အကျင့်မကောင်း၊ အဟောင်းအသစ်၊ ထွက်ဝင်စစ်၍၊ ကျွန်ချစ်ကျွန်ယုံ၊ ထမ်းကို

မှုများ၊ ရေးခြားမြော်မြင်၊ တိုင်ပင်ကြံသီး၊ အမတ်ကြီးကို၊ အနီး ထံပါး၊ သက်စောင့်ထား၍၊ ယုံမှားမဲ့လျှင်း၊ နှလုံးသွင်းလျက်။ ။ ချစ်ခြင်း သူ့ထက် လွန်စေမင်း။

၂၆။ ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ကြံတွေးလှည့်ကာ၊ မသိသာတည့်၊ အရာမြင်မြင်၊ မဖြစ်ခင်က၊ တိုင်ပင်မပြတ်၊ ကျွန်မှူးမတ်နှင့်၊ ကြန်ဘတ်ဟူးရား ပညာများသား၊ ပုဏ္ဏားရဟန်း၊ ရှေ့တွင်ဝန်း၍၊ ကိန်းခန်းဒသာ၊ အခါမေးမူ၊ ကောင်း၏ဟူလည်း၊ ကျင့်မှုမမေ့၊ အမလေ့ဖြင့်၊ အရှေ့အနောက်၊ တောင်မြောက် ရေကြည်း၊ စီစဉ်သည်းလျက်၊ စောင့်စည်းရုံတား၊ ကင်းထောက် ထား၍။ ။မြေခြားသူ မလွန်စေနှင့်မင်း။

၂၇။ သူ့ပြည်သူ့ရွာ၊ သူ့ရပ်မှာ၌၊ ခြင်းရာသိကြောင်း၊ ဉာဏ်ကောင်းရေးဝင်၊ တိုင်ပင်ကြံထွေ၊ သူလျှိုစေ၍၊ မနေ့စုံစမ်း၊ ကြိုးပမ်းလုပ်ဆောင်၊ အားအန်ထောင်လျက်၊ နောက်နောင်မြေး သား၊ ဓိးပွားစဉ်ရှည်၊ တည်စိမ့်သောကြောင်း၊ နှုတ်ကောင်း ဝန်းသာ၊ လက်ဆောင်စာနှင့်၊ စေပါးစင်းလျှင်း၊ ထိုထိုမင်းကို၊ ချစ်တင်းမေးမြန်း၊ ဆွေခင်ပွန်းဟူ၊ မိတ်မှန်းကိုယ်ကို၊ တံတစ်ဆို ၍။ ။ချစ်လိုစကား မှန်စေမင်း။

၂၈။ တို့ပြည်တို့ရွာ၊ တို့ရပ်မှာ၌၊ ဇာတာအံ့လို၊ ဂြိုဟ်လည်း မကောင်း၊ထပ်လောင်းတိတ်ထုံ၊ပျံ့တို့ကျေးငှက်၊ နှုတ်ထွက်စနည်း၊ နှောင့်ရှက်သည်းမူ၊ စောင့်စည်းရုံတား၊ မန္တရားနှင့်၊ ဘမား ကွယ်ကာ၊ လွှတ်စိမ့်ငှာဖြင့်၊ဂြိုဟ်စာပို့ပေး၊ သန္ဓေးပူဇော်၊ သကြံန် ခေါ်၍၊ သုံးဘော်မြတ်စွာ၊ ရတနာကို၊ မကွာကပ်ဆည်း၊ ကောင်း

မှုချည်းတည့်၊ ဖြင့်ပည်းပြောထူ၊ စွန့်ကြဲလှူ၍။ ။ကြည်ဖြူ စိတ်ထက်သန်စေမင်း။

၂၉။ ခပ်သိမ်းပြည်သူ၊ ရဟန်းလူကို၊ သိမ်းမြန်းပိုက်ထုပ်၊ ကြက်သားအုပ်သို၊ မလှုပ်စေကြောင်း၊ ဖြည့်ဖြားယောင်းလျက်၊ ကျင့်ဟောင်းမလွန်၊ တုတ်ခွန်မပြင်း၊ သနားခြင်းဖြင့်၊ နှိပ်နင်းကလူ၊ မပူစေရ၊ ကွပ်ဆုံးမလျက်၊ ထွန်းပပြောင်ပြောင်၊ မိုဃ်းထိပ်ခေါင်ငှ အရောင်ချမ်းလွန်၊ လဗိမာန်လျှင်၊ ပူပန်မရှိ၊ ငြိမ်းလေဘိသို့၊ ဤ္ဃယ်တိရံကာ၊ တင့်တယ်စွာသား၊ပမာပုံသင့်၊ လ္ဍနှယ်ကျင့်၍၊ လင်းပွင့်တိုင်းကား၊ စည်ပင်ပွားလျက်။ ။လူများကောင်းချီး ထွန်းစေမင်း။

၃၀။ လူ့ဘုံ့အထိပ်၊ စိုးမိုးနှိပ်သား၊ တံဆိပ်မှန်ကင်း၊ မင်းတို့သည်ကား၊ ဘေ့နည်စိစစ်၊ ရန်အမြစ်ကို၊ တူးပစ်နိုင်စေ၊ ရန်မြစ်သေမှ၊ ရွာနေပြည်သူ၊ ခပ်သိမ်းလူတို၊ မပူမဆာ၊ ငြိမ်းချမ်းသာအံ့၊ မလာနှစ်ဆစ်၊ မိုဃ်းကြိုးပစ်သို့၊ မနစ်လှာနေ၊ ပျောက်ကြောင်းဖြေလော့၊ ရန်မွေ့မရှည်၊ မလှည့်ဒဲ့စောင်း၊ သူရဲကောင်းကို၊ များကြောင်းဆည်းပူး၊ ပေးကမ်းကြူးလျက်၊ကျေးဇူးအလိုက်၊ သိမ်းမြန်းပိုက်၍၊ ချစ်ကြိုက်သနား၊ ရင်၌သားသို့။ ။ဖြည့်ဖြားမင်းရေး ပွန်စေမင်း။

၃၁။ ကာမဒေဝ၊ စသည်အပြား၊ နတ်လေးပါးတွင်၊ တပါးမည်မှတ်၊ လောကနတ်ဟု၊ လူ့ထွတ်ဦးစွန်း၊ ဘုန်းတော်ထွန်းသား၊ လျှံဝန်းစိုးမိုက်၊ မင်းသို့လိုက်၍၊ ပြည်၌ပြည်သူ၊ မင်းအတူလျှင်၊ ကျင့်မှုမလွဲ၊ သုံးစွဲလေ့လာ၊ ကျင့်ကုန်ရာသည်၊ ရာဇာပြခန်း၊ ကြင့်နန်းမှန်ကင်း၊ အကြောင်းရင်းက၊မင်းလျှင်တယောက်၊

လှံမ စောက်ဖြင့်၊ မကောက်မယွန်း၊ တော်ဖြောင့်တန်းက၊ ထက်
ဝန်းဗိုလ်ပါ၊ လူတကာလည်း၊ ညီညာတော်မှန်၊ မင်းအဟန်သို့၊
ကောင်းမွန်ကျင့်မူ၊ နှလုံးပြုအံ့၊ ပြည်သူ့မျက်ပွင့်၊ ကောင်းအောင်
ကျင့်လော့၊ ပုံသင့်ကျမ်းလာ၊ ဥပမာကား၊ အရာအထောင်၊
နွားကုန်အောင်တွင်၊ ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွား
သော်၊ နွားများစဉ်ဆိုက်၊ ဖြောင့်ဖြောင့်လိုက်သို့၊ စရိုက်ကျင့်မူ၊
ခပ်သိမ်းလူလည်း၊ ထို့တူလည်းကောင်း၊ ဖြစ်ရာရှောင်းသည်။ ။
မင်းကောင်း တော်ဖြောင့် မှန်စေမင်း။

၃၂။ မာသုကုဏ္ဍိမဟာရာဇ၊ မာသုကုဏ္ဍိရထေသဘာ၊ သမ္မုဒ္ဒ
လျှင်၊ ဆုံးမဟောထား၊ ဤတရားကို၊ မှတ်သားလည်းပြု၊ သည်းခံ
မှုဖြင့်၊ ပြည်သူ့ခမည်း၊ မျက်တော်နည်းလော့၊ ဖြုတ်ခြည်း
အမျက်၊ ထွက်သည်မပြင်း၊ လူခပင်းကား၊ မင်းကိုကြောက်
ရှောင်၊ လောင်ပူရဲရဲ၊ ရှားမီးခဲသို့၊ ဝမ်းထဲချွဲချွဲ၊ အမျက်မဲ့လည်း၊
တုန်လှုပ်ရှိမျှ၊ ကြောက်ကုန်ရာရှင့်၊ ပြင်းစွာအမျက်၊ ထွက်ဘပြီး
ကား၊ ကြက်သီးတဝှန်၊ အူချာမွန်မျှ၊ အလွန်အကြူး၊ ကြောက်
မိန်းမူးလျက်၊ ဆူးဆူးရှားရှား၊ အမျက်အားကို၊ တရားဆွဲကိုင်၊
မချုပ်နိုင်လည်း၊ စိတ်ခိုင်တည်တံ့၊ ဆင်ခြင်ငံ့၍၊ မဝံ့နှစ်ဆစ်၊
ကြိမ်ဘန်ဆစ်၍၊ အပြစ်အလျောက်၊ သုံးကြိမ်မြောက်မှ၊ သေ
လောက်ယျော်ဘေး၊ မင်းဒဏ်ပေးလည်း။ ။ကျွပ်ရေးဖန်များ
စေနှင့်မင်း။

၃၃။ ခပ်သိမ်းပြည်သူ၊ လူတို့ထိပ်မိုး၊ ရေမြေစိုးသည်၊ ပြည့်ဖြိုး
ချမ်းသာ၊ ကျင့်ရာအများ ခုနစ်ပါးလျှင်၊ ဂိုးပွားစင်စစ်၊
ကောင်းသည်ဖြစ်၍၊ ရှင်ချစ်ဘုရား၊ မင်းတို့အားကို၊ ဟောထား

ခဲ့သည်၊ ခုနစ်မည်ကား၊ လူ့ပြည်စောင့်တတ်၊ နတ်ကိုမြတ်နိုး၊
အမျိုးဆွေနီး၊ သက်ကြီးရိုသေ၊ ပြည်နေရွာသူ၊ နိုင်ထက်မူဖြင့်၊
မယူသားမြေး၊ မှုရေးတိုင်ပင်၊ ညီညွတ်အင်နှင့်၊ လာချင်ထက်ဝန်း၊
ရဟန်းပုဏ္ဏား၊ သိမ်းပကားဖြင့်၊ တရားမယွင်း၊ ဖြည့်တင်း
မွေးကျွေး၊ မလာသေးသော်၊ နိုးဝေးရပ်သား၊ သူတို့အားကို၊
မသွားစေအောင်၊ ကျေးဇူးဆောင်လျက်၊ ပြည်ထောင်အရေး၊
ရှေးကကွပ်သည်၊ ပညတ်မလွန်၊ လမ်းမှန်စိုက်စိုက်၊ ရာထပ်လိုက်
လျက်၊ တိမ်တိုက်လှစ်ထွန်း၊ လအဝန်းသို့၊ လေးကျွန်းရိပ်မှောင်၊
ဘုန်းအရောင်ဖြင့်၊ ပြောင်ပြောင်ဝင်းဝါ၊ ငြိမ်းချမ်းသာ၍။ ။
ပြည်ရွာတိုင်းကား ပွားစေမင်း။

၃၄။ **ကမ္ဘာရင့်ဖိုး၊** ရှေး ကောင်းကျိုးကြောင့်၊ တန်ခိုး
ထွန်းလျှံ၊ လူ့ထိပ်စံသား၊ ဘုန်းခံ့ရန်နှည်၊ မင်းတို့သည်ကား၊
အရှည်ရေးရာ၊ မြင်နိုင်စွာသား၊ လိမ္မာကဝိ၊ ပညာရှိကို၊ ပီတိ
ချစ်ပြင်း၊ နှလုံးသွင်း၍၊ ဆိုခြင်းထွက်သံ၊ နားပါးခံလျက်၊ ထုံးစံ
နည်းနာ၊ တိုင်ပင်ရာ၏၊ ဉာဏ်ဝါကွန့်မြူး၊ ဂုဏ်ဖြင့်ထူးသား၊
ကျေးဇူးရောင်ငြိ၊ ပညာရှိနှင့်၊ ပြည်ကြီး့သနင်း၊ ပြည့်ရှင်မင်းတို့၊
မကင်းစေရာ၊ ဥပမာကား၊ ရတနာမြတ်ဂူ၊ နန္ဒမူဍ၊ မဉ္ဇူပန်းလား၊
ကျော်ထင်ရှားအုံ၊ နှစ်ပါးပေါင်းဘက်၊ အကျိုးနက်အုံ့၊ ထမ်းရွက်
ဆောင်ပို၊ ပြည်ထဲမှုကြောင့်၊ စောင့်မြင်ပြီး၊ ပညာကြီးကို၊
ထုံးတီးစုံရှေး၊ ပုံစံမေး၍။ ။ကျင့်ရေး လွန်ထူးပြားစေမင်း။

၃၅။ ဆင်မြင်းရထား၊ ခြေသည်အားနှင့်၊ လေးပါးစစ်အင်၊
စစ်ဘုရင်လည်း၊ မွမ်းဖြင့်ဖြိုးထွေ၊ များလှစေလော့၊ အနေမကျ၊
ရန်စစ်ထသော်၊ ဖြဖြလိုက်လံ၊ စစ်ဦးနှံမှ၊ ငွံ့လေရှုံ့ရှုံ၊ နောက်မဝံ့

တည့်၊ ဖို့ရှိသည်းတည်း၊ ကြောက်ရှိသည်း၍၊ သရည်းလေဘွယ်၊ ရန်စစ်သွယ်လိမ့်၊ မပြယ်လေသိမ်း၊ စစ်မက်ကြီးမှု၊ ပွန်းတီးမှုဆောင်၊ သူရဲခေါင်ကို၊ ဆင်ပြောင်မုန်တပ်၊ မင်းစီးအပ်၍၊ နောက်ထပ် အများ၊ ဆင်မြင်းပြားလျက်၊ ရှေ့ဖျားတီထွင်၊ စစ်စီရင်လော့၊ စစ်ဆင်သုံးပါး၊ အဖျားဖြီးတပ်၊ ပွင့်ချပ်ကြာသွင်၊ ဆင်လည်း ချွန်းတည်း၊ မြင်းလည်းဇက်ချုပ်၊ ခြေသည်အုပ်လျက်၊ စစ်ရုပ် အဝန်း၊ ကော့ယွန်းထွက်ဟန်၊ လှည်းသဏ္ဌာန်သို၊ တတ်ပွန် နားဝင်၊ စစ်ရေးဆင်၍၊ အောင်မြင်စိမ့်တွေ့၊ ဥပဒေဖြင့်၊ စစ်မြေ အရပ်၊ စစ်မှူးကွပ်လျက်၊ ရှုပ်ရှပ်ထိုးခုတ်၊ ကြက်ရဲစုတ်သို့။ ။ အားထုတ် လွန်ကြိုးစားစေမင်း။

၃၆။ သာပျာမစွ၊ စသည်အင်္ဂါ၊ ဒုနစ်ဖြာကို၊ ပြည်ရွာ ပြကတော့၊ စုံစေ့လျှင်းအောင်၊ ပြည်ထဲဆောင်သည်၊ ပြည်ထောင် ဟူကာ၊ ပြည်ကိစ္စကို၊ လုံ့လဖြိုထူ၊ နှလုံးမူလော့၊ ရန်သူကြောက် ဘွယ်၊ နက်ဝှမ်းကျယ်သား၊ ပင်လယ်ကျုံးမြောင်း၊ ရေနေ ကောင်းလျက်၊ ရဲလောင်းရင်တား၊ တံခါးတုရိုင်၊ ကြံ့ခိုင်မြို့ကို၊ တသိန်းဖြိုးလည်း၊ မပြိုနိုင်မှု၊ ကြီးကျယ်ထုနှင့်၊ မျက်ရှုလှတင့်၊ တန်ဆောင်းဆင့်၍၊ သွယ်မြင့်ပြသောင်၊ မြားမြောင်လက်နက်၊ မြို့ထက်ပတ်လျှောက်၊ စစ်တဲဆောက်၍၊ ရင်လျှောက်ပတ်ကုံး၊ သူရဲဖုံးကာ၊ စာသည်မကျန်၊ တမ်းခွန်လောက်လှဲ၊ ငှုရဲကာစ၊ အနေ ကျလျှင်၊ သဗ္ဗကိရိယာ မြို့တန်ဆာလည်း၊ များစွာပြည့်နှက်၊ ကြံစည်နှက်လျှင်၊ ကြမ်းခက်ရမာန်၊ ခြသေ့ဟန်သို့၊ ရန်ကိုကဲမိုး၊ မိုးယံနယ်ကြိုး၍။ ။တန်းခိုး ကျော်ထင်ရှားစေမင်း။

၃၇။ အမျိုးလေးပါး၊ ပုဏ္ဏားပုဏ္ဏေး၊ သေဋ္ဌေးသူကြွယ်၊ ကုန်သွယ်စည်ပင်၊ သူထင်သူရှား၊ ပြည်နေများလျက်၊ စပါးရေဆန်၊ ပြည့်ဟန်ဖြင်မြဲ၊ ပြောင်းပဲလူးဆပ်၊ အထပ်ထပ်လျှင်၊ အလပ်မြေနည်း၊ လုပ်ကြံဆည်းမှု၊ ပစ္စည်းဖြင်ပြီး၊ ပြည်ကြီးလက္ခဏာ၊ ရေစာလောက်ငံ့၊ စေ့နှံ့သိုထား၊ ဆေးသမားနှင့်၊ ဟူးရားမဂ္ဂဝ၊ တတ်လိမ္မာသား၊ ရေးရာပွန်းတီး၊ မတ်ကြီးကြံထက်၊ တုံသက်တိုင်ပင်၊ မြော်မြင်ကျိုးကြောင်း၊ ခင်ပွန်းကောင်းတည့်၊ စောလောင်းကျင့်အပ်၊ စောင်မကပ်လျက်၊ ထူထပ်တိုင်းကား၊ များလေအောင်လျှင်၊ ပြည်ဆောင်နေမျိုး၊ လုပ်ဆောင်ကျိုးလော့၊ မတ်ရိုးဆင်သည်၊ စစ်ကျင်လည်သား၊ ခိုင်ကျည်သူရဲ၊ ရန်မဘဲကို၊ ချစ်မြဲမြတ်လေး၊ ကြေးကောင်းပေး၍၊ သိမ်းမွေးပြည်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်။ ။လွန်မင်း ချစ်သနားစေမင်း။

၃၈။ အဝေါင်ကြငှန်း၊ လူ့ထိပ်ထွန်းသား၊ ဦးစွန်းအချော၊ မင်းတကာတို့၊ ပမာပုံခင်း၊ ခြင်္သေ့မင်းနှင့်၊ ကျင့်ခြင်းတပြေ၊ တူကြစေလော့၊ လေးထွေအရိုး၊ ခြင်္သေ့မျိုးတွင်၊ တန်ခိုးကြီးဝေါင်၊ တောသုံးထောင်ကို၊ စိုးဆောင်နှိပ်နင်း၊ စွမ်းအားပြင်းသည်၊ သားမင်းမြတ်စွာ၊ ကေသရာလျှင်၊ အာဒါနိစ္စ၊ သဘာဝဖြင့်၊ သူရဇာတိ၊ ရဲခြင်းရှိသည်၊ မိမိအစာ၊ ရှာလိုကာမှ၊ နေရာကျောင်ဂူ၊ တွက်လတ်ပူသော်၊ ရန်သူရှုကြည့်၊ ငဲ့လှည့်မျက်စောင်း၊ ခြိမ်းမောင်းဟောက်သံ၊ မြူးထူးစံမှ၊ ချံ့ချံ့စိုက်စိုက်၊ သားကိုလိုက်၍၊ သတ်ကိုက်စီးနှံ့၊ သွေးသံသောက်တုတ်၊ အားကိုထုတ်၍၊ ကိုက်ဆွတ်နှိပ်နယ်၊ ကြီးငယ်မဟူ၊ လူတို့ထိပ်လယ်၊ စိုးစံပယ်သည်၊ ဘုန်းကြွယ်ရာဇာ၊ ကျင့်အပ်စွာ၏၊ ရေးရာမြော်ရှု၊ ခပ်သိမ်းမှုကို၊ ဗဟုကိစ္စ၊

ဟူသမျှလျှင်၊ လို့လပည်းထူ၊ အားကိုးမှုဖြင့်၊ ရန်သူစဲ၍။ ။ ပြည်ထဲပွင့်လင်း သာစေမင်း။

၃၉။ နရာဓိပတိ၊ သိဒ္ဓိထွန်းတင်၊ မြတ်ဆုံးထင်သည်၊ပြည့်ရှင်းဘုန်းလျှင်း၊ ကျင့်နည်းခိုင်း၍၊ ဥဗျိုင်းငှက်တူ၊ ကျင့်တော်မူသော်၊ ဖူသည်အဆင်း၊ မွေးရောင်ဝင်းသား၊ လည်ကျင်းခြေရှည်၊ထိုငှက်သည်ကား၊ ဘွေနည်းအစာ၊လှည့်ပတ်ရှာ၍၊ မြစ်သာမြစ်လောင်း၊ ချောင်းမြောင်းကမ်းနား၊ သွားလာမွေ့ညက်၊ ငြိမ်သက်လျှမ်နွေ၊ ကြည့်ထွေရှုစိမ်း၊ မိန်းမိန်းနေလျက်၊ ရေမပွက်ကျင်၊ ငါးကိုမြင်သော်၊ ခုန်မင်လျှပ်လျှပ်၊ ဂုအောင်ဟပ်သို့၊ ပြည်ဘွပ်လူမှုး၊ စောရန်ငူးလည်း၊ ဆူးဆူးကျင့်မူ၊ ဗျိုင်းအဘူလျှင်၊ ဟူဟူသရွေ၊ အ ဓလေ့ဖြင့်၊ မမေ့စောင့်ရှောက်၊ သာလျှောက်ဖြည်းဖြည်း၊ ကျင့်သိပ်သည်းလျက်၊ တိုင်တည်းသမူ၊ မြော်ကြည့်ရှုမှု၊ အန်တုအန်ပ၊ အစထော်လော်၊ ပေါ်သည်အကြိုက်၊ ကွပ်ညှပ်လိုက်၍။ ။နောက်၌ ရန်မလာစေနှင့်မင်း။

၄၀။ ဗာဟုဗလ၊ စသည်တွက်ရေ၊အားငါးတွေဖြင့်၊ တိုင်းခြေသေဌ်နင်း၊ မင်းတို့သော်သာ၊ ပြည့်နိုင်ရာဟု၊ မြတ်စွာဘုရား၊ ဤလူများကို၊ ဟောကြားမိန့်မြွက်၊ ရွှေနှုတ်နက်ဖြင့်၊ မပျက်စေအောင်၊ ကျေးဇူးဆောင်လော့၊ လူ့ဘောင်လူ့ထွတ်၊ လူမင်းမြတ်တို့၊ ဆင်မှတ်တန်းဆာ့၊ ရတနာသို့၊ မကွာမြဲတည်၊ အင်ငါးမည်တွင်၊ အထွတ်ဘင်သား၊ မျက်ရှင်အလား၊ ပညာအားဖြင့် စီးပွားမြင်နိုင်၊ မြဲကြောင်းကိုင်၍၊ ပြည့်လှိုင်ကျေးဇူး၊ အထူးထူးတွင်၊ အမှုးစင်စစ်၊ ရွှေသွားဖြစ်လျက်၊ အပြစ်ခွာရှောင်၊ အကျိုးဆောင်သား၊ တတ်ခေါင်လိမ်မာ၊ မတ်ပညာကို၊ စေပါ

သုံးစွဲ၊ ကိုယ်ဥ်မြဲက၊ ငရဲမလား၊ ရှေးရှုသွား၍၊ မြတ်ဖျားနိဗ္ဗာန်၊ ခရီးညွှန်ရှင့်၊ သမန္တစက်၊ အမြင်နက်သား၊ ပွားတက်ပညာ၊ မတ်လိမ္မာအား၊ ဆရာတဆူ၊ တိုင်ပင်မှုလျက်၊ ဆုံးမခက်သား၊ သူပျက်တယောက်၊ ပါယ်မကြောက်ကို၊ နှင်ချောက်ခြိမ်းမောင်း၊ စီးတစောင်းလျှင်၊ ထောင်းထောင်းညက်ညက်၊ မျက်နှာဖျက်၍။ ။ရန်ဘက် မညှာတာစေနှင့်မင်း။

၄၁။ . အပွးမယျ၊ အနန္တလျှင်၊ ဆုံးစမထင်၊ ကမ်းမမြင်သား၊ ဒရပြင်ဝန်းကျယ်၊ ပင်လယ်မြစ်မ၊ သမုဒ္ဒဉ်၊ ငါးရာ့ငါးစင်း၊ မြစ်ခပင်းတို့၊ စင်းလျှင်းမချာ၊ စီးဝင်လာသို့၊ ချမ်းသာခေါင်ရောက်၊ မင်းဖြစ်မြောက်က၊ထပ်လှောက်ရတနာ၊ များလှစွာသား၊ ဥစ္စာရွှေငွေ၊ အထွေအပြား၊ အပါးပါးလျှင်၊ ဝတ်စားတန်ဆာ၊ လိုရာရာတည့်၊ မကြာမတင်၊ ရောက်လာကျင်လည်း၊ လိုချင်သမျှ၊ မပြုလေကျင်၊ ပြည်ကြီး့ရှင်တို့၊ ဆင်ခြင်ကောင်းစွ၊ စိတ်လောဘကို၊ တရာ့ဘစင်း၊ ထီးဆောင်းမင်းတို့၊ လက်ရင်းကြပ်သို၊ ကျမ်းပြုလိုရှင့်၊ သို့ကိုသော်လည်း၊ နည်းသည်နှင်နှင်၊ လိုအင်ပြည့်ခဲ၊ မရောင့်ရဲတည့်၊ ပြည်ထဲသော်ဋ္ဌနင်း၊ မင်းတို့ဘုန်းကား၊ စည်ပင်ပွား၏၊ ပြည်သားပြည်သူ၊ ပြေ့ထူပစ္စည်း၊ ဖြင်ပည်းခိုင်ငြံး၊ ကြွယ်မြောက်ပြီးမှ၊ သစ်သီးခိုင်ညွတ်၊ မှည့်မှဆွတ်သော်၊ ကောင်းမြတ်ရသာ၊ ချိုမြိန်စွာသို့၊ ပမာထို့ဟန်၊ မှည့်ခါတန်မှ၊ တုတ်ခွန်ခိုင်ငြွတ်၊ ပြည်သီးဆွတ်လျက်၊ အလွတ်မစား၊အချိုထား၍၊ အများမွေးကျွေး၊ ဝေငှပေးသည်။ ။ကျင့်ရေးတတ်လိမ္မာစေမင်း။

၄၂။ **ဝသုန္ဓရာ**၊ မြေမျက်နှာထက်၊ ကြမ္မာရေးဘုန်း၊ ကုသိုလ်မှုန်း၍၊ ခါဆုံးချိန်သင့်၊ ကြာနှယ်ပွင့်သား၊ ရင့်သည့်တေဇ၊ တန်ခိုးပလျက်၊ လူမျှားမျက်စိ၊ နရာဓိတို့၊ အဂတိလေးပါး၊ မမှားစေအောင်၊ ကျေးဇူးဆောင်၍၊ တည်ထောင်ကမ္ဘာ၊ အစစ္စာက၊ ဆရာမနု၊ ရသေ့ပြုသား၊ လူမှုဆုံးဖြတ်၊ ဓမ္မသတ်နှင့်၊ ညီညွတ်မယွင်း၊ စောင့်စည်းခြင်းဖြင့်၊ မပင်းမျက်နှာ၊ မနာအားပါး၊ နှစ်ဘက်သား၏၊ အကြားလယ်မှန်၊ ချိန်ခွင့်ဟန်သို့၊ ကေန်ကျကျ၊ မေးမြန်းမှလျှင်၊ မသမတွေး၊ ရှုံးနိုင်ပေးလော့၊ အရေးအလျောက်၊ မဖောက်မှန်ကန်၊ ကျမ်းဥ္ပည္ကန်သား၊ ရှေးလွန်နည်းမိုး၊ ထုံးတီးမှတ်သား၊ ပိုင်းခြားအဟုတ်၊ စက်သွားခုတ်သို့၊ စုတ်စုတ်ထွင်းထွင်း၊ ကြံဆိုးထွင်းလျက်၊ စင်းစင်းမတ်မတ်၊ တရားဖြတ်၍။ ။လူနတ်ကောင်းချီး ညာစေမင်း။

၄၃။ **မဟီပတိ**၊ ယသဿိဟု၊ မြေကြီး့သခင်၊ စည်းစိမ်ဖြင်သား၊ ကျော်ထင်လူ့ပြည်၊ မင်းတို့သည်လျှင်၊ အရှည်မမြော်၊ မတော်မလျှား၊ မေ့လျော့ငြားရ၍၊ တရားမစောင့်၊ မဖြောင့်မစင်း၊ အကျင့်ယွင်းမူ၊ ထိုမင်းလက်ထက်၊ မြေကြီးလျက်လည်း၊ သက်ခဲ့သြဇာ၊ အောက်မှာရွှေလေ၊ ထဲတထွေ၌၊ နေ့ဘိရကား၊ အမျှားပည်းဖြင့်၊ ရောက်လှည့်ကျင်သား၊ သစ်ပင်မသီး၊ မကြီးလုံးဘန်၊ အမွန်ရသာ၊ သြဇာမရှိ၊ ပျက်သိသိတည့်၊ ထိုပြီအပ၊ ဆေးဝါးစသည်၊ တေဇမထက်၊ ပျက်ခဲ့ရသာ၊ စားလေပါလည်း၊ အနာလွတ်ခဲ၊ ရွှေရွှေရှုံလျက်၊ ကောင်းမြဲမကောင်း၊ မိုးဃ်းလေနှောင်း၍၊ သောင်းခဲ့ကောက်ပင်၊ ပျိုးမရှင်တည့်၊ ပြည့်ရှင်မင်းကြီး၊ တရားမှိုးမူ၊ မြေကြီးရသာ၊ သြဇာတိုးတက်၊ ချိုမြက်

သစ်သီး၊ ကြီးလုံးအလှ၊ ဆေးဝါးစသည်၊ တောဇထက်မြတ်၊ ရောဂါလွှတ်၍၊ ရွာဆွတ်မိုဃ်းကောင်း၊ ကောက်မသောင်းတည့်၊ မင်းကောင်းထို့ကြောင့်၊ တရားစောင့်လော့၊ ရှစ်သောင်းမြေပြင်၊ ရန်ကိုသင်လျက်၊ ပြည်တွင်ပြည်သူ၊ ခပ်သိမ်းလူလည်း၊ ဆုယူများစွာ၊ ချစ်ကြင်နာ၍။ ။မေတ္တာမိုဃ်းကြီး ဖြိုးဖြိုးနေ့တိုင်း ရွာစေမင်း။

၄၄။ လက်ာဒိပ၊ သီဟဠဟု၊ နာမပြခန်း၊ သီဟိုဠ်ကျွန်း၌၊ ထွန်းသည်နေသွင်၊ တန်ခိုးထင်သား၊ *သဿဗောဓိ၊ အမည်ရှိသည်၊ မင်းကြီးကျင့်တူ၊ နှလုံးမူလော့၊ နတ်လူချစ်ပြင်း၊ ထိုသည့်မင်းကား၊ စောင့်ခြင်းတရေး၊ မယွင်းမှားတည့်၊ ခိုးသားပူလောင်၊ ခေါင်သည့်မိုဃ်းနှင့်၊ နတ်ဆိုးဘီလူး၊ စားကြူးလူသား၊ ဘေးသုံးပါးကို၊ သိကြားနတ်တိုင်၊ ခိဋ္ဌာန်လိုင်လျက်၊ အသက်စွန့်စား၊ ပြည်သူများကြောင့်၊ ဖိတားပျောက်ပေ၊ မိုဃ်းကောင်းစေ၏၊ ကျင့်ထွေလိုလား၊ မတတ်ငြားလည်း၊ ရှိုးရှားဆိုးကောင်း၊ ကျိုးတကြောင်းမျှ၊ မင်းကောင်းမှန်ခဲ၊ ကျင့်မူရဲသား၊ ဘောက်လဲတတ်စွာ၊ သက်ဒန္တာကား အခါမြင့်ရှည်၊ မတည်နိုင်ဘူး၊ ကျေးဇူးသော်မူ၊ လူ့ဘော်မြင့်ကြာ၊ချီးမွမ်းရာလျှင်၊ ကမ္ဘာပတ်လုံး၊ ပြောပဆုံးတည့်၊ ရွေးထုံးနည်းခိုင်း၊ ကောင်းကျင့်လှိုင်း၍၊ လူတိုင်းအံ့အဲ၊ ချီးမွမ်းကဲလျက်။ ။မြင့်မြဲ ကျေးဇူး ကြာစေမင်း။

၄၅။ သဟာ ‌ေနတ္တာ၊ ဝါသဝဟု၊ သက္ကသုရိန်၊ ဒေဝိန်နတ်ဖျား၊ မိုဃ်းသိကြားလျက်၊ တရားစောင့်သူ၊ ကျင့်ကောင်းလူကို၊

* အချို့မူ၌ 'သခ်ဓဗောဓိ' ဟု ပါဋ္ဌပျက်လျက်ရှိ၏။

ရေးယူစိမ့်ငှာ၊ လေးမျက်နှာ၌၊ ကွယ်ကာရန်ထောက်၊ နတ်လေးယောက်ကို၊ စောင့်ရှောက်ပိုင်းခြား၊ အမြဲထားသို့၊ တိုင်းကားအုပ်စိုး၊ ပြည်ထိပ်မိုးသား၊ တန်ခိုးထွန်းလင်း၊ လူတို့မင်းလည်း၊ ကျင့်ခြင်းထို့တူ၊ ဆင်းရဲသူအား၊ ကလူညှဦးဆဲ၊ မနဲစိမ့်ငှာ၊ ရပ်မျက်နှာကို၊ ကွယ်ကာစိမ့်ကြောင်း၊ ကျင့်ကောင်းမှန်ရည်၊သဘောတည်လျက်၊ ကြံစည်နက်နဲ၊ မှူထမ်းရဲသား၊ ခက်ခဲရေးရာ၊ လိမ္မာတတ်မြောက်၊ မတ်လေးယောက်အား၊ လက်အောက်မှာထား၊ လေးဘို့ခြား၍၊ လေးပါးဒိသာ၊ ရပ်ခန်းဝါ၌၊ ပြည်ရွာကိစ္စ၊ ဟူသမျှကို၊ ဆုံးမကံမြစ်၊ အပြစ်မကောင်း၊ မပေးကောင်းဟု၊ အကြောင်းစုံစမ်း၊ရှေးကျင့်တမ်းဖြင့်၊မှူထမ်းအနေ၊ ကွပ်ညှပ်ပေ၏၊ လူ့ဆွေသိကြား၊ လူမင်းဖျားလည်း၊ လေးပါးထပ်တူ၊ ပမာယူလျက်၊ ပြည်သူစောင့်ရှောက်၊ မတ်လေးယောက်နှင့်၊ အံ့လောက်လူ့ဘောင်၊ ပြည်ထဲဆောင်၍။ ။ပြည်ထောင်ကြောက်ရှုံ ရှားစေမင်း။

၄၆။ အာဒါတပါး၊ မြင့်မိုရ်ဖျား၌၊ သိကြားနေရာ၊ စစ်ပြုလာသည့်၊ ပြင်းစွာမျက်ရှိန်၊ အသုရိန်ကို၊ ဒေဝိန်သက္ကာ၊ စီးချင်းချ၍၊ ဒေဝသဘာ၊ သုဓမ္မာဟု၊ ဘာသည်စရပ်၊ အမိုးယပ်တွင်၊ နှောင်ကြပ်အမြဲ၊ တုပ်၍ဆွဲသော်၊ ဆဲဆဲရေးရေး၊ ဟစ်ကြွေးရေရွတ်၊ တတွတ်တွတ်လျှင်၊ အပတ်တကုပ်၊ ကြမ်းကြုတ်စကား၊ နတ်မင်းဖျားကို၊ နွားနှင့်အတူ၊ ငရဲသူဟု၊ ကလူကစာ၊ ဆိုရွာလေချက်၊ မျက်မထွက်တည့်၊ ဆိုဘက်မထိုက်၊ သင်းမှူမိုက်ဟု၊ မှတ်ပိုက်သောထွေ၊ သည်းခံပေ၏၊ ရွှေမြေရပ်စည်၊ ရွှေနန်းတည်သား၊ နတ်ပြည်သေဌ်နင်း၊ သိကြားမင်းလျှင်၊ ခံခြင်းသည်းညည်း၊

အမျက်နည်း၍၊ ရေကြည်းတောတောင်၊ အာဏာဆောင်သား၊ ဘုန်းခေါင်ထွန်းလင်း၊ လူတို့မင်းလည်း၊ ပုံခင်းကျမ်းလာ၊ ထိုထို စာမူ၊ ပြင်းစွာအမျက်၊ မထွက်တို့ရာ၊ ချုပ်မြစ်ထာလော့၊ ပညာ တိုင်တည်း၊ မျက်မာန်နည်းလျက်၊ လူလည်းပြောဟော၊ နတ်ချစ် မောသည်။ ။ကျော်စော ချီးအံ့သြစေမင်း။

၄၇။ လောကသာရ၊ ကျမ်းဂန္ထ၌၊ ဓမ္မရသာ၊ အလင်္ကာဖြင့်၊ တန်းဆာလည်းဆင်၊ ဘွဲ့စီရင်လျက်၊ ကျမ်းမြင်ထွေပြား၊ အပါး ပါးတည့်၊ များသည့်ထုံးနည်း၊ မှတ်ဘွယ်ချည်းလျှင်၊ ပမည်းပမာ၊ နည်းနာနယ၊ ပွတ်ပုံချသို့၊ ခတ္တိယရာဇာ၊ ဇနာဓိပ၊ ဘူပါလဟု၊ လောကထွတ်ဖျား၊ မင်းတို့အားကို၊ စီးပွားချမ်းသာ၊ ဖြစ်စိမ့်ငှာ လျှင်၊ ပညာသေတ္တု၊ ရိုးစည်းပြုလျက်၊ ကျင့်မှုဆန်းပြား၊ ဆုံးမ ကြားသော်၊ ကောင်းဖျားမွန်ရည်၊ ကျော်စောသည်ကား။ ။ အမည်ရာဇ သာရတည်း။

၄၈။ မှတ်ကုန်ကြလော့၊ ဗြဟ္မနွယ်ရိုး၊ ပုဏ္ဏားမျိုးတို့၊ ကောင်းကျိုးစကား၊ ငါလျှင်ကြားပိမ့်၊ ရှေးဖျားကမ္ဘာ၊ အစစွာ က၊ ဗြဟ္မာပိုင်းခြား၊ ဆေးသမားနှင့်၊ ဟူးရားကြယ်မြင်၊ ကောင်း ကင်နက်သတ်၊ တတ်သည်တချို့၊ မီးသို့ပူဇော်၊ ဖြော်ဖြော် မန်းရွတ်၊ ဂြိုဟ်နတ်သန္ဓေ၊ ဦးဆေးတခြား၊ ခေါင်အားဗေဒင်၊ သိမြင်နှံ့စပ်၊ မေးကပ်ကပ်နှင့်၊ ကလာပ်ဗျဉ္စ၊ ဒဏ္ဍိဝိတက်၊ ကျမ်း ခက် ဗျာကရိုဏ်း၊ တတ်နိုင်းတခြား၊ ဤလေးပါးကို၊ ပုဏ္ဏားတို့ တွင်၊ မချိုကျေးဇူး၊ အထူးသမိုက်၊ မျိုးလိုက်မှတ်သား၊ ဆေး သမားလည်း၊ ဆေးဝါးတတ်ပွန်၊ ဆေးကြန်လေ့ကျမ်း၊ ဗိန္ဓော ပြွမ်း၍၊ ဆေးကျမ်းထိုထို၊ သာရကိုလည်း၊ ဘွင့်ဆိုတတ်ကျယ်၊

မိပွာယ်အနက်၊ လွန်လေ့ကျက်၍၊ ခေတ်ပျက်သည်းခြေ၊ သွေးလေ ချောက်ချား၊ သလိပ်များက၊ စသည့်ရောဂါ၊ အနာအမျိုး၊ ကိုးဆဲ့ခြောက်ပါး၊ အပြားပြားကို၊ မမှားလတ်အောင်၊ ကုသ ဆောင်၍။ ။အခေါင် သမားမြောက်စေမင်း။

၄၉။ ဟောရဂန္ထ၊ ဂဏနဟု၊ သိပ္ပဟူးရား တတ်မြောက် များ၍၊ ပဏ္ဍားနွယ်ရိုး၊ သူကောင်းမျိုးတို့၊ ကြိုးကြိုးကုတ်ကုတ်၊ အားအန်ထုတ်၍ အဟုတ်လေ့လာ၊ နာရီစသည် ကြားက သိတတ်၊ ဗြို့ဟဇ်ရာဇမတ္တဏ်၊ ကိန်းဆန်မူဝန်း၊ ဂြိုဟ်သွန်းခွဲခြမ်း၊ ထုတ်နိုင်စွမ်းသား၊ စုံစမ်းစေ့ရေ၊ များထွေမဏ္ဍပ်၊ ထက်ကြပ် ရောဂ၊ ကာလစက္က၊ အမြိတစုတ်၊ ဘော်ထုတ်ခေတ်ကျမ်း၊ ခွဲခြမ်း စိတ်ဖြာ၊ တတ်လေ့လာ၍၊ သတ္တာဗိဿ၊ လှည့်ထနက်သတ်၊ မြင့်မိုရ်ပတ်သား၊ ဒွါဒသ်ရာသီ၊ယာယီစက်ကွင်း၊ ဂြိုဟ်နင်း ဂြိုဟ် ပြောင်း၊ ကောင်းမကောင်းသား၊ ကျိုးကြောင်းဆုံးဖြတ်၊ နေလ ကြတ်နှင့်၊ဥပါဒ်အာယု၊ စဉ်းမှုတတ်ပွန်၊ စက်အဟန်သို့၊ထုံမွန်ကား ကား၊ အသားအရိုး၊ စုံပြည့်ဖြိုးလျက်၊ဟိုးဟိုးထင်သိ၊ ပညာရှိဟု၊ ကိတ္တိထင်ရှား၊ ဗြဟ္မာသားတို့။ ။ဟူးရားတတ်ခေါင် မြောက်စေ မင်း။

၅၀။ သာမယဇု၊ ဣရုဗေဒင်၊ သုံးပုံမြင်၍၊ သန့်စင်သီလ၊ အာစာရနှင့်၊ မိဘမျိုးစစ်၊ အဖြစ်မြတ်လှ၊ ဗြာဟ္မဏဟု၊ တွင်ထ မည်သာ၊ အင်္ဂါသုံးမည်၊ ကျေးဇူးတည်လျက်၊ ရွာပြည်တိုင်းကား၊ လှည့်ပတ်သွား၍၊ ထုံးသားမှန်ကူ၊ ခရုဖြူနှင့်၊ ပစ္စုဝတ်လဲ၊ လက်ဝဲပတ်ခြုံ၊ စပယ်ရုံလျက်၊ တင်တုံစလွယ်၊ လည်ဝယ်မကင်း၊ ငရွှေင်းနှင့်၊ သလင်းရထည်း၊ ပတ်စည်းကျစ်ကျစ်၊ ဦးရစ်ပေါင်း

ထုပ်၊ နောက်ဆံအုပ်နှင့်၊ တုန်လှုပ်မဲ့လျှင်း၊ ပွဲလယ်ကျင်း၍၊ တိုးမင်းတို့ရွှေ၊ မရွှေမတ်မတ်၊ ဘောင်ဘောင်ရွတ်လျက်၊ စိမ်းလတ်မြသွင်၊ နေ့ဘပင်နှင့်၊ ရေစင်ကမ်းမှတ်၊ ကျင့်မြဲဝတ်ဖြင့်၊ သူမြတ်တို့ထံ၊ အလှူခံလေ့၊ ခြိုးခြံသိပ်သည်း၊ ဥစ္စာဆည်းလျက်၊ ပစ္စည်းပေါယယ်၊ ဗြဟ္မာကြွယ်ဟု။ ။လူဝယ်သတင်း ပေါက်စေမင်း။

၅၁။ ဥဒည်းမဝိုင်၊ နေဝင်အခါ၊ ဆည်းဆာသုံးပါး၊ ပိုင်းခြားဂါထာ၊ ရွတ်မြဲရာသား၊ ကာယသိဒ္ဓိ၊ တစိသညာ၊ တတ်လေ့လာလျက်၊ ကြောင်းခြာခွဲစိတ် ပရမိသွာ၊ မဟာဗိနဲ၊ ဘေးလွှဲရံဘီ၊ နတ်စန္ဒကို၊ ပန်းနီပန်းဖြူ၊ ပူဇော်မှုလျက်၊ ဆုပ္ပာဆုတောင်း၊ ကျင့်လမ်းဟောင်းဖြင့်၊ ဦးခေါင်းသန္ဓေး၊ နေ့တိုင်းဆေးလျက်၊ လုပ်ကျွေးမှုဆောင်၊ ထဲချောင်တိုက်တွင်း၊ ထမင်းချက်ပြုတ်၊ ငရုတ်ချင်းဆား၊ ဆီပျားသကာ၊ ဃနာထောပတ်၊ ကြံပွတ်နှမ်းမွှဲ၊ စားစမြဲဖြင့်၊ အမဲအသား၊ သားငါးရှောင်ကြဉ်၊ မယှဉ်သက်သတ်၊ ကျင့်မှတ်လေ့လာ၊ စာရိတ္တဖြင့်၊ မိဘစုတော့၊ ခုနစ်နေ့လျှင်၊ စေ့လတ်သောခါ၊ မက္ခာဆောက်တည်၊ ကိုယ်စားရည်၍၊ စိတ်ကြည်မြတ်လေး၊ အလှူပေးလေ့၊ ရှေးကလွန်လေ၊ ရှေးရိုးပေသား၊ ပျိုးဆေ့ကျင့်မြဲ၊ မှတ်သုံးစွဲလျက်၊ ငရဲမသက်ခန္ဓာပျက်လည်း။ ။အထက်နတ်ပြည် ရောက်စေမင်း။

၅၂။ ဗြဟသန္ဓိ၊ ကျမ်းနှင့်ညီ၍၊ ဗလိပူဇော်၊ ဂြိုဟ်ခေါ်ဂြိုဟ်နှင်၊ ဗေဒင်ရွတ်မန်း၊ မန္တာန်တန်းလျက်၊ ကျယ်ဝန်းစက္ကာ၊ မဏ္ဍလဟု၊ တရော့ရှစ်ကွင်း၊ အင်းလည်းစီရင်၊ ဆင်သားဗိတာန်၊ တမ်းခွန်တလျှောက် ဖြူနီဆောက်၍၊ ပယ်ဖျောက်ရန်ဘေး၊

ဆေးပေးဦးခေါင်း၊ ဘိသိက်လောင်း၍၊ သူကောင်းသူမြတ်၊ ယွတ်စေအနာ၊ ဥပါဒ်ခွာလေ့၊ ပြည်ရွာစီးပွား၊ များစိမ့်သမှု၊ ဟုတ်တိုင်းပြု၍၊ စုဘိကျိခဲ၊ ရဲရဲမီးတွင်း၊ လောင်ခြင်းဖြောက်ဖြောက်၊ ပေါက်ပေါက်စသည်၊ ပန်းငါးမည်ဖြင့်၊ ဆောက်တည်မပျက်၊ ခုနစ်ရက်လျှင်၊ ခန့်တွက်ပိုင်းခြား၊ မန္တရားတိ၊ ဘန်များစုရွတ်၊ ပျားထောပတ်နှင့်၊ မီးနတ်ကော်ရော်၊ ယဇ်ပူဇော်၍။ ။လူ့ဘော်ရန်စစ် ပျောက်စေမင်း။

၅၃။ ကျေးဇူးပညာ၊ များစွာ ဂုဏ်အင်၊ ဗေဒင်တတ်သိ၊ ပညာရှိဟု၊ ကဝိပညာ၊ အများသမိုက်၊ သသကင့်ကိုက်ကို၊ မြိုက်မြိုက်လျှာဖျား၊ စကားရဟတ်၊ ပိဋကတ်သွင်သွင်၊ နှုတ်သီလွင်နှင့်၊ ပီပြင်မှတ်မန်း၊ ဖြိုးဖြိုးဖြန်းလျက်၊ ကျင့်ခန်းထွေပြား၊ အပါးပါးတည့်၊ မှတ်သားကျယ်ဝန်း၊ ဆန်းအလင်္ကာ၊ နာဝင်စွာ၍၊ ဂါထာဘွဲ့ခွမ်း၊ ချီးမွမ်းစလောက်၊ မင်းပွဲမှောက်တွင်၊ တယောက်ပ ိ်၊ ပုရောဟိတ်ဟု၊ ဘိသိက်ဆရာ၊ မြှောက်ထိုက်စွာလျက်၊ ဒိဿပါမုဒ်၊ မည်ထုတ်ကျော်အောင်၊ ကြိုးပမ်းဆောင်၍၊ တတ်ခေါင်လိမ်မာ၊ ရှေးအခါ၌၊ သရာမြှောက်လှ၊ နေကသို၊ လို့လကြီးစာ၊ ပင်းတိုအားကို၊ စီးပွားရောက်အောင်၊ ကျေးဇူးရောင်ဖြင့်။ ။လူ့ဘောင်တွန်းလင်း တောက်စေမင်း။

၅၄။ လက္ခဏာသြန်၊ တတ်ပွန်လေ့လာ၊ မင်ဖြစ်ရာသား၊ လက္ခဏာဝါး၊ အခြားပြက်ပြက်၊ ခြေလည်ကက်၍၊ လက်လည်းထို့သွင် အရေးမြင်မူ၊ မင်းလျှင်စင်စစ်၊ ဖြစ်ဒုံအမြဲ မခတ်လဲ့ဟု၊ ဝမ်းထဲမရှုံ၊ လည်ဖြတ်ခံလေ့၊ ထုံးစံမှတ်သား၊ နည်းနာ

များကို၊ ပုဏ္ဏားမျိုးကောင်း၊ လူအပေါင်းတွင်၊ ကဲဆောင်း တတ်လွန်၊ ကောဏ္ဍည်းဟန်သို့၊ ဟောညွှန်လက္ခဏာ၊ တတ်လှစွာ ၍၊ ပညာကဝေ၊ မြောက်သောထွေဖြင့်၊ အသေအချာ၊ နာနာ သိပ္ပ၊ ကိစ္စတတ်ပွန်၊ မန္တန်ပြီးစီး၊ နတ်ကြီးသူရဿတီ၊ ပင့်ချီ ခေါ်ချ၊ စကားရလျက်၊ ပေါက်ပြကျော်ထိပ်၊ ပုရောဟိတ် ဟု။ ။ဘိသိက်ဆရာ မြောက်စေမင်း။

၅၅။ ကြယ်ဝန်းစကြဝဠာ၊ ကမ္ဘာတည်စ၊ ပေါ်ဦးကလျှင်၊ ဗြဟ္မာ့နွယ်ရိုး၊ ကျော်ဟိုးဟိုးတည့်၊ ကောင်းကျိုး စင်ကြယ်၊ လေးသွယ်ဗေဒင်၊ တတ်ပြီးစင်သား၊ လူတွင်ထင်ရှား၊ ပုဏ္ဏား တို့ကို၊ ကျင့်စေလို၍၊ သံချိုလကာ၊ ထုံးပမာဖြင့်၊ နည်းနာ ထွေပြား၊ မှတ်စိမ့်ကြားသည်။ ။တခြား တတိယပိုင်းတည်း။

လောကသာရ ဆုံးမစာ ဤတွင် ပြီး၏။

# အနုသာသန ဆုံးမစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ **အနုသာသန**၊ ကျိုးကြောင်းပြပိမ့်၊ မိဘရှေ့ညွှန်၊ ဆရာမှန်တို့၊ ဝေဘန်ပုံပြင်၊ ကြားသင်သမျှ၊ ဩဝါဒကို၊ နားဝဘန်လဲ၊ နာမရဲလျှင်၊ လွန်ကဲရှိညွှတ်၊ ဆည်းပူးတတ်သည်၊ ကောင်းမြတ်ဇာဟ၊ သားမွေးဘ။ ။ဆုံးမစကား၊ ဤကြောင်းလျှားကို၊ မှတ်သားစိုက်စိုက်၊ ဝမ်းထဲပိုက်လော့၊ စရိုက်သုံးလတ်၊ ကျင့်ဝတ်ထူးခြား၊လူသုံးပါးနှင့်၊ မပြားရောပြွမ်း၊ ပေါင်းဘက်ကျွမ်းလည်း၊ မဝှမ်းမကော၊ သူ့သဘောကို။ ။လိုက်လျောညီထွေ ကျင့်တတ်စေ။

၂။ **ပွက်ဆိုမှုသား**၊ နှုတ်ချိုပျားနှင့်၊ စီးပွားလိုရောင်၊ ရူပဆောင်၍၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချီးနှီး၊ လူ့ရွေးမြီးနှင့်၊ တသီးတခြား၊ တပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာပေါင်းဘော်၊ ပြုငြားသော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြဉ်၍၊ စိတ်ယှဉ်နှိမ့်ချ၊ အဝါဆ၍၊ ကာလအလိုက်၊ သူ့အကြိုက်ကို။ ။စရိုက်ညီထွေ ကျင့်တတ်စေ။

၃။ မျက်မြင်လောက၊ နှောင်ကာလဟု၊ ဘဝနှစ်ပါး၊ ကြံထောက်ထား၍၊ စီးပွားမဟုတ်၊ ခင်ပွန်းယုတ်ကို၊ ခွာဆုတ်ပေါင်းဘော်၊ ရှဲလိုသော်လည်း၊ ရှုမြော်တိုင်းတွဲ့၊ ရှေ့နောက်ငဲ့၍၊ ပြစ်မဲ့ကြဉ်ရှောင်၊ စွန့်ရအောင်လျှင်၊ တတ်ခေါင်ကြံစည်၊ ပညာဆည်၍။ ။အရှည်ငုံ့ထွေ လင့်တတ်စေ။

၄။ အရှည်လင့်လင့်၊ အသင့်မြော်လျက်၊ ကြံခေါက်ရက်တည့်၊ နှောင့်ရှက်သောဖြစ်၊ ဆံတရစ်မျှ၊ အပြစ်မဲ့စွာ၊ လွတ်ခွင့်သာမှု၊ ကန္တာတောထဲ၊ ခရီးခဲဝယ်၊ ကျားရဲသစ်ရူး၊ ဘီလူးသံဘက်၊ ဘေးသူပျက်အား၊ ရက်ရက်ဆောစွာ၊ စွန့်လိုက်ခွာသို့၊ မိတ္တာဘော်ပေါင်း၊ သူမကောင်းကို။ ။စင်ကြောင်းဝေးမြေ လွှင့်တတ်စေ။

၅။ သူကြီးသခင်၊ အရှင်တို့ဝယ်၊ ခိုင်းပယ်သမှု၊ အာမပြု၍၊ ကြည့်ရှုဘန်ဆင်း၊ လုခပင်းအား၊ ဖြည့်တင်းသိမ်းမွေး၊ စားကျေးလယ်ယာ၊ ခန့်သောခါမှု၊ ပညာထောက်ထား၊ ရည်သွားကြောင်းလမ်း၊ မေးစူးစမ်း၍၊ ပေးကမ်းဝေဘန်၊ မ စ ဟန်လည်း။ ။ယုတ်လွန်သိထွေ ကျင့်တတ်စေ။

၆။ ဖြစ်ခေါင့်ဖြစ်ခဲ၊ နက်နဲဆင်ခြင်၊ မြော်မြင်ရှေ့နောက်၊ တစ်ခေါ်လောက်သား၊ စံမြောက်ကဝိ၊ ပညာရှိကို၊ နှမ်နှမြော၊ မရောမပြွမ်း၊ စူးစမ်းမဲ့ဟန်၊ မေ့လျော့ကျန်မှု၊ ဘော်ညွှန်ရည်သွား၊ မင်းစီးပွားကြောင့်၊ ထောက်ထားနိုင်းရှည့်၊ မင်းရိပ်ကြည့်၍၊ မင်း၏စိတ်ညဉ်၊ ရှင်မြူးစဉ်ဝယ်၊ ဆိုလျှင်ဆိုခွင့်၊ ဆိုချိန်သင့်၍။ ။ချီးမြှင့်မြော်ထွေ မြင်တတ်စေ။

၇။ မည်ခေါ်မည်ရည်၊ ဆိုခဲ့တည်၍၊ နှုတ်ခြည်ပေါ်လျှံ၊ ပွဲအထံဝယ်၊ အသံဖြစ်ကာ၊ ပြောပရှာသား၊ ဝါစာချိုပျား၊ သူ့စကားကို၊ အားမကျဆန်း၊ မျက်နှာပန်းဖြင့်၊ ရွှင်လန်းမြူးရယ်၊ အကယ်ကယ်သို့၊ လှယ်ဘယ်ပြောဘော်၊ ပြုငြားသော်လည်း၊ နာပျော်စရပ်၊ ရိပ်ခြည်မြှုပ်၍၊ စက်ဆုတ်ထဲခွာ၊ တို့စိတ်မှာကို။ ။ သိသာမဲ့ထွေ ကြဉ်နိုင်စေ။

၈။ ဝါသနာထွတ်၊ ကောင်းရာညွှတ်သား၊ သူမြတ်တို့နှင့်၊ ပေါင်းဘော်သင့်၍၊ ဆိုခွင့်ဆိုရာ၊ ရှိသောခါတုံ၊ သုဘာသိတ၊ ပိယခမ္မာ၊ သစ္စာဟုတ်မှန်၊ အင်လေးတန်နှင့်၊ ပြည့်နှံတုံးကောင်း၊ မကြားတောင်းတည့်၊ ကျိုးကြောင်းညီစွာ၊ ဉာဏ်ပညာဖြင့်။ ။ စိတ်ဖြာခွဲဝေ ယှဉ်နိုင်စေ။

၉။ မနော်ဟာရ၊ လူဘုံကျသို့၊ မြင်ကတိမ်းညွှတ်၊ သည်းအူပြတ်မျှ၊ ဆွတ်ဆွတ်ကြင်ဘွယ်၊ ဆင်းနိကာယ်ဖြင့်၊ တင့်တယ်ရှပ်သွင်၊ အထွတ်တင်သည်၊ ဖြစ်ကျင်ကစား၊ ထွေပျားစွန်းငြိ၊ ပညာရှိတို့၊ ဘေးတိပြစ်တင်၊ ရောက်မည်ထင်မူ၊ ဆံမျှင်လေသံ့၊ မပုံ့စသာ၊ ဆိတ်ကွယ်ရာ၌၊ ရှောင်ခွာမအား၊ တွေ့မြင်ငြားလည်း၊ သူသားစားတတ်၊ ဘီလူးမှတ်၍၊ မညွှတ်စေရ၊ စိတ်လောဘကို။ ။ နိစ္စမြဲနေ ဖျဉ်နိုင်စေ။

၁၀။ ဟိရိဩတ္တပ်၊ စောင့်ကြပ်မကင်း၊ လူ့ပင်းအား၊ သတင်းညာကြေ၊ ကြာလေသဖြင့်၊ သင့်မသင့်ဟု မဘင့်မဘယ်၊ ရက်ကြောက်ဘွယ်တည့်၊ ငြိတွယ်ပြစ်တင်၊ ဆိုလိမ့်ထင်မူ ပည်းဖြင့်တွက်ရေ၊ အထွေထွေလျှင်၊ ရွှေငွေအတိ၊ တောင်ရှိဟူလောက်၊

ရွှေဝယ်ရောက်လည်း၊ ညှီဟောက်ချွဲခန်း၊ မှတ်ထင်မှန်း၍။ ။ တပ်စွန်းမဲ့ထွေ ကြည်နိုင်စေ။

၁၁။ ငါးမည်သီတင်း၊ အရင်းမှန်လှ၊ မြတ်စာရဖြင့်၊ လောဘကြီးစွာ၊ အဘိဇ္ဈာကြောင့်၊ ပညာမဲ့ငြား၊ အကျင့်မှားမူ၊ ဆည်းတားမငံ့၊ ထိုးခုတ်အံ့ဟု၊ တံ့တံ့မလှဲ၊ လက်နက်စွဲ၍၊ မောင်းမဲခြိမ်းချောက်၊ သူငါးယောက်လျှင်၊ ယွင်းဘောက်ကြည့်ငဲ့၊ စောင်သကဲ့သို့၊ တုန်လှဲ့လန့်ထိတ်၊ ကြောက်သည့်စိတ်ဖြင့်၊ ပရိစ္စယ၊ ကိုယ်ကို မ ရှိ၊ သီလကြည်ဆုံး၊ ဆောက်တည်သုံး၍။ ။နှလုံးမြဲနေ ယှဉ်နိုင်စေ။

၁၂။ ဆိုဘွယ်တရား၊နှစ်ဘက်သားတို့၊ပိုင်းခြားစိမ့်ငှာ၊ကပ်ပေလာမူ၊ ဖြောင့်စွာရိုးရိုး၊ သဘောကိုးလျက်၊ တံစိုးဥစ္စာ၊ မျက်နှာကြီးငယ်၊ မရွယ်မထောက်၊ ရှုံကြောက်မဲ့တွန်၊ မတွန်မောဟ၊ ဒေါသမရှု၊ ဆုံးဖြတ်မှုလည်း၊ မနုလမ်းဟောင်း၊ တမျဉ်းကြောင်းဝယ်၊ တိမ်းစောင်းမရှိ၊ သမာဓိဖြင့်။ ။ဂတိမယွင်း တည်စေမင်း။

၁၃။ အတိဂမ္ဘီ၊ အင်ညီမြောက်မြား၊ သူ့ရည်သွားကို မှတ်သားရှုမြော်၊ လူသူတော်တို့၊ ရှင်ပျော်ဘန်လဲ၊ တွေ့မရဲတည့်၊ ဆကဲလွန်ကျူး၊ သူ့ထက်ထူးသား၊ ကျေးဇူးအနှစ်၊ စုံသည်ဖြစ်လျက်၊ ပွဲလယ်ချက်ဝယ်၊ ဘိုးနဂ်ကုန်ကောင်း၊ အစွန့်နှောင်းသို့၊ ကံဟောင်းလူကြွေး၊ မမိသေး၍၊ ကြာနှေးခဲအင်၊ လွန်ငြိုငြင်လည်း၊ ပန်းပင်ပူဆာ၊ ဗျာပါဒိတက်၊ နှောင့်ရှက်မကြံ၊ လောကခံ၌၊ နိယံမကွေ၊ ဖြစ်မြဲပေဟု၊ သံဝေတရား၊ ဝမ်းဝယ်ထား၍၊ တတ်အားသမျှ၊ လူဒါနနှင့်၊ သီလကြည်ညို၊ ချမ်းရိပ်ခို၍။ ။ကုသိုလ်နှီးရင်း စည်စေမင်း။

၁၄။ ဒါနသီလ၊ နိစ္စမကျန်၊ မိဋ္ဌာန်ရှင်ဖြိုး၊ စောင့်သောကျိုး လည်း၊ မစိုးမရိမ်၊ စည်းစိမ်ခိုင်ဖြိုး၊ ရှယ်တိုင်းပြီးမူ၊ ဆွေမိုးမျိုးစပ်၊ ထက်ကြပ်မကင်း၊ ကျေးရင်းကျွန်ချာ၊ မေတ္တာစိတ်ဝင်၊ တိုင်ပင် နိုင်းချက်၊ ပေါင်းဘက်တူနေ၊ အဆွေခင်ပွန်း၊ လူရဟန်းအား၊ သိမ်းမြန်းကြည့်ရှု၊ သင်္ဂြိုဟ်မှုလည်း၊ တခုမကျန်၊ သဘောမှန်လျက်၊ သူမွန်တကာ၊ စဉ်လာရှေးလမ်း၊ ကျင့်မြဲတမ်းဖြင့်။ ။စိတ်ဝမ်း ဖြောင့်စင်း ကြည်စေမင်း။

၁၅။ မဏိဇောတ၊ ပြည်တန်မြနှင့်၊ သိင်္ဂရွှေညှာ၊ ရတနာတိ၊ အဝါလျှံတက်၊ ရောင်ခြည်ထွက်မူ၊ စုံမက်ဝှဲချီး၊ အဘိုးကြီး၏၊ တသီးဆိုဘွယ်၊ လူတို့ဝယ်ကား၊ ကြီးငယ်အများ၊ စောင်းမာန် တက်မူ၊ ပေါင်းဘက်ဘော်နည်း၊ အများငြိုး၏၊ နည်းမှိုးလက်သုံး၊ ဤကျင့်ထုံးဖြင့်၊ ယူကျုံးပိုက်သွင်း၊ သားမောင်မင်းလည်း၊ မုန် ပြင်းဒေါသ၊ စိတ်နာဂကို။ ။ဉာဏချွန်းကွင်း မြဲစေမင်း။

၁၆။ ရှေးကမကျွမ်း၊ သူစိမ်းရှမ်းကို၊ စူးစမ်းစာနာ၊ လိမ်မာ နားဝင်၊ အကောင်းထင်လျက်၊ ဆင်ခြင်မရှိ၊ သတိလွတ်ထွေ၊ ပြောမိလေသား၊ မချေသူ့နား၊ ကွယ်စကားကို၊ အမြားကြား အောင်၊ ဖြည့်သည့်ရောင်သို့၊ ပွဲဘောင်ဆိုတုံ၊ တဘန့်လုံ့မူ၊ နှုတ် တုံ့မလျှော့၊ မျက်နှာလွှဲ၍၊ ဝမ်းထဲထွေငေါ်၊ မမြွက်သော်လည်း၊ သူတော်တမူ၊ အပြစ်ဟူ၍။ ။မှတ်ယူစိတ်သွင်း မိစေမင်း။

၁၇။ ဆိုင်းပြိုင်အားအန်၊လက်မတန်မူ၊ ချစ်ဟန်ပေါ်ကောင်း၊ အထဲချောင်းလျက်၊ စည်းပေါင်းညီညွတ်၊ တသမတ်ဖြင့်၊ ယှဉ်း ချွတ်မရှိ၊ ညီလေပြီး ကား၊ အစိရက်ရက်၊ ဖြိုနိုင်ခက်ချိမ့်၊ ရန်ဘက် ထိုသူ၊ သဘောတူကို၊ အယူဘောက်လွဲ၊ နှလုံးကွဲမူ၊ မခဲတို့ဝယ်၊

ဖျက်သော်လွယ်ဟု၊ ဥပါယ်တမျဉ်၊ နက်စွာယှဉ်၍၊ စိတ်ညဉ်တော့လည်၊ သူ့ကြံရည်ကို။ ။ရိပ်ခြည်ဖမ်းခြင်း မိစေမင်း။

၁၈။ **ထဲပကွယ်မြင်၊** မထင်နှစ်ထွေ၊ နိတုံရွေသို့။ မြဲနေတံတစ်၊ သဘောချစ်သား၊ ကျိုးပြစ်သိမြော်၊ မိတ်သူတော်နှင့်၊ ပေါင်းဘော်သောအား၊ သူနှစ်ပါး၏၊ စီးပွားတက်ဟန်၊ မြင်လတွန်သော်၊ မမှန်ယွင်းဘောက်၊ နှလုံးကောက်တို့၊ တဖျောက်ဆိတ်ဆိတ်၊ ထဲစိတ်ဝန်တို၊ မရှုလိုမူ၊ နှုတ်ချိုခွန်းသာ၊ ပျက်ကြောင်းရှာ၍၊ မှာမှာမွှေချောက်၊ တယောက်တပါး၊ အယူမှားအောင်၊ စကားပေးငင်၊ အကယ်ပင်သို့၊ ပြစ်တင်ပြည့်သွန်၊ ကျိုးလွန်ဟန်နှင့်၊ ဆန်ကန်နှုတ်ထား၊ စကားသွယ်ဝိုက်၊ ချင်းအကြိုက်ဖြင့်၊ ကုန်း တိုက်ပုံသည်၊ သူ့ဖျက်ရည်ကို၊ ရိပ်ခြည်သြဇ ဘာ ခွန်းဟက။ ။ခဏချက်ခြင်း သိစေမင်း။

၁၉။ **မိတ်ရန်ဝိုးဝါး၊** သူတပါး၏၊ ဝှက်ထားမြဲကျိတ်၊ ထဲကြံစိတ်ကို၊ တို့စိတ်ကွယ်ရာ၊ ကြားပေလာမူ၊ ဝမ်းသာအားရ၊ နောင်ကာလလည်း၊ ကြားကသည်တူ၊ ဆိုပါဟူ၍၊ ပျူပျူငှာငှာ၊ ချစ်မာယာနှင့်၊ နောင်ခါမရှောင်၊ ဆိုချင်အောင်လျှင်၊ သွေးဆောင်နှစ်ထောင်း၊ လှည့်ဖြားယောင်း၍။ ။နှုတ်ကောင်းဖြည်းညင်း သာစေမင်း။

၂၀။ **လွယ်လင့်တကူ၊** မယူအပြစ်၊ မုန်းချစ်ဝိုးဝါး၊ ထိုသူအားလည်း၊ ဆံဖျားလေသံ့၊ မပံ့ရအောင်၊ ကွယ်ရှောင်ခဲခက်၊ ရိပ်ခြည်ဝှက်၍၊ ပြန်မြှက်မသိ၊ ဝမ်းထဲသိလျက်၊ သူလျှိုတမန်၊ ရောက်ဟန်ကျွေ့လည်၊ နက်ကြံစည်ဖြင့်၊ ကြားသည် သူ့နှုတ်၊ ဟုတ် မဟုတ်ကို။ ။အားထုတ်စိုင်းပြင်း နာစေမင်း။

၂၁။ **သင်္ကာမကျေ**၊ အနေမကျ၊ စိတ်ဒွိဟကို၊ ဒုဟ ဝိုးဝါး၊ နှစ်ပါးတွေးပူ၊ မှတ်သောသူ၏၊ အမူအရာ၊ ကြောင်ချောင်ရွေ့ရွေ၊ လုပ်ကြံထွေကို၊ အနေကျကျ၊ သိဦးမှတည့်၊ တစမရှောက်၊ ရှယ်တော် ထောက်ရှု၊ ရှုံကြောက်မဲ့တုန်၊ အရေးမှန်လျက်၊ ဘေးရန်ပျောက်လှင်၊ အကျင့်ဖြင့်လျှင်၊ အသင့်ကြံနိုင်၊ အပြီးတိုင်အံ့၊ ကြံ့ခိုင်နှလုံး၊ ဤကျင့်ထုံးလည်း၊ သက်သုံးမြဲ ဆောင်သုံးစွဲ၍။ ။ဝမ်းတဲပိုက်သွင်း ပါစေပင်း။

၂၂။ အဋ္ဌာရသ၊ သိပ္ပကျေးဇူး၊ အထူးထူးကို၊ သည်းပူး ဘွေရှာ၊ သင်သောခါတို၊ ဆရာကောင်းထံ၊ ကျိုးနွံသည့်တည့်၊ ရိပ်ခြည်ကြည့်လျက်၊ တပည့်ကျင့်ဝတ်၊ ညိုညွတ်ပူဇော်မှု၊ ကုန်အောင်ပြု၍၊ အာယုဆုံးစွန်၊ ပြောင်းချိန်တန်မှ၊ ပြည့်နိ ရိပ်ခြည်၊ ထိုအခွ သည်ဟု၊ ဆောက်တည်လျှို့ဝှက်၊ ပြင်မထွက်သား၊ သိုက်ခဲလှ၊ ကိလိဋ္ဌကို၊ မှတ်ရအောင်အောင်၊ ရည်ဆောင်နှိမ့်ချ၊ သည်းကပ်ခ၍။ ။နေ့ညမကင်း တွေ့စေမင်း။

၂၃။ **ထုံရင်းထက်ကြပ်**၊ မြဲဆည်းကပ်သား၊ သုံးထပ်ဗာဟိ၊ ကျမ်းရိုးမှီ၍၊ ရာသီအသွား၊ လိတ္တာဘမ်းယွေ့၊ အချေအတင်၊ အလျင်အလျား၊ အစားအမြှောက်၊ အနှောက်အနှော၊ အရောအကူ၊ အယူအနုတ်၊ အကုတ်အကြည်း၊ ရေကြည်လှည်းသို့၊ တွက်နည်းသွင်သွင်၊ သင်ပုန်းပြင်၍၊ မထင်အရေး၊ ကော်ဒွေး မမြော်၊ မူးမော်ဘနန်း၊ ကိန်းခန်းအညီ တိထိနက္ခတ် ချင့်သုံး ဖြတ်သား၊ ပါဒ်ဗိဇနော၊ ပြန်ခရာနှင့်၊ မှန်စွာကြည်လင်၊ အပြီးစင်သည်၊ ဗေဒင်အမှတ်၊ ဤအတတ်လည်း။ ။မပြတ်စင်လျင်း လေစေမင်း။

၂၄။ အလိုက်အလိုက်၊ လူတို့နိုက်ဝယ်၊ ကြက်တိုက်အန်ခတ်၊ ဇယ်လှတ်ပြေးချီ၊ ဗလီပြေးဘမ်း၊ လက်ပန်းလက်ဇွေ ကျင့်လေ့ကျင့်လည်၊ ဆိုစသည်တို့၊ အရည်အစွမ်း၊ အဘတ်သွမ်းဟု၊ မကျွမ်းမကျင်၊ နားမဝင်မူ၊ ဘဘင်ပွဲထံ၊ မှုမပြုံသော်၊ ရှက်ရှံဆုတ်ဆိုင်း၊ ရိုင်းစိုင်းမတ်လတ်၊ ဖြစ်တို့တတ်စွာ့၊ မလွှတ်မချန်၊ ဤရေးဟန်လည်း။ ။မကျန်မကြွင်း စေ့စေမင်း။

၂၅။ နေ့ခင်းဌာန၊ ကာလမြော်ရှု၊ ရွေးချယ်ပြုလျက်၊ လွယ်မှုမလျင်၊ ဆင်ခြင်ကြံစည်၊ တိုရှည်ထောက်ထား၊ စီးပွားတိမ်နက်၊ ယုတ်သက်ဘေ့ရှာ၊ တွေးစာနာလျက်၊ ဥစ္စာပစ္စည်း၊ ပညာဆည်းလည်း။ ။ထန်သီးမပြင်း မွှေ့စေမင်း။

၂၆။ ရမ္မက်လောဘ၊ မောဟမြေးယှဉ်၊ ပုထုဇဉ်တို့၊ ရှောင်ကြဉ်ခဲ့စွာ၊ ကိလေသာကြောင့်၊ တခါတရံ၊ အကြံမရှိ၊ မှားယွင်းမိလည်း၊ သတိမပြု၊ မကောင်းမှု၌၊ အကျုံမြူညက်၊ ဆံတစ်ရွက်မျှ။ ။လေ့ကျက်မှဲ့လျင်း မေ့စေမင်း။

၂၇။ ထိုမှတဘန်၊ အရှင့်ဝန်၌၊ မကျန်ညဥ့်နေ့၊ ကြံအောက်မေ့လော့၊ အရှေ့အနောက်၊ တောင် မြောက်ခန်းဝါ၊ လက်ယာလက်ဝဲ၊ ဥဒဲဝင်စပ်၊ နေရပ်ရုံးစု၊ စီရင်မှုတို့၊ မေရုဒိဗ္ဗ၊ မြတ်ဒေသဟု၊ ပဥ္စအာလိန်၊ တာဝတ်ံဝယ်၊ စောင့်ချိန်ရန်တား၊ ငါးထပ်ခြားလျက်၊ သိကြားနေရာ၊ ပြည်အောင်ချာကို၊ မိစ္ဆာဘုန်းမဲ့၊ ကြံသက့်သို့၊ နိုင်းရှဲ့ပုံယူ၊ ထိုအတူလျှင်၊ ရန်သူမိုက်မှား၊ ကြံလှည့်ငြားလည်း၊ ကြိုးစားအန်ထောင်၊ မဖြစ်အောင်လျှင်။ ။လုပ်ဆောင်ဘန်ဆင်း ကုံစေမင်း။

၂၈။ **ရာဇဝံသာ**၊ မှန်စွာလက်သုံး၊ နည်းသုံးရှေးတီး၊ လွန်လေပြီးသား၊ သူကြီးမင်းစိုး၊ ကျင့်ရိုးကျင့်စဉ်၊ ကျင့်ထုံးယှဉ်၍၊ ကျင့်လျဉ်ကျင့်တမ်း၊ ကျင့်မြဲတမ်းဖြင့်၊ စူးစမ်းနက်တံ၊ ရှေးရှည်လံသား၊ ပုံစံမှတ်မိ၊ ပညာရှိ၌၊ သတိကြည်မော၊ ကျမ်းသဘောဖြင့်၊ နှီးနှောတကိုယ်၊ ပြောဆိုဘူးတွေ့၊ မေးမြန်းလေ့လျက်၊ ရက်နေ့မပြတ်၊ ညီညွတ်တိုင်ပင်၊ နှိုင်းဆင်ခြင်၍။ ။သိမြင်ကျယ်ဝင်း စုံစေမင်း။

၂၉။ **ပွင့်လင်းချမ်းသာ**၊ ကြီးမြင့်ရာဟု၊ မှန်စွာသမူ၊ လေးဘို့စုသား၊ စတုစက္က၊ ဓမ္မတရား၊ အကြောင်းများဝယ်၊ သုံးပါးမျက်မြော်၊ အကြိုက်တော်လျက်၊ မပေါ်မထင်၊ ဂုဏ်အင်ငုပ်တိမ်၊ ညည်းစိမ်နွန်အား၊ ရည်သွားမဆန့်၊ ပွားပြန့်ကျိုးပေး၊ အရောက်နှေးလည်း၊ နီးဝေးတို့ရှည်၊ ကြံစည်ထောက်ထား၊ မမေ့မှားလျှင်၊ ကုန်သွားယာလယ်၊ လုပ်ဘွယ်ဆောင်ခင်း၊ မပျင်းလုံ့လ၊ ဝါယာမဖြင့်၊ ဒုက္ခဖျင်းသိမ်၊ ကြောင့်ကြငြိမ်၍။ ။စိုးရိမ်ပျောက်ကင်း လုံစေမင်း။

၃၀။ **စတုမဂ္ဂ**၊ ဟူသားရသာ၊ သကာတခြား၊ ပျားလည်းမလွတ်၊ ထောပတ်အုန်းဆီ၊ အညီဘော်မြောက်၊ တောမြွေဟောက်ကို၊ ဆိပ်တောက်ပွားဆေး၊ ဝအောင်ကျွေးလည်း၊ အရေး ထွေပြား၊ ဖြစ်စိုးသည်များကို၊ ထောက်ထားနှိုင်းတု၊ ပုံစံရှု၍၊ ပြုစုမရှေ၊ အ ဓလေ့လည်း။ ။အောက်မေ့ကြံခင်း ပုံစေမင်း။

၃၁။ **ဘုံနန်းထွတ်ခေါင်**၊ လုပ်ဆောင်ပြီးလွယ်၊ ငြမ်းသဘွယ်လျှင်၊ မနွယ်ဦးဘဲ၊ ကြည်ဖဲရှောင်ခွာ၊ မတတ်သာ၍၊ ခြင်းရာသိလျက်၊ မြေဆိပ်တက်သို့၊ ပေါင်းဘက်ခဲလှော်၊ သူမတော်ကို၊

အဘော်ရဆန်း၊ ဝမ်းသာပန်းဖြင့်၊သိမ်းမြန်း မ စ၊ စံပဆောင်ရွက်၊ နှစ်သက်ဘွယ်မှု၊ ကုန်အောင်ပြုလည်း။ ။အထုအကင်း ပါးစေမင်း။

၃၂။ **အရင်းအနှစ်**၊ နွယ်မြစ်ပင်ချုပ်၊ လုံးစုံမြေးသား၊ မျိုးဆွေဝါးနှင့်၊ ထွေပြားမကြုံ၊ သက်နုံစိုက်စိုက်၊ အရှင်ဒွိလည်း၊ ထပိုက်ကေန်၊ အချစ်လွန်လျက်၊ တော်မှန်ရဲရင့်၊ မူကျင့်ခြင်းရာ၊ ပြည့်စုံစွာသား၊ ပညာကြီးထူ၊ ထိုသသူကို၊ မှတ်ယူတွေးထောက်၊ ရွေးချယ်ကောက်၍၊ ထပ်လော့က်ဆင့်ပြန်၊ မ စ ဟန်လည်း။ ။အားအန်လုံးရင်း များစေမင်း။

၃၃။ **အာဒိဝယ၊** ငယ်ရွယ်ကပင်၊ နိစ္စမမေ့၊ ဆုံးမလေ့သား၊ နောက်ရှေ့မြော်သိ၊ ပညာရှိနှင့်၊ ပေါင်းမိချစ်ခင်၊ ကျွမ်းကျင်လျင်က၊ ဖူးချင်တင်ပေး၊ လွန်မြတ်လေးလျက်၊ ဝေးလည်းမမေ့၊ တွေ့လည်းမရဲ၊ လွန်စွာကဲ၍၊ ယှဉ်နွဲ့နီးနှော၊ ကြည်တတ်မောသည်၊ သဘောဖြောင့်စင်း၊ သားမောင်မင်းလည်း၊ နှောင်းကြွင်းဆင်ခြင်၊ စီးပွားမြင်၍၊ ဂုဏ်အင်မချို၊ ကောင်းရာပိုသား၊ လူတို့ကျင့်တမ်း၊ ဤကြောင်းလမ်းကို၊ စုးစမ်းမပြတ်၊ သက်ဆုံးမှတ်လော၊ မာျတ်မလွဲ၊ လူခပ်ဉ်း၊ ဖြစ်မြဲနိယံ၊ လောကဓံကြောင့်၊ တရံတ ြဒိမ်၊ စိုးရိမ်နှောင့်နှေး၊ ကြံရေးခဲစွာ၊ ဖြစ်သောသါတုံ၊ ချမ်းသာဆောင်ဘူး၊ သူ့ကျေးဇူးကို၊ ထိမ်မြူးမသိ၊ မိမိပစ္စည်း၊ သိမ်းအည်းကျိတ်နှက်၊ ရေတဇက်မျှ၊ ငထွက်ရသာ၊ သူ့မှာရကြောင်း၊ ချောင်းမြောင်းနှိုးနွယ်၊ အကယ်ကယ်သို့၊ ပြက်ရယ်ချိုးချိုး၊ နှုတ်သာချိုးလျက်၊ အကျိုးကားပျောက်၊ အပြစ်ရောက်အောင်၊ ကွေ့ကောက်လိမ်လည်၊ ကြံစည်လျှိုကတ်၊ လှည့်ပတ်

တတ်သည့်၊ ယွင်းချွတ် ဘောက်လွဲ၊ လူစဉ်းလဲကို။ ။ကြည်ဖဲ့ ရှောင်ကွင်း ဝေးစေမင်း။

၃၄။ ပစ္စုပ္ပန္န၊ ဘဝနောင်ခါ၊ ချမ်းသာရတန်၊ တော်မှန် အကျင့်၊ ကိုယ်နှင့်သူ့အား၊ စီးပွားထပ်မျှ၊ ဆောက်တပ်လှသား၊ ပြုဆွစိတ်ကြံ၊ နက်စံမြော်သိ၊ ပညာရှိကို၊ ဇာတိတပါး ဝေးမြေ ခြားလည်း၊ စီးပွားမြတ်နိုး၊ တွေ့အောင်ကြိုး၍၊ ကြည်ဖြိုးရှင်ပျူ၊ တူနေရသော်၊ နိစ္စအမြဲ၊ ပေါင်းယှဉ်တွဲ၍။ ။အတွဲချစ်ခင်း လေးစေမင်း။

၃၅။ ရှေးပါရမီ၊ ပြည့်စုံညီ၍၊ နှုင်းပြိုင်မထင်၊ ရည်သွားအင် လည်း၊ လူတွင်ငြားလှ ဖြစ်တော်စွဟု၊ ဒိဗ္ဗသြဇာ၊ နတ်သုဓာ နှင့်၊ ဇီဝှာဝိညာဉ်၊ နှစ်ပါးယှဉ်သို့၊ တွေ့စဉ်ခဏ၊ နှစ်သာရကို၊ ဆံမျှမကွယ်၊ သိမြင်လွယ်သား၊ နှံ့ကျယ်ပညာ၊ မြတ်ဆရာ၌၊ မေတ္တာဆုကြီး၊ ကျေးဇူးမှီး၍။ ။ကောင်းချီးဆောင်နှင်း ပေး စေမင်း။

၃၆။ ဗဟုဿုတ၊ သိပ္ပပညာ၊ ဆည်းပူးရှာ၍၊ ဆရာကောင်း ထံ၊ ကိုးဝံလေ့ကျက်၊ မှတ်ခေါက်ရက်တည့်၊ အနက်အနဲ၊ အရဲ အရှု့၊ အကျင့်အဟန်၊ အမှန်အတော်၊ အမြော်အမြင်၊ ဂုဏ် ...ထူးခြား၊ သူ့ရည်သွားကို၊ ယောက်ထားခွဲခြမ်း၊ သိနိုင်စွ... ဟု၊ ချီးမွမ်းဖိုလ်လူ၊ အံ့ရာမူသား၊ မဉ္ဇူပွင့်ဖူး၊ ကြိုင်...သို့။ ။ ကျေး...သတင်း မွှေးစေမင်း။

၃၇။ ကဝိငဂ ႏမည်၊ ပြည့်စုံတည်သား၊ ဇာနည်အထွတ်၊ ဆရာမြတ်ဝယ်၊ မပြတ်နိုင်ယံ၊ နည်းနာခံ၍၊ သာစံရိပ်ငြိမ်၊ ညောင်းစိမ့် ဘန်ခိုး၊ ရှေးကျိုးကောင်းညွှန့်၊ ပွားပြန့်နောင်လာ၊ တိုးတက်

ရာသား၊ အင်္ဂါခုနစ်၊ ကျေးဇူးနှစ်နှင့်၊ ရန်စစ်အောင်နေ၊ လေးထွေအကျင့်၊ လေးဆင့်သင်္ဂြိုဟ်၊ ယွင်းယိုမရှိ၊ ဂတိလေးသွယ်၊ မှတ်ဘွယ်ဘွယ်၌၊ အဓိပ္ပာယ်နက်၊ ပြက်ပြက်ထင်စွာ၊ မသိသာမူ၊ သင်္ကာပျောက်ဆေး၊ စင်အောင်မေး၍၊ ကျင့်ရေးကျင့်နှုန်း၊ ကျင့်မြဲထုံးကို။ ။နှလုံးပိုက်သွင်း ဝင်စေမင်း။

၃၈။ ထိုမှတထွေ၊ တိုင်းခြေရပ်စည်၊ ပြည်၏ကိစ္စ၊သတ္တင်္ဂဟူ၊ တွင်ထမည်ထင်၊ ခုနစ်အင်လည်း၊ သိမြင်မကျန်၊ ယဉ်ထန်သမုဒ်၊ ဖြည်းသုတ်လေသာ၊ ရာဇာမယ၊ နေလပဇ္ဇုန်၊ ဝသုန္ဓရီ၊ ဒေဝီသိကြား၊ ရှစ်ပါးဤသို့မ၊ င်းတို့မှတ်ဘွယ်၊ ပုံသွယ်တသီး၊ သူကြီးကျင့်မူ၊ ဂုဏ်ခြောက်စုနှင့်၊ ဆယ်ခုဓမ္မ၊ ဗလငါးတန်၊ စွမ်းအန်သုံးကြောင်း၊ မကြားတောင်းသား၊ နည်းကောင်းကျယ်ဝန်း၊ အဆန်းဆန်းလည်း၊ မေးမြန်းဘွေရှာ၊ မှတ်သားနာ၍။ ။သင်္ကာပျောက်ကင်း စင်စေမင်း။

၃၉။ ထိုမှတပါး၊ ယောကျ်ားတကာ၊ ဘွေရှာနိစ္စ၊ တတ်အပ်လှသား၊ သိပ္ပရတနာ၊ ဆင်မြင်းမှာတို၊ သမ္ဘာရင့်ညောင်း၊ တုမဲ့တောင်းသား၊ စောလောင်းရန်နင်း၊ ဥတိန်မင်းဟု၊ ဝှန်ပြင်းကျော်ထိပ်၊ ခေါင်ပဏ္ဍိတ်၏၊ ကိုတ်လိပ်သင်ထွေ၊ ဥပဒေ၌၊ တတ်နေလုံခြုံ၊ စီရင်တုံ၍၊ စေ့စုံများကျယ်၊ စီးနင်းဘွယ်လည်း၊ တင့်တယ်ပြသ၊ ခရဏဖြင့်။ ။လေ့ထမကင်း ကျင်စေမင်း၊

၄၀။ သူကြီးဘေးဘိုး၊ ကျင့်ရိုးအညီ၊ ထုံးစံမှီ၍၊ အစီအလျဉ်၊ အစဉ်အသင့်၊ နိမ့်မြင့်ဆင်ခြင်၊ ဂုဏ်အင်များနည်း၊ ပစ္စည်းလျော့တင်း၊ အရင်းအဖျား၊ ရည်သွားရှိမဲ့၊ပြိုင်နိုင်းရှဲ့၍၊ လေးတွဲ့စာနာ၊ ပေးကမ်းကလည်း။ ။ပညာမြော်တင်း ရွေးစေမင်း။

၄၁။ သံသရာစက်၊ အဆက်ဆက်က၊ လေ့ကျက်ဘူးစွာ၊ ဝါသနာကြောင့်၊ ပညာရင့်ညောင်း၊ သူတော်ကောင်းတို့၊ ကျိုးကြောင်းဟုတ်လှ၊ ထုံးစံပြသား၊ ဆုံးမစကား၊ ကျေးဇူးများကို၊ ကြားကြားသရွေ့၊ ရှင်ပျော်မွေ့လျက်၊ နေ့လည်းမကင်း၊ ညဉ့်တွင်းမကွာ၊ မှတ်သားနာ၍၊ ဘွေ့ရှာစူးစမ်း၊ ပြောဆိုကျွမ်းလည်း၊ စိတ်ဝမ်းကြည်လင်၊ သားဘခင်ဟု၊ တိုင်ပင်လျှို့ဝှက်၊ ထဲနက်ရေခြား၊ ပြင်တပါးသို့၊ မကြားစေချင်၊ မမြင်စေလို၊ မဆိုစေမူ၊ တခုခု၌၊ မြော်ရှုသတိ၊ မင်းရိပ်သိ၍၊ မျက်စိမမြင်၊ ခေါ်လျှင်မကြား၊ လျှာမဲ့ငါးသို့၊ ဆွေ့ဝါးခင်ပွန်း၊ ဘွေ့မေးမြန်းလည်း၊ တခွန်းမပွား၊ မင်းစကားကို။ ။စိုက်ထားဝမ်းတွင်း ကြေစေမင်း။

၄၂။ ရန်သူငြိုးဘက်၊ နှောင့်ရှက်ငြိတွယ်၊ အန္တရာယ်သည်၊ အကယ်မျက်မြင်၊ စိုးစဉ်းထင်မူ၊ သေရှင်အရေး၊ နှစ်ထွေးမရည်၊ စွန့်အံ့သည်ဟု၊ ဆောက်တည်သောလျော်က်၊ စွန့်ခွင့်ရောက်မူ၊ ရှုံ့ကြောက်မဲ့တုန်၊ အရင့်ဝန်၌၊ ကုမ္ဘဏ်ယက္ခ၊ သိဟခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခါရှဲ့မဆွန့်၊ အသက်စွန့်လော့၊ အဝှန့်နှောင်လာ၊ လူတကာတို့၊ ပြောရာဥဒါန်း ကမ္ဘာတွန်းသို့။ ။မော်ကွန်းဖြစ်လျှင်း လေစေမင်း။

၄၃။ အနိုးအဝေး၊ အနေးအလျင်၊ စီရင် မ စ၊ အငှအဝေ၊ အစေအပါ၊ အရာကြီးငယ်၊ ပြုဘွယ်ဘွယ်၌၊ လိုမယ်ကိစ္စ၊ အားရအောင်အောင်၊ ရည်စောင်ထဲလာ၊ ကြိုးသောခါလည်း၊ ညီညာအားထုတ်၊ သဘောဟုတ်ဖြင့်၊ မယုတ်မလွန်၊ တော်မှန်ဖြောင့်စင်း၊ မှားယွင်းမရှိ၊ သမာဓိဖြင့်၊ သတိုင့်ဆည်၊ စောင့်အပ်သည်

တွင်၊ ဆံခြည်တတန်း၊ တပ်စွန်းမချစ်၊ လောဘမြစ်၍။ ။တင်
ပြစ်လွှတ်ကင်း ကွေစေမင်း။

၄၄။ လျှိုဘက်ထဲကြံ၊ နက်စံရည်ကောင်း၊ သူ့အကြောင်းကို၊
ချောင်းမြောင်းနှိုးနှယ်၊ သိအောင်ရှယ်မူ၊ ပွဲလယ်အရပ်၊ မတင့်
အပ်ဝယ်၊ ထက်ကြပ်မှုကွာ၊ နေကာမတွေ့၊ ကြည့်ရှုမမြော်၊ နာ
သော်မကြား၊ လူအများကို၊ ဝှက်ထားမြဲကျိတ်၊ ထဲကြံစိတ်ဖြင့်။ ။
တိတ်ဘိတ်ဝှက်ခြင်း ပြေစေမင်း။

၄၅။ ခပ်သိမ်းကိစ္စ၊ ဟူသမျှသည်း လို့လမလျော့၊ မပေ့
မမေ့၊ ညဉ့်နေ့မဟူ သတိမူ၍၊ မေးမြန်းကြောင်းလမ်း၊ စုံစမ်းစနေ့၊
နက်ပညာဖြင့်၊ ရှေ့လာနောက်နစ်၊ ကြံစိစစ်လော့၊ အပြစ်ကိုယ်
ဝယ်၊ ဆိုဘွယ်ရိပ်ဘင်၊ မရောက်ခင်က၊ အမြင်မရှိ တွေးမသိသည်၊
မျက်စိမပွင့်၊ ညဏ်မရင့်၍။ ။အကျင့်အချင်း ကွေစေမင်း။

အနုသာသန ဆုံးမစာ ဤတွင် ပြီး၏။

# ရှင်မဟာသီလဝံသ ၏

## တိလောကဟု-ချီ လင်္ကာ

၁။ တိလောကဟု၊ မရနှိုင်းတူ၊ ဘက်မပြုသည့်၊ သုံးဆူရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေ၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သိုပင်၊ သုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ်။

၂။ ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

၃။ လေပြောသမား၊ မိဘအားကို၊ နိုးကြားမပြတ်၊ မျက်သစ်တံပူ၊ ရုံ့သကူသည်၊ ပူ၍မပြတ် နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းသလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဘွယ်၊ မတင့်တယ်သော်၊ လယ်၍မပြတ် တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါင်ငင်ညီညွတ် သွား၍ခပ်။

၆။ ရေခပ်သွားလည်း၊ ကစား၍သာ မနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒက်ရေဒက်၊ ပေးရန်မှန်သည်၊ခံမည်သာကြုံတော့ မင်းတို့ကျော။

၇။ နေ့ညဥ့်နံနက်၊ ကျိန်းစက်မွေ့ယာ၊ သင်ဖြူးဖျာကို၊ ခင်းကာယူငြား ခေါက်သွင်းထား။

၈။ သက်န်းသပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်များ ပြင်၍ထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်ယူလှမ်း၊ ဝတ်သက်န်းကို၊ ချွေးစွန်းမှုကား၊ နေပူဖြန့်လှန်း သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွှဲဖဲမသွား၊ ယပ်လေခတ်၍ နေထံပါ။

၁၁။ ကိုယ်လက်ဖိန်း၍၊ ကျိန်းစက်သော်ခါ၊ တစာစာနှင့်၊ ပြာပြာလောင်လောင်၊ တလောင်လောင်သည်၊ ခေါင်ခေါင်ကြမ်းကို မနင်းနှင့်။

၁၂။ ရိုင်းစိုင်းနီးကပ်၊မကိုင်းညွတ်ဘဲ၊မတ်တတ်ထိုး၍ မသွားနှင့်။

၁၃။ စားဘွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ် ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကား သည့်နှယ် မမေးနှင့်။

၁၅။ မိဉ်းဘဉ်း၊ ဆရာ့ဦးကို၊ ခူး၍အလျင် မစားနှင့်။

၁၆။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ တောင်းပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဗျပ် ကို၊ ပွတ်တုံညစ်ကြေး၊ မှုမေ့မတင် စင်အောင်ဆေး။

၁၈။ ကျောင်းတွင် အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိ သော်၊ယူငင်သိမ်းဆည်း၊ အထည်းသို့ငြား ကောင်းကောင်းထား။

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တခွန်းခေါ်က၊ ကြားသော်ခဏ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားသည်များ၊ လျင်လျားခဏ လာ ပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာ နာ၊ညီညာဖျဖျ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

၂၂။ သီတင်းသုံးချင်း၊ ချစ်ဟန်ပြင်းသည့်၊ ပဋ္ဌင်းနှင့်ရှင်၊ ညီသွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါ့ကိုအဘ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖယ်မသွေ နှိမ်ချ လေ။

၂၄။ ဂိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်း သွက်လူပေ ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ ဘသောင့်စကား၊ တဟားဟားသည်၊ ရိုင်းကားမိုက်မဲ မပြောနှင့်။

၂၆။ လှူဘွယ်တန်းဘွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ကို၊ လဲကာခဏ၊ သူ့ခွက်ယောက်ကို၊ မပျောက်နေ့ည ပေးလိုက်ကြ။

၂၇။ ကွမ်းဆေးမီးလျှင်၊ ညွှန့်သည်မြင်သော်၊ အလျင်ခဏ တည်ပါကြ။

၂၈။ မင်းသွားငါသွား၊ ငြင်းခုံပွားအောင်၊ စကားဘောက်ဆတ် မဆိုအပ်။

၂၉။ မပြတ်မခြာ၊ ဆုလှယ်လာ၍၊ ငါ၏ထံပါး၊ စေစားရရ နေပါကြ။

၃၀။ ရဟန်းသံဃာ၊ ဟည်းခိုလာသော်၊ သင့်ရာအထူး ဖျာသင်ဖြူးနှင့်၊ လာ၍ဖျဖျ ခင်းကုန်ကြ။

၃၁။ ပရိသတ်သည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ တပည့်တွေတို့၊ တပြည်တရွာ၊ သွားသောခါလည်း၊ ညီညာ လျောက်ပတ်၊ လက်ကတော့ကို ကောင်းကောင်းထိုးကုန်လတ်။

၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမှေ့သိမ်၊ ဣန္ဒြေနှင့်၊ ငြိမ်ငြိမ်နေ။ မျက်စိမငြိမ်း၊ နားမငြိမ်းနှင့်၊ ဟိန်း ဟဲ့ မဆိုရစေနှင့်။

၃၃။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးမှာ၊ တခြား မကျင့်ကြလေနှင့်။

၃၄။ မသင့်တတ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့်၊ တဟီဟီသည်၊ ကျီစား၍လည်း မနေနှင့်။

၃၅။ ဟိနနတ္တာ၊ မဆဲကြနှင့်၊ ကြီးကငယ်သည်၊ နင်ဟယ် ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုပ်ချည်၊ မှောက်လှဲဖို့၍၊ သတ်မည်ကို

ထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်လှရှိသော၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မအေအရင်း၊ တဝမ်းတွင်းသို့၊ သားရင်းတူကွ မှတ်ကုန်ကြ။

၃၆။ သင်္ကန်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၃၇။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ။

၃၈။ ဆရာနေခင်း၊ အင်းပျဉ်ညောင်စောင်း၊ လည်းလျှောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

၃၉။ ရွှေကနူးနူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင်နှင့်၊ ပေါင်ထောင်လက်ကား၊ အပါးကြပ်ကြပ် မနေအပ်။

၄၀။ ရှင်နှင့်သူငယ်၊ 'သောက်ရေအိုးကို တခြားတယ်၊ သုံးဘွယ်မသင့်၊ ကျောင်းဦးရေကိုလည်း မသောက်နှင့်။

၄၁။ ကြီးသူငယ်သူ၊ ရှင်လူကစ၊ ...သမျှလည်း၊ မိဘဝေရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘဲ၊ မိမိကိုသာ၊ ထောမနာလျက်၊ ဆထက်လွန်စွာ၊ ထိုသူငါကို၊ မပါမည်လား၊ ဘယ်ခန့်ညားဟု တုတုပပ ပြစ်မှားကြလျှင်၊ မိဒက်ဘဒက်၊ ဆရာ့ဒက်ကို၊ ခံရလိမ့်မည် မယွင်းစွ။

၄၂။ ရဟန်းသင်္ဃာ၊ အရိယာကို၊ လူသာမဏေတို့၊ ချိုချိုငဲ့ငဲ့၊ ကဲ့ရဲ့ကျီစား၊ လှည့်စားမပြု၊ တုဘက်မဆို၊ ပိုသောကြစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့ ရှုံကြောက်စေ။

၄၃။ မွေတော်ဓာတ်တော်၊ ရုပ်ထုတော်ကို၊ ဖူးမြော်မပြတ်၊ ရွှေကျောင်းဦးမှာ၊ ဖြည့်ကြဝတ်ဘက်၊ နံနက်မိုးသောက်၊ ချိန်ခါ

ရောက်သော်၊ ဝတ်လျှောက်မပျက်၊ လက်အုပ်တင်ထား၊ ဘုရား၊ တရား၊သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလို့လ ဆောက်တည်ကြ။

၄၄။ ငါကသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာ အပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တွင်လည်းရွက်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊ စာအံဆိုလျှင်၊မရှင်မျက်နှာ၊မသာမချို၊ ထိုထိုအကြံ၊ ကြိုးစွာဖန်၍၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာ တပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောရွှလည်း မနေနှင့်။

၄၆။ မပြတ်အသံ၊ တညံညံသည်၊ စာအံစာဖတ်၊ ကြပ်ကြပ် မြဲမြဲ၊ သည်လည်းညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ ပီလှစေ။

၄၇။ သင်ပုန်းထမ်းရွက်၊ ပေထက်စီကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလှစေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်ကောင်ညဥ့်နက်၊ သင်ကျက်သမျှ၊ စစ ကုန်စေ၊ နေ့ကိုအလွတ် ရွတ်နိုင်စေ။

၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊ မသင်မရွတ်၊ မဖတ် စာပေ၊ မရေမရာ၊ နေ့သာကုန်ငြား၊ ရက်သာများအောင်၊စကား ဖောင်ဖွဲ့ငြား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော ရွှလည်း မနေနှင့်။

၅၀။ တယောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်င၊ သင်ပုန်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၁။ နွားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွားခေါင်းပေါင်း၊ နွားတောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သိကာမြူးရှင်၊ ရွှေငွေဆင်၍၊ သင်တို့ သည့်နှယ် မကျင့်နှင့်။

၅၂။ သက်န်းမှာလဲ၊ ပိန္နဲအပြင်၊ လှစေချင်၍၊ လွှင်လွှင်ပပ၊ ပြုကြမသင့်၊ နန္ဒင်းဆိုးနှင့်၊ တိန်းညက်ဆိုးကိုလည်း မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဌ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ ညီလှစေ။

၅၄။ ရွှေဆရာမွန်၊ ရှင်သိလဝံသ၊ ထေရ်ဂုဏ၏၊ နှံမျှအကျော်၊ မိန့်တော်နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဌ်ဂါထာနှင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ ရမည်မြန်စွာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်းကျက်မှတ်ကြလေကုန်။

၅၅။ ဗဟုသုတ၊ တတ်ပါချင်လျှင်၊ သက်သာခိုက်ကို သင်လိုက်ကြ။

၅၆။ သို့ပင်တစေ၊ မနေရသာ၊ ကျောင်းကခွာသော်၊ နောင်ခါ နောင်တ ရှိတတ်စွ။

၅၇။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုးနပ်မည်ပ။

၃၈။ ဆုံးမစကား၊ ဆိုသည်များကို၊ မှတ်ထားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံတောင့်မင်းတို့ကျော။

၃၉။ ယခုအခါ၊ သာသနာတွင်မူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူမှသာမဟော၊ ဖြစ်စေမြတ်ခြင်း၊ ပဥ္စင်းသဃ်ာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရှာမရှိ၊ မြတ်ခေါင်ထိပ်ဟု၊ သိကြပါစေ၊ သည့်ထက်သည်သာ၊ မြတ်ရာဆုသာ လှမ်းပါလေ။

၄၀။ ရှင်သီလဝံသ ထေရ်ဂုဏ၏၊ ဆုံးမစကား၊ မနာကြားက၊ လားလိမ့်ပါယ်ရပ်ရွာ။

၄၁။ ပစ္စုပ္ပန်၊ ခုဘဝ၊ နေရကိုယ်ထိးသာ။

၄၂။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၄၃။ နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။

၄၄။ မျက်နှာညှိုးပါး၊ လူငနွား အများစေစားရာ။

၄၅။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၄၆။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။

၄၇။ ဘယ်ငှာကိုမျှ၊ စွဲမရ၊ ဟာလ္လရှုံဘွယ်သာ။

၄၈။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရ သူ့ဥစ္စာ။

၄၉။ ရခါသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။

၅၀။ တောမှာပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ရပ်ဝေးစွာ။

၇၁။ ရပ်ရွာတပါး၊ ရောက်တုံငြား၊ လားလားမလုပ်ပါ။

၇၂။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုယ်ဝင်ထိုးတွန်းကာ။

၇၃။ ကြင်နာရိပ္ပတ်၊ တလျှပ်လျှပ် ရက်ပြတ်ငတ်တို့ပါ။

၇၄။ ရှာဖွေချေးငှား၊ မရငြား၊ သွား၍ ခိုးလေပါ။

၇၅။ ခိုးခါမိလေ၊ ထိုးခုတ်လေ၊ ကျဆောပါယ်ရပ်မျှာ။

၇၆။ ဤစာရွေ့ကျမ်း၊ ကိုးပဝန်း၊ ရဟန်းတော်ရှင်၊ လွန်ကြည်လင်၊ တင်လိမ့် ယာဝုဓါ။

၇၇။ လိမ္မာသိတတ်၊ လောကဓာတ်၊ တက်သိမ့်များဂုဏ်ဆင်၊

၇၈။ ဝါယာလို့လ၊ ကြိုးပမ်းကာ၊ ရလိမ့်ဉာဏ်ပညာ။

၇၉။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်အများထင်။

၈၀။ ရှင်လူအများ၊ လွန်ခန့်ညား၊ သိကြားနတ်အသွင်။

၈၁။ ရွှင်ရွှင်လန်းလန်း ပွင့်သစ်ပန်း၊ မနွမ်းမျက်နှာမြင်။

၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။

၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ခြောင့် ရှေ့ဝင် ပေါ်၊

၈၄။ ရပ်ဌင်တပါး၊ ပြောင်းလဲသွား၊ ပိုးများ ကျောက်အသွင်။

၈၅။ ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။

၈၆။ သံသရာဘဝ၊ ပြောင်းလှည့်ကြွ၊ ဒေဝနတ်ဘုံကွင်။

၈၇။ များပင်နတ်ပေါင်း၊ ရုံသိမ်းဆောင်း၊ လောင်းတော် နတ်အသွင်။

၇၇။ ပဥ္စင်ငါးမည်၊ နတ်တို့စည်၊ မည်သည်မဆုံးအင်။

၇၈။ ဒေဝကညာ၊ ဆင်းကလျာ၊ ရလှာပတ်ကုံးအင်။

၈၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။

၈၁။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမချွတ်ပင်။

ရှင်မဟာသီလဝံသ လင်္ကာ ပြီး၏။

# ရှင်မဟာရဋ္ဌသာရ ၏

## လက်သစ်တောင်တာ—လင်္ကာ

၁။ လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင့်မိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်နှင့်၊ ထိုပြင်တစ်ခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတဆူ၊ ဂူတလုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်လား၊ အစားအဝတ်၊ မလွတ်ရစေ၊ ရေပူရေအေး၊ လိုရာပေး၍၊ မွေးကျေးကြပေ၊ တထွေမှတ်သား၊ အခါးအချို၊ လူတို့ဆိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြုသဆိုထွေ မျိုတတ်စေ။

၂။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီးအစ်မ၊ သည်နှစ်ဝ၊ မိဘကဲ့သို့ မှတ်ပါလေ။

၃။ ဆွေကြီးမျိုးကြီး၊ အဘကြီးနှင့်၊ ဦးရီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဝုဍ်၊ ပစ္စယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ။

၄။ ပေါက်ဖော်သားချင်း၊ တဝမ်းတွင်းမှ၊ အရင်းအနှစ်၊ ဖွေစိစစ်၍၊ အပြစ်စုပုံ၊ မခြားတုံသည်၊ အူတုံဖြစ်က ချစ်ကြလေ။

၅။ သေတူရှင်ဘက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ။

၆။ ရှေးကစွန့်ကြဲ၊ ကံရင်းနဲ၍၊ ဆင်းရဲခဲ့တုံ၊ ကိုယ်မလုံ၍၊ သူ့ဂုဏ်ပိုင်ပိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်သူ့အိမ်၊ ရောက်ခိုက်ကြိမ်က၊ မထိမ်မမြှု ဥဖူးသို့၊ ကျေးဇူးရှိတွေ့ သိတတ်စေ။

၇။ တယောက်စကား၊ တယောက်နားမှာ၊ မပါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

၈။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၉။ သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော် ဟောသည့် အဆိပ်ရေ။

၁၀။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့ အသက်ကို ချစ်ပါလေ။

၁၁။ သူ၏ဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူမပေးက၊ ဆေးတအိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြပါလေ၊ ကာမေမိစ္ဆာ၊ သူ့ အိမ်ရာကို၊ မြင်ကာခဏ၊ သူသတ်ကျူးသည့်၊ ဘီလူးမသို့၊ စိတ်က မသွေ့ ထင်မိစေ။

၁၂။ သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည် စစ၊ ပြောသမျှကို မှန်လှစေ။

၁၃။ အပါယ်လေးပါး၊ လားမည့်အကြောင်း၊ မကောင်းမှုမှု၊ စပ်သမျှကို၊ ရှောင်ကြပါလေ၊ သေကာထုတ်ချောက်၊ ငရဲရောက်မည် ရွံ့ကြောက်စေ။

၁၄။ ဘုရားတရား၊ မြတ်ဖျားသံဃာ၊ အရိယာကို၊ မကွာနေ့ည၊ ဟတ္ထအဉ္ဇလိ၊ မြှောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည ကိုးကွယ်ကြ။

၁၅။ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ လက္ခဏာသုံးပါး၊ ဤတရားကို၊ ဖွားဖွားနှုတ်ဝယ်၊ သရဇ္ဈာယ်၍၊ ကိုးကွယ်စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲသည့်၊ ပုလဲကဲ့သို့ မြဲလှစေ။

၁၆။ စာတတ်စာသင်၊ ရှင်သာမဏေ၊ ထွေထွေကောင်းမှု၊ စုံတခုကို၊ ပြုစုကြပေ၊ မသွေမဖောက်၊ ကြီးရာရောက်သော်၊ လျှောက်လျှောက်ပတ်ပတ်၊ သူတော်မြတ်၏၊ ကျင့်ဝတ်ပိတ္တေ၊ ကိုယ်ကိုယ်ထိန်း၍ သိမ်းဆည်းလေ။

၁၇။ ဖုန်းတောင်းယာစကာ၊ ခံရောက်လာသော်၊ သဒ္ဓါသုံးဝ၊ ထက်လှစေ၊ ပေးစွန့်ကြသည်၊ လှူရဲစေ။

၁၈။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျွေးဟူသည်၊ အလှူသိုက၊ မဆုတ်ကြနှင့်၊ ရဲလှပါစေ၊ တံစက်အောက်တွင်၊ ခံဆောက်အိုးတန်၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ တုံးဟောင်းစာကို ထောက်ပါလေ။

၁၉။ သူတော်ကောင်းနှင့်၊ ပေါင်းဖော်ယှဉ်တွဲ၊ လူမိုက်မဲကို၊ ရှောင်လွှဲပါလေ၊ ဤသူအမြတ်၊ ဤသူလတ်ဟု၊ ညစ်ထပ်ကြမ်းကြုတ်၊ ဤသူယုတ်ဟု၊ အဟုတ်အမှန်၊ မသွေလှန်သည်၊ ဘောန်ဆတ်ဆတ်၊ လူသုံးရပ်ကို သိတတ်စေ။

၂၀။ ကဲ့ရဲ့သင်္ဂြိုဟ်၊ ဆိုလည်းမထိ၊ မသဒ္ဒိအောင်၊ ဟိရိဩတ္တပ်၊ စောင့်ကြပ်မဆို၊မိမိကိုယ်ကို၊ ပစ္စုဒ္ဒိုရ်ရှင်၊ ဖြစ်လိုဖြစ်စေ၊ ငါမထေဟု၊ သရေမဆောင်၊ လူမုန်းအောင်လျှင်၊ မောင်တို့မကျင့်ကြလေနှင့်။

၂၁။ ငြိမ်သက်ဣန္ဒြေ၊ တည်ကြည်ထွေဖြင့်၊ သန္တေကောင်းမှန်၊ လွန်တော်မှန်လျက်၊ စိတ်မာန်မနှောင့်၊ နှုတ်လက်စောင့်သည်၊ သူကောင့်သွေးရည် ပီလှစေ။

၂၂။ ရပ်သူရွာသား၊ သူကောင်းများ၏၊ နားမှာမဆန့်မခန့်မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နွမ်းအောင်၊ အသွမ်း မကျင့်ကြလေနှင့်။

၂၃။ မုန်းဘွယ်လည်းတတ်၊ မျောက်မျက်စိကို၊ မျက်စဉ်းခတ်သို့၊ လျှပ်လျှပ်ပေါပေါ၊ လော်လော်လည်လည်၊ မတည်မျောက်နှယ်၊ စက်ဆုတ်ဘွယ်ဟု၊ သည့်နှယ် မဆိုရစေနှင့်။

၂၄။ ကွယ်ရာမရွေး၊ မျက်နှာဝေးက၊ တွေးလေကြံဘိ၊ မိမိသဘော၊ သို့ကျင့်သောဟု၊ ပြောရလူချင်း၊ မေတ္တာကင်းအောင်၊ သတင်း မပုပ်ပါစေနှင့်။

၂၅။ အရောင်းအဝယ်၊ အသွယ်သွယ်တွင်၊ နှစ်လိုဘွယ်ရန်၊ ဖိုးထိုက်ဘန်လျှင်၊ မှန်သည်ကိုလိုက်၊ လောဘတိုက်၍၊ လူမိုက်မဆိုရစေနှင့်။

၂၆။ နှုလုံးသည်းခြည်၊ သန္တေလည်းတန်၊ မမှန်စကား၊လူဖြစ်မှားဟု၊ အများ မဆိုရစေနှင့်။

၂၇။ မဖြောင့်မသား၊ မတရားကို၊ လားလားဤသူ၊ မပြုဟူ၍၊ ဗိုလ်လိုခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ ချီးမွမ်းဆိုထွေ ရတတ်စေ။

၂၈။ အတည်အကျေး၊ အပေးအကမ်း၊ သေခန်းရှင်ခန်း၊ လူတို့တမ်းကို၊ အော်အမ်းနိုင်ထွေ၊ လောကဝတ်ကိုလည်း သိတတ်စေ။

၂၉။ ရဟန်းသင်္ဃာ၊ အရိယာပေါင်း၊ သူတော်ကောင်းတို့၊ အပေါင်းစည်းဝေး၊ ပြောရေးဆိုတမ်း၊ ပွဲလမ်းကြုံငြား၊ အသွားအလာ၊ လှူဒါန်းကာလည်း၊ လကျာဘက်က၊ အင်္ကျီလက်ကို၊ တဘက်ချလျက်၊ ကပ်ထအပါး၊ ဝပ်လျှိုးသွား၍၊ ကျောင်းသားပီထွေ ယဉ်ကျေးစေ။

၃၀။ ကြီးသူတဖြာ၊ ပညာရှိအား၊ သူကောင်းများနှင့်၊ စကားထွေလာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ ဆိုရစေ။

၃၁။ အဋ္ဌာရသ၊ သိပ္ပမကြွင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊ ရှိသောခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်သောင်းကို၊ ဒိုးကောင်းပြေးသို့၊ လူရေးလူရာ ပီလှစေ။

၃၂။ အပေါ်အလွှင်၊ ပျော်ရွှင်မပါး၊ လောင်းစားကြက်ငှက်၊ မလေ့ကျက်နှင့် အသက်မွေးမှု၊ တခုခုကို၊ လုပ်မှုဆောင်ခင်း၊ မပျင်းမရိ မိမိတို့တွင်၊ အကြင်လက္ခဏာ၊ လူ့ဘာသာလျှင်၊ ဥစ္စာရကြောင်း၊ အရောင်းအဝယ်၊ ကုန်စလယ်သွား၊ မနေနားဘဲ၊ ပျားပီတုန်းတူ၊ ဝတ်ရည်ယူသို့၊ လူစင်မှီအောင် ကြိုးစားလေ။

၃၃။ အသုံးအဆောင်၊ အိမ်ဆောင်ခမ်းနား၊ အပါးပါးကို၊ ပြန့်ပွားလေအောင်၊ ကြောင်ပုဇွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ ယောက်ျားပီသွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း ရှိလှစေ။

၃၄။ သူ၏စီးပွား၊ ငါ့စီးပွားကို၊ ထောက်ထားမိစေ၊ ကြီးလောဘကို မျှတစေ။

၃၅။ မမှေ့မနှောက်၊ မကောက်မကျစ်၊ မလျှပ်လစ်ဘဲ၊ မစဉ်းလဲနှင့်၊ စိတ်ထဲဖြောင့်စေ၊ သူ့အကျင့်ကိုလည်း သိတတ်စေ။

၃၆။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအပူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ။

၃၇။ ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်၊ လျင်လျားဆေးနွေး၊ ဆိုရေးလိမ္မာ၊ ပညာရှိအား၊ ကိုယ်တိုင်သွား၍၊ စကားလိုက်လျော၊ စစပြော၍ နှီးနှောလေ။

၃၈။ ငါ၏စိတ်တွင်၊ ထင်၏မလွဲ၊ လိပ်ခဲတင်းလည်း၊ ဟုတ်တည်းကေန်၊ အာမသန်နှင့်၊ မှန်သည်တစေ မရှိချေ။

၃၉။ မှန်ဘွယ်မှန်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ် အိမ်တွင်ဖတ်။

၄၀။ ဖတ်ပြန်သော်ကား၊ ဖတ်ပါများက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။

၄၁။ နားမှာမဝင်၊ မသိမြင်က၊ သမင်ကျွဲနွား၊ တောင်သူလားသို့၊ မပွားပညာ မလိမ္မာဘဲ၊ မိစ္ဆာစိတ်ခိုင်း၊ ထုထိုင်းမှိုင်းသည်၊ ရိုင်းစိုင်းတောင်သူ၊ မိလက္ခုနှင့် တူလိမ့်မည်။

၄၂။ ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဘွားမိခင်၊ ဆုံးမသင်သို့၊ အကြင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို၊ နားမျှမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ ယခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဆက်များစွာ၌၊ ချမ်းသာမည်ရေး၊ အလွန်ဝေးသည်၊ သေဘေး မလွဲ၊ ဝဋ်ဆင်းရဲမှ၊ ရှေ့ခဲဘယ်နှယ်၊ အသွယ်သွယ်ကို၊ လွဲဖယ် ကြံစည် လွတ်ပါမည်။

၄၃။ နားလည်စေကြောင်း၊ သို့ကျင့်ကောင်းစွ၊ သောင်း ပြောင်းနှိပ်စပ်၊ သည့်တိုင်းမှတ်ဟု၊ ထေရ်မြတ်ဆရာ၊ ရဋ္ဌသာလျှင်၊ ပညာရကြောင်း၊ ဉာဏ်နှင့်လောင်း၍၊ ရုံးပေါင်းဆင်ခြင်၊ ဆုံးမ သင်သည်၊ ဤတွင် တခန်းပြီး၏သော်။

လက်သစ်တောင်တာ လက်ာ ပြီး၏။

# သားရွှေတောင် - လင်္ကာ

## [ ရတနာဘုံစံကျောင်း ကိုရင်ကြီး ရေးသည်။ ]

၁။ သားရွှေတောင်၊ မောင်ငယ်ပုခင်၊ မယ့်ဆံကျင်သည့်၊ အိမ်တွင်မနေ၊ သွားပါလေဟု၊ သံချေစကား၊ ကြံချိုပျားသို့၊ မိအားဆုံးမ၊ အတတ်ရအောင်၊ ကျောင်းဆောင်ဗိမာန်၊ ဇေတဝန်သို့၊ သက်နှိုလူကြော့၊ သွားပါတော့ဟု၊ ပျော့ပျော့တောင်းပန်၊ သားရွှေရံကို၊ လျှင်တန်မိမင်း၊ ဆီနွှင်းနှင့်၊ ထုံသင်းမွှေးပေါင်း၊ လိမ်းပြီးလှောင်း၍၊ နားတောင်း လက်ကောက်၊ ခြူးပြောက်အင်္ကျီ၊ ဖဲနီဖဲဝါ၊ ခါသာသက္ကလတ်၊ ကိုယ်လုံးဝတ်၍၊ လက်စွပ်ခြေကျင်း၊ ကျော့ကျော့ရှင်းနှင့်၊ မယ်မင်းပုံပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ငှာဟု၊ ဆုရာမြွက်ထံ၊ အပ်ထားနှံ့သည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

၂။ သားရွှေတောင်၊ မောင်ငယ်သလေး၊ အကြံကွေးသည်၊ တွေးတွေးဆဆ၊ မကြောင့်ကြနှင့်၊ မိဘဆရာ၊ စောင်မပါအံ့၊ ပညာဉာဏ်ရောင်၊ ထွန်းပြောင်ကျက်သရေ၊ တတ်မျိုးထွေကို၊ စုံစေကြိုးစား၊ ဆရာ့ပါးဝယ်၊ ရွှေသားသက်ဝေ၊ မယ့်ဖအေလျှင်၊ သင်စေချင်လှ၊ မောင့်ဘတသီး၊ ငါလည်းတသွယ်၊ ဘွားငယ်ဘွားကြီး၊ ဝရီးတူကွ၊ ရှင်ပျလူစုံ၊ လှကြေးမုံကို၊ အကုန်ကြွင်းမဲ့၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာက၊ တေဇာပိဝေ၊ ဇာတ်

ပေါင်းတွေနှင့်၊ နှိုင်းဖွေလိမ့်မှာ၊ သဒ္ဒါရှစ်စောင်၊ အကုန်ဆောင်၍၊ လင်းပြောင်ရှန်းရှန်း၊ တက်နေထွန်းသို့၊ ကျမ်းဘိဓမ္မာ၊ ခုနစ်ဖြာကို၊ ရွတ်ကာသွင်သွင်၊ တတ်စေချင်၏၊ ငါးအင်ဝိနည်း၊ လွန်သိမ်းဆည်းမှ၊ ခမည်းမောင်မင်း၊ နှလုံးသွင်း၍၊ ဝမ်းတွင်းပြင်းစွာ၊ မှတ်စိမ့်ငှာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်၊ သက်နှံ့ရွှေတောင် အမယ်မောင်။

၃။ သဘင်းရွှေတောင်၊ မောင်ငယ်မျက်ပွင့်၊ ခါချိန်သင့်ကို၊ မောင်မင်းဆရာ၊ ကျောင်းတော်သာက၊ မျှော်ကာလည်းကြည့်၊ ငါတပည့်ဟု၊ ရွှေမှည့်သိင်္ဂါ၊ ကျမ်းပေစာကို၊ အသာလည်းဖွင့်၊ ငှံ့ပေလင့်အံ့၊ မမြင့်မကြာ၊ အိမ်မှာမနေ၊ ကျောင်းမှာနေဟု၊ ခုလေသွားပါ၊ ဆိုသောခါလည်း၊ မာတာမိခင်၊ ကျေးဇူးရှင်လည်း၊ ထိပ်တွင်ရွှေကြာ၊ ပန်းပမာသို့၊ တင်ကာဝပ်တွား၊ မြတ်သံပါးသို့၊ မခြားခုပင်၊ သွားစေချင်၍၊ ရွှေစင်သက်ပေး၊ မကြာနှေးနှင့်၊ လူရေးလူရာ၊ ရှိပါမည်ကြောင်း၊ မိခင်မောင်း၍၊ သားကောင်းရွှေလှော်၊ မိမျက်ဖျော်ကို၊ ကျောင်းတော်ဗိမာန်၊ ဇေတဝန်သို့၊ မြတ်မွန်အထံ၊ အပ်ထားနှံ့သည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

၄။ သဘင်းရွှေတောင်၊ မောင်ငယ်လူပျို၊ မယ့်ပန်းညိုသည်၊ အိမ်ကိုမမင်၊ မပျော်ရွှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရှက်သော်၊ လူပျက်လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်ကပ်၊ ပျက်ချေဘတ်၏၊ သားမြတ်ရွှေငုံ၊ ပမာပုံကို၊ ယူတုံယှဉ်သော၊ မယ်မင်းပြောအံ့၊ မဆွေသာပုပ်ဟောင်၊ ငါးသေကောင်ကို၊ ပညောင်ရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ညောင်ရွက်

အုပ်မှာ၊ ပုပ်လေသည်သာ၊ ဥပမာသို့၊ ရွှေဝါသက်ပေး၊ မယ့်ရင်သွေးလည်း၊ ဝေးဝေးလျှပ်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာကြည်ဖဲ၊ အယူစွဲ၍၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့၊ ဆိုတုံ့မငံ့၊ စောင်းမာန်ညှံ့လျက်၊ ကြောက်ရွံ့ရိုသေ၊ မိမအေကို၊ ရိုသေခညွတ်၊ ဟုတ်ပေတတ်၏၊ သတ်မှတ်ပလေ၊ မအေ မိခင်၊ သွန်သင်လိမ္မာ၊ တတ်ကြောင်းရှာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

၅။ သားရွှေတောင်၊ မောင်ငယ်ရွှဲလုံး၊ မှဲ့ဆံထုံးမှာ၊ ပန်းကုံးပမာ၊ မယ်ဆင်ပါလျက်၊ ကောင်းရာမြော်မြင်၊ ကောင်းစေချင်၍၊ ကောင်းတင်စေငြား၊ ထံပါးဆရာ၊ နေသောခါဝယ်၊ ရွှေသာသျှံဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလူနု၊ သားမျက်ရှု၏၊ တန္တုပုံကို၊ အမည်ဆိုအံ့၊ အပျိုအရွယ်၊ ကြီးငယ်မဟူ၊ ကောင်းပါမူကား၊ ကြည်ဖူ့ခန့်ညား၊ လျှိုးဝပ်ဘွားရှု၍၊ ရွှေသားဝမ်းတွင်း၊ နှလုံးသွင်းလေ့၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ငှာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

၆။ သားရွှေတောင်၊ မောင်ငယ်ပန်းဖူး၊ ရွှေလိုဦး၍၊ ပုံ့ပျူးသာယာ၊ ငယ်သေးစွာက၊ တတ်ပါစေချင်၊ မြင်ပါစေလို၊ ဆိုတိုင်းယှဉ်၍၊ ကြံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊ သက်နှံ့ထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်သို့၊ အိမ်ဘွင်မထား၊ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါဘည့်၊ သင်သာခိုက်ဘွင်၊ အရိုက်အပုတ်၊ အတုပ်အနှောင်၊

ကျောင်းရွှေဆောင်သို့၊မယ့်မောင်ကြိုးစား၊ နှလုံးထားလေ့၊ထွတ်ဖျားဆရာ၊ ပညာသင်ကြောင်း၊ ရိုက်ပုတ်မောင်း၍၊ ရွှေကျောင်းတော်မှာ၊ သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဘမိခင်နှင့်၊ တူပင်အပ်နှံ၊ သားရွှေရုံကို၊ သင်အံမည်ကြောင်း၊ တဖျောင်းဖျဖျ၊ ဆိုမြွက်ဟသည်၊ ကြွကြွလှမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

၇။ သားရွှေတောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို့၊ အမယ်မွေးမိ၊ တတ်သိစေလို၊ ပြည့်နှန်းဆိုအံ့၊ လူလိုသင်ထား၊ ငှက်ကျေးသားမှ၊ သင်ကြားနားမှာ၊ လူ့ဘာသာဖြင့်၊ ဗုဒ္ဓါမိန့်မှာ၊ ဒွတ္တိုသာကို၊ ဝမ်းမှာပြည့်လျှမ်း၊ ရွတ်စီးဖြန်း၍၊ နေ့ချမ်းညလျှင်၊ တောင်လက်သင်၍၊ မုခ်ဝင်ခေါင်စွန်း၊ လေသာနန်း၌၊ ဖြန့်သန်းလူးလာ၊ နေသည့်ခါမှ၊ လဟာမိုးပြင်၊ ယက်ကောင်းကင်က၊ စွန်လျှင်သုတ်ထွေ၊ ပါရလေသော်၊ သံချေညံညံ၊ ဘဝဂ်သို့မျှ၊ ရွတ်အံသန်းလန်း၊ ကမ္ဘာဒွန်းကို၊မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊ စွန်လျှင်မနေ၊ လွှတ်လိုက်ပေ၏၊ အရှေ့မကြာ၊ ထိုအနာကြောင့်၊ နိဗ္ဗာဝတာ၊ မရဏာဖြင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသားစံသို့၊သက်နှံ့လူပျို၊ သားပန်းညိုလည်း၊ လူလူရာရာ၊ တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

၈။ သားရွှေတောင်၊ မောင်ငယ်ရင်သား၊ မိခကားကို၊ ရွှေနားချိုချို၊ အမယ်ဆိုအံ့၊ ပုံကိုနားထောင်၊ ဤလူ့ဘောင်တွင်၊ မိုက်ခေါင်အတိ၊ မိုက်လှဘိသည်၊ ဒိဋ္ဌိယူမှား၊ မြွေသမားလည်း၊

သုံးပါးရတန၊ မြတ်ဓမ္မကို၊ နားမှမဝင်၊ ပိတ်သောသွင်သို့၊ မမြင်မျက်ကန်း၊ မောဟလွှမ်း၍၊ လူစွမ်းဘာသာ၊ အရွာရွာသို့၊ မြေရှာသွားချင်၊ တည်းလေဝင်သော်၊ ရွာတွင် အများ၊ ယောကျ်ားမိန်းမ၊ နေ့ညမကွာ၊ သရဏဂုံ၊ မြတ်သုံးစုံကို၊ ကြည်ယုံဆောက်တည်၊ မြည်ကြသည်ကို၊ နားလည်းမဝင်၊ မြေသခင်လည်း၊ ပြီးချင်ဘွယ်သာ၊ တစာစာနှင့်၊ သည်ရွာတွင်ပင်၊ မနေချင်ဟု၊ မြေလျှင်ဖမ်းမည်၊ သွားလေသည်ကို၊ တောလည်သို့ရောက်၊ ထူးပေါက်တွင်း၌၊ မြေဟောက်ငန်းဟာန်၊ ပြိစ္ဆာဖန်၍၊ သဏ္ဍာန်မယွင်း၊ နဂါးမင်းကို၊ အလျှင်းမနေ၊ ဖမ်းရှာချေဟု၊ ပျက်ထွေအမျက်၊ ချောင်းချောင်းထွက်မျှ၊ လိုက်လေကလျှင်၊ ကြောက်အင်ကြီးစွာ၊ သေအံ့ငှာဟု၊ ပြေးရှာပင်ပန်း၊ အစွမ်းဂုဏ်ကို၊ ကိုယ်ပင်မယုံ၊ အသည်းတုန်မျှ၊ ထိုရွာကလျှင်၊ ကြားရစကား၊ သုံးပါးရတနာ၊ မြတ်ဂါထာကို၊ ပြေးကာယောင်ယမ်း၊ အမှန်းမသိ၊ ရွတ်မိကာကာ၊ ဂုဏ်တေဇာကြောင့်၊ ကြားကာဝမ်းတွင်း၊ နဂါးမင်းလည်း၊ ချက်ခြင်းယူလေ၊ မသင့်ချေဟု၊ ရှိသေမသတ်၊ အသက်လွှတ်၍၊ ကြည်ညွတ်လှတင့်၊ ပန်းနှစ်ပွင့်ကို၊ ချီးမြှင့်ပူဇော်၊ မြတ်ဂုဏ်တော်ကြောင့်၊ မိုက်ဘော်မဝင်၊ ဖြစ်သောသွင်သို့၊ သဇင်ကြက်ရိုး၊ သားရွှေတိုးကို၊ မြတ်ဆုံးအချာ၊ ရတနာကို၊ ထိပ်မှာပန်းဟာန်၊ ပန်ပါစေကြောင်း၊ အမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည်၊ သက်နှံ့ရွှေတောင် အမယ့်မောင်။

**သားရွှေတောင် လင်္ကာ ပြီး၏။**

———

# သားရွှေခဲ-လင်္ကာ

## [နဂါးရုံကျောင်း ကိုရင်ကြီး ရေးသည်။]

၁။ မွေးသမိခင်၊ ဆွတ်ဆွတ်တင်၍၊ လည်တွင်ဆွဲရစ်၊ မကွာချစ်သည်၊ ရင်နှစ်ပုလဲ သားရွှေခဲ။

၂။ သားရွှေခဲ၊ ရဲရဲသျှိုတောက်၊ ရွှေပင်ပေါက်သို့၊ တယောက်ဟူ၍၊ ဖြစ်စကလျှင်၊ မောင့်ဘငါမိ၊ စိတ်ညှိတိုင်ပင်၊ သားရွှေစင်ကို၊ ဂုဏ်အင်ကျေးဇူး၊ သူတထူးထက်၊ တောင်ဦးမြင့်မိုရ်၊ ဖြစ်စေလို၍၊ အပျိုအရွယ်၊ သင့်ရုံရွယ်က၊ မွေးမယ်လက်တည်း၊ ခမည်းလက်ငင်၊ ဆွတ်ဆွတ်ကြင်၍၊ ဗေဒင်လေးထပ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံကို၊ အာဂုံဆောင်ရွက်၊ လွန်လေ့ကျက်သား၊ ထက်မြက်ပညာ၊ မြတ်ဆရာဝယ်၊ ကောင်းစွာကြပ်ကြပ်၊ မယ်မင်းအပ်သည်၊ သေသပ်အမြဲ သားရွှေခဲ။

၃။ သားရွှေခဲ၊ တဝဲလလ၊ မိကိုတ၍၊ သားလှရွှေကြာ၊ မနေပါနှင့်၊ ဆရာကောင်းထံ၊ ဆုံးမခံ၍၊ ကျိုးနွံဝပ်တွား၊ ရှိငါးပါးနှင့်၊ သွားလည်းသာယာ၊ လာလည်းဖြည်းဖြည်း၊ ရေတင်လှည်းသို့၊ ခမည်းမောင်မင်း၊ နှလုံးသွင်းလော့၊ မပျင်းထကြွ၊ ငိရိယာဖြင့်၊ နေ့ညနံနက်၊ ဝတ်တံမြက်နှင့်၊ သန့်သက်ရေမိုး၊ သုံးအိုး

ညရေ၊ ထင်းခွေမီးယူ၊ ဒန်ပူတချောင်း၊ တကောင်းနှစ်ခု၊ လို့လပြုလော့၊ လေးခုသရက်၊ လေးခုကြွက်နှင့်၊ လေးချက်အိုးမျိုး၊ ဤဆိုရိုးလည်း၊ မောင်မျိုးဝမ်းတွင်း၊ နှလုံးသွင်းလော့၊ ကောင်းခြင်းစုံအင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၄။ သားရွှေခဲ၊ ပန်းဘဲညှပ်တူ၊ ယမာယူလျက်၊ အပူအချမ်း၊ အကြမ်းအနု၊ မောင်မင်းပြုလော့၊ တန္တုပုံကို၊ မိခင်ဆိုအံ့၊ နဂိုရှိသခင်၊ ရွှေအိမ်ရှင်ကို၊ ဝန်းကျင်လူများ၊ လွန်ခန့်ညားသို့၊ ဝပ်တွားကျိုးနွံ၊ လွန်ကြောက်ရွံလော့၊ ခြွေရံဆွေမျိုး၊ စည်းစိမ်ကိုး၍၊ မလျှိုးမပျပ်၊ မပြုအပ်တည့်၊ ထောင့်ကပ်ဖားရား၊ သွားလည်းနောက်ပါ၊ လာလည်းကြိုဆို၊ ဆိုလည်းကူကူ၊ မျက်နှာချ၍၊ မင်းခအသွင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၅။ သားရွှေခဲ၊ သားရဲထူသပ်၊ ချောက်မြောင်ကျပ်ဝယ်၊ လျှပ်လျှပ်ပေါ်ပေါ်၊ လော်လော်လည်လည်၊ မျောက်မယည်သို့၊ နေတည်မကျ၊ တကြွကြွနှင့်၊ သားလှကျောင်းမှာ၊ မပြုပါနှင့်၊ သမ္မာအယူ၊ သဒ္ဓါဖူလျက်၊ ကန့်ကူပေဖြုန်း၊ ကညစ်တုံးမျှ၊ ကုန်းကုန်းကုတ်ကုတ်၊ ကြိုးအားထုတ်ပ၊ ဆရာ့ထံ၌၊ ပုရပိုက်ထန်းရွက်၊ တချက်ချက်နှင့်၊ ရေးကျက်သင်အံ၊ ကြံလည်းကြံလော့၊ ခိုးခြံသဖြင့်၊ သမ္မာရင့်၍၊ ဘူနှင့်အတူ၊ လူနှင့်အမျှ၊ စာပေကျ၍၊ ပုဗ္ဗပရ၊ သိပါမှလျှင်၊ မိဘတိုးဘွား၊ ငါတို့အားလည်း၊ တရားကျမ်းဝယ်၊ အသွယ်သွယ်ကို၊ အကျယ်ယူငင်၊ ဟောစေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၆။ သားရွှေခဲ၊ ရဲရဲ့ဝံ့ဝံ့၊ ဆိုခွင့်ဆိုရာ၊ စကားမှာလည်း၊ သကာအသား၊ ပျားသို့လည်းချို၊ ချစ်ဘွယ်ဆိုလော့၊ ပုဂ္ဂိုလ်သဿာ၊

အရိယာအား၊ စကားနှင့်နှင့်၊ မဆိုသင့်ဘူး၊ ဆူးနှင့်ဖက်သွင်၊ လူနှင့်ရှင်ကား၊ ဆူးတွင်ဖက်ကျ၊ ဆူးကျဖက်ပေါက်၊ အပြစ်ရောက်၏၊ ပဲနောက်ဟင်းလား၊ စကားများလည်း၊ လူကြွားလူပေါ၊ လူသရော်ဟု၊ သူတော်အများ၊ မသနားတည့်၊ မြွားဆုံဖြောင့်ဖြောင့်၊ စောင်းနှယ်ညီညွတ်၊ ပွတ်နှင့်ချောစွာ၊ ချိန်ခွင်လျှာသို့၊ ပမာပုံလျှင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၇။ သားရွှေခဲ၊ စွန့်ကြဲစိုက်ပျိုး၊ ရှေးကောင်းကျိုးကြောင့်၊ မညှိုးမလျှ၊ ဤဘဝဝယ်၊ လောကဥဇ္စာ၊ ရှိတုံပါလည်း၊ ပညာစက်လျှင်၊ အမြင်အမြော်၊ နည်းချောသော်ကား ဖော်ဖော်ရွှေရွှေ၊ သူ့ရွှေနေ၍၊ သက်သေပုံခိုင်၊ မသိနိုင်တည့်၊ ဆွယ်ပြိုင်တကွ၊ ဆိုသမျှလည်း၊ အ့သည့်သူသွင်၊ မျက်မမြင်သို့၊ ဆိုချင်မအား၊ ဆိုတိုင်းမှား၏၊ များသည့်ပညာ၊ သူတို့မှာကား၊ အခါကာလ၊ ဒေသသင့်၍၊ ဆိုခွင့်တွေ့က၊ ခြသေ့်သဘွယ်၊ ပြုံးရယ်ကားရှေး၊ မိန့်ရေးနောက်ဆုတ်၊ ဆိုတိုင်းဟုတ်လျက်၊ မရှုတ်မချ၊ ချီးမွမ်းရ၏၊ သားလှရွှေလျှော် မယ်တော်ကသိုက်း၊ မိဆိုတိုင်းကို၊ ထုံးပိုင်းမယွင်း၊ နှလုံးသွင်း၍၊ ကောင်းခြင်းစုံအင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၈။ သားရွှေခဲ၊ မိုက်မဲယုတ်မာ၊ လူမိစ္ဆာတို့၊ ဥစ္စာစပါး၊ ရှိပါငြားလည်း၊ ထွေပြားမှုယာ၊ ဖြစ်လတ်ပါသော်၊ မူးမော်တွေတွေ၊ ဗျာပါဝေလျက်၊ မနေမသာ၊ ညှိုးပျက်နှာနှင့်၊ ပညာရှိပါး၊ ဆည်းကပ်သွား၍၊ စကားတိုးတိုး၊ ဥစ္စာတိုး၍၊ ရှိခိုးပန်ထွာ၊ ခစားရာ၏၊ ပညာရှိမှု၊ ခြသေ့်တုလျှင်၊ မယူကြေးငွေ၊ သူ့ရွှေနေ၍၊ ပြေပြေပြစ်ပြစ်၊ အဆစ်ဆစ်ကို၊ အမြစ်တူးဖို့၊ သူတို့

ထို၏၊ ဤသို့နည်းယူ၊ မကျင့်သူသည်၊ သုံးဆူပိဋကတ်၊ လေးထပ်ဗေဒင်၊ တတ်အောင်သင်၍၊ ဒုရင်ထိပ်ခေါင်၊ မှန်ကင်းထောင်သို့၊ ပြောင်ပြောင်ညီးညီး၊ ဉာဏ်ဆီမီးဖြင့်၊ အကြီးအငယ်၊ အရွယ်အလတ်၊ ယုတ်မြတ်ထွေပြား၊ မျိုးလေးပါး၏၊ တရားသဘင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၉။ သားရွှေခဲ၊ မဲမဲမောင်းမောင်း၊ မျက်တော်ချောင်း၍၊ ထန်းစောင်းလျှော်သား၊ တံမြက်ဝါးနှင့်၊ လက်ဖျားကိုင်ယူ၊ ရိုက်တော်မူလည်း၊ ဆံမြူခြမ်းမျှ၊ စိတ်မခုနှင့်၊ မိဘဆရာ၊ မေတ္တာမပြား၊ ဤသုံးပါးကား၊ မုန်းထားပေါ်ဖူး၊ ချစ်မှုအထဲ၊ ရှိလေမြဲဟု၊ ပုံစံယူလော၊ စိတ်ကိုဖြေလော့၊ တထွေပုံနှော၊ မယ်မင်းပြောအံ့၊ ကျောကျောရင်သွေး၊ ငါတို့မွေးသည်၊ ခွေးငယ်ကိုမူ၊ လှန်ကန်ယူ၍၊ ကလူနှိပ်စက်၊ ရိုက်ပုတ်လျက်တည့်၊ တက်တက်ခေါ်ထ၊ ထိုခဏ၌၊ မြီးပွလှုပ်လှုပ်၊ နားရွက်ကုပ်၍၊ စုတ်စုတ်ချဉ်းလေ၊ စိတ်ကိုဖြေသို့၊ ပုံသေခွေးသွင်၊ ဖြစ်စေချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၁၀။ သားရွှေခဲ၊ နက်နဲပုစ္ဆာ၊ ပြဿနာကို၊ ပညာကဝိ၊ ဖြေနိုင်ဘိသည်၊ ပဏ္ဍိတ်ခေါ်၊ ဆရာကျော်၏၊ ထံတော်ခယ၊ ရိုတုပ်ကွလျက်၊ ပါဒစက်အောက်၊ ရွှေတော်မှောက်ဝယ်၊ စောင့်ရှောက်လုပ်ကျွေး၊ တကွေးကွေးလျှင်၊ အဝေးမကြာ၊ သင်ဖြူးချော နှင့်၊ အိပ်ရာခေါင်းအုံး၊ စွဲသုံးသောက်ရေ၊ အထွေထွေကို၊ သက်ဝေသားလှ၊ မဆိုရအောင်၊ သတိဆောင်၍၊ ပူလောင်ကာလ၊ ငိမ္မနှလျှင်၊ ဆောင်းလချမ်းအေး၊ မြောက်လေသွေးလည်း၊ အဝေးခကွာ၊ ထံဘော်မှာလျှင်၊ သဒ္ဓါကြည်နူး၊ မီးမယ်ဖူးနှင့်၊ သားဦး

မောင်ပုံ၊ နေ့တိုင်းပြုလော့၊ ဗဟုကိစ္စ၊ ရှိသမျှကို၊ ထကြွသိမ်း မြန်း၊ သက်နှံးခေါက်လိပ်၊ သပိတ်သိမ်းယူ၊ ရေပူရေအေး၊ လုပ် ကျွေးမပြင်း၊ နှလုံးသွင်းလော့၊ ကောင်းခြင်းစုံလင်၊ ဖြစ်စေချင် သည်၊ ရွှေစင်ပုလဲ သွားရွှေခဲ။

၁၁။ သွားရွှေခဲ၊ ခပဲမျှားစွာ၊ လူမိဿာတို့၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ပတ္တမြားသန္တာ၊ နီလာဇောတ၊ ဝေဘူလတွင်၊ ကျောက်မြထင်ရှား၊ ဥစ္စာများလည်း၊ တပါးဘဝ၊ အနိစ္စဖြင့်၊ ပြောင်းကြွသောခါ၊ မပါကိုယ်ထီး၊ ချည်းနှီးသက်သက်၊ ကျိုး ဆက်မထင်၊ ရှိသည်ပင်တည်း၊ ရွှေစင်သွားလှ၊ သုံးလူဘ၏၊ ဓမ္မကျမ်းလာ၊ အဖြာဖြာကို၊ သဒ္ဓါချီးမြှင့်၊ ယခုကျင့်မှ၊ နောက် ဆင့်နောင်တော်၊ ရွှေနူတ်တော်က၊ သုံးဖော်လူဘ၊ မိန့်ချေ ကလျှင်၊ သွားလှရွှေစင်၊ နိဗ္ဗာန်မြင်၍၊ မသင်မကြား၊ သဘော အားဖြင့်၊ တရားသုံးပုံ၊ တတ်လေကုန်သော်၊ ကြိုက်ကြုံပါလို၊ ငါတို့ကိုလည်း၊ မဂ်ဖိုလ်တရား၊ မောင်ဟောကြား၍၊ တရားမဂ္ဂင်၊ ရပါချင်သည်၊ ရွှေစင်ပုလဲ သွားရွှေခဲ။

၁၂။ သွားရွှေခဲ၊ မိတဲ (တေး)သုံးလူ့၊ သဗ္ဗညုသည်၊ လေးခုသစ္စာ၊ သမ္မာဒါနှင့်၊ အသာခရေဏ၊ ဓမ္မခြောက်ခန်း၊ ဗောဓိနန်းဝယ်၊ ရှန်းရှန်းရှိန်စော်၊ ပွင့်ခါသော်လည်း၊ မယ်တော် မျက်ရှု၊ ဤယခုက၊ သူတို့ကျိုးလို၊ ကိုယ်ဘို့ပြုစု၊ ဤကောင်းမှု ကြောင့်၊ သုံးလူ့သခင်၊ ဉာဏ်တော်မြင်၍၊ လူလျှင်လာလှည့်၊ ငါ့တပည့်ဟု၊ ရွှေမြည့်နှိုင်းလျော်၊ ရွှေနူတ်တော်က၊ သုံးဖော် လူဘ၊ မိန့်လေကလျှင်၊ သွားလှရွှေစင်၊ နိဗ္ဗာန်မြင်၍၊ မသင်

မကြွား၊ ပညာအားဖြင့်၊ တရားသုံးပုံ၊ တတ်လေကုန်သော်၊ ကြိုက်ကြုံပါလို့၊ ငါတို့ကိုလည်း၊ မဂ်ဖိုလ်တရား၊ မောင်ဟောကြား၍၊ တရားမဂ္ဂင်၊ ရပါချင်သည်၊ ရွှေစင်ပုလဲ သားရွှေခဲ။

၁၃။ သာယာအေးချို၊ ကဗျာဆို၍၊ နာလိုနားဝယ်၊ ဆင်သဘွယ်လျှင်၊ ဝင်လွယ်စေကြောင်း၊ဆရာကောင်းတို့၊ သံပျောင်းမာတာ၊ ပမာဆိုရန်၊ မိဆိုဟန်ကို၊ လျော်ကန်သဖြင့်၊ နားနှင့်သင့်အောင်၊ ယူဆောင်မိပွာယ်၊ အသွယ်သွယ်ဖြင့်၊ လူငယ်နောက်သား၊ သင်ကြားကျင့်ရာ၊ ဤစာပုလဲ၊ သားရွှေခဲခေါ်၊ ကဗျာသော်ကား၊သင့်လျော်ရုံသာ၊ ရေးရာရှိတိုင်း၊တူမနိုင်းသည်၊ ရှိတိုင်း ဤတွင် ပြီး၏တည်း။

**သားရွှေခဲ လင်္ကာ ပြီး၏။**

# ဒုတိယပိုင်း

## (က) စာပေ

ဤအပိုင်းပါ စာပေ အက္ခရာတို့၏ အရေးအသား၊ အသုံးအနှုန်း၊ အစီအကုံး၊ အထုံးအဖွဲ့၊ အတွဲအဖက်တို့ကို သေချာစွာ လေ့လာ မှတ်သား၍ စာပေ ရေးသားမှုပညာကို ပိုင်နိုင်စွာ ရရှိနိုင်အောင် ကြံဆောင်သင့်ပါကြောင်း။

# အက္ခရာ ခွဲထား သတ်ပုံ

ဇယထု။ ။ရွှေနန်းရွှေလွှတ်၊ ဦးညွှတ်မကွာ၊ သုမ္မောဝယ် ရွှေစာ မှတ်ရေး၊ မိန့်တော်ပေးတို့၊ နက်လေးဆုံးဖြတ်၊ ပညတ် တန္တိ၊ ဉာဏ်မမှိလည်း၊ စဉ်စိရှေးမူ၊ တောင်သူလှေနံ၊ ထစ်ထုံးစံဖြင့်၊ မြဲမြံပိုက်ကျုံး၊ မှတ်သုံးစေလို၊ ထုတ်ဘော် ဆိုအံ့၊ ပုဂ္ဂိုလ်ဉာဏ်ရှိ၊ မှတ်နာသိလော့။

ရှင်။ ။ပတိက္လဃရ၊သာမျတ္တာ၏၊ အရထုတ်ဘော့၊ အဆော့အိမ့်ရှင်၊ ဆင်ဖြူရှင်မျိုး၊ စကားရိုးဝယ်၊ ဟာထိုး ရကြီး၊

သျှင်။ ။တသီးထိုမှ၊ အဇယျ အဇေယျ၊ ဘန္တေ ဘောန္တော၊ အာဝုသောနှင့်၊ မိန့်ဟောသဒ္ဒါ၊ အာယသ္မာ၊ ဘဒ္ဒန္တ၏၊ အတ္တထွေပြား၊ အသျှင်များမူ၊ မှတ်သားဆန်းကြယ်၊ သာဝယ် ယပင့်၊ ဟာ ဆွဲဆင့်လော့၊

လွှတ်။ ။မှတ်ခွင့်တရံ၊ ဘုံစုံတုလွှတ်၊ နှိုင်းငံလွှတ်နှင့်၊ ဘ.က် လွှတ်ဆိုမူ၊

လွှန်။ ။ပြုကျင့်အလွန်၊ အလွန်မြင်မြော်၊ ဘုန်းတော်အလွန်၊ အလွန်အကျူး၊ စကားထူးဝယ်၊ ဟ မဆွယ်လင့်၊

လိုက်။ ။ဆန်းကြယ် မှန်လိုက်၊ လိုက်သာရှာမျိုး၊ ဟ ထိုး လွတ်ကင်း၊

မင်။ ။ဂူတွင်းဥမင်၊ ရွှေမင်ဝေ့ဝေ့၊ မင်ဝေ့ထိုးမြဲ၊ ဟဆွဲမဘက်၊

မတ်။ ။ကွက်ရာဇမတ်၊

မာန်။ မာလ်။ ။ပြာသဒ်ဗိမာန်၊ ပန်းမာလ်ထွေပြား၊ ဤသည် များလည်း၊ မှတ်သားရွေးကောက်၊ ဟ မလောက်နှင့်၊

နွယ်။ ။ထို့နောက်ဝံသ၊ ဂေါတ္တအနက်၊ ဆက်နွယ်မျိုးနွယ်၊ မြတ်နွယ်ခေါ်ထုံး၊ဟလုံး မဆင်၊

နုတ်။ ။ယူငင်ရွေးနုတ်၊ မွေးမင်နုတ်က၊ ထုတ်နုတ်စသည်၊ လောက ဝေါဟာ၊ စကားရာလည်း၊ မပါ ဟဆင့်၊

နိုင်။ ။ကြံခွင့်တတ်နိုင်၊ မတတ်နိုင်နှင့်၊ ပြုနိုင်မှုနိုင်၊ သိနိုင်တို့မှာ၊ ခရာဟမျိုး၊ ယှဉ်ထိုး မဖြစ်၊

နှစ်။ ။ခုနှစ်ဟူသည်၊ သင်္ချာမည်လည်း၊ ထွေလည်ရှေးရိုး၊ ဟ ထိုး မဆံ၊

ပစ်။ ။မြဲမြံမှတ်ရေး၊ လေးသေနတ်ပစ်၊ ခဲနှင့်ပစ်က၊ စွန့်ပစ် ပယ်နိုင်၊

ပည်း။ ။ပည်းလှိုင်ပည်းကြွယ်၊ တသွတ်ပည်းသိ၊ နည်းမှီ ဆင်ခြင်၊ ဖြင်ပည်းပေါ်ပည်း၊ လိပ်ကမ္ပည်းနှင့်၊ ယမ်းပည်း တဖြာ၊ ပည်း သင်္ချာက၊

ပည့်။ ။သိတာဆိုလှည့်၊ တပည့်ဟူငြား၊

မည်။ ။သွားမည် လာမည်၊ ပြုရမည်တည့်၊ ဘွဲ့မည်သညာ၊

မည်း။ မှည့်။ ။ပမာပမည်း၊ ဘခမည်းနှင့်၊ ခမည်းစုက်လို၊ ပြာညိုနက်မည်း၊

မည်။ ။ငမည်းလူမည်၊ သစ်မည်စည်က၊ အမည်မှည့်ခြင်း၊ ရမည်းသင်းဝယ်၊ လွတ်ကင်းပင့်ရစ်၊ ရေးလစ်ထုံးစံ၊

ကြဉ်။ ချဉ်။ ။အသံတူငြား၊ ကြောင်းကွဲပြားသည်၊ နှစ်ပါး
င ဉ၊ ပသဂတွင်၊ဝိဇ္ဇပါဠ်စွဲ၊ ဖဲကြဉ်ရှောင်ကြဉ်၊ ချိုချဉ်
ကစ၊ခရာ ဉ ဖြင့်၊ သတ်ရတုံရှောင်း၊ဤလုံးပေါင်းလည်း၊
ဦးခေါင်းမပါ၊ ဉ သတ်မှာရှင့်၊

ကြည်။ ခြည်။ သဒ္ဒါယုံကြည်၊ ခြောက်ရောင်ခြည်က၊ စသည်
ခေါ်ရိုး၊ စကားမျိုးမှာ၊ နောက်ပိုးဦးခေါင်း၊ ပါသင့်
ကောင်းဟု၊ မူဟောင်းရှေးစာ၊ မိန့်ဆိုမှာရှင့်၊

ရှိ။ ၏။ ။ဉာဏ်ဝါနှိုင်းရှည့်၊ ရှိနှင့်၏ကို၊ ရေးသည့်အခါ၊
အမြစ်ပါလော့၊ တံထွာလက်သုံး၊ ရှေးနည်းထုံးကို၊
ပိုက်ကျုံးစိမ့်ငှာ၊ လက်ာချိုမြိုက်၊ ကေပိုဒ်ဖြင့်၊ စဉ်လိုက်
သိရန်၊ အကြောင်းပြန်သည်၊ ထုံးမှန်မပျက်စေသတည်း။

# ၂။ ရွှေနားတော်သွင်း ခွဲထား

## (ခွဲထား၊ အယူ)

| | | |
|---|---|---|
| ပြူ-ပျူ | (၁) | ကမ်းယံပြူတို့၊ မပျူမငှာ၊ |
| ပျောင်-ပြောင် | (၂) | ဥဇနာပျောင်၊ နန်းရွှေတောင်ထက်၊ ထွန်းပြောင်သုံးလ၊ |
| ပြောက်-ပျောက် | (၃) | ယောက်ဖမင်းပြောက်၊ ရာမပျောက်လျှင်၊ တစီးရှင်၏၊ |
| ဖြား-ဖျား | (၄) | သက်တင်ပိုက်ဖြား၊ သမီးသားတွင်၊ ရှေးဖျားအကြီး၊ |
| ကြီး-ချီး | (၅) | ဘိုးတော်ကြီးတုံ၊ ရိုက်ချီး- |
| ကျံ-ကြံ | (၆) | ကျံ ကျံ အောင်ပွဲခံက၊ လုပ်ကြံနှောင်ရေး၊ |
| ဖြာ-ဖျာ | (၇) | ဟိုရှေးစဉ်ဖြာ၊ သာသနာဝယ်၊ ဖျာသို့လိပ်ယူ၊ မင်းတဆူလျှင်၊ |
| ချင်-ခြင် | (၈) | ပြုကြံချင်၍၊ ဆင်ခြင်မရှိ၊ |
| ကြုံ-ကျုံ | (၉) | နတ်ဝိသုကြုံ၊ စေထိုင်းကုံသို့၊ ယုံကျုံတတ်ပုန်၊ သေနတ်ဝန်နှင့်၊ |

| | | |
|---|---|---|
| ခြား-ချား | (၁၀) | သူ့ကျွန်တခြား၊ ထီးဆောင်းများတို့၊ စက်ချားသို့ပတ်၊ |
| ချယ်-ခြယ် | (၁၁) | လျောက်ပတ်ရွေး**ချယ်**၊ မျက်စုံခြယ်လျက်၊ |
| ယံ-ရံ | (၁၂) | ထို၀ယ်ကမ်းယံ၊ နောက်တရံကို၊ |
| ချင်း-ခြင်း | (၁၃) | မခံပြူ**ချင်း**၊ ရန်ဖြစ်ခြင်းကြောင့်၊ စလင်းဘုရင်၊ |
| ပြောင်း-ပျောင်း | (၁၄) | နတ်ခွင်လဲ**ပြောင်း**၊ ဦးရီးနှောင်းတွင်၊ ညှံ့ပျော**င်း**သည်းအူ၊ |
| ကျူ-ကြူ | (၁၅) | မင်းရွှေကျူကို၊ပွဲကြူကြိုင်ဧ၊တခြေးခြေးလျှင်၊ |
| ငြာ-ညာ | (၁၆) | ဟစ်ကြွေးငြာလျက်၊ ညီညာတက်ဆန်း၊ |
| ကြောက်-ကျောက် | (၁၇) | ကြောက်ခမန်းတည့်၊ တိုင်းခန်းရှိကြောက်၊ သွားလေမြောက်က၊ မြကျောက်တန်တိုင်း၊ လှိုင်းဝဲပလုံ၊ |
| ကျုံ-ကြုံ | (၁၈) | ရေစားကျုံသို့၊ ကြိုက်ကြုံခါထူး၊ မြတ်ကျေးဇူးကို၊ |
| ကျေ-ကြေ | (၁၉) | လေးဦးမ**ကျေ**၊ ကပ်လုံးနေသို့၊ မကြေသမိုင်း၊ တလိုင်းသူ့ရှင်၊ |
| ကျင်-ကြင် | (၂၀) | အသည်း**ကျင်**၍၊ ချစ်ကြင်မယွင်း၊ ဗိုလ်ခပင်းနှင့်၊ |

| | | |
|---|---|---|
| ငြာ-ညာ | (၂၁) | လှေချင်းငြာ၍၊ ညီ**ညာ**မရွှဲ့၊ သုံးဆယ့်ခြောက်စင်း၊ |
| ကျင်း-ကြင်း | (၂၂) | လှေရုံ**ကျင်း**၍၊ အင်**ကြင်း**ပွင့်ဝေ၊ |
| ကျိုး-ကြိုး | (၂၃) | မိုးမြေပြတ်**ကျိုး**၊ အောင်စည်မိုး၍၊ ထပ်**ကြိုး**ရွာလေ၊ |
| ကြပ်-ကျပ် | (၂၄) | စေက**ကြပ်**ကြပ်၊ ကိုယ်တိုင်ကွပ်၍၊ မြောင်**ကျပ်**ကျကျ၊ |
| ငြင်-ညင် | (၂၅) | ဒိပကြောက်ငြင်၊ဘိုးတော်ရှင်ကား၊ ယဉ်**ညင်**- |
| ကြောင်း-ကျောင်း | (၂၆) | မြစ်ကြောင်း၊ မြို့ကျောက်မြောင်းဝယ်၊ မိကျောင်းရဲလှေ၊ ရောဝတီ၊ မြစ်လုံးနီမျှ၊ |
| ကျွက်-ကြွက် | (၂၇) | စီစီ**ကျွက်ကျွက်**၊ အုတ်ကျက်ကျက်တည့်၊ **ကြွက်**ကိုကြောင်ဘား၊ လိုက်သောလားသို့၊ |
| ပြက်-ပျက် | (၂၈) | စကား ထင် **ပြက်**၊ ရှိပေလျက်ကို၊ ရှေး**ပျက်**ခဲ့လေ၊ |
| ကြံ-ကျံ | (၂၉) | စိတ်နေမှတ်**ကြံ**၊ ကြံ့ကြံ့ ခံသော်၊ လိမ်း**ကျံ**ရှိမည်းတိုက်လှည်းရန်လုံး၊ |
| ကျုံး-ကြုံး | (၃၀) | အစဉ် **ကျုံး** အံ့၊ ဆို **ကြုံး** ဝါးကာ၊ ဟစ်ကြွေးငြာ၍၊ ဟံသာမြို့မြောက်၊ |

| | | |
|---|---|---|
| ရောက်-ယောက် | (၃၁) | ချီလှာ ရောက် က၊ သုံး ယောက် နောင်ရင်း၊ တောင်တွင်း ချောင်း စ၁၊ |
| ကြား-ကျား | (၃၂) | တောင်ကမ်း ကြား က၊ ပြောက် ကျား- |
| ကြန်-ကျန် | (၃၃) | နီကြန်၊ စိတ် ဖောက် ပြန် သည်၊ ငကျန်-- |
| ပြီ-ပီ | (၃၄) | ဟူပြီ၊ စော်ဘွားညီလည်း၊ မပီ- |
| ခြေ-ချေ | (၃၅) | ဆင်ခြေ၊ ဆိုမှား ချေ သို့၊ |
| ကြောင်း-ကျောင်း | (၃၆) | ဘမွေထိန်းကြောင်း၊ ရိပ်ဖြူဆောင်း ၍၊ ရွှေကျောင်း စံပြီး၊ |
| ငြိုး-ညိုး | (၃၇) | ချစ်မငြိုးသည်၊ လျှံ ညိုး မြခဲ၊ |
| ကျုတ်-ကြုတ် | (၃၈) | ရဲရဲမည်းကျုတ်၊ သွေးသံစုပ်၍၊ ကြုတ်ကြုတ်- |
| မြည်-မည် | (၃၉) | မြည်အောင်၊ သောက် မည် ယောင် သို့၊ |
| ချေ-ခြေ | (၄၀) | ခုမောင်တိုက်ချေ၊ခန့်လိုက်စေသည်၊ စစ်ခြေသူက၊ မျှားလှပုန်းထိုး၊ |
| ကြိုး-ကျိုး | (၄၁) | ရင့်ကြောင်းကြိုးသည်၊ကောင်းကျိုး ခပ်သိမ်း၊ |
| ကျုံ-ကြုံ | (၄၂) | မလိမ်းမကျုံ၊ မင်းဖြစ်ကြုံလျက်၊ |
| ခြမ်း-ချမ်း | (၄၃) | ဆော်ဖန်ဝေခြမ်း၊ အမှု ထမ်း တို့၊ စိတ်ချမ်းစိမ့်ပင်၊ |

| | | |
|---|---|---|
| ကြိုက်-ကျိုက် | (၄၄) | သန့်စင်ခါ **ကြိုက်**၊ ယောက်ချင်း တိုက်က၊ **ကျိုက်ကျိုက်** ဆူကြိုး၊ |
| ညီး-ငြီး | (၄၅) | ညိုးညိုးညီးညီး၊ ရွှေဖောင်ကြီးနှင့်၊ မငြီးရှင်လန်း၊ ရေပန်းတက်ဖြာ၊ |
| ကျင်း-ကြင်း | (၄၆) | မြိုင်သာ ကုန်းကျင်း၊ ပေါက်လဲ ကင်းသည်၊ ငါး ကြင်း ဆန်လှ၊ ဆောင်းရတုဝယ် စိတ်ခုဟောရှမ်း၊ |
| ကြမ်း-ကျမ်း | (၄၇) | မာကြော့ ကြမ်းမှု၊ တင်း **ကျမ်း** ရေကြည်၊ |
| ကြယ်-ကျယ် | (၄၈) | ချမ်းကြည် စင်ကြယ်၊ နက်ဝှမ်း ကျယ်သား၊ ပင်လယ်ရေရှင်၊ မြစ် အပြင်ဝယ်၊ မာတင်ထွေပြား၊ |
| ဖျား-ဖြား | (၄၉) | ရှမ်းမင်းဖျားကို၊ ဖြားဖြား ယောင်း ယောင်း၊ အပေါင်း မြှေပေါ်၊ |
| ကျော်-ကြော် | (၅၀) | သိန္ဓော ကျော် နှင့်၊ ငြာ **ကြော်** ပစ်ဖောက်၊ အမြောက် စိန်ပြောင်း၊ |
| ခြောင်း-ချောင်း | (၅၁) | ပဲတင် ခြောင်းမျှ၊ လက်ချောင်းသို့ စိပ်၊ |
| ချောက်-ခြောက် | (၅၂) | ဦးထိပ်ထုတ် ချောက်၊ မင်းဖြစ် လောက်ဟု၊ ဆင် ခြောက် ဆယ်မှန်၊ ထက်စွယ်ချွန်နှင့်၊ |
| ပျင်-ပြင် | (၅၃) | ကလန်သံပျင်၊ ရှာဖွေ တင်လျက်၊ နန်း**ပြင်**စိုးယူ၊ ကျွန်းဇမ္ဗူဝယ်၊ |

| | | |
|---|---|---|
| ယုံ-ရုံ | (၅၄) | နတ်လူကြည်ယုံ၊ ထူပါရုံကို၊ |
| ချေ-ခြေ | (၅၅) | တည်တုံသချေ၊ ရုံးစည်းထွေဖြင့်၊ မခြေမငံ၊ ဝင်းလျှံဥဇ္ဇနာ၊ |
| ကျာ-ကြာ | (၅၆) | ခြောက်နှစ်ကြာက၊ ကျာကျာကြွေး ဟစ်၊ |
| ဖျား-ဖြား | (၅၇) | မင်းစစ်မင်းဖျား၊ မလှည့်ဖြားပဲ၊ |
| ကျဉ်-ကြဉ် | (၅၈) | အခဲအကျဉ်၊ ရေအယဉ်တို့၊ ရှောင် ကြဉ်မဝံ့၊ |
| ကျိတ်-ကြိတ် | (၅၉) | တုံ့တုံ့ခဲကျိတ်၊ အံသွားကြိတ်၍၊ ဗျာ ဒိတ်တန်ခိုး၊ |
| ကြိုး-ကျိုး | (၆၀) | စက်မိုးကြိုးသို့၊ အကျိုးငှဲ့ချိုး၊ ကြွက် သိုးဝှန်ပြင်း၊ |
| ခြင်း-ချင်း | (၆၁) | ထပြန်ခြင်းကြောင့်၊ ချင်းနှင့်- |
| ချင်-ခြင် | (၆၂) | ကချင်၊ကြံဆင်ခြင်၍၊ထို့ပြင်တသီး၊ ကျီးနှင့်လက်မြှောက်၊ |
| ခြောက်-ချောက် | (၆၃) | ခြိမ်းလိုက်ခြောက်က၊ ထုတ်ချောက် တဂုဏ်၊ |
| ပျ-ပြ | (၆၄) | ရဲမှုန်ပျောင်းပျ၊ တက်ရေးပြလျက်၊ |
| ဖျား-ပြား | (၆၅) | ဗလခွန်အား၊ တရဖျားမူ၊ ဖောက် ပြားကျော်ဟိုး၊ သတိုးမင်းစော၊ |
| ခြည်-ချည် | (၆၆) | တင့်မောရောင်ခြည်၊ ရွှေဘွဲ့ချည်မှု၊ |
| ကြ-ကျ | (၆၇) | မကြောင့်ကြပေ၊ ရဲနေကျကျ၊ |
| ကျက်-ကြက် | (၆၈) | ချမ်းမြအုတ်ကျက်၊ပုံသည့်ကြက်သို့၊ |

| | | |
|---|---|---|
| ရောင်-ယောင် | (၆၉) | လျှပ်စက်အလောင်၊ တန်ဆာ**ရောင်**နှင့်၊ ကိုယ်**ယောင်**ရှက်နွယ်၊ |
| ယယ်-ရယ် | (၇၀) | ဖြင်ပေါ**ယယ်**၍၊ ငိုရယ်ကြုံကြုံ၊ |
| ယံ-ရံ | (၇၁) | မြှိုင်သာ**ယံ**တွင်၊ ခြေရံမနီး၊ |
| မည်-မြည် | (၇၂) | သံကြီးလေး**မည်**၊ မိုးကြိုး**မြည်**သို့၊ |
| ကြည်-ကျည် | (၇၃) | စိတ်**ကြည်**မေတ္တာ၊ ခိုင်**ကျည်**စွာသည်၊ |
| ယို-ရှို | (၇၄) | ဆရာဖုန်းယို၊ တောင်ရှိုဟူလောက်၊ |
| ရောက်-ယောက် | (၇၅) | လျော့ဘွယ်**ရောက်**လည်း၊ ခွက်**ယောက်**ရွှေငွေ၊ |
| ပြက်-ပျက် | (၇၆) | ကြာနေလည်း**ပြက်**၊ ပျောက်ခဲ့ပျက်၍၊ |
| ရစ်-ယစ် | (၇၇) | ရန်မက်ထပ်ရစ်၊ ရန်မုန်ယစ်လျက်၊ |
| ကြောင်း-ကျောင်း | (၇၈) | ရှင်ဖြစ်စေကြောင်း၊ ထိန်းကျောင်းသိထင်၊ |
| ငြို-ညို | (၇၉) | မငြင်မငြို၊ နတ်မောင်ညိုလျှင်၊ |
| ကျပ်-ကြပ် | (၈၀) | ကိုယ်ကို**ကျပ်**ကျပ်၊ စည်း**ကြပ်**စွဲသုံး၊ |
| ကျင်-ကြင် | (၈၁) | ပတ်ကုံးဝန်း**ကျင်**၊ ဇမ္ဗူပြင်ဝယ်၊ အကြင်လိုအပ်၊ |
| ယပ်-ရပ် | (၈၂) | ယပ်နှင့်**ယပ်**သို့၊ အ**ရပ်**မျက်နှာ၊ သမ္ဘာပွင့်ဟုံ၊ |
| ရှို-ယို | (၈၃) | သင့်ရုံပျိုနု၊ အနုမြူရှို၊ မယိုကံထူး၊ |

ယပ်-ရပ် (၁၄) ဝေးကြူးကမ်းယပ်၊ မှာဘက်ရပ်သို့၊ မကပ်စုတ်စုတ်၊

ယုတ်-ရုတ် (၁၅) တယောက်ယုတ်ဖြင့်၊ ရုတ်ရုတ်သဲသဲ၊ ပြတ်ကွဲကိစ္စ၊

ချ-ခြ (၁၆) လောင်မီးချသျက်၊ ခြခြမြေကြီး၊ မင် ထိး ရန် ငူး၊ ရန် ညွှန့် ခူး လျက်၊ စောလူးဆက်မြောက်၊

ခြောက်-ချောက် (၁၇) နှစ် ဆယ့် ခြောက် ဝယ်၊ ချောက် ချောက်-

ချား-ကြား (၁၈) ချားချား၊ မင်းကြားမချပ်၊ နှစ်ခု လပ်သော်၊ ပိုးဟပ်ကြွက်ထု၊ ဖျက်ဆီး ပြုသည်၊

ကြန်-ကျန် (၁၉) တခုယုတ်ကြန်၊ ငရမန်ကို၊ မင်းကျန် ရစ်သား၊ ဖုန်းဖြင့်ဝါးသည်၊ ခွဲထား ရွှေနားတော်သွင်းတည်း။ ။

# ၃။ ယငယ်ရေးသတ်ပုံ

(၁) ယငယ်ဝဏ္ဏ၊ တာလုဇဖြင့်၊ မချွဲသောချာ၊ ရေးထိုက်ရာကို၊ လင်္ကာကမ္ပည်း၊ တပေါင်းတည်းဖြင့်၊ ထုံးနည်းရွေးချယ်၊ နိဒါန်းသွယ်ပိမ့်။

ယ။ယျ။ ။ မင်းဘွယ်စိုးယ၊ မြှိုပင်းယနှင့်၊ ခယဝပ်တွား၊ ပြုပြား‌းယုယ၊ ထိန်းယတတန်၊ ယမန်ခေါ်မှု၊ ယခုဆိုလေ့၊ ယနေ့ယခင်၊ ထို့ပြင်ယခေါင်၊ ဧအောင်မြင်ဇေယျ၊ ဝေနေယျနှင့်၊ ဝယရှယ်ချိန်၊ အစိန္တေယျ၊ မေတ္တေယျတည့်၊ ဥေယျငါးအင်၊ ဗေဒင်ယဇု၊ ယမုနာမြစ်၊ ကစ္စာယန၊ သင်္ချေယျခေါ်၊ ယသော်ဓိမ္ဗာ၊ အာဂန္တုက၊ ဟာယနရက်၊ တချက်သိညီ၊ အာရိဗျာယ၊ နာယကနှင့်၊ ယမခေါ်ထွေ၊ ယေဘုယျနည်း၊ သိပ်သည်းမှတ်ယူ၊ ရှေးသူထုံးမြတ်၊ ဝိနိစ္ဆယ၊ မောနေယျဟု၊ ဇယထုက၊ နိဿယမှီ၊ ဝစီကာယ၊ သာကိယနွယ်၊

ယာ။ ။ ဥပါယ်မာယာ၊ သင်္ခယာတည့်၊ ကွမ်းယာစားဘွယ်၊ လယ်ယာလုပ်မှု၊ ယာဂုထမင်း၊

ဖြည်းညှင်းသာယာ၊ ချစ်ပိယာလည်း၊ ယာစကာဘုန်းတောင်း၊ တကြောင်းပဋမာ၊ ဒုတိယာက၊ စသည်ပစ္စယာ၊ လက်ယာလက်ဝဲ၊

ယာ။ယီ။ ။ ပြုမြဲယာယီ၊

ယု။ ။ တလီသိမ့်၊ သက်အာယုက၊ ယုယုယယ၊

ယူ။ ။ ဝါဒအယူ၊ သိမ်းယူယူကိုင်၊

ယဲ့။ ။ မခိုင်ယဲ့ယဲ့၊

ယော။ ။ ထိုကဲ့အတူ၊ မှတ်ယူမချို၊ ယောမြို့နဂရ၊ ယောနကတိုင်း၊ ခြားပိုင်းပညတ်၊ ဝါယောဓာတ်က၊ ပယောဂလည်း၊

ယံ။ ။ ပစ္စည်းပယံ၊ ကောင်းကင်ယံနှင့်၊ မိုင်ယံတောယံ၊ ကမ်းယံတခြား၊ သကြားသုယံ၊ ကျမ်းနိယံတည့်၊ နေ့ယံညဉ့်ယံ၊ မိုးယံအထက်၊ ခြေလက်ယားယံ၊ သယံဓာတ်ဟူ၊ သယံဘူဏ်။

ယား။ ။ ကျောက်မှန်ထင်ရှား၊ ပြယိုးယားနှင့်၊ ပြယားဂေါမိတ်၊ ပဋိက္ကယား၊ ယိုးဒယားပြည်၊ ကျောက်မည်သမုတ်၊ ဥဿဖယား၊ လင်မယားနှင့်၊ ဘုက်ယားတမာ၊ ဝဲနာလည်းယား၊ ယား၍ ကုပ်ဖျောက်၊ စဉ်လျှောက်သိမ်းရုံး၊ ယငယ်လုံးဟူ၊ စွဲသုံးမှတ်ရန်၊ ကမ္ဘည်းကန်သည်၊ ထုံးမှန် မပျက် စိမ့်ငှာတည်း။ ။

(၂) မပျက်စိမ့်ငှာ၊ ကျမ်းလာတထောက်၊ ရွေးချယ်ကောက်ပိမ့်၊

ယက်။ ။ ဂယောက်ဂယက်၊ လုယက်တထွေ၊ မြေကို တူးယက်၊ ရွှေကြက် ယက်တည့်၊ လှိုင်းယက် ရေဝဲ၊ ဆွဲသည့်ဘယက်၊
ယွက်။ ။ မယွက်မယွန်း၊ ယွက်ယွန်းတအင်။
ယင်။ ။ လူပုံယင်က၊ ဆင်ယင်တန်းဆာ၊ မဏ္ဍိကာယင်၊ တုယင်မှန်ကင်း၊
ယင်း။ ။ မှတ်ခင်းတခြား၊ ယင်းပျား ဆိုမြောက်၊ ကျောက်တွင်ပယင်း၊ ယင်းသို့ဆိုငြား၊
ယွင်း။ ။ မှားယွင်း ချွတ်ယွင်း၊ ယိုယွင်းတဆစ်၊
ယစ်။ ။ ယစ်မျိုးသောက်စား၊ ပျားပိတုန်းယစ်၊ အမုန် ယစ်နှင့်၊
ယဇ်။ ။ ယဇ်ပူဇော်ခြင်း၊
ယာဉ်-ယျာဉ်။ ။နွားမြင်းဆင်ယာဉ်၊ ကျွန်း ဂေါယာဉ်လည်း၊ ဥယျာဉ်မြိုင်သာ၊ ဒက္ခိဏာယာဉ်၊
ယဉ်။ ။ ရေယဉ်စီးပြေး၊ ယဉ်ကျေးယဉ်နှ၊
ယဉ်း။ ။ ခေါမှုပဲယဉ်း၊ လွန်ခဲယဉ်းနှင့်၊ ဦးယဉ်းအနှာ၊ ယဉ်းနှာတလီ၊
ယဉ္စ်။ ။ သီသီယဉ့်ယဉ့်၊ ပုဆိုးယဉ့်က၊
ယှဉ်။ ။ ဟယှဉ်ပြမှု၊ ယုဇခေတ်နက်၊ ပေါင်းဘက်တွဲ ယှဉ်၊ ချဉ်းကပ်ယှဉ်နှင့်၊ ၂စပ်ယှဉ်တဖြာ၊
ယတ်။ ။ ဉာဏ်ဝါရှုနိုင်း၊ ကရိဏ်းပယတ်၊ အနိယတ် လည်း၊ နိယတ်-
ယျုတ်။ ။ နေယျုတ်၊

ယန်။ ။ ပြာဿဒ်ဝေယန်၊ ဝေဇယန်တည့်။
ယွန်း။ ။ မှတ်ရန်တထောက်၊ ရွှေနောက်ယိုယွန်း၊ ယွန်းပြည်တခြား၊
ယပ်။ ။ မြစ်နားကမ်းယပ်၊ စိုက်ထူယပ်လျက်၊ မိုးယပ်တံမ်ယပ်၊ ပယပ်ရှာသား၊ နံပါးနံယပ်၊ လုံးယပ်သဏ္ဌာန်၊ခေါ်မှန်သညီ၊ဗီဇနီယပ်၊ထောင့်ပါယပ်တည့်၊ လက်ယပ်ခေါ်ငြား၊ စပါးဒလှေ့ယပ်၊ မီးယပ်နာထ၊
ယမ်း။ ။ မျက်ယမ်းဆသည်၊ ခဲယမ်းယမ်း၊ မို့မို့ယမ်းလည်း၊ ဘက်ယမ်းဖည်ယမ်း၊ တဖျင့်ယမ်းနှင့်၊ ယောင်ယမ်း ၊ယော်ယမ်း၊ ရှာယမ်းစမ်းက၊ ယမ်းပည်းမမှား၊ ယမ်းဆားတသွယ်၊
ယာယ်။ ။ ပရိယာယ်နှင့်၊ ပြယာယ်–
ယယ်။ ။ ပေါယယ်၊ အသွယ်သွယ်လည်း၊ ရေးဘွယ်ရုံးစည်း၊ ယငယ်ချည်းဟု၊ သိပ်သည်းကျဥ်းရုံး၊ လကာကုံးသည်၊ ပိုက်ကျုံးမှတ်ရန် တဖြာတည်း။ ။

(၃) မှတ်ရန်တသွယ်၊ ရေးဘွယ်ထို့နောက်၊
ယိမ်း။ ။ တောင်မြောက်ယိုယိမ်း၊ မခိုင်ယိမ်းနှင့်၊ ယိမ်းပါးနွဲ့ယိမ်း၊ တိမ်းယိမ်းတုံလတ်၊
ယုတ်။ ။ အမြတ်အယုတ်၊ သမ္ဗယုတ်က၊ ဌာနပယုတ်၊ တခုယုတ်လည်း၊ သူယုတ်ယုတ်မာ၊ ယုတ်ညံ့စွာသည်၊ ဥစ္စာဆုတ်ယုတ်၊

ယုဂ်။ ။ ပြယုဂ် မိန့်မြွက်၊

ယုန်။ ။ ငှက်မည်လင်းယုန်၊ လနယုန်နှင့်၊ယုန်သတ္တဝါ။

ယုံ။ ။ သဒ္ဓါယုံကြည်၊ ယုံမှတ်သည်တည့်၊ ကြည်ယုံစိတ်သန်၊

ယောက်။ ။ ပန်းကန် ခွက်ယောက်၊ လူတယောက်က၊ နှစ်ယောက်စသား၊ ယောကျ်ား ယောက်ဖ၊ ယောက္ခမနှင့်၊ ယောက်မ ဟင်းချို၊ ခေါ်ဆို တသွယ်၊ လင်ငယ်သယောက်၊ ဂယောက်ဂယက်၊ ယောက်ယက်ခတ်ငြား၊

ယောင်။ ။ သိကြားနတ်ယောင်၊ အယောင်ဆောင်တည့်၊ ပြုယောင် မူယောင်၊ လာ့ယောင်ယောင်ရှိ၊ မျှော်ယိမျှော်ယောင်၊ နှာယောင်နဖူး၊

ယောင်း။ ။ တထူး ဖြားယောင်း၊ ချက်ဖယောင်းနှင့်၊ သွေယောင်း-

ယိုင်။ ။ ယိမ်းယိုင်၊ ခွေယိုင်-

ယို။ ။ ယွင်းယို၊ ရွှေနောက်ယိုတည့်၊ စီးယိုကျယို၊ သနပ်ယိုနှင့်၊ ယိုကျိုတုံရှောင်း၊

ယို့။ ။ လည်းလျှောင်းယို့ယို့၊ ပျပ်ပျပ်ယို့စေ၊ ထိုင်နေယို့ယို့၊ ယို့ယို့သွားလတ်၊

ယိုး။ ။

နှတ်ယိုး စုန်းယိုး၊ သူခိုးယိုးခြင်း၊ ဤတသင်း
ကို၊ ထုံးရင်းမကွယ်၊ ယာငယ်ဖြင့်သာ၊ ရေးအပ်
စွာရှင့်၊ ပညာခေါင်ထိ၊ ကဝိတဆူ၊ ပြုလိုသူတို့၊
မှတ်ယူစွဲသုံး၊ နှလုံးမပြတ်၊ ပိုက်ထားအပ်သည်၊
ပညတ် လောကီတံထွာတည်း။ ။

# ၄။ ဖဦးထုပ်နှင့် ဘကုန်းရေးပုံ လက်ာ

၁။ ဌာန်ဩဌဇ၊ ဒုတိယအက္ခရာ၊ ဖနှင့်သာလျှင်၊ ရေးရာသမျှ၊ ရုံး၍ပြအံ့။ ကြက်ဖငှက်ဖ၊ အဖခေါ်ဝေါ်၊ ယောက်ဖတော်က၊ ထည့်သော် ပုံးဖာ၊ စကားဖာနှင့်၊ စပ်ဖာစူဖာ၊ ပရဆေးမှာမူ၊ စူလနဖာ၊ နှာမှာစုဝေး၊ နဖာချေးကာ၊ ဖာထေးတစိ၊ လုံးတင်ဘိမူ၊ ကပ်ဖိကျောက်ဖိ၊ ကြွက်ထောင်ဖိနှင့်၊ ဖိ၍လည်းထိုင်၊ ဖိထိုင်ညောင်စောင်း၊ ပျော့ပျောင်းအောင်ဖိ၊ နောက်ကိုဖိနှင့်၊ ဖိလိုက်ဆိုစမ်း၊ ပန်းသရဖီ၊ ဖီဖီဆန်ဆန်၊ ဖီလာပြန်နှင့်၊ မှင်ဆံဖီးဖီး၊ ငှက်ပျောဖီးကာ၊ ခေါင်းဖီးချည်ဖီး၊ ဖီးကုပ်တင်မူ၊ အဖုအဆစ်၊ သစ်ဥသစ်ဖု၊ လုံးဖုစူစူ၊ ဒီဃကူသော်၊ သရဖူမြစ်၊ သင်းကျစ်ဦးခိုက်၊ မကိုဋ်သရဖူ၊ ဖဲအဖူကာ၊ ရောင်စူဖူးဖူး၊ ပန်းငုံဖူးနှင့်၊ ထွတ်ဖူးနဖူး၊ ကမ်းထိပ်ဖူးတည့်၊ စိန်ဖူးစိန်ခက်၊ ဖူး၍တက်က၊ ရွက်ဖူးပြန့်ထွေ၊ ရှေ့ဉ်ပေမူ၊ မောင်ဖေလူဖေ၊ မွေးဖေခေါ်ရာ၊ အနာအဖေး၊ အိမ်နောက်ဖေးကာ၊ ဖေးဖေးမမ၊ ပြုရလေနဲ့၊ နောက်ပစ်တွဲမူ၊ မယ်ဖဲ မောင်ဖဲ၊ ရှောင်ကြဉ်ဖဲနှင့်၊ ဖဲရထည်လွှား၊ ဖဲကစားတည့်၊ ပါးနှားကိုဖဲ့၊ ပဲ့အောင်ဖဲ့နှင့်၊ လက်ဖွဲ့ဖွဲ့သည်၊ လူမည်ငဖော့၊ ဖော့အူဖောဖော ရောင်ဖောပွပွ၊ ဖော်၍ပြက၊ မြေမှဘူးဖော်၊ မွေးပေါက်ဖော်နှင့်၊ ဆေးဖော်

ထုတ်ဖော်၊ အဖော်ရငြား၊ ဆံဖားရားက၊ ဖားဖားလာသည်၊ လူမည်ငဖား၊ မြေဝပ်ဖားဟု၊ ဤအစုသည်၊ ရေးမှု ဖဦးထုပ် သာတည်း။

၂။ ဆေးသောက်သည့်ဖက်၊ လက်ကိုဖက်နှင့်၊ ရှဉ်ဖက် ရောစပ်၊ ဖက်သကပ်နာ၊ ဖက်သချာလေ၊ ဖက်ဆွတ်ရေက၊ ပျောက်ပြေခဲလှ၊ အနာ့ဖက်ခွက်၊ လက်ဖက်အဖက်၊ တောင် မြောက်ဖက်တည့်၊ တဖက်သားလူ၊ စိတ်မူဖင်ဖင်၊ တင်သားဖင်နှင့်၊ ဖင်ဖင်မူမျှ၊ ရှာဖွေရတည့်၊ စိတ်ကဖင့်နွဲ့၊ ပုံနဲ့မြင့်ကြာ၊ နွေးဖင့် စွာက၊ ရောင်ဝါစိမ်းဖုံ၊ ခပ်ဖုံ့ ဖုံ့ နှင့်၊ ဖွံ့ဖွံ့ဆိုပေ၊ စုန်းမြေနတ်ဖမ်း၊ လက်ရဖမ်းတည့်၊ ဆိုစမ်းတဖန်၊ ရသာဖန်နှင့်၊ ဖန်မှန်စီသည်၊ ဖန်ရည်ဆိုးထပ်၊ စိုဖပ်ဖပ်နှင့်၊ ပြူဖပ်စာဖတ်၊ ဝါဖတ်ဝါဖန်၊ နေ့နက်ဖန်က၊ ကြိမ်ဖန်အိပ်ဖန်၊ မောင်ဖန်ခေါ်ငြား၊ ဖန်ခါး ဟူဘိ၊ မျက်စိစပ်ဖန်၊ စကားဖန်နှင့်၊ ဖန်တလဲလဲ၊ ထူးကဲလွန်မင်း၊ နတ်ဖန်ဆင်းက၊ သစ်မင်း ရေသဖန်း၊ သဖန်းနူနာ၊ ရေမှာမစ္ဆ ငဖန်းမတည့်၊ ကာယမိန်းမိန်း၊ ကိုယ်လုံးပိန်းက၊ စပ်ဖိန်းပူလောင်၊ ကျူရိုးဖောင်နှင့်၊ ဝါးဖောင် လှေဖောင်၊ ရေဖောင်ဖောင်က၊ ဖောင်ဖောင်ကိုက်ဝါး၊ ငဖောင်ငါးတည့်၊ ဖောက်ကား ဖောက် လျှိုး၊ ပိသင်တိုးမူ၊ နွားကြိုးထည့်ဖောင်း၊ ပွဖောင်းဖောင်းနှင့်၊ ဖောင်းကားရွာမည်၊ ဆူသည်မြုပ်ဖောင်း၊ ငစည်ဖောင်းဟု၊ တကြောင်းခေါ်ကြ၊ အမအဖို၊ လေမှုတ်ဖိုနှင့်၊ မဂ်ဖိုလ်မီးဖို၊ သည်း လိုက်ဖိုက၊ ဖိုလ်သမာဝင်၊ သက်ငင်ရှိုက်ဖို၊ ထိုမှတသီး၊ ဖိုသူကြီး နှင့်၊ မြေကြီးယက်ဖို့ ပေါင်းမြက်ဖို့တည့်၊ အဖို့ဝေငှ ပေးရအဖိုး၊ အဖိုးအဖွား၊ ခေါ်ငြားတဖုံ၊ လမ်းဖုံဖုံနှင့်၊ ဖုံဖုံမြူးလာ၊ နှံ့သာ

လိမ်းဖုံ၊ ဆေးအဖုံက၊ တောချုံပိတ်ဖုံး၊ စပါးဖုံးနှင့်၊ ဖုံးလွှမ်းဖုံးစား၊ ကြုတ်ဖုံးများသည်၊ ရေးဂြား ဖအက္ခရာတည်း။

၃။ စတုတ္ထက္ခရ၊ ဘနှင့်ရေးရန်၊ ရှုံးကာပြန့်အံ့။ ဘာသန္တရ၊ မာဂခ္ဘ၊ သဘာဝသဘာ၊ ဝိဘင်္ဂါဘင်္ဂ၊ စသည်ပုဒ်ထွက်၊ အနက်ပြန်ဟော၊ ဉာဏ်သဘောနှင့်၊ ပုံးဘောဂုတ္တိဘော်၊ သုံးဘော်ရပ်ရွာ၊ ဘော်ကျူ၀ါက၊ သာခွာဘော်ရွက်၊ ဟိုမှာဘက်နှင့်၊ ရှေ့ဘက်တောင်ဘက်၊ သွားမည့်ဘက်တည့်၊ သုံဘက်ဘီလူး၊ ပျော်ကြူးသဘင်၊ ဥပါဒ်ဘင်နှင့်၊ မာရဘင်နာဘင်၊ ဘင်နာခေါ်မူ၊ ဘင်စုဘင်စ၊ သဏ်ဘင်္ဂတည့်၊ မျှတဝေဘန်၊ နောင်ဘန်အခါ၊ အာဏာထစ်ချုန်း၊ လူမင်းဘုန်းနှင့်၊ စိန်ဘုန်းလျှံမီး၊ ဘုန်းတော်ကြီးက၊ တသီးဝေငှ၊ ငါ့ဘို မင်းဘို၊ နောင်ခါဘို့နှင့်၊ ရှင်ဘို့မယ်မည်၊ သက်ရှည်ဘေးဘိုး၊ ဆိုရိုးဘီဘင်၊ ဆွေတော်တွင်အောင်၊ ဘခင်အထက်၊ မျိုးခြောက်ဆက်တည့်၊ ရေတွက်ခဲ့မျှ၊ ဤနာမကို၊ ဘကုန်းနှင့်သာ၊ ရေးသင့်စွာဟု၊ မာဂအေညီ၊ မြန်မာစီသည်၊ ထုံးမှီ နှေးသူ့တံထွာတည်း။ ။

# ၅။ တောကြီးမှူး သတ်ထူး

## ကသတ် (၇) ပုဒ်။

၁။ ရွှေစင်ကနက်၊ ဓမ္မစက်၊ ဝိံပါက် ကကြီးသတ်။
၂။ ပေါလဇနက်၊ အာကာစက်၊ ဗလက် ကကြီးသတ်။
၃။ ငှက်ကရဝိက်၊ စေတသိက်၊ ဘိသိက် ကကြီးသတ်။
၄။ ပဌာန်း ဒုက်တိက်၊ ပစ္စနိက်၊ စဏ္ဍိက် ကကြီးသတ်။
၅။ အာဒိကပ္ပိက်၊ ဗျတ်ရိက်၊ နှစ်ဒွိက် ကကြီးသတ်။
၆။ နပုန်း ပဏ္ဍုက်၊ ဆယ်ပါးသုက်၊ ဥဿုက် ကကြီးသတ်။
၇။ တြိကဋ္ဌုက်၊ ပါတိမုက်၊ စတုက် ကကြီးသတ်။

## ဂငယ်သတ် (၅) ပုဒ်။

၈။ အက္ခရာဝဂ်၊ ကျမ်းဝိမဂ်၊ ဖိုလ်မဂ် ဂငယ်သတ်။
၉။ လေးထပ်ဘဝဂ်၊ သုံးပါးမဂ်၊ ဓဇဂ် ဂငယ်သတ်။
၁၀။ ပုဒ်ဥပသဂ်၊ ပဋ္ဌဝဂ်၊ အနဂ် ဂငယ်သတ်။
၁၁။ သိန်းသကုနဂ်၊ တေဒဂ်၊ ကျားဗျဂ် ဂငယ်သတ်။
၁၂။ ဒွေ့ဘောဂ်သံယုဂ်၊ အစုံယုဂ်၊ ပြယုဂ် ဂငယ်သတ်။

## ငသတ် (၃) ပုဒ်။

၁၃။ လေးပုံဗေဒင်၊ ဈာန်မင်္ဂင်၊ ဈာနင် ငန္နင့်သတ်။
၁၄။ ဘုရားဒိပင်၊ သရဏင်၊ မေခင် ငန္နင့်သတ်။
၁၅။ တူရိယပဥ္စင်၊ သမ္မောဇ္ဈင်၊ ပလ္လင် ငန္နင့်သတ်။

## ဥငယ်သတ် (၂) ပုဒ်။

၁၆။ မြစ်သာနေရဉ်၊ မင်းရာဇဉ်၊ကောဏ္ဍဉ် ဉငယ်သတ်။
၁၇။ ဉာဏ်ပညာမှဉ်း၊ တိုင်းရမှဉ်း၊ သဉ်းညဉ်း ဉငယ်သတ်။

## ဋ္ဌသန်လျင်းချိပ်သတ် (၃) ပုဒ်။

၁၈။ ပါစိတ်ဒုက္ကဋ်၊ သုံးပါးဝဋ်၊ ပါကဋ် ဋ္ဌသန်လျင်းချိပ်သတ်။
၁၉။ ရာသီကက္ကဋ္ဌ်၊ ရှစ်ခုအဋ်၊ ဥက္ကဋ် ဋ္ဌသန်လျင်းချိပ်သတ်။
၂၀။ ဇနက်အရိဋ်၊ ကာဏာရိဋ်၊ ကိလိဋ် ဋ္ဌသန်လျင်းချိပ်သတ်။

## ဏကြီးသတ် (၁၅) ပုဒ်။

၂၁။ မြစ်ကြီးမဟာဏ်၊ သတိဉာဏ်၊ မင်းဒဏ် ဏကြီးသတ်။
၂၂။ ဆင်ရောဝဏ်၊ အဿကဏ်၊ လက္ခဏ် ဏကြီးသတ်။
၂၃။ ဘီလူးဂုမ္ဘဏ်၊ ဝေဿဝဏ်၊ သောဘဏ် ဏကြီးသတ်။
၂၄။ မုဒုလက္ခဏ်၊ အဝသဏ်၊ ဗ္ဗဝဏ် ဏကြီးသတ်။
၂၅။ အပဿကဏ်၊ ဓမ္မခဏ်၊ ဗိတာဏ် ဏကြီးသတ်။
၂၆။ ရှင်ဥပလဝဏ်. လဟုဘဏ်၊ ကာရဏ် ဏကြီးသတ်။

၂၇။ နက္ခသကဝဏ်၊ ဗြဟ္မဒဏ်၊ ဝိညာဏ် ဏကြီးသတ်။
၂၈။ ပါရာဇိကဏ်၊ ဂရုဘဏ်၊ သုဝဏ် ဏကြီးသတ်။
၂၉။ အနာထပိဏ်၊ သုဘာကိဏ်၊ အာစိဏ် ဏကြီးသတ်။
၃၀။ ထက်စည်ခိုဏ်းခိုဏ်း၊ နှောသည့်ကိဏ်း၊ စားကိဏ်း ဏကြီးသတ်။
၃၁။ သံဃာ့အုပ်ဂိုဏ်း၊ ရှုကသိုဏ်း၊ ကရိုဏ်း ဏကြီးသတ်။
၃၂။ အမနေ့ဂိုဏ်း၊ မနေ့ဂိုဏ်း၊ ဆန်းဂိုဏ်း ဏကြီးသတ်။
၃၃။ ဆန်းဆယ့်ရှစ်ဂိုဏ်း၊ ဗျာကရိုဏ်း၊ နှစ်ဂိုဏ်း ဏကြီးသတ်။
၃၄။ နတ်မင်းဝရုဏ်၊ မဟာဂုဏ်၊ လူ့ဂုဏ် ဏကြီးသတ်။
၃၅။ ဥဒါဟရုဏ်၊ ပရဝုဏ်၊ အရုဏ် ဏကြီးသတ်။

## တဝမ်းပူသတ် (၄၂)ပုဒ်။

၃၆။ ဘုရားသိဒ္ဓတ်၊ သံဃာပတ်၊ ဝမတ် တဝမ်းပူ။
၃၇။ ရှင်ဗုဒ္ဓဒတ်၊ ကျင့်မာနတ်၊ အာပတ် တဝမ်းပူ။
၃၈။ ကပိလဝတ်၊ မင်းသိဒ္ဓတ်၊ နက္ခတ် တဝမ်းပူ။
၃၉။ စကြာမန္ဓာတ်၊ ပြည်သာဝတ်၊ အမတ် တဝမ်းပူ။
၄၀။ အဇာတသတ်၊ ဒေဝဒတ်၊ ကျင့်ဝတ် တဝမ်းပူ။
၄၁။ လောင်းဘူရိဒတ်၊ ပေါရိသတ်၊ ပုချတ် တဝမ်းပူ။
၄၂။ မင်းဗြဟ္မဒတ်၊ အနာဂတ်၊ အဝတ် တဝမ်းပူ။
၄၃။ ကေနိပါတ်၊ စသည်ဇာတ်၊ ဟောလတ် တဝမ်းပူ။
၄၄။ တိုက်ရိုက်နိတတ်၊ ဆောင်နေယျတ်၊ အနတ် တဝမ်းပူ။
၄၅။ သညာအန္တတ်၊ ဝစနတ်၊ ဗျူပ္ပတ် တဝမ်းပူ။
၄၆။ ခုနစ်သွယ်ဝိဘတ်၊ နာမ်လိင်္ဂတ်၊ တုလျတ် တဝမ်းပူ။

၄၇။ ရှစ်သွယ်ဝိဘတ်၊ ကျမ်းအာချာတ်၊ အန္တတ် တဝမ်းပူ။
၄၈။ ပုဒ်ပစ္စည်း ဓာတ်၊ ခွဲဝေတာတ်၊ ရဟာတ် တဝမ်းပူ။
၄၉။ သမုစ္စယတ်၊ ဝိရုဒ္ဓတ်၊ မချွတ် တဝမ်းပူ။
၅၀။ သံဘိန္နဓာတ်၊ ပုဒ်နိပါတ်၊ တိမ်နံ့တ် တဝမ်းပူ။
၅၁။ အကမ္မဓာတ်၊ ကမ္မဓာတ်၊ ဝါကျတ် တဝမ်းပူ။
၅၂။ နပုန်းဧကတ်၊ အနိယတ်၊ ပုဒ်ဓာတ် တဝမ်းပူ။
၅၃။ သင်္ကေတမှတ်၊ ခေါ်ပညတ်၊ ပရမတ် တဝမ်းပူ။
၅၄။ ဝတ်နေပကာတတ်၊ သုနက္ခတ်၊ ဂါယတ် တဝမ်းပူ။
၅၅။ ကျောက်မဏိရတ်၊ ဉပပါတ်၊ ဟိနတ် တဝမ်းပူ။
၅၆။ သုတ္တနိပ်ပါတ်၊ ဓမ္မသတ်၊ ဟိယျတ် တဝမ်းပူ။
၅၇။ ကိုးပါးနဝရတ်၊ အဂ္ဂိရတ်၊ ပဝတ် တဝမ်းပူ။
၅၈။ အသညသတ်၊ ခန္ဓာဓာတ်၊ နှာနှတ် တဝမ်းပူ။
၅၉။ အကျင့်ပဋိပတ်၊ ပရိယတ်၊ သကတ် တဝမ်းပူ။
၆၀။ ပါဏာတိပါတ်၊ ပိဏ္ဍပါတ်၊ တိံသတ် တဝမ်းပူ။
၆၁။ ရှေးအတ္ထုပ္ပတ်၊ ပဲမူးမတ်၊ ဓာတ်ထွတ် တဝမ်းပူ။
၆၂။ ဓမ္မသတ်ဝတ်၊ ပိဋကတ်၊ နိယတ် တဝမ်းပူ။
၆၃။ ဆံနှင့်မုတ်ဆိတ်၊ ရှစ်ဆယ်စိတ်၊ အတိတ် တဝမ်းပူ။
၆၄။ အခေါင်ပဏ္ဍိတ်၊ ပုရောဟိတ်၊ နိမိတ် တဝမ်းပူ။
၆၅။ ဖောက်ပြန်ဝိပရိတ်၊ ပြည်ရဲတိတ်၊ ဝါဒိတ် တဝမ်းပူ။
၆၆။ ကလျာဏမိတ်၊ ကျင့်စာရိတ်၊ ဝါရိတ် တဝမ်းပူ။
၆၇။ ကိုးဂြိုဟ်ဝယ်ကိတ်၊ နိဂ္ဂဟိတ်၊ ကြောင်းတိတ် တဝမ်းပူ။
၆၈။ သမာသ်တဋ္ဌိတ်၊ အာချာတ်ကိတ်၊ ပရိတ် တဝမ်းပူ။
၆၉။ ငါးတန်ဝိမုတ်၊ သဒ္ဒါသုတ်၊ ဂါဝုတ် တဝမ်းပူ။

၇၀။ သမာသ်တဒ္ဓုတ်၊ အာချာတ်ကျုတ်၊ နိကုတ် တဝမ်းပူ။
၇၁။ ဉာဏ်သမ္ပယုတ်၊ မဝဂ္ဂုတ်၊ လောကုတ် တဝမ်းပူ။
၇၂။ ဉာဏဝိပ္ပယုတ်၊ မဟာဘုတ်၊ မဟုတ် တဝမ်းပူ။
၇၃။ ရှင်ဥပဂုတ်၊ ဝိနည်းသုတ်၊ သံယုတ် တဝမ်းပူ။
၇၄။ ဥဇုကဝုတ်၊ ဝဏ်ဝုတ်၊ သမုတ် တဝမ်းပူ။
၇၅။ နံစော်အပုတ်၊ ကာလသုတ်၊ ဂေါမုတ်တဝမ်းပူ။
၇၆။ ကျမ်းဋီကာဝုတ်၊ ပဥ္စဘုတ်၊ တီးမှုတ် တဝမ်းပူ။
၇၇။ ပါဠိလိပုတ်၊ ပဒုမိတ်၊ စည်ပုတ် တဝမ်းပူ။

## ဒွေးသတ် ( ၆ ) ပုဒ်။

၇၈။ ပြည်အရိမဒ်၊ စိတ္တုပ္ပါဒ်၊ ဥပါဒ် ဒွေးသတ်။
၇၉။ ဟင်ထုပါဒ်၊ ကုဿကဒ်၊ ဂိုဏ်းမဒ် ဒွေးသတ်။
၈၀။ မင်း ပေါရိသာဒ်၊ စားရလာဒ်၊ ဥက္ကာဒ် ဒွေးသတ်။
၈၁။ ဋီဘင်ဥပါဒ်၊ ဏ္ဍဒ္ဓိပါဒ်၊ ပြာဿဒ် ဒွေးသတ်။
၈၂။ သမ္မာသမ္ဗုဒ်၊ ဇနပုဒ်၊ ဝိရုဒ် ဒွေးသတ်။
၈၃။ မဟာသမုဒ်၊ ပြစ်တင်ပုဒ်၊ တေးပုဒ် ဒွေးသတ်။

## နငယ် သတ် ( ၅၂ ) ပုဒ်။

၈၄။ ဘုရား ကကုသန်၊ ဘဂဝန်၊ နိဗ္ဗာန် နငယ်သတ်။
၈၅။ ရှင်မောဂ္ဂလာန်၊ ညီအာနန်၊ ငဆန် နငယ်သတ်။
၈၆။ ကျောင်းဇေတဝန်၊ သမာသ်ဒွန်၊ တဝန် နငယ်သတ်။
၈၇။ ခုဝတ္တမာန်၊ ပစ္စုပ္ပန်၊ မင်းနန် နငယ်သတ်။

၈၈။ သမာဓိက္ခန်၊ သိန္နိဋ္ဌာန်၊ မန္တာန် နယ်သတ်။
၈၉။ ကျောင်းဝေဠုဝန်၊ သောတာပန်၊ မဂ်စျာန် နယ်သတ်။
၉၀။ ပြာသဒ် ဝေဇယန်၊ နတ်ဗိမာန်၊ ဥယျာန် နယ်သတ်။
၉၁။ အရူပစျာန်၊ ရူပစျာန်၊ နတ်ဌာန် နယ်သတ်။
၉၂။ အတ္တဗျာချာန်၊ သီလက္ခန်၊ နန္ဒန် နယ်သတ်။
၉၃။ သောနုသန်၊ တေခန်၊ သုတ္တန် နယ်သတ်။
၉၄။ ချဗျာပါဆန်၊ အနုဗန်၊ ဇာတ္ဍန် နယ်သတ်။
၉၅။ လိင်အာကာရန်၊ ဒန္တဌာန်၊ ဝတ္တန် နယ်သတ်။
၉၆။ သဒ္ဒါမောဂ္ဂလာန်၊ အဘိဓာန်၊ ကျမ်းဂန် နယ်သတ်၊
၉၇။ ရှင်ဥပနန်၊ ပဋိဘာန်၊ သေန် နယ်သတ်။
၉၈။ ပုဒ်စပ်သမ္ဗန် ချောပြေရန်၊ ကေန် နယ်သတ်။
၉၉။ ကျမ်းအပဒါန်၊ ဂမျမာန်၊ ပဟာန် နယ်သတ်။
၁၀၀။ မိမိသန္တာန်၊ သူ့သန္တာန်၊ သိဟ်ကန် နယ်သတ်။
၁၀၁။ သူရိယကန်၊ အဂမန်၊ ခါတန် နယ်သတ်။
၁၀၂။ မရဏသန်၊ ဥပါဒါန်၊ သုဿာန် နယ်သတ်။
၁၀၃။ စန္ဒရကန်၊ သိက္ခမာန်၊ စရန် နယ်သတ်။
၁၀၄။ နိမိတ္တဝန်၊ ငါးပါးမာန်၊ ဇယန် နယ်သတ်။
၁၀၅။ မိုးမင်းဝသန်၊ အိုင်ဆန္ဒန်၊ ယုဂန် နယ်သတ်။
၁၀၆။ ငါးပါးသောစျာန်၊ သီလဝန်၊ မိဋ္ဌာန် နယ်သတ်။
၁၀၇။ အဓိန္နာဒါန်၊ ဒေါသမာန်၊ ခိုက်ရန် နယ်သတ်။
၁၀၈။ နွေလဂိမှာန်၊ မိုးဝသန်၊ ဟေမာန် နယ်သတ်။
၁၀၉။ ဆီးနှင်းပြင်းထန်၊ တောဟေဝန် ဝေဿန် နယ်သတ်၊
၁၁၀။ သုနာပရန်၊ သမုပ္ပန်၊ ဝနန် နယ်သတ်။

၁၁၁။ ပစ္စယုပ္ပန်၊ ပဒဌာန်၊ ကမ္မန် နငယ်သတ်။
၁၁၂။ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ သာမန် နငယ်သတ်။
၁၁၃။ ဗြဟ္မာလူ့ဒါန်း၊ ကြာသင်္ကန်း၊ ဂဏန်း နငယ်သတ်။
၁၁၄။ နာမပဋ္ဌာန်း၊ အာဝဇ္ဇန်း၊ နိဒါန်း နငယ်သတ်။
၁၁၅။ နိမ့်မြင့်သဏ္ဌာန်၊ တိရစ္ဆာန်၊ ဂစ္ဆန် နငယ်သတ်။
၁၁၆။ ပစ္စုပဋ္ဌာန်၊ အပါဒါန်၊ စန္ဒန် နငယ်သတ်။
၁၁၇။ အဂ္ဂသမောဓာန်၊ သွင်းအဗ္ဘန်၊ သုဒ္ဓန် နငယ်သတ်။
၁၁၈။ လေးယောက်ပုထုဇ္ဇန်၊ သွားကြောင်းဖန်၊ ဝေါဒါန် နငယ်သတ်။
၁၁၉။ ဖိုလ်မဂ္ဂဋ္ဌာန်၊ သံယောဇန်၊ ရှစ်တန် နငယ်သတ်။
၁၂၀။ ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ဆန်းကျမ်း နငယ်သတ်။
၁၂၁။ အညသမာန်း၊ ကမ္မာဋ္ဌန်း၊ ဥဒါန်း နငယ်သတ်။
၁၂၂။ တောင်ရှံနေမိန် အသုရိန်၊ ဝတိန် နငယ်သတ်။
၁၂၃။ မင်းကြီးမာလိန်၊ နာဂသိန်၊ မုနိန် နငယ်သတ်။
၁၂၄။ နတ်သောနဒိန်၊ ဇေယသိန်၊ ကထိန် နငယ်သတ်။
၁၂၅။ ဂဠုန်ဒိဇိန်၊ နတ်ဒေဝိန်၊ နာဂိန် နငယ်သတ်။
၁၂၆။ လင်းသည့်အချိန်၊ မင်းနရိန်၊ ဗြဟ္မိန် နငယ်သတ်။
၁၂၇။ မပေးမထိန်၊ ကျောက်မှာစိန်၊ ဇိနိန် နငယ်သတ်။
၁၂၈။ ပဥ္စမာလိန်၊ ကဏှာဇိန်၊ ပုလ္လိန် နငယ်သတ်။
၁၂၉။ တရားအာကိန်၊ မေထုန်သိန်၊ အာဒိန် နငယ်သတ်။
၁၃၀။ အာယုဝယ်မှိန်၊ မင်းနရိန်၊ အာလိန် နငယ်သတ်။
၁၃၁။ ငန်စွာဆားစိန်း၊ ဂဏန်းကိန်း၊ ငှက်သိန်း နငယ်သတ်။

၁၃၂။ ပကုတ်ဒေဝိန်း၊ အမတ်သိန်း၊ ကာမိန်း နငယ်သတ်။
၁၃၃။ ကာယာသာရှန်၊ မဟာဝုန်၊ လာကုန် နငယ်သတ်။
၁၃၄။ စည်ကြီးဒုန်းဒုန်း၊ လူတို့ဘုန်း၊ ပုန်းညက် နငယ်သတ်။
၁၃၅။ မိုးနတ်ပဇ္ဇုန်၊ မြေဝသုန်၊ မေထုန် နငယ်သတ်။

## ပစောက်သတ် (၁၁) ပုဒ်။

၁၃၆။ အသင်္ချေယျကပ်၊ မဟာကပ်၊ ပညပ် ပစောက်သတ်။
၁၃၇။ အသုညကပ်၊ သုညကပ်၊ ဝေဟပ် ပစောက်သတ်။
၁၃၈။ အန္တရကပ်၊ ဘဒ္ဒကပ်၊ မဏ္ဍပ် ပစောက်သတ်။
၁၃၉။ ဓိဋ္ဌာန်ဝိကပ်၊ သုံးပါးကပ်၊ ဒြပ် ပစောက်သတ်။
၁၄၀။ ဟိရီဩတ္တပ်၊ ရုပ်ကလာပ်၊ ဝနပ် ပစောက်သတ်။
၁၄၁။ ဘုဦးပေးသွမ်းကပ်၊ ဆန်းဝိကပ်၊ အထပ် ပစောက်သတ်။
၁၄၂။ တိုင်းတမ္ပဒိပ်၊ ဇမ္ဗူဒိပ်၊ သံခိပ် ပစောက်သတ်။
၁၄၃။ မင်းရက္ခဒိပ်၊ ဇနာဒိပ်၊ ဘူမိပ် ပစောက်သတ်။
၁၄၄။ အဆင်းအရုပ်၊ သဒ္ဒါရုပ်၊ ဆွမ်းသုပ် ပစောက်သတ်။
၁၄၅။ ပါဠိသရုပ်၊ ဓိပ္ပာယ်ငုပ်၊ နာမ်ရုပ် ပစောက်သတ်။
၁၄၆။ ကမ္မဇရုပ်၊ ပယုပ်၊ တကုပ် ပစောက်သတ်။

## ပသတ် ( ၁၄ ) ပုဒ်။

၁၄၇။ လုပ်ကြဥယျာမ်၊ သန္ဓိနာမ်၊ ဆယ်ကမ် မနှင့်သတ်။
၁၄၈။ ရှစ်ပါးလောကဓမ်၊ ဘူတဂါမ်၊ ရုပ်နာမ် မနှင့်သတ်။
၁၄၉။ အကုသိုလ်ကမ်၊ ကုသိုလ်ကမ်၊ ညဥ့်ယာမ် မနှင့်သတ်။

၁၅၀။ သဂဒါဂါမ်၊ အနာဂါမ်၊ အာရာမ် မနှင့်သတ်။
၁၅၁။ ကိလေသာကမ်၊ ဝတ္တကမ်၊ ခတ်နာမ် မနှင့်သတ်။
၁၅၂။ ဗြဟ္မာသဟာမ်၊ မဟာနာမ်၊ နိကမ် မနှင့်သတ်။
၁၅၃။ သုဝဏ္ဏသျှမ်၊ ပရိကမ်၊ စကြံမ် မနှင့်သတ်။
၁၅၄။ သရဏဂုမ်၊ ရွှေနန်းဘုမ်၊ ဒုဂုမ် မနှင့်သတ်။
၁၅၅။ ပါဠိအာဝုမ်၊ ပဋိလုမ်၊ တောင်းတုမ် မနှင့်သတ်။
၁၅၆။ သုံးဆယ့်တဘုံ၊ ဆန်းဝိဇ္ဇုမ်၊ အာရုံ မနှင့်သတ်။
၁၅၇။ နိဂြောဓာရုမ်၊ ကောဏ္ဍာဂုမ်၊ ကျောင်းဘုမ် မနှင့်သတ်။
၁၅၈။ ဃောသိတာရုမ်၊ ဝိသုကြုမ်၊ ပန်းငုမ် မနှင့်သတ်။
၁၅၉။ မွေးရှင်ဥဏ္ဏလုမ်၊ ထူပါရုမ်၊ သရဏဂုမ် မနှင့်သတ်။
၁၆၀။ မြို့ရွာနိဂုမ်း၊ ပျားပိတုမ်း၊ နှလုမ်း မနှင့်သတ်။

## ယင်ယ် သတ် ( ၅ )ပုဒ်။

၁၆၁။ ပဋ္ဌိနိကာယ်၊ အဓိပ္ပာယ်၊ ဥပါယ် ယင်ယ်သတ်။
၁၆၂။ အသုရကာယ်၊ အန္တရာယ်၊ အပါယ် ယင်ယ်သတ်။
၁၆၃။ ရူပနိကာယ်၊ ပရိယာယ်၊ ဝိနယ် ယင်ယ်သတ်။
၁၆၄။ ဆရာဥပဇ္ဈာယ်၊ ဓမ္မကာယ်၊ နယ်ပယ် ယင်ယ်သတ်။
၁၆၅။ ဆယ်ပါးအန္တရာယ်၊ အလမ္ဗာယ်၊ သပ္ပာယ် ယင်ယ်သတ်။

## ရကြီး သတ် ( ၅ ) ပုဒ်။

၁၆၆။ စမ္ပာနဂိုရ်၊ ယုဂန္ဓိုရ်၊ မြင့်မိုရ် ရကြီးသတ်။
၁၆၇။ သက်ဿနဂိုရ်၊ ဝိဇ္ဇာဓိုရ်၊ ဗဟိုရ် ရကြီးသတ်။
၁၆၈။ တောင်ဣဿိန္ဓိုရ်၊ နေမိန္ဓိုရ်၊ ဝိဓိုရ် ရကြီးသတ်။

၁၆၉။ ပဒုမ္မုတ္တိုရ်၊ ပစ္စုမိုရ်၊ နတ္တိုရ် ရကြီးသတ်။
၁၇၀။ ကျမ်းအင်္ဂုတ္တိုရ်၊ ဝိနည်းမိုရ်၊ နဂိုရ် ရကြီးသတ်။

## လငယ်သတ် (၅) ပုဒ်။

၁၇၁။ ယုတ်မြတ်ပုဂ္ဂိုလ်၊ ဈာန်မဂ်ဖိုလ်၊ ကုသိုလ် လငယ်သတ်။
၁၇၂။ ဘုံဝေဟပ္ဖိုလ်၊ မဂ္ဂင်ဖိုလ်၊ လူဗိုလ် လငယ်သတ်။
၁၇၃။ ကံအကုသိုလ်၊ ဇာတိပ္ဖိုလ်၊ ပုဂ္ဂိုလ် လငယ်သတ်။
၁၇၄။ ပဏ္ဍုကမ္ဗိုလ်၊ တက္ကသိုလ်၊ စစ်ဗိုလ် လငယ်သတ်။
၁၇၅။ ငါးကျပ်တပိုလ်၊ ဥစ္စဖိုလ်၊ ကမ္ဗိုလ် လငယ်သတ်။

## သသတ် (၈) ပုဒ်။

၁၇၆။ ပြဇာတိရသ်၊ ဟတ္ထပါသ်၊ ပါရာသ် သနှင့်သတ်။
၁၇၇။ သမာဓိမသ်၊ ဋီကာညာသ်၊ သမသ် သနှင့်သတ်။
၁၇၈။ ပေါက္ခရဝသ်၊ သောမနသ်၊ ဩရသ် သနှင့်သတ်။
၁၇၉။ ဓုတင်တေရသ်၊ ထေရ်ကျော်ကာသ်၊ မာနသ် သနှင့်သတ်။
၁၈၀။ တစ်ကြွင်းဧကသိသ်၊ တပ္ပုရိသ်၊ ဝိသိသ် သနှင့်သတ်။
၁၈၁။ မရည်နေ့ဒိသ်၊ ရည်ဩဒိသ်၊ ပုရိသ် သနှင့်သတ်။
၁၈၂။ သံဃာဒိသိသ်၊ မဏ္ဍလိသ်၊ ဒိပိသ် သနှင့်သတ်။
၁၈၃။ ဝါစာဖရသ်၊ စောင့်ဥပုသ်၊ ပကုသ် သနှင့်သတ်။

## ဟသတ် (၂) ပုဒ်

၁၈၄။ ဝိနည်းသင်္ဂြိုဟ်၊ သုတ်သင်္ဂြိုဟ်၊ ဝိဂ္ဂြိုဟ် ဟနှင့်သတ်။
၁၈၅။ ပြည်ရာဇဂြိုဟ်၊ ကျမ်းသင်္ဂြိုဟ်၊ နှစ်ဂြိုဟ် ဟနှင့်သတ်။

# ၆။ မြန်မာသံပေါက် သတ်ပုံ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရရစ် ( ၁၈ )ပုဒ်။

(၁) ငါးမည်ရွှေကြာ၊ ခက်ညွှန့်ဖြာ၊ စိမ်းပြာကိုလည်း ရစ်ရမည်။
(၂) ယာဉ်ပံ့စကြာ၊ ရွှေလိပ်ပြာ၊ ကြိုးကြာကိုလည်း ရစ်ရမည်။
(၃) ဇမ္ဗူ့သပြေ၊ အသီးကြွေ၊ မိုးမြေကိုလည်း ရစ်ရမည်။
(၄) စည်းစိမ်မကြေ၊ ကြိုးနှယ်ဖြေ၊ လက်ခြေကိုလည်း ရစ်ရမည်။
(၅) ကောင်းကင်မှာကြယ်၊ လွန်ဆန်းကြွယ်၊ စင်ကြယ်ကိုလည်း ရစ်ရမည်။
(၆) မွှမ်းမံစီခြယ်၊ စည်းစိမ်ကြွယ်၊ စင်ကြယ်ကိုလည်း ရစ်ရမည်။
(၇) ပြည်ရွာမြို့ပြ၊ မျက်ရှင်မြ၊ ကြိုးကြွကိုလည်း ရစ်ရမည်။
(၈) ရွှေစက်ဖြန့်ကြွ၊ အာဘာပြ၊ ကြောင့်ကြကိုလည်း ရစ်ရမည်။

(၉) မင်္ဂလာထိမ်းမြား၊ လွှန်ဆန်းပြား၊ ပိုင်းခြားကိုလည်း ရစ်ရမည်။

(၁၀) စွမ်းအန်ကြွားကြွား၊ လွန်မြောက်မြား၊ သျှောက်ကြား ကိုလည်း ရစ်ရမည်။

(၁၁) ငုံးခါ ခိုကြက်၊ ကြောင်နှင့်ကြွက်၊ ထက်မြက်ကိုလည်း ရစ်ရမည်။

(၁၂) အလှုံ့ဖြိုးပြက်၊ လျှပ်နွယ်ပြက်၊ ကွယ်ပြက်ကိုလည်း ရစ်ရ မည်။

(၁၃) နီလာစိန်ကြောင်၊ စီခြယ်မြောင်၊ ဝင်းပြောင်ကိုလည်း ရစ်ရမည်။

(၁၄) ကျားဆရာကြောင်၊ တောမှာပြောင်၊ ဆင်ပြောင်ကို လည်း ရစ်ရမည်။

(၁၅) အရေးအကြောင်း၊ ပြည်ရွာပြောင်း၊ ကျဉ်းမြောင်း ကိုလည်း ရစ်ရမည်။

(၁၆) မမှသတ်ကြောင်း၊ မှုတ်သည့်ပြောင်း၊ ရေမြောင်း ကိုလည်း ရစ်ရမည်။

(၁၇) အဟုန်ပြင်းပြင်း၊ သိန္ဓောမြင်း၊ ကျန်ကြွင်းကိုလည်း ရစ်ရ မည်။

(၁၈) နှမ်းရိုဟောင်းမြင်း၊ ခွားနှင့်မြွင်း၊ ငါးကြင်းကိုလည်း ရစ် ရမည်။

## ယပင့် (၁၅) ပုဒ်။

(၁) အသက်ရာကျော်၊ စည်းစိမ်ပျော်၊ မွေလျော်ကိုလည်း ပင့်ရမည်။

(၂) မတော်မလျော်၊ မယ့်မျက်ဖျော်၊ ကြည့်မျှော်ကိုလည်း ပင့်ရမည်။

(၃) ဒါနလှူမျိုး၊ စိုက်ချပျိုး၊ကောင်းကျိုးကိုလည်း ပင့်ရမည်။

(၄) နွမ်းရိခေါက်ချိုး၊ နတ်မယ်မျိုး၊ ဆွေမျိုးကိုလည်း ပင့်ရမည်။

(၅) သူဝရွှေကျေး၊ ယဉ်ကျေးကျေး၊ ကတ်ကျေးကိုလည်း ပင့်ရမည်။

(၆) မြို့ပြရွာကျေး၊ ကြေးငွေချေး၊ ကံကျွေးကိုလည်း ပင့်ရမည်။

(၇) ကြံ့ဆင်သစ်ကျား၊ အလွန်များ၊ နွာဖျားကိုလည်း ပင့်ရမည်။

(၈) သကာချိုပျား၊ ထန်းလျက်များ၊ လျှာဖျားကိုလည်း ပင့်ရမည်။

(၉) ငါမွေးသည့်မျောက်၊ ငါ့ကိုချောက်၊ ပယ်ဖျောက်ကိုလည်း ပင့်ရမည်။

(၁၀) ပတ္တမြားကျောက်၊ ဥစ္စာပျောက်၊ ခန်းချောက်ကိုလည်း ပင့်ရမည်။

(၁၁) ဘုန်းကံမမျှ၊ နှုန်းနှိမ်ချ၊ လျှော့ချကိုလည်း ပင့်ရမည်။

(၁၂) ညှင်းညှင်းပျပျ၊ ဟိန်းဟဲချ၊ ဖျောင်းဖျကိုလည်း ပင့်ရမည်။
(၁၃) စိုးရိမ်ချုပ်ချာ၊ သင်ဖြူးဖျာ၊သေချာကိုလည်း ပင့်ရမည်။
(၁၄) ရွှေရင်ကလျော၊ နွဲ့နွဲ့ချော၊ နှစ်မျောကိုလည်း ပင့်ရမည်။
(၁၅) လူလည်းမမျော၊ ရေဍွှမျော၊ ငှက်ပျောကိုလည်း ပင့်ရမည်။

## တသတ် သက်သက် (၁၂) ပုဒ်။

(၁) သုံးပုံပိဋကတ်၊ ကျမ်းရိုင်းဘာတ်၊ စွဲမှတ်ကိုလည်း တသတ်မည်။
(၂) တရားဆုံးဖြတ်၊ ဓမ္မသတ်၊ ဖြောင့်မတ်ကိုလည်း တသတ်မည်။
(၃) ရွှေရင်သားမြတ်၊ နုထွတ်ထွတ်၊ ချောမွတ်ကိုလည်း တသတ်မည်။
(၄) မျက်ရှင်ကျောက်မြတ်၊ နဝရတ်၊ ရာပြတ်ကိုလည်း တသတ်မည်။
(၅) ပွင့်ညှာ ပွင့်ဝတ်၊ ပင်လုံးညွှတ်၊ လှမ်းဆွတ်ကိုလည်း တသတ်မည်။
(၆) ဖန်တီဖန်တွတ်၊ ဆိုရေးရွတ်၊ လွှမ်းဆွတ်ကိုလည်း တသတ်မည်။
(၇) စကြာရဟတ်၊ လေးကျွန်းပတ်၊ မိုဃ်းနတ်ကိုလည်း တသတ်မည်။

(၈) မင်းကချဝတ်၊ ငွေတမဝ်၊ ရိုက်ခတ်ကိုလည်း တသတ်မည်။
(၉) တညီတညွတ်၊ ခုံသမတ်၊ လျောက်ပတ်ကိုလည်း တသတ်မည်။
(၁၀) ကြက်တိုက်အန်ခတ်၊ ခါးစည်းပတ်၊ ယွင်းချွတ်ကိုလည် တသတ်မည်။
(၁၁) စက်နှယ်ပိုင်းဖြတ်၊ လောကဝတ်၊ မလွတ်ကိုလည်း တသတ်မည်။
(၁၂) လုံခြုံသေသတ်၊တံဆိပ်ခတ်၊ပညတ်ကိုလည်း တသတ်မည်။

## လုံးကြီးတင် တသတ် (၁၁) ပုဒ်။

(၁) တွန်ကျုံးကရဝိတ်၊ မိန့်ဗျာဒိတ်၊ နိမိတ်ကိုလည်း တသတ်မည်။
(၂) ဦးဆံမုတ်ဆိတ်၊ ပယ်ဖြတ်ရိတ်၊ သပိတ်ကိုလည်း တသတ်မည်။
(၃) ပြောဆိုတိတ်တိတ်၊ နှုတ်သံပိတ်၊ ဆိတ်ဆိတ်ကိုလည်း တသတ်မည်။
(၄) မျက်စိကိုမှိတ်၊ လည်ကိုညိတ်၊ တို့ဆိတ်ကိုလည်း တသတ်မည်။
(၅) ရွှေသင်္ဂနိတ်၊ အရောင်ဘိတ်၊ ဂေါမိတ်ကိုလည်း တသတ်မည်။
(၆) တရားစရိတ်၊ ငွေအစိတ်၊ ရှုံးပိတ်ကိုလည်း တသတ်မည်။

(၇) ဝါဘန်ဝါကြိတ်၊ အိမ်လုံးတိတ်၊ မဆိတ်ကိုလည်း တသတ်မည်။
(၈) ပညာပဏ္ဍိတ်၊ ပုရောဟိတ်၊ ကျော်ထိတ်ကိုလည်း တသတ်မည်။
(၉) ဆင်မြင်းနွားဆိတ်၊ ကျင့်စာရိတ်၊ အတိတ်ကိုလည်း တသတ်မည်။
(၁၀) သမာသ်တဒ္ဓိတ်၊ အာချာတ်ကိတ်၊ စဒိတ်ကိုလည်း တသတ်မည်။
(၁၁) တည်ငရွှေမြိတ်၊နန္ဒမိတ်၊လန့်ထိတ်ကိုလည်း တသတ်မည်။

## တချောင်းငင်တသတ် (၁၂) ပုဒ်။

(၁) အားအန်လည်းထုတ်၊ မီးကိုမှုတ်၊ ချက်ပြုတ်ကိုလည်း တသတ်မည်။
(၂) အသံလည်းထုတ်၊ ရှဉ်ကိုးထုတ်၊ ဂါဝုတ်ကိုလည်း တသတ်မည်။
(၃) လိုက်၍သုတ်သုတ်၊ သိမ်းနှယ်ကုတ်၊ ထိုးခုတ်ကိုလည်း တသတ်မည်။
(၄) တံစုန်းသစ်ငုတ်၊ ငြောင့်ခလုတ်၊ ငင်နုတ်ကိုလည်း တသတ်မည်။
(၅) သူတော်မဟုတ်၊ လူသူယုတ်၊ နှင်ထုတ်ကိုလည်း တသတ်မည်။
(၆) မင်္ဂလသုတ်၊ကျမ်းရိုးထုတ်၊ဝေဝုတ်ကိုလည်း တသတ်မည်။

(၇) ပြာဿဒ်လိုဏ်မုတ်၊ လေပြင်းသုတ်၊ စမုတ်ကိုလည်း တသတ်မည်။
(၈) ဆယ်တင်းဝင်ပုတ်၊ အနှားပြုတ်၊ စမုတ်ကိုလည်း တသတ်မည်။
(၉) မြန်မြန် သုတ်သုတ်၊ လေးညို့ဖြုတ်၊ နောက်ဆုတ်ကိုလည်း တသတ်မည်။
(၁၀) ပင်လယ်ဝေဝုတ်၊ ဒီလှိုင်းပုတ်၊ သမုတ်ကိုလည်း တသတ်မည်။
(၁၁) ပုဆိုးလှူနုတ်၊ အလတ်ယုတ်၊ တံသုတ်ကိုလည်း တသတ်မည်။
(၁၂) ယုန်အရေဆုတ်၊ ငှက်နှံ့စုတ်၊ ကြမ်းကြုတ်ကိုလည်း တသတ်မည်။

## နသတ်သက်သက် (၁၄၂)ပုဒ်။

(၁) ကြက်လျှာရှက်စွန်၊ မိုးတိမ်စွန်၊ တမ်းခွန်ကိုလည်း နသတ်မည်။
(၂) ပတ်ယတ်သဏ္ဍာန်၊ ယာဉ်ဆဒ္ဒန်၊ ဆင်းကြွန်ကိုလည်း နသတ်မည်။
(၃) ဘုံနန်းဝေယန်၊ နေရပ်ဌာန်၊ ဗိမာန်ကိုလည်း နသတ်မည်။
(၄) အခါးအငန်၊ စပ်ဖန်ဖန်၊ သကြံန်ကိုလည်း နသတ်မည်။
(၅) မြခြည်စိန်ဖန်၊ ရွှေနားပန်၊ ဖြိုးမှန်ကိုလည်း နသတ်မည်။

(၆) အဘိုးသိန်းတန်၊ ရွှေကုန္တာန်၊ ဆင်ရန်ကိုလည်း နသတ်မည်။
(၇) တခူးသကြ်န်၊ အခါတန်၊ နက်ဖြန်ကိုလည်း နသတ်မည်။
(၈) ရတုရကန်၊ စာသဝန်၊ ကာရန်ကိုလည်း နသတ်မည်။
(၉) အမိန့်တော်ပြန်၊ မဟာဒါန်၊ တမန်ကိုလည်း နသတ်မည်။
(၁၀) စောက်ထိုးပြောင်းပြန်၊ မြေကိုလှန်၊ စွမ်းအန်ကိုလည်း နသတ်မည်။
(၁၁) အောက်ထက်စုန်ဆန်၊ အဖန်ဖန်၊ အော့အန်ကိုလည်း နသတ်မည်။
(၁၂) နေ့လလုပ်ခွန်၊ ကြင်လေဟန်၊ ကျေးကျွန်ကိုလည်း နသတ်မည်။
(၁၃) ဒေါသစိတ်မာန်၊ သန်ပြင်းထန်၊ မြို့ဝန်ကိုလည်း နသတ်မည်။
(၁၄) သီတာခုနစ်တန်၊ တောင်ယုဂန်၊ ကုမ္ဘာန်ကိုလ ည်း နသတ်မည်။

## နသတ် ဝိသဇ္ဇနီထိုး (၁၄)ပုဒ်။

(၁) ရွှေပြည်ကြငှန်း၊ ဗာရာနန်း၊ သိမ်းမြန်းကိုလည်း နသတ်မည်။
(၂) ဖလားလင်ပန်း၊ ခွက်ယောက်ဇွန်း၊ မုန်းလွန်းကိုလည်း နသတ်မည်။

(၃) ပြောက်စုံခြယ်သန်း၊ ကာသည်ပန်း၊ ယက်ကန်းကိုလည်း နသတ်မည်။
(၄) ဖန်ဝါနီမြန်း၊ ပန်းသက်န်း၊ ဆေးစွန်းကိုလည်း နသတ်မည်။
(၅) ပတ်ပတ်ရုံဝန်း၊ ဝိုက်နှယ်တန်း၊ စောင်းရန်းကလည်း နသတ်မည်။
(၆) ကံ့ကော်ရွက်ချွန်း၊ ပင်ရိပ်ဝန်း၊ နွဲ့ရွှန်းကိုလည်း နသတ်မည်။
(၇) စဉ်လာဥဒါန်း၊ သက်သေညွှန်း၊ မော်ကွန်းကိုလည်း နသတ်မည်။
(၈) အာရုံစိတ်မှန်း၊ ကမ္ဘောဘာန်း၊ စီးဖြန်းကိုလည်း နသတ်မည်။
(၉) သံချိုနှုတ်ခွန်း၊ ဆိုတိုက်တွန်း၊ လူလန်းကိုလည်း နသတ်မည်။
(၁၀) ဘိသိက်မြှောက်သွန်း၊ ဘာမရာမြန်း၊ ဦးစွန်းကိုလည်း နသတ်မည်။
(၁၁) တေဇာဘုန်းတန်း၊ နေနှယ်ထွန်း၊ သိန်းသန်းကိုလည်း နသတ်မည်။
(၁၂) ခါးကြိုး ခါးပန်း၊ ချည်နှောင်ပန်း၊ ထူးဆန်းကိုလည်း နသတ်မည်။
(၁၃) စွမ်းအန်ကြီးထွန်း၊ မြတ်ရာကျွန်း၊ ကိုးခန်းကိုလည်း နသတ်မည်။

(၁၄) သရက်အုန်းထန်း၊ ဟင်းကစွန်း၊ ရှင်လန်းကိုလည်း နသတ်မည်။

## လုံးကြီးတင် နသတ် (၉) ပုဒ်။

(၁) ရတနာ့စိန်၊ ဝင်းလျှံထိန်၊ ရောင်ရှိန့်ကိုလည်း နသတ်မည်။
(၂) အသက်ဇီဝိန်၊ စုတေ့ချိန်၊ ညှိုးပိန်ကိုလည်း နသတ်မည်။
(၃) ပဉ္စအာလိန်၊ တာဝတိန်၊ ဒေဝိန်ကိုလည်း နသတ်မည်။
(၄) မိုးကြိုးပုဆိန်၊ ဝရဇိန်၊ ပစ်ချိန်ကိုလည်း နသတ်မည်။
(၅) လူသုခမိန်၊ ပြက္ခဒိန်၊ နှိုင်းချိန်ကိုလည်း နသတ်မည်၊
(၆) သကိန်းကထိန်၊ ဖုန်းမသိန်၊ ငွေချိန်ကိုလည်း နသတ်မည်။
(၇) ပညာကဝိန်၊ ရှင်မဟိန်၊ ကျော်ရှိန်ကိုလည်း နသတ်မည်။
(၈) မင်းစောဥတိန်၊ ဇေယျသိန်၊ နရိန်ကိုလည်း နသတ်မည်။
(၉) နှုတ်သစ္စာကျိန်၊ လူမှိန်မှိန်၊ ချိုမြိန်ကိုလည်း နသတ်မည်။

## လုံးကြီးတင် နသတ် ဝိသဇ္ဇနီထိုး (၉) ပုဒ်။

(၁) မျှော်ရှုစိန်းစိန်း၊ တမှိန်းမှိန်း၊ စောင့်ထိန်းကိုလည်း နသတ်မည်။
(၂) ရှင်ပျော်စက်ကျိန်း၊ တဖိန်းဖိန်း၊ လူပြိန်းကိုလည်း နသတ်မည်။
(၃) သင်္ချာသောင်းသိန်း၊ ရေတွက်ကိန်း၊ ချိန်းချက်ကိုလည်း နသတ်မည်။

(၄) အသံထိန်းထိန်း၊ ပူစပ်ကျိန်း၊ တိန်းညက်ကိုလည်း နသတ်မည်။
(၅) ကလက်ကလိန်း၊ မြင်းဆင်ထိန်း၊ ထိန်းကျောင်းကိုလည်း နသတ်မည်။
(၆) ပိန်းနဲလေ့ပိန်း၊ စားသည့်ပိန်း၊ လူပြိန်းကိုလည်း နသတ်မည်။
(၇) မိန်းမပျော့မှိန်း၊ ကောင်းလှိုမှိန်း၊ မိန်းမကိုလည်း နသတ်မည်။
(၈) အမတ်ကာမိန်း၊ထောင်သည့်မှိန်း၊ ဒေဝိန်းကိုလည်း နသတ်မည်။
(၉) မြည်သံဟိန်းဟိန်း၊ ဆရာသိန်း၊ သိန်းဇိုးကိုလည်း နသတ်မည်။

## တချောင်းငင် နသတ် (၆) ပုဒ်။

(၁) တောင်ရှိန်ပြင်းဟုန်၊ငှက်ဂဠုန်၊ သုန်သုန်ကိုလည်း နသတ်မည်။
(၂) မလည်မသုန်၊ ရေကြောစုန်၊ ဒဂုန်ကိုလည်း နသတ်မည်။
(၃) ရောင်းဘောက်သည့်ကုန်၊ ကြေးငွေကုန်၊လာကုန်ကိုလည်း နသတ်မည်။
(၄) လူပျက်လူမုန်၊ လမှာယုန်၊ ဆင်မုန်ကိုလည်း နသတ်မည်။
(၅) ဂိမှာန်ကဆုန်၊ လု နယုန်၊ လှုပ်တုန်ကိုလည်း နသတ်မည်။
(၆) သီးနှင်းမြုံမှုန်၊ မိုဃ်းပဇ္ဇုန်၊ မြူးခုန်ကိုလည်း နသတ်မည်။

## တချောင်းငင်နသတ်ဝိသဇ္ဇနီထိုး (၈) ပုဒ်။

(၁) ရှင်ဘုရင်ဘုန်း၊ မိုးသို့ချုန်း၊ ပျက်ပြုန်းကိုလည်း နသတ်မည်။

(၂) တောင်ပံရှုန်းရှုန်း၊ တဟုန်းဟုန်း၊ ပိတုန်းကိုလည်း နသတ်မည်။

(၃) လူမြင်တိုင်းမုန်း၊ တစ္ဆေစုန်း၊ ဆုန်းဆကိုလည်း နသတ်မည်။

(၄) ငုပ်လေစုန်းစုန်း၊ ကျွဲနွားရုန်း၊ မျက်မှုန်းကိုလည်း နသတ်မည်။

(၅) ခါသင့်ချိန်ဆုန်း၊ တန်ဆောင်မုန်း၊ ပျော်တုန်းကိုလည်း နသတ်မည်။

(၆) သဇင်ဂမုန်း၊ ထန်းနှင့်အုန်း၊ ကုန်းပေါ်ကိုလည်း နသတ်မည်။

(၇) ခွေခွေနုန်းနုန်း၊ စာသင်ပုန်း၊ နှိုင်းနှုန်းကိုလည်း နသတ်မည်။

(၈) ပုံ့လေဖြုန်းဖြုန်း၊ လေသင်မုန်း၊ ရှုန်းရှုန်းကိုလည်း နသတ်မည်။

## ပသတ်သက်သက် (၁၄) ပုဒ်။

(၁) ရွှေရင်စမ်းသပ်၊ ဆဲ့ငါးကျပ်၊ ပေါ်လျှပ်ကိုလည်း ပသတ်မည်။

(၂) ရွှေရင်ချင်းစပ်၊ ပါးချင်းအပ်၊ လက်ထပ်ကိုလည်း ပသတ်မည်။
(၃) ရွှေပေနားကပ်၊ ဆောင်ဝေါအပ်၊ အကြပ်ကိုလည်း ပသတ်မည်။
(၄) အင်္ကျီလက်ကျပ်၊ ပါးလျှပ်လျှပ်၊လက်စွပ်ကိုလည်း ပသတ်မည်။
(၅) ကိုယ်ဟန်သွယ်သပ်၊ တခုလပ်၊ နှုဖပ်ကိုလည်း ပသတ်မည်။
(၆) အိမ်ခြေတွင်းစပ်၊ အရပ်ရပ်၊ မလပ်ကိုလည်း ပသတ်မည်။
(၇) ကြယ်သီးရွှေအပ်၊တရုတ်အပ်၊ တည်းစပ်ကိုလည်း ပသတ်မည်။
(၈) ရွှေကြာပွင့်ချပ်၊ ကမ္ဘာကပ်၊ တင့်အပ်ကိုလည်း ပသတ်မည်။
(၉) တရားစေ့စပ်၊ ဆင်ခြေတပ်၊ ရိုးစွပ်ကိုလည်း ပသတ်မည်။
(၁၀) မြေမှာတုပ်ပျပ်၊ ကြောက်ရှိဝပ်၊ပျပ်ဝပ်ကိုလည်း ပသတ်မည်။
(၁၁) ပါးပါးချပ်ချပ်၊ ငှက်ပျောဖပ်၊ သစ်တပ်ကိုလည်း ပသတ်မည်။
(၁၂) ခြေနင်းပိနပ်၊ သားမြီးယပ်၊ မွေးညှပ်ကိုလည်း ပသတ်မည်။
(၁၃) ထမင်းမနပ်၊ မီးဝယ်နှပ်၊ သနပ်ကိုလည်း ပသတ်မည်။
(၁၄) တိမ်နှစ်ဘက်ညှပ်၊ ပြက်သည်လျှပ်၊ ကြက်ခွပ်ကိုလည်း ပသတ်မည်။

## လုံးကြီးတင်ပသတ် (၈) ပုဒ်။

(၁) ကမ္ဘည်းတံဆိပ်၊ ရွှေပေလိပ်၊သိပ်သိပ်ကိုလည်း ပသတ်မည်။
(၂) ငါးမည်မာရ်နှိပ်၊ ပလ္လင်ထိပ်၊ ညောင်ရိပ်ကိုလည်း ပသတ်မည်။
(၃) စကားတံဆိပ်၊ တံခွန်ရိပ်၊ တောင်ထိပ်ကိုလည်း ပသတ်မည်။
(၄) မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်၊ စက်အိပ်ကိုလည်း ပသတ်မည်။
(၅) မကျဲမစိပ်၊ သစ်ပင်ရိပ်၊ တိမ်ရိပ်ကိုလည်း ပသတ်မည်။
(၆) မတွန့်မလိပ်၊ ကြာတံဆိပ်၊ လက်ထိပ်ကိုလည်းပသတ်မည်။
(၇) သည်းခြေသလိပ်၊ သွေးလေနှိပ်၊ မြေဆိပ်ကိုလည်း ပသတ်မည်။
(၈) လက်ဖြင့်နယ်သိပ်၊ မြစ်ကုန်းလိပ်၊ငါးလိပ်ကိုလည်း ပသတ်မည်။

## တချောင်းငင်ပသတ် (၂၆) ပုဒ်။

(၁) ဝိညာဏ်လုပ်လုပ်၊ မိုးနတ်ရုပ်၊ မြေမြှုပ်ကိုလည်း ပသတ်မည်။
(၂) ကေသာဆံအုပ်၊ လှေခေါင်ချုပ်၊လည်ကုပ်ကိုလည်း ပသတ်မည်။
(၃) ခြေကလည်းလှုပ်၊ ချွန်းကအုပ်၊ စောင့်ချုပ်ကိုလည်း ပသတ်မည်။

(၄) ယပ်ခတ်ခြေဆုပ်၊ ရံကိုယ်လုပ်၊ ပိုက်ထုပ်ကိုလည်း ပသတ်မည်။

(၅) ပေါင်မြက်သုပ်သုပ်၊ ဟင်းလက်သုပ်၊ ပလုပ်ပလောင်းစားသည်ကိုလည်း ပသတ်မည်။

(၆) အမျက်ချုပ်ချုပ်၊ မိုးလေချုပ်၊ ချုပ်ချုပ်ကိုလည်းပသတ်မည်။

(၇) ညီစေ့ နံပုပ်၊ ဖက်နှင့်ထုပ်၊ စက်ဆုပ်ကိုလည်း ပသတ်မည်။

(၈) သစ်ပင်ကန့်ချုပ်၊ ပူချုပ်ချုပ်၊ ပခြုပ်ကိုလည်း ပသတ်မည်။

(၉) စာရင်းပေါင်းချုပ်၊ တန်းမှာချုပ်၊ စာချုပ်ကိုလည်း ပသတ်မည်။

(၁၀) မိန့်တော်အာလုပ်၊ လယ်ယာလုပ်၊ လုပ်ဆေးကိုလည်း ပသတ်မည်။

(၁၁) စဉ်းဖြတ်နုပ်နုပ်၊ ရေသနုပ်၊ လူနုပ်ကိုလည်း ပသတ်မည်။

(၁၂) ကမ္ဗလာရုပ်၊ ပွဲသိမ်းရုပ်၊ နာမ်ရုပ်ကိုလည်း ပသတ်မည်။

(၁၃) အထွေးအရှုပ်၊ နှာထည့်ရှုပ်၊ နမ်းရှုပ်ကိုလည်း ပသတ်မည်။

(၁၄) အရေဘွန့်ရှုပ်၊ ကောင်ဖွားပြုပ်၊ စပ်ပုပ်ကိုလည်း ပသတ်မည်။

(၁၅) မိုးကတိမ်ပုပ်၊ အင်းလျှာပုပ်၊ သစ်ပုပ်ကိုလည်း ပသတ်မည်။

(၁၆) သစ်ပင်ခင်ပုပ်၊ ချုံဆူးပုပ်၊ ခင်ပုပ်ကိုလည်း ပသတ်မည်။

(၁၇) ရေမြှုပ်မြေမြှုပ်၊ တိမ်ကောမြုပ်၊ တိမ်မြုပ်ကိုလည်း ပသတ်မည်။
(၁၈) ပုဆစ်လည်းတုပ်၊ ပုဇွန်ထုပ်၊ ချည်ထုပ်ကိုလည်း ပသတ်မည်။
(၁၉) တံခါးမင်းတုပ်၊ ပျပ်ဝပ်တုပ်၊ တုပ်ကွကိုလည်း ပသတ်မည်။
(၂၀) သိမ်းထုပ်ပိုက်ထုပ်၊ အဝတ်ထုပ်၊ လျှောက်ဆုပ်ကိုလည်း ပသတ်မည်။
(၂၁) မလံမကုပ်၊ စာရင်းကုပ်၊ တင်းကုပ်ကိုလည်း ပသတ်မည်။
(၂၂) လည်းပေါင်းကုပ်ကုပ်၊ ထောင်သည့်ကုပ်၊ လည်ကုပ်ကိုလည်း ပသတ်မည်။
(၂၃) မည်းနက်ကြုပ်ကြုပ်၊ ကြောင်ညိုခုပ်၊ လက်ခုပ်ကိုလည်း ပသတ်မည်။
(၂၄) တသီးတအုပ်၊ ခဲသက်အုပ်၊ ဖုံးအုပ်ကိုလည်း ပသတ်မည်။
(၂၅) ကုလားဦးထုပ်၊ ကုလားအုပ်၊ ပိတ်အုပ်ကိုလည်း ပသတ်မည်။
(၂၆) ကောအုပ် ချုံအုပ်၊ ညဏ်ချွန်းအုပ်၊ ခွက်အုပ်ကိုလည်း ပသတ်မည်။

## မသတ် ဝိသဇ္ဇနီထိုး ( ၂၀ ) ပုဒ်။

(၁) ပါးကိုလည်းနမ်း၊ ရင်ကိုစမ်း၊ ဖက်ရမ်းကိုလည်း မသတ်မည်။

(၂) တယောက်က ကမ်း၊တယောက်လှမ်း၊ ယာကွမ်းကိုလည်း မသတ်မည်။

(၃) မကျင်မကျွမ်း၊ လူစိမ်းရှမ်း၊ စုံစမ်းကိုလည်း မသတ်မည်။

(၄) မျက်ခွက်ပြည့်လျှမ်း၊ မျက်ရေလွှမ်း၊ အလွှမ်းကိုလည်း မသတ်မည်။

(၅) မိအောင်လည်းဖမ်း၊ အရိပ်ဖမ်း၊ ဖမ်းဆီးကိုလည်း မသတ်မည်။

(၆) ပျမ်းမျှမြိပျမ်း၊ ရောရောပြွမ်း၊ စင်ပြွမ်းကိုလည်း မသတ်မည်။

(၇) ဆင်းရဲညှိုးနွမ်း၊ရှုးသွပ်နွမ်း၊ နွမ်းပင်ကိုလည်း မသတ်မည်။

(၈) နီနွမ်းမည်နွမ်း၊ လွန်ကြိုးပမ်း၊ လက်ပမ်းကိုလည်း မသတ်မည်။

(၉) သန်စွမ်းရဲစွမ်း၊ တတ်မြောက် စွမ်း၊ အစွမ်း ကို လည်း မသတ်မည်။

(၁၀) ကြမ်းတမ်း ဝန်ထမ်း၊ အမှုထမ်း၊ နို့ ဓမ်း ကို လည်း မသတ်မည်။

(၁၁) ကွဲလမ်း ကြောင်းလမ်း၊ ခရီးလမ်း၊ ခွင့်လမ်းကိုလည်း မသတ်မည်။

(၁၂) ပဲကြီးပဲလှမ်း၊ ပိုးလောက်လမ်း၊ ငယ်ကျွမ်းကိုလည်း မသတ်မည်။

(၁၃) ဆိုစမ်းပြောစမ်း၊ အရည်ဆမ်း၊ စား ဆွမ်း ကို လည်း မသတ်မည်။

(၁၄) စုံစမ်းစူးစမ်း၊ ဆင်သည့်ငြမ်း၊ ညစ်ညမ်း ကိုလည်း မသတ်မည်။
(၁၅) ငြိမ်းချမ်းခဲ့ခြမ်း၊ ညနေ ချမ်း၊ မြေချမ်း ကိုလည်း မသတ်မည်။
(၁၆) မနီးမကမ်း၊ မြစ်သောင်ကမ်း၊ ကွဲလမ်း ကိုလည်း မသတ်မည်။
(၁၇) မိတ်ကျွမ်း ကျင်ကျွမ်း၊ ထိုးသည့်ကျွမ်း၊ ဝါဂွမ်းကိုလည်း မသတ်မည်။
(၁၈) ယက်ကမ်းစင်ဂျွမ်း၊ လူမျိုးဂျွမ်း၊ လောက်လမ်းကိုလည်း မသတ်မည်။
(၁၉) အပြည့်တင်းကျမ်း၊ တသုတ်ကျမ်း၊ စာကျမ်းကိုလည်း ပင့် မသတ်။
(၂၀) စိခင်းသည့်ကြမ်း၊ လွန်ကြေ့ကြမ်း၊ ကြမ်းတမ်းကိုလည်း ရစ် မသတ်။

## လုံးကြီးတင် မသတ် ( ၈ ) ပုဒ်။

(၁) လောကီစည်းစိမ်၊ နန်းရွှေအိမ်၊ ရိပ်ငြိမ်ကိုလည်း မသတ်မည်။
(၂) ဆေးလေးငြိမ်ဆိမ်၊ လွန်မွှေသိမ်၊ ဂုဏ်သိမ် ကိုလည်း မသတ်မည်။
(၃) ငယ်ငယ် သိမ်သိမ်၊ နန်း ချည်လိမ်၊ ပန်းလိမ် ကိုလည်း မသတ်မည်။

(၄) မဖျင်မသိမ်၊ ရေမှာစိမ်၊ တင်းတိမ်ကိုလည်း မသတ်မည်။
(၅) နှလုံးမငြိမ်၊ အကြိမ်ကြိမ်၊ စိုးရိမ်ကိုလည်း မသတ်မည်။
(၆) အနက်အတိမ်၊ ကညွတ်ထိမ်၊ ထိမ်ပင်ကိုလည်း မသတ်မည်။
(၇) ရန်ကိုနှင်းနှိမ်၊ ရှုံးနှိမ်၊ ဖျင်းသိမ်ကိုလည်း မသတ်မည်။
(၈) ကျောင်းဘုရားသိမ်၊ ဝါးနွယ်ကြိမ်၊ လိမ်မော်ကိုလည်း မ သတ်မည်။

## တချောင်းငင် သေးသေးတင် မသတ် (၂၁) ပုဒ်။

(၁) တဲအို ဆေးအုံ၊ သောသော အုံ၊ ပျားအုံကိုလည်း သေးသေးတင်။
(၂) သုံးစားမကုံ၊ လွန်ကုံလုံ၊ ကုံငကိုလည်း သေးသေးတင်။
(၃) ယုံကျုံမှတ်ကျုံ၊ သည်နှစ်ကျုံ၊ ပင့်တုံကိုလည်း သေးသေး တင်။
(၄) ကြိုက်ကြုံဆုံကြုံ၊ ဝိသုကြုံ၊ ရစ်တုံကိုလည်း သေးသေးတင်။
(၅) မြေခုံမြှောက်ခုံ၊ တရားခုံ၊ စည်းခုံကိုလည်းသေးသေးတင်။
(၆) မြတ်ကောဏ္ဍဂုမ်၊ ဟင်းရွက်ဂုမ်၊ တောချုံကိုလည်း ပင့် မသတ်။
(၇) ပန်းခြုံလုံခြုံ၊ ပိုက်ထွေးခြုံ၊ သည်ခြုံကိုလည်း ရစ် မသတ်။
(၈) ရေငုံနှုတ်ငုံ၊ ပွင့်ဖူးငုံ၊ မောင်ငုံကိုလည်း သေးသေးတင်။
(၉) ဧရာစုံပြည့်စုံ၊ တောရပ်စုံ၊ စုံစမ်းကိုလည်း သေးသေး တင်။

(၁၀) လက်ဆုံပေါင်းဆုံ၊ ကျည်ပွေ့ဆုံ၊ မဇ္ဈုံကိုလည်း သေးသေးတင်။
(၁၁) ပြုတုံမူတုံ၊ ရွှေနိတုံ၊ ကျိုင်းတုံကိုလည်း သေးသေးတင်။
(၁၂) မွေးထုံ ညာထုံ၊ နိယတုံ၊ တိတ္ထုံကိုလည်း သေးသေးတင်။
(၁၃) မီးပုံ ကင်းပုံ၊ စုရှုပုံ၊ ထုံးပုံကိုလည်း သေးသေးတင်။
(၁၄) ပုံတောင်အပုံ၊ တီးသည့်ပုံ၊ ရုပ်ပုံကိုလည်း သေးသေးတင်။
(၁၅) လူဘုံ နတ်ဘုံ၊ ဗိမာန်ဘုံ၊ ကြာမုံကိုလည်း သေးသေးတင်။
(၁၆) မုံလာကြေးမုံ၊ အိမ်ရိပ်မြုံ၊ မုံညင်းကိုလည်း သေးသေးတင်။
(၁၇) မိန်းမအမြုံ၊ အနာမြုံ၊ ကြက်မြုံကိုလည်း သေးသေးတင်။
(၁၈) ကြည်ယုံ ဂန်းယုံ၊ တော်တန်ရုံ၊ ကျူရုံကိုလည်း သေးသေးတင်။
(၁၉) ကုသိနာရုံ၊ ထူပါရုံ၊ အာရုံကိုလည်း သေးသေးတင်။
(၂၀) ဗဒုံအလုံ၊ အချမ်းလုံ၊ သက်လုံကိုလည်း သေးသေးတင်။
(၂၁) ဘေးလုံ ရန်လုံ၊ ရွှမ်းဇလုံ၊ မီးလှုံကိုလည်း သေးသေးတင်။

## တချောင်းငင် သေးသေးတင် မသတ် ဝိသဇ္ဇနီထိုး (၁၄) ပုဒ်။

(၁) ခေါင်းအုံး မီးအုံး၊ မြို့ပြကျုံး၊ ဆင်ကျုံး ယူကျုံးပင့် မသတ်။

(၂) ကြိုးဝါးသံကြိုး၊ လူပခုံး၊ ညှိုးချုံးကိုလည်း သေးသေးတင်။

(၃) မြုပ်လေစုံးစုံး၊ တကိုယ်လုံး၊ ငှက်ငုံးကိုလည်း သေးသေးတင်။

(၄) အစအဆုံး၊ အမြတ်ဆုံး၊ ပျောက်ဆုံးကိုလည်း သေးသေးတင်။

(၅) ရွှံနှစ် မြေနုံး၊ ထည့်သည့်ပုံး၊ ပိတ်ဖုံးကိုလည်း သေးသေးတင်။

(၆) နန်ကြိုးတောင်ပြုံး၊ ပွားပုံ့ပြုံး၊ ရွှင်ပြုံးကိုလည်း သေးသေးတင်။

(၇) ရင်ဖုံးမီးဖုံး၊ ရွာရမုံး၊ သမုံးကိုလည်း သေးသေးတင်။

(၈) ငါးထောင်သည့်မျှုံး၊ စုရှုံး၊ ရှုံးပင်ကိုလည်း သေးသေးတင်။

(၉) စုရုံးပေါင်းရုံး၊ ပုန်းညက်ရုံး၊ လွှတ်ရုံးကိုလည်း သေးသေးတင်။

(၁၀) ဆေးလုံးဝါးလုံး၊ ခြေသလုံး၊ မှိုင်းလုံးကိုလည်း သေးသေးတင်။

(၁၁) လဲလေတုံးတုံး၊ တလလုံး၊ သစ်လုံးကိုလည်း သေးသေးတင်။

(၁၂) စိုးသုံးဖျင်သုံး၊ စွဲလက်သုံး၊ ကျင့်သုံးကိုလည်း သေးသေးတင်။

(၁၃) အားသုံး ဖျင်းသုံး၊ ကုန်အောင်သုံး၊ သုံးဂဏန်းကိုလည်း သေးသေးတင်။

(၁၄) သံပဟုံးစုံး၊ တောကျားဟုံး၊ ဟုံးနတ်ကိုလည်း သေး သေးတင်။

## သေးသေးတင်သက်သက် (၂၁) ပုဒ်။

(၁) စကြာရွှေလုံ၊ နတ်မြင်းပျံ၊ တိမ်ယံကိုလည်း သေးသေး တင်။

(၂) တခါတရံ၊ လောကခံ၊ ဆက်ဆံကိုလည်း သေးသေးတင်။

(၃) ချစ်ကျွမ်းရည်ငံ၊ လက်ထပ်ခံ၊ မောင်နှံကိုလည်း သေးသေး တင်။

(၄) အသက်ရှုပ်နံ၊ ကိုယ်တလံ၊ ဘုန်းကံကိုလည်း သေးသေး တင်။

(၅) ရွှေပြည်ပုဂံ၊ တိုင်းနိုင်ငံ၊ ဆိတ်ညံ့ကိုလည်းသေးသေးတင်။

(၆) ယပ်လေညှင်းခံ၊ ငှက်နှယ်ပျံ၊ ဝေးလံကိုလည်း သေးသေး တင်။

(၇) ရှေးကထုံးစံ၊ ဆွမ်းတော်ခံ၊ စီမံကိုလည်း သေးသေးတင်။

(၈) ကျိုးကျိုးနွံနွံ၊ စာပေအံ၊ ညံညံကိုလည်း သေးသေးတင်။

(၉) လူစိမ်းလူဆံ့၊ လက်မရွံ၊ ဝက်ဝံကိုလည်း သေးသေးတင်။

(၁၀) ပုပ်စပ်ညှီနံ၊ စက်ဆုပ်ရွံ၊ ရေနံကိုလည်း သေးသေးတင်။

(၁၁) ရွှေတောင်မင်းစံ၊ ကျောက်ဂဝံ၊ ဂဝံပတော့ကိုလည်း သေး သေးတင်။

# ၇။ သဒ္ဒါနုသာရီ သတ်ပုံ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

(က) ရတနာသည်နှုန်းလန်း၊ သုံးခိုင်ပန်းကို၊ ဦးစွန်းထိပ်ဗွေ၊ ကိုင်သင်းစေလျက်၊ ရိုသေဆင်ပန်၊ ရန်နှံမှန်ကြောင့်၊ ဘေးရန်အနိဋ္ဌ၊ ပျောက်ကင်းဆိတ်၍၊ သုတိစ္စိတ၊ မန္ဒဗုဒ္ဓိ၊ ကဝိမြောက်လို၊ မြတ်ပုဂ္ဂိုလ်တို့၊ ကြည်ညိုလေးမူ၊ ရှေးရှုတောင်းပန်၊ ဥယျောဇန်ကြောင့်၊ ကျမ်းဂန်ခပဲ၊ နက်နဲဂမ္ဘီ၊ လောကီလောကုတ်၊ ထုတ်နုတ်ဖွေရှာ၊ ရှုစာနာလျက်၊ ဘာသာမဂဓ၊ ဝစနကို၊ မြန်မာ့ဝေါဟာ၊ ပညတ်လာဖြင့်၊ သဒ္ဒါသိမ်းပိုက်၊ အစဉ်လိုက်၍၊ တိုက်ရိုက်ကာရန်၊ ရေးသတ်ဟန်ကို၊ ဝေဘန်ဖွင့်လှစ်၊ ပြရာဖြစ်သား၊ ဂုဏ်နှစ်ရသာ၊ မွမ်းမွမ်းဖြာမျှ၊ သဒ္ဒါနုသာရီ၊ သညီကံဆိပ်၊ကမ္ပည်းလိပ်ဖြင့်၊ ခတ်နှိပ်ချိုးကျူး၊ သတ်ပုံထူးကို၊ မြင့်ဖြူးမောက်မောက်၊ မိုးတလျှောက်ဝယ်၊ ထွန်းတောက်သျှံဝါ၊ ကြယ်တာရာကို၊ သိင်္ဂါရောင်ကွန့်၊ ရွှေကြိုးညွန့်ဖြင့်၊ မတွန့်ညီညီ၊ ရွေးယူသီသို့၊ ချီအီသာယာ၊ အလင်္ကာဖြင့်၊ ထူးရာကွက်ကန့်၊ ခြားနားသန့်လျက်၊ မြူးကွန့်ဉာဏ်ဝါ၊ စီရင်ပါအံ့၊ သုတာဓါရ၊ သုတသမ္ပန်၊ သန္နိစယ၊ ဝစနကို၊ ရှင်ပျပိတ်၊ အလိုရှိသည့်၊ ကဝိဇာတ်နွယ်၊ လေးသွယ်

ပြန့်ပွား၊ အမျိုးသားတို့၊ တပါးအမူ၊ လျစ်လျူပြု၍။ ။ကြည့်ရှု ဆောင်ကုန်ရာသတည်း။

(၁) ကြည့်ရှုဆောင်ဘွယ်၊ ဓိပ္ပာယ်ချိုမြ၊ ဖော်ထုတ်ပြပိမ့်၊

ပါက်။ ။ပါကသဒ္ဒါ၊ ဟောရာအနက် ကျိုးဝိပါက်ကို၊ မောက်လျက်သောချာ၊ ချပြီးခါမှ၊ ကသာသတ်ရ၊

တိက်။ ။ကုသလတိက်၊

နိက်။ ။ပစ္စနိက်လျှင်၊ ထိုပြင်တဖြာ၊ ကောသနိက်၊ သိင်္ဂနိက်လည်း၊ ဤနည်းယှဉ်မှီ၊

ရိတ်။ ။တိစီဝရိတ်၊ ပုဏ္ဏရိတ်ကြာ၊

ဝိက်။ ။ငှက်မှာကရဝိက်၊

သိက်၊ ။စေဘသိက်နှင့်၊ ဘိသိက်သွန်းခံ၊ ပညတ်သံကို၊ ထက်ယံလုံးကြီး၊တင်ပြီးကသတ်၊ အမြဲမှတ်လေ့၊

စုက်၊ ။စုက်သဘက်မြိုင်မြိုင်၊ စုက်ဘိုင်စုက်ဆန်း၊ တခန်းစုက်ပျက်၊ နေ့ရက်ကောင်းလှ၊ အမြိတ္တစုက်၊ လာဘစုက်က၊ ဝရသိဒ္ဓိ၊ အစရှိသည်၊

ဠုက်။ ။တြိကဠုက်၊

ဏ္ဍုက်။ ။လူပဏ္ဍုက်ဘည့်၊

ဒုက်။ ။တိတ်ဒုက်များစွာ၊

မုက်။ ။ဒိသာပါမုက်၊ ပါတိမုက်ပြ၊ အာဒါသမုက်၊ အဠမုက်အင်း၊

သုက်။ ။သုက်လွတ်ခြင်းက၊ စသည်တို့မှာ၊ လှစွာထင်ထင်၊ တချောင်းငင်၍၊ ကပင်သတ်လစ်၊

ကေ်။ ။ဂဏန်းကေ်လည်း၊ စင်စစ်မှန်လှ၊ သေရဝယ်၊ ရှေ့က မြဲစွာ၊ ကသတ်ရာရှင့်၊
ဇဂ်။ ။သတ်မှာဇဇဂ်၊
ဒဂ်။ ။တေဒဂ်နှင့်၊
မဂ်။ ။မဂ်ဖိုမဂ်ဉာဏ်၊ ကျမ်းဂန်ပါဠိ၊ ဝိသုဒ္ဓိမဂ်၊ ပစ္စမဂ်က၊ စသည်သုံးဖြာ၊
ဝဂ်။ ။အက္ခရာဝဂ်၊ သဃ်ာဝဂ်လည်း၊ ဘဝဂ်ဝိစိ၊ ပရိမဏ္ဍလ၊ ဝဂ်ကစ၍၊ များလှရေးဘွယ်၊ အသွယ်သွယ်ကို၊ ဂငယ် သက်သက်၊ သတ်ရိုးထွက်ရှင့်၊
သုဂ်။ ။တချက်ထို့နောင်၊ သုံးဆောင်ပရိသုဂ်၊
ယုဂ်။ ။ဗျည်းသံယုဂ်နှင့်၊ ပြယုဂ်ကိုလျှင်၊ တချောင်းငင်၍၊ ရှေးသွင်မသွေ၊ သတ်နည်းဖွေလော့၊
မိုဃ်း။ ။တထွေမှတ်ရိုး၊ ပဇ္ဇုန်မိုဃ်းတွင်၊ လုံးကြီးတင်၍၊ ငင် ပြန်တုံလတ်၊ဃကြီးသတ်သည်၊ပညတ်စဉ်လာ ရေးထုံးတည်း။

(၂) ပညတ်စဉ်လာ၊ ရေးရိုးဖြာပိမ့်၊

ဒိင်း။ ။သံဝါကျူးမြည်၊ မုဒိင်းစည်နှင့်၊
လိင်။ ။ဆယ်မည်ဒဏ်လိင်၊ ဣတ္ထိလိင်လည်း၊ ပုလ္လိင်နပုံး၊ လုံးကြီးတင်ပြန်၊ သေတ်ရန်တည့်၊
ဇာစ်။ ။တဖန်ထို့ပြင်၊ ကိုယ်အင်္ဂါဇာစ်၊ ဘာဝဇာစ်မှာ၊ ချပြီးခါမှ၊ စသာရေးသတ်၊
ဝုစ်။ ။ဝိဘတ်ကေဝုစ်၊ ဗဟုဝုစ်နှင့်၊ ဒွိဝုစ်ဧဝုစ်၊

ဥစ်။ ။ကသစ်ဥစ်က၊ စသည်တို့မှာ၊ ဥကာရန်နောင်၊မရှောင်သင့်လျော်၊ စသတ်ဘော်ရှင့်၊
ယဇ်။ ။ပူဇော်သည့်ယဇ်၊
သဇ်။ ။နိသဇ်ဇုတင်၊ စသည်တွင်ကား၊မှန်ပင်အမြဲ၊ ဇကွဲသတ်လေ၊
ရာဇ်။ ။ပဒေသရာဇ်၊ ကေရာဇ်နှင့်၊ ဒီပရာဇ်မှန်စွာ၊ ရာဇာဓိရာဇ်၊ ဥပရာဇ်မည်ရှိ၊ ကာသိကရာဇ်၊ မဒ္ဒရာဇ်နှင့်၊ သက္ကရာဇ်ဂေါဇာ၊ ပဥ္စာလရာဇ်၊ မဟာရာဇ်ဘုံ၊ ခေါ်တုံနတ်ဌာန်၊ သာမန္တရာဇ်၊ သဃ်ရာဇ်လည်း၊ တနည်းထုတ်ဖွေ၊ ဝိဒေဟရာဇ်၊ ဇမ္ဗူရာဇ်က၊ စသည်တို့မှာ၊ ချပြီးခါမှ၊ စဉ်လာအမြဲ၊ ဇကွဲသတ်ခန်း၊
ဗိဇ်။ ။ရဟန်းဆိုထိုက်၊ ပရိဗိဇ်လည်း၊ ရှေးနည်းနှင့်နှင့်၊ သတ်ရိုးဆင်လျက်၊ ချောင်းငင်လုံးကြီး၊ တင်၍စီးလော့၊ အပြီးသချာ မိန့်ခဲ့မှာသည်။ ။ထူးရာရွေးချယ်သိမ်းရုံးတည်း။

(၃) ထူးရာယူငင်၊ နိဒါန်းဆင်ပိမ့်၊

စွာည်း။ ။လုလင်ကစွာည်း၊ထေရ်ကစ္စည်းမှာ၊ချ၍သာလျှင်၊ ဘင့်ကာရွတ်ဘတ်၊ညသတ်ရေးမြဲ၊ မှန်မလွဲတည့်၊
စွာယ်။ ။ကစွာယ်းတသွယ်၊ ခေါ်ရာဝယ်ကား၊ ယငယ်သတ်မြောက်၊ ရှေဆီးပေါက်လော့၊
ဇဉ်။ ။ကျောက်ဂေါရာဇဉ်၊ ပယောဇဉ်ဟူ၊ လူပုထုဇဉ်၊ သံယောဇဉ်နှင့်၊ ဘောဇဉ်ငါးပါး၊ တရားသမ္

ဇဉ်၊ ဥယျောဇဉ်က၊ စသည်များစွာ၊ မြန်ဘာသာ
လည်း၊ ခရာလဲပြောင်း၊ ဥ သတ်ကောင်း၏၊

ညာဉ်။ ဉာဉ်။ ။တကြောင်းရေးရိုး၊ ဆေးမျိုးဘ်ညာဉ်၊ ပဋိညာဉ်
နှင့်၊ ဝိညာဉ်စိတ်သာ၊ ဘာဝနာဉာဉ်၊ ပညာဉာဉ်
လည်း၊ ဘိညာဉ်ခြောက်တန်၊

ယျာဉ်။ယာဉ်။ ။ဗိမာန်ဥယျာဉ်၊ ဝေါယာဉ်တခန်း၊ နောက်ကျွန်း
ဒီပ၊ အပရဂေါယာဉ်၊ လှည်းလှေယာဉ်မူ၊ ထုံး
စဉ်မစောင်း၊ ချတုံရှောင်း၍၊ လဲပြောင်းခရာ၊
ဥသတ်ရာ၏၊

သုဉ်း။ ။သင်္ချာပြည့်သုဉ်း၊ စားကြွင်းသုဉ်းနှင့်၊ ဆေးသုံး
ဂြိုဟ်သုဉ်း၊ ခရီးသုဉ်းတွင်၊ ချောင်းငင်ဥ သတ်၊ ယွင်း
မချွတ်တည့်၊ ပညတ်ရေးရန်၊ ကမ္ဗည်း ကန်သည်၊
သက်ပန် မှတ်ယူစွဲသုံးတည်း။

## (၄) သက်ပန်မှတ်ရာ၊ ကျမ်းလာထုံးညီ၊ လက်ာစီပိမ့်၊

က္ကဍ္ဍ်။ ။ရာသီကြက္ကဍ်၊ သင့်ဒုက္ကဍ္ဍ်နှင့်၊

ဝဍ္ဍ်။ ။ကေဝဍ္ဍ်တာရာ၊ ဝိပါကဝဍ္ဍ်၊ ကမ္မဝဍ္ဍ်က၊ စသည်သုံး
ဖြာ၊ သံသရာဝဍ္ဍ်၊ ကပ်သံဝဍ္ဍ်တည့်၊ အာဝဍ္ဍ်စီးရေ၊
အထွေထွေမှာ၊ မုဒ္ဒဇာဝဍ္ဍ်၊ သံယုဂ်ပြရှင့်၊

ကုဍ္ဍ်။ ။တဝထို့နောင်၊ တောင်စိတ္တကုဍ္ဍ်၊ ဂိဇ္ဈကုဍ္ဍ်က၊စသည်
တို့မှာ၊ သတ်ရာဤသွင်၊ တချောင်းငင်လော့၊

ကိုဋ္ဋ။ ။ထို့ပြင်တဖြာ၊ ဘာသာစဉ်လိုက်၊ အံသကိုဋ္ဋနှင့်၊ မကိုဋ္ဋကိုလျှင်၊ တချောင်းငင်၍၊ ထက်ခွင်လုံးကြီး၊ တင်ပြီးတုံလတ်၊ ရှေးနည်းသတ်လေ့၊

ကဋ္ဌ။ ။ဥက္ကဋ္ဌဓုတင်၊

ဆဋ္ဌ။ ။သင်္ချာဟောဆဋ္ဌ၊

ရဋ္ဌ။ ။ဓတရဋ္ဌနှင့်၊

သဋ္ဌ။ ။ဒွါသဋ္ဌတေသဋ္ဌ၊

အဋ္ဌ။ ။ဂဏန်းအဋ္ဌကို၊ သတ်ခန်းမလွဲ၊ ဌဝမ်းပဲဖြင့်၊ အမြဲမှန်ဘိ၊

ပါဋ္ဌ။ ။ပါဋ္ဌိပုဒ်ပါဋ္ဌ၊ မုခပါဋ္ဌလည်း၊ ချလတ်သေချွေ၊ ရှေးနည်းပေတည့်၊

နိဋ္ဌ၊ ။တထွေမှတ်ဘွယ်၊ ညီငယ်ကနိဋ္ဌ၊ အကနိဋ္ဌလည်း၊ အနိဋ္ဌဘေးမျိုး၊

ရိဋ္ဌ။ ။နွယ်ရိုးမပျက်၊ ဇနက်အရိဋ္ဌ၊ ကာဏာရိဋ္ဌနှင့်၊ အရိဋ္ဌရဟန်း၊

လိဋ္ဌ။ ။မိန့်ခွန်းချိုသာ၊ ဝါစာသိလိဋ္ဌ၊ ကိလိဋ္ဌတို့မှာ၊ လှစွာလုံးကြီး၊ ထက်ဝယ်စီး၍၊ ယှဉ်မှီးမလွဲ၊ ဌဝမ်းပဲဖြင့်၊ အမြဲသတ်လစ်၊

မုဋ္ဌ။ ။လက်သစ်မုဋ္ဌမှာ၊ ငင်ပြီးခါမှ၊ သတ်ရာရှေးဟန်၊

မိုဋ္ဌ။ ။မိုဋ္ဌခေါ်ပြန်လျှင်၊ ထိုတွင်စေ့စပ်၊ လုံးကြီးထပ်လေ့၊ ပညတ်ရေးဘွယ်၊ ဤနှစ်သွယ်သည်။ ။ဓိပ္ပာယ်အရ မကွဲတည်း။

## (၅) ဓိပ္ပာယ်ကျမ်းလာ၊ ထုတ်ဘော်မှာပိမ့်၊

ကဏ်။ ။ပါရာဇိကဏ်၊ အဿကဏ်တောင်၊ ထိုနောင်တဝ၊ တေရသကဏ်၊
ခဏ်။ ။စမ္မခဏ်ခေါ်၊ သင့်လျော်ပညတ်၊
ခဏ်း။ နက္ခတ်စမ္မခဏ်း၊ ယမခဏ်းလျှင်၊
တ္တဏ်။ ။ဗေဒင်ကျမ်းစာ၊ ရာဇမတ္တဏ်၊
ဒဏ်။ ။သဲရေဒဏ်နှင့်၊ လိင်ဒဏ်ထိုက်လစ်၊ မင်းပြစ်ရာဇဒဏ်၊ ဘေးဒဏ်မပျက်၊ ကနက္ကဒဏ်၊ ဒဏ်ချက်ဒဏ်ရာ၊ ဥစ္စာ လျော်ဒဏ်၊ ဗြဟ္မဒဏ်ပေး၊
ဘဏ်။ ။မှတ်ရေးတနည်း၊ ပစ္စည်းဂရုဘဏ်၊ လဟုဘဏ်လည်း၊
မ္ဘဏ်။ ။ကုမ္ဘဏ်နတ်တွင်၊
ဝဏ်။ ။ဆင်ရောဝဏ်၊ ဝေဿဝဏ်နှင့်၊ အဝဏ်ကုဝဏ်၊ ဥဝဏ်ဆိုရေး၊ အေသဝဏ်၊ သရဝဏ်က၊ ဥပ္ပလဝဏ်၊ ဝင်သဝဏ်နှင့်၊ သုဝဏ်ရွှေမျိုး၊ သတ်ရိုးဏကြီး၊
ညဏ်။ ။တသီးပညတ်၊ တတ်ပညာညဏ်၊
ရာဏ်။ ။ကျမ်းပုရာဏ်က၊ စသည်တို့မှာ၊ ကောင်းစွာယှဉ်မှီး၊ ချရေးပြီးမှ၊ ဏကြီးသတ်ဟန်၊ သာသာပြန်သည်။ ။ မှတ်ရန်မခက် မခဲတည်း။

## (၆) မခက်မခဲ၊ မြဲစွဲမှတ်မူ၊ နိဒါန်းပြုပိမ့်၊

ကိဏ်။ ။သုဘာကိဏ်ဘုံ၊

ကိဏ်း။ ။ရေးတုံတတွေ၊ စေတသိက်မှာ၊ ပကိဏ်းသာတည့်၊

ဒိဏ်။ ။ဥပါဒိဏ်ရုပ်၊ အမှုပါဒိဏ်၊

ပိဏ်။ ။နာထပိဏ်မှာ၊ လှူစွာလုံးကြီး၊ တင်၍ပြီးလတ်၊ ဏာကြီးသတ်ရာ၊

ဂုဏ်။ ။ကိုးဖြာသောဂုဏ်၊ ဒြပ်ဂုဏ်နှင့်၊ မိဂုဏ်ဘဂုဏ်၊ ကာမဂုဏ်ဆို၊

ဂုဏ်း။ ။ဂြိုဟ်တြိဂုဏ်း၊ ဟြဂုဏ်းသာ၊

ပုဏ်။ ။ရှင်မဟာပုဏ်၊ စူဠပုဏ်နှင့်၊ ငပုဏ်သူဌေး၊

ပုဏ်း။ ။စာ်ရေးသင်ပုဏ်း၊

ရုဏ်း။ ။မိကရုဏ်းမှု၊

ရုဏ်။ ။ဥဒဟရုဏ်၊ နေအရုဏ်လင်း၊ နတ်မင်းဝရုဏ်၊

ဝုဏ်။ ။ပရိဝုဏ်တွင်၊ တချောင်းငင်၍၊ ဏပင်သတ်ရာ၊

ဂိုဏ်း။ ။ဘုဝါဒိဂိုဏ်း၊ မနောဂိုဏ်းလည်း၊ ဆန်ဂိုဏ်းဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ပညတ်၊

ပိုဏ်။ ။ပတ္တပိုဏ်စား၊

ရိုဏ်း။ ။ကတ္တားကရိုဏ်း ဗျာကရိုဏ်နှင့်၊ ကရိုဏ်းခုနစ်။

ရိုဏ်။ ။ရေစစ်ဓမ္မကရိုဏ်၊

လိုဏ်။ ။ဂူလိုဏ်စံမြန်း၊

သိုဏ်း။ ။ကသိုဏ်းဝန်းလည်း၊ စီးဖြန်းရွတ်ဖတ်၊

ကြိုဏ်။ ။သတ္တပကြိုဏ်၊ စသည်ကိုကား၊ ခေါ်ဆိုဝေါဟာ၊ မြန်မာဘာသာဖြင့်၊ သဒ္ဒါမပျက်၊ ပုဒ်မဝှက်အောင်၊ အချက်ကျနာ၊ လုံးကြီးပြလျက်၊ အောက်ကကြော့ကြော့၊ ဆင်စွယ်ကော့သို့၊ မချိုပုံသွင်၊ တချောင်းငင်၍၊ ဏာ

လျှင် သိမ်းရုံး၊ သတ်ဘွယ်ကုံးသည်။ ။ရှေးထုံး သင့်ညီ မလွဲတည်း။

## (၇) ရှေးထုံးသင့်မှန်၊ တ**သတ်**ရန်**ကာ**၊

ချာတ်။ ။ကျမ်းဂန်အာချာတ်၊

ဃာတ်။ ။ပဋိဃာတ်နှင့်၊

ဇာတ်။ ။လူဇာတ်ပုံသွင်၊ ကိုယ်အင်္ဂါဇာတ်၊ သဟဇာတ်လည်း၊ နမ်ဇာတ်ခေါ်ငြား၊ ငါးရာ့ငါးဆယ်၊ ဇာတ်ဝယ်တဖြာ၊

**ဓာတ်။** ။အာယတနဓာတ်၊ ပစ္စည်းဓာတ်က၊သရီရဓာတ်၊ လောကဓာတ်တည့်၊ မန္ဓာတ်စကြာ၊ အာကာသဓာတ်၊ ဝါယောဓာတ်လည်း၊ မီးဓာတ်ရေဓာတ်၊ မြေဓာတ်ပထဝီ၊ အသိတ်ဓာတ်၊ ဓာတ်နက္ခတ်နှင့်၊ နာမ်ဓာတ်တခန်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ ဓာတ်ဘက်ယှဉ်ပြိုင်၊ ဓာတ်တိုင်တွင်ခေါ်၊

ပါတ်။ ။ဇာတ်တော်နိပါတ်၊ သန္နိပါတ်နာ၊ ပါဏာတိပါတ်၊ ပိဏ္ဍပါတ်နှင့်၊ နိပါတ်ပုဒ်နေ၊ အထွေထွေမှာ၊ ချပြီး ခါမှ၊ ခရာတူရူ။ တဝမ်းပူလုံး၊ သတ်ထုံးသင့်မြတ်၊

ဒိုတ်။ ။သုဘတ္တာဒိုတ်၊

မိုတ်။ ။သမိုတ်ဝေါဟာ၊

မြိုတ်။ ။မြိုတ်သုခနှင့်၊ ရသာအမြိုတ်၊ အမြိုတ်နိဗ္ဗာန်။

ရိုတ်။ ။ဆယ်တန်ဒုစရိုတ်၊ သုစရိုတ်လည်း၊ ပစ္စည်းကာရိုတ်၊ စရိုတ်ခြောက်ဖြာ၊ စကာမှာကား၊ လုစ္စာချောင်းငင်၊ လုံးကြီးတင်၍၊ တလျှင်ဒန္တဇာ၊ သတ်နည်းလာရှင့်၊
ခေတ်။ ။အာဏာဇာတိ၊ ဝိသယခေတ်၊ ဂါမခေတ်နှင့်၊ ခေတ်ကောင်းသည်မှာ၊ ရစ်ကာဖြိုးဖြိုး၊ သဝေထိုး၍၊ သတ်ရိုးမမှား၊ ရှေးနည်းထားလော့။
ပုထ်။ ။လေးပါးဣရိယာ၊ ပုထ်ဌမှာကား၊ လုစ္စာယဉ်ကျူး။ ချောင်းငင်ဦး၍၊ ဆင့်ထူးတမျိုး၊ သတ်ရိုးမှန်ဘိ၊
ပိုထ်။ ။ဣရိယာပိုထ်၊ ခေါ်သမိုက်မူ၊ ဤဌသာလျှင်၊ လုံးကြီးတင်လော့၊ သတ်အင်မထူး၊နိဒါန်းကျူးသည်၊ ပုံပျူးချိုမြ ဓိပ္ပါယ်တည်း။

## (ဂ) ချိုမြဓိပ္ပါယ်၊ မှတ်လွယ်ထူးဆန်း၊ ဘော်ပြည့်နှန်းပိမ့်၊

ဘဒ်။ ။ရဟန်းသုဘဒ်၊
မဒ်။ ။အရိမဒ်နှင့်၊
လဒ်။ ။လဒ်ဂဏန်းမျိုး၊ သတ်ရိုးဒထွေး၊ ချရေးမပါ၊ သက်သက်သာတည့်၊ ဆရာအချို၊ ကဝိတို့လည်း၊ ပေါင်းစည်းတင်မှတ်၊ ဂဏန်းလဒ်ကို၊ ပညတ်မူလ၊ ကြံဆ.မရှာ၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားဆင်မြင်း၊ လာဘ်ခမင်းသို့၊ ချလျှင်းပြီးဆုံး၊ ဘကုန်းဝဏ္ဏာ၊ သတ်ရေးကြ၏၊
ဏာဒ်။ ။ထိုမှတဖြာ၊ သဒ္ဒါဥဏာဒ်၊

ပါဒ်။ပွါဒ်။ ။သမုပ္ပါဒ်နှင့်၊ ဥပါဒ်ဋ္ဌီဘင်၊ မြဲပင်မှတ်ယူ၊ စတုရပါဒ်၊ နက္ခတ်ရာသီ၊ ဗီဇနာပါဒ်၊ ဣဒ္ဓိပါဒ်က၊ ဟသိတုပ္ပါဒ်၊ စိတ္တုပါဒ်လည်း၊

ဿာဒ်။ ။ပြာဿာဒ်မည်ရှိ၊ ပေါရိဿဒ်မင်း၊ ဤတသင်းမှာ၊ ချရှိသာလျှင်၊ သတ်ရာမကွဲ၊ ရေးကမြဲတည့်၊

လိဒ်။ ။ဆင်းရဲဒလိဒ်၊

ဟိဒ်။ ။ဗဟိဒ်ပြင်ပ၊ စသည်တို့ကို၊ တင်လိုလုံးကြီး၊ ယှဉ်မှီးသံယုဂ်၊ ရေးနည်းထုတ်လေ့၊

စုဒ်။ ။စုဒ်စောဒနာ၊

ပုဒ်။ ။ပြည်ရွာဇနပုဒ်၊ သိက္ခာပုဒ်နှင့်၊ ပုဒ်ပါဋ္ဌ်အက္ခရာ၊သဒ္ဒါထုံးစံ၊ သဗ္ဗနာမ်ပုဒ်၊ နာမ်ပုဒ်ပညတ်၊ သမာသ်တဒ္ဓိတ်၊ အာချာတ်ကိတ်ပုဒ်၊ နိပါတ်ပုဒ်စု၊ ဥပသာရ၊ စသည်ထွေလာ၊ ပုဒ်များစွာနှင့်၊

မ္ဗုဒ်။ ။သမ္ဗာသမ္ဗုဒ်၊

မုဒ်။ ။ကြာကုမုဒ်လည်း၊ သမုဒ်မြစ်ပြင်၊

သုဒ်။ ။နတ်တွင်ဝိသုဒ်၊ ချောင်းငင်ထုတ်၍၊ သံယုဂ်ရေးပုံ၊ မှတ်တုံမယွင်း၊

ပိုဒ်။ ။တော်သလင်းဝယ်၊ ညဉ့်လယ်နက္ခတ်၊ ဘဒ္ဒရပိုဒ်၊ ဇနပိုဒ်နှင့်၊ ပိုဒ်စုံရတု၊ အစုစုလည်း၊ သတ်မှုရေးတူ၊ မှတ်ယူပြီးမှ၊ ချောင်းငင်ပြ၍ ထက်ကလုံးကြီး၊ တင်စီးစေလို၊

သာခ်။ ။ဝိဂြိုဟ်ကိတ်ရ၊ ကရဏသာခ်၊ ကတ္တုသာခ်က၊ စသည်
တို့မှာ၊ ချပြီးခါမှ၊ သဒ္ဒါစဉ်လိုက်၊ ခအောက်ခြိုက်လုံး၊
သတ်ထုံးမဘိတ်၊

သိမ်။ ။ပဋိသိမ်တွင်၊ လုံးကြီးတင်၍၊ ရှေးသွင်သေချာ၊ ရေး
သတ်ရာသည်၊ ဘာသာကြောင်းရင်း မကွယ်တည်း။ ။

(၉) ကြောင်းရင်းမကွယ်၊ ရေးဘွယ်တဝ၊ စီလျှင်ပြပိမ့်၊

ချာန်။ ။အတ္တဗျာချာန်၊ ဗိဇာချာန်ကျမ်း၊ ထုံးတမ်းမလွဲ၊
ဈာန်။ ။ငရဲတိရစ္ဆာန်၊
ဗျာန်။ ။ဘိညာဉ်ဗျာန်လည်း၊
ဏ္ဍာန်။ ။သဏ္ဍာန်တူစွာ၊
ဌာန်။ဍာန်။ ။သစ္စာဓိဋ္ဌာန်၊ ကရိုဏ်းဍာန်လျှင်၊ပိပြင်ရှတ်လစ်၊ ပစ္စု
ပဍာန်၊ ပဒဍာန်ဆို၊ ပုဂ္ဂိုလ်မဂ္ဂဍာန်၊ ဖလဍာန်တည့်၊
ခြောက်ဌာန်နတ်ရွာ၊ နေရာရပ်ဌာန်၊ သန္နိဋ္ဌာန်လည်း၊
ဤနည်းမှန်ဘိ၊ သတိပဋ္ဌာန်၊ သမုဋ္ဌာန်က၊

ဌာန်း။ ။ကျမ်းဂန်ပဋ္ဌာန်း၊ ကမ္မဋ္ဌာန်းနှင့်၊ ပြဋ္ဌာန်းဆိုငြား၊

န္တာန်။ ။နှစ်ပါးသန္တာန်၊

တာ်န်။ ။ဗိတာန်ကြက်ရာ၊

ထာန်။ ။မဟာကထာန်၊

တ္တာန်။ ။ဝဝတ္တာန်လည်း၊ ထိုနည်းမပျက်၊

ဒါန်။ ။အနက်သမ္ပဒါန်၊ အပါဒါန်ခေါ်၊ သင့်လျော်နှိုင်းချိန်၊ အဓိဋ္ဌာဒါန်၊ ဥပါဒါန်တည့်၊ ဝေါဒါန်စိတ်သာ၊ ဝန်မဟာဒါန်၊ သက္ကဒါန်လေ့၊

ဒါန်း။ ။ခေါ်ထွေဝေါဟာ၊ စည်လာနိဒါန်း၊ ပေးလှူဒါန်းနှင့်၊ ဥဒါန်းရင့်ကျူး၊

ခါန်။ ။ကျမ်းထူးအဘိခါန်၊ သမောဓာန်တည့်၊

ဗ္ဗာန်။ ။နိဗ္ဗာန်ရွှေပြည်၊

ဗ္ဘာန်။ ။သွင်းသည့်အဗ္ဘာန်၊

ဘာန်။ ။ပဋိဘာန်လည်း၊ တနည်းပညာဝေ်၊

မာန်။ ။နဘ်ဘုံဗိမာန်၊ အဝမာန်ဗိုလ်၊ ခေါ်သိုဝိက္ကမာန်၊ ဝတ္တမာန်နှင့်၊ မျက်မာန်ဒေါသ၊

မာန်း။ ။အညသမန်း၊ မာန်းဇယ ၊ ခေါ်တုံမာန်းကောက်၊

လာန်။ ။ရှင်မောဂ္ဂလာန်၊

သာန်။ ။အဝသာန်နှင့်၊ သုသာန်တထွေ၊

ဟာန်။ ။သမုဒ္ဒေဒ၊ ပဟာန်စသည်၊ မြန်မာ့ဘာသာ၊ အဖြာဖြာကို၊ သတ်ရာနငယ်၊ ချရေးဘွယ်တည့်

ဆိုန်။ ။တသွယ်စိမံ၊ ဖွေနည်ကြံလျှင်၊သပ္ပဋိဆိုန်၊

ဒိန်။ ။နိသိဒိန်မှာ၊ ဝေဆာလှလှ၊ ချောင်းငင်ပြ၍၊ ယက်ကလုံးကြီး၊ တင်ပြီးနပင်၊သတ်ရိုးဆင်သည်၊ ညာဏ်ရှင်ကပိမှားဘွယ်တည်း။

## (၁၀) ပုတ်ဘွယ်ထုံးစံ၊ ဖွဲ့စီမံပိမ့်၊

လာပ်။ ။နံ့ရှပ်ကလာပ်၊ ဆန်းကလာပ်မှာ၊ ချပြီးခါမှ၊ မှန်စွာ မဖောက်၊ ပစောက်ဖြင့်သတ်၊

လာဘ်။ ။ပစ္စည်းလာဘ်မူ၊ ပညတ်ဆန်းကြွယ်၊ ချရေးဆွယ် လျက်၊ မကွယ်ရှေးနှုန်း၊ ဘကုန်းသတ်ရာ၊

ဂါမ်။ ။သကဒါဂါမ်၊ အနာဂါမ်နှင့်၊ ပုဂါမ်မြို့ပြ၊ ဂေါစရ ဂါမ်၊ ဘူတဂါမ်တည့်၊

**နာမ်။** ။ကျမ်းနာမ်သဒ္ဒါ၊ ခန္ဓာရုပ်နာမ်၊ မဟာနာမ်လည်း၊ ဇာတ်နာမ်တဝ၊ နိဿယနာမ်၊ သဗ္ဗနာမ်နှင့်၊

**ယာမ်။** ။ညဉ့်ယာမ်နေ့ယာမ်၊ သုယာမ်နတ်မင်း၊

သျှာမ်။ ။အဆင်းရွှေတုံ၊ သုဝဏ္ဏသျှာမ်၊

**ရာမ်။** ရုံ။ ။ကျောင်းအာရာမ်ကို၊ သတ်လိုမသာ၊ ချပါရှေးသွင်၊ တနည်းဆင်မူ၊ ဗျည်းတွင်ရေးချ၊ အာဒိဃကို၊ သဒ္ဒါ နည်းထုံး၊ ရဿချုံး၍၊ နောက်ဆုံးဝဏ္ဏ၊ သံယုဂ်မကို၊ ထက်ကမဆိတ်၊ နိဂ္ဂဟိတ်ပညတ်၊ ပြုတုံလတ်လည်း၊ ငံလျောက်ပတ်သင့်ရာ၊

ကာယ်။ ။ကြမ္မာငင်ချူ၊အသူရကာယ်၊ရူပကာယ်နှင့်၊ နိကာယ် ကျမ်းမြတ်၊

ဇ္ဈာယ်။ ။ရွတ်ဘတ်သရဇ္ဈာယ်၊ ဥပဇ္ဈာယ်လည်း၊

ပါယ်။ ပွါယ်။ မွါယ်။ ။အပါယ်လေးရပ်၊ သပွါယ်ဥပါယ်၊ အလမ္ပါယ်နှင့်၊ ဓိပါယ်ဖော်ထုတ်၊

ယာယ်။ ။ဝေဝုစ်ပရိယာယ်၊

ရာယ်။ ။အန္တရာယ်ပြစ်၊
နှာယ်း။ ။ဝိသဇ္ဇနီ၊ ရေးထုံးမှုဘော်၊ နတ်ကျောင်းဒေဝါ၊ မဟာဗိန္ဒာယ်း၊
ဟာယ်း။ ။ဘော်သဟာယ်းက၊ စေသည်တို့မှာ ချမြိုးခါမှ၊ ကောင်းစွာတင့်တယ်၊ ယင်ယယ်သတ်မြဲ၊ မလွဲမှန်ဘိ၊
တေယ်။ ။အရိမိတေယ်၊ မိတေယ်ဖည်တ်။
ခေယ်။ ။ဂဏ်မြတ်အာခေယ်၊
နေယ်။ ခာဇာနေယ်နှင့်၊ ဝေနေယ်သတ္တဝါ
မေယ်။ ။မြာပမေယ်၊
လေယ်။ ။ပါလိလေယ်လည်း၊ ဆိုးနည်းဥပဒေ၊ ယွင်းမသွေအောင်၊ သဝေပြိုးဖြိုး၊ လုစွာထိုး၍၊ သတ်ရိုးနည်းတူ၊ မှဲ့မှတ်ယူရှင့်၊
ကိုယ်။ ။ကြက်မှုမကိုယ်၊ ခန္ဓာကိုယ်လည်း၊ သဘ လိုရှေးသွင်၊ ချောင်းငင်လုံးကြီး၊ အစဉ်မိုးဘည့်၊
ကရ်း။ ။တသီးခေါ်ညီ၊ ရာသီမကာရ်း၊ ငါးမကာင်းနှင့်၊ မကာရ်းကွက်ကျား၊
မာရ်။ ။မာရ်နတ်သားက၊ စသည်တရိုး၊ မာရ်မျိုးငါးဝေ။
ဟာရ်။ ။ပြေပရိဟာရ်၊ အသွယ်သွယ်ကိုး မှတ်ဘွယ်ဇေရှေ၊ ချ၍ရကြီး၊ ဟမ်းသွန်မိုးလော့၊
ဇိရ်။ ။တသီးထို့နောက်၊ ကျောက်မှုက်ဝရဇိရ်၊ ဝရဇိရ်ကက်၊ နတ်လက်နက်ဘွင်၊ လုံးကြီးတင်၍၊ ရပင့်သတ်ရန်၊
ထေရ်။ ။အာနန္ဒာထေရ်၊ မဟာထေရ်က၊ စသည်တို့မှာ၊ လုစွာသဝေ၊ ရေးပြီးလေမျ၊ သတ်ပေရှေးဟန်၊

ဂိုရ်။ ။တဖန်မှတ်ရာ၊ စမ္ဗာနဂိုရ်၊ထွတ်နဂိုရ်နှင့်၊ နဂိုရ်ယာယီး သညီသမုတ်၊

တ္တိုရ်။ ။ပဒုမုတ္တိုရ်၊ အင်္ဂုတ္တိုရ်ကျမ်း၊ ထုံးတမ်းမယွင်း၊

ထိုရ်။ ။မြင်းအဿထိုရ်၊

ဒ္ဓိုရ်။ ။ပစ္စုဒ္ဓိုရ်နှင့်၊

မိုရ်။ ။ဝိမိုရ်အမတ်၊ နတ်ဝိဇာမိုရ်၊ ဝိနည်းမိုရ်တည်း၊

န္ဒိုရ်။ ။တနည်းမှတ်ရန်၊ တောင်ယုန္ဒိုရ်၊

ဟိုရ်။ ။စည်ပဟိုရ်တွင်၊ လုံးကြီးတင်၍၊ ချောင်းငင်ရသတ်၊ ပညတ်မစောင်း၊ ရေးသင့်ကြောင်းကို၊ ထုံးဟောင်းမှီခို၊ လင်္ကာဆို၍၊ သံချိုနက်လေး၊ ကျူးရင့်သည်။ မှတ်ရေး မရှုပ် မလိမ်တည်း။

(၁၁) မရှုပ်မလိမ်၊ မွေ့သိမ်ကျမ်းလာ၊ ရွေးချယ်မှာအံ့၊

ဂလ်။ ။မဿာရဂလ်၊

ဖလ်။ ။ရွှေငွေဖလ်ကို၊ သတ်ရန်လငယ်၊ ညာဏ်ဖြင့်ချယ်လော့၊

ဏ္ဍိုလ်။ ။တသွယ်မှတ်သိ၊ ဗောဓိမဏ္ဍိုလ်၊ မဏ္ဍိုလ်ဗဟို၊

ဂ္ဂိုလ်။ ။ထေရ်ပုဂ္ဂိုလ်နှင့်၊

ဂိုလ်။ ။ဟိင်္ဂိုလ်နှံ့လျှောင်း၊

မ္ဗိုလ်။ ။တကြောင်းသိမှု၊ ပဏ္ဍုကမ္ဗိုလ်၊

ပ္ပိုလ်။ ။ဆေးကပ္ပိုလ်တည့်၊

ဖိုလ်။ ။မဂ်ဖိုလ်ဘထွေ၊

ပ္ဖိုလ်။ ။ဘုံဝေဟပ္ဖိုလ်၊

ဗိုလ်။ ။ဗိုလ်ပါ ဗိုလ်ခြေ၊ ဣန္ဒြေဗိုလ်၊ ဥစ္စဗိုလ်က၊ စသည် ပြန့်ပွား၊ ခြောက်ပါးသောဗိုလ်။

သိုလ်။ ။အကုသိုလ်နှင့်၊ ကုသိုလ်တတည်၊ ပြည်တက္ကသိုလ်၊ စသည်ကိုလည်း၊ ရှေးနည်းသံယုဂ်၊ ဗျည်းဖြင့်ထုတ်၍၊ အဟုတ်ချောင်းငင်၊ လုံးကြီးတင်တည့်၊

ဇဝ်။ ။ထို့ပြင်တပုံ၊ အာရုံစိတ်ဇဝ်၊ ကော်ဇဝ်အခင်း၊

နွှဝ်။ ။မြင်းပုံ့သိနွှဝ်၊ ဆားသိနွှဝ်နှင့်၊

နှဝ်။ ။ဒါနှဝ်ဘီလူး၊ တထူးမှတ်ခန်း၊ ဂဏန်းတွင်နှဝ်၊ သဃ် နှဝ်က၊ စ၍သိမှု၊

ဒြဝ်။ ။ဥပဒြဝ်၊

သဝ်။ ။အာသဝ်မှာ၊ သဘာဝ်ပုံသေ၊ သဝေအချ၊ စသည် မပါ၊ သက်သက်သာဝယ်၊ မြန်မာပညတ်၊ ဝဖြင့် သတ်သော့၊

ဘာဝ်၊ မှာဝ်၊ ဗှာဝ်။ ။သမာသ်နာမ၊ အဗျယိဘာဝ်၊ ဣတ္တိ ဘာဝ်နှင့်၊ ပုမ္ဘာပ်မပြား၊ ဘာရေးသဘာဝ်၊ အတ္တ ဘာဝ်လည်း၊ ထိုနည်းမပျက်၊ ဘာဝ်အနက်က၊ သဒ္ဒိ သဘာဝ်၊ တုဏှိဘာဝ်တည့်၊ တဗှာဝ်ပညတ်၊ ကေတ္တိ ဘာဝ်၊အာနုဘာဝ်က၊ဒွေဘာဝ်ပြုခြင်း၊ ဤတသင်းကို၊ ထုံးရင်းအတိတ်၊ ယွင်းမဖိတ်အောင်၊ ချပြီးနောင်မှ၊ ဝအက္ခရာ၊ သတ်အပ်စွာသည်။ ။ကျမ်းလာ ဆုံးဖြတ် မှေ့သိမ်တည်း။

(၁၂) ကျမ်းလာဆုံးဖြတ် တံမျဉ်း ခက်ပိမ့်၊

ဒသ်။ ။ဒွါဒသ်စုဒ္ဒသ်၊ ကောဒသ်နှင့်၊ သုဒသ်မည်ရှိ၊
နသ်။ ။ပီတိသောမနသ်၊
ရသ်။ ။ဇောတိရသ်လည်း၊ ဗာရသ်တေရသ်၊ ပန္နရသ်နှင့်၊
ဌသ်။ ။သောဌသ်တို့မှာ၊ သသာသက်သက်၊ မပျက်သတ်ချင်၊
ကာသ်။ ။မုတင်ထူးမြတ်၊ အဗ္ဘောကာသ်က၊
ဉာသ်။ ။ချာသဉာသ်၊
ပါသ်။ ။ဟတ္တပါသ်နှင့်၊
မာသ်။ ။သမာသ်ကျမ်းစာ၊ ဗိုလ်မှာမိမာသ်၊
ဝါသ်။ ။ပရိဝါသ်လည်း၊ ချလတ်ပြီးမှ၊ သံယုဂ်ပြရှင့်၊
ရိသ်။ ။ ဂန္ထထူးမြတ်၊ အာချာတ်ပုရိသ်၊ တပ္ပုရိသ်နှင့်၊
သိသ်။ ။ ဝိသိသ်တြိယာ၊ သံဃာဒိသိသ်၊ ကေသိသ်တွင်၊ လုံး
ကြီးတင်၍၊ သပင်ရေးသတ်၊
က္ကုသ်။ ။အမတ်-က္ကုတ်၊
ပုသ်။ ။ စောင့်ဉပုသ်နှင့်၊ ဉပုသ်ပဝါရဏာ၊
ရှသ်။ ။ ဝါစာဗရှသ်၊ မယုတ်ထင်ထင်၊ တချောင်းငင်၍၊
သပင်သိုက်မှိုက်၊ ရေးသတ်ထိုက်၏၊
ကို့သ်။ ။ရကို့သ်နတ်မှာ၊ လုစ္စာညွှတ်ကွေး၊ ချောင်းငင်ရေးမှ၊
ထက်က လုံးကြီး၊ တင်ပြီးရှေးနှယ် သံယုဂ်ချယ်ရှင့်၊
ဂြိုဟ်၊ ဂြိုဟ် ။ဆောင့်ပင့်သဂြိုဟ်၊ နက္ခတ်ဂြိုဟ်လည်း၊ ဝိနည်း
သဂြိုဟ်၊ ရာဇဂြိုဟ်နှင့်၊ သဂြိုဟ်ရေတွက်၊ ဝါကျ

ဝိဂ္ဂိုဟ်၊ ကျမ်းသဂ္ဂိုဟ်တွင်၊ လုံးကြီးတင်၍၊ ငင်ပြန် တုံလတ်၊ ဟဖြင့် သတ်ရာ၊

သင်္ဂ။ ။ ဥတ္တရာသင်္ဂ၊ ပုဗ္ဗာသင်္ဂနှင့်၊ အာသင်္ဂဝါဆုံ၊ စသည်ကို ကား၊ သတ်လိုင်္ဂကြီး၊ ယှဉ်မှီးမပျက်၊

လင်္ဂ။ ။ ဂလင်္ဂငုက်တွင် တချောင်းငင်၍၊ မှေးသွင်သတ်လို၊

ဟိင်္ဂ။ ။ ကျွန်းသိဟိင်္ဂမှာ၊ ဆင့်ကာလုံးကြီး၊ တင်၍ပြီးလျှင်၊ ပုံသွင်မချွတ်၊ ဆင်စွယ်သုတ်သို့၊ လျောက်ပတ်လှလှ၊ ချောင်းငင်ပြုပြီး၊ ငကြီးဖြင့်သာ၊ သတ်ရိုးလာ၏၊ ထူးရာထူးရာ၊ ရွေးချယ်ရှာ၍၊ ကောင်းစွာဤသို့၊ စိုစိုတည်တည်၊ ဆိုပြီးသည်မှ၊ ကြွင်းသမျှမူ၊ ရေးသူ ဂုဏ်မော်၊ လွန်ထင်ပေါ်သော၊ ထေရ်ကျော်ကဝိန်၊ သုခမိန်တို့၊ ဉာဏ်ရှိန်ထွန်းညှိ၊ စီရင်ရှိသည်၊ ကဝိ လက္ခဏာ၊ စသည်များစွာ၊ ကျမ်းလာနည်းထုံး၊ မှီခိုင်း သုံး၍၊ သင်ပုန်းကြီးလာ၊ ကာရန်အတိုင်း၊ ရှုနိုင်း ထောက်ထား၊ များသောအားဖြင့်၊ မှတ်သား သေချာ၊ ရေးသတ်ရာသည်၊ ။စဉ်လာနိဒါန်း မတိမ်း တည်း။

သဒ္ဒါနုသာရီ သတ်ပုံ ပြီး၏။

# ဒုတိယပိုင်း

## (ခ) စကား

ဤအပိုင်းပါ စကားအရာ သယ်ပါး၊ စကားကြီးခြောက်ခွန်း၊ ဥပမာ-စကားပုံ အလုံးစုံတို့ကို လေ့လာမှတ်သား၍ စကားပြောဆိုရာ၌ အချက်ကျကျ ပြန်လည်အသုံးပြုခြင်းဖြင့် နှုတ်မှုပညာကို ပိုင်နိုင်စွာပြောဆိုနိုင်မည်မှာ အမှန်ပင်တည်း။

# ၁။ စကားကြီး ဆယ်မျိုး

စကားပြောရာ၌ စကားကြီးဆယ်မျိုးရှိသည်။ ဆယ်မျိုးဟူသည်ကား ရေကူးညာတင်၊ ကောက်ပင်ရိတ်လှိုး၊ ရေစီးဘောင်ဆန်၊ အိုးတန်ဆန်ခတ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင်ငှေ့ရန်ရှောင်၊ တောင်သူယာခုတ်၊ ကြက်ဆုတ်နှပ်ပစ်၊ ရေစစ်ကရား၊ ရေသွားသည့်သွင်၊ ခက်တင်မောင်းနှင်း၊ ဆိုခြင်းစကား ဤဆယ်ပါးဟု ရှိသည်တည်း။

## (၁) ရေကူးညာတင် ပြောနည်း စကားမျိုး။

မြစ်တဖက်မှ အလိုရှိသော သိပ်ကမ်း သို့ ကူးလိုလျှင် အညာက တင်၍ ကူးမှ လိုရာဆိပ်ကမ်းမှာ တင်သကဲ့သို့ ထို့အတူ စကားမှာလည်း အလိုရှိသည့်အရာ၌ တင်အောင် အထက်က တင်ကူး၍ ပြောဆိုခြင်းသည် ရေကူးညာတင် ပြောနည်းမည်၏။

စကားပုံမှာ... ရှေးသောအခါ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသားသည် ဂျွမ်းထိုး၍ ကစားရာတွင် အူထုံး၍ အစား အသောက် မမှန်၊ ကျင်ငယ်မဖြောင့် ရောဂါထွေထူး ရောက်၍ သေဝပါးနီးရှိသည်တွင် ဘေးသမားအများခေါ်၍ ကုစား ပါသော်လည်း မလွှတ်မငြိမ်းရကား ဆေးသမား ရှင်ဇီဝကကို

ခေါ်၍ ကုပါဆိုလျှင် ဆေးသမား ရှင်ဇီဝကသည် အနာကို မေးစစ်၍ ပညာဖြင့် ဆင်ခြင်တွေးတောသော် ထိုသူသည် ဝမ်းထဲက အူထုံးရှိသည်ဖြစ်မည်၊ ဝမ်းကိုခွဲ၍ ထုံးသောအူကို ဖြေရလျှင် ထိုအနာ လွတ်မည်ထင်၍ ထိုသူအား ခုနစ်ရက် လည်အောင် အိပ်စေတတ်သော ဆေးကိုပေးလျက် ပျော်သောအခိုက်တွင် ခွဲရမည်ဖြစ်သောကြောင့် ခုနစ်ရက်အိပ်နိုင်မည်ကို အလိုရှိသဖြင့် ခုနစ်လ အိပ်နိုင်မည်လားဟု မေး၏။ ခုနစ်လလည်အောင် မအိပ်နိုင်ပါလျှင် ၆ လ၊ ၅ လ ၂ လ၊ တရွေ့ရွေ့ ဆုတ်ကာ ဆုတ်ကာ မေးခဲ့၍ ခုနစ်ရက်ကျမျှ အိပ်ပါတော့မည် ဆိုရာတွင် အိပ်စေတတ်သော ဆေးကို ပေးပြီးလျှင် အိပ်သောအခိုက်တွင် ဝမ်းကို ခွဲလျက် ထုံးသောအူကိုဖြေ၍ ဆေးသုတ်သဖြင့် ခုနစ်ရက်လွန်မှ နိုးခဲ့ရာ သူဌေးသားအနာသည် လွတ်ငြိမ်းလေသည်။ ဤသို့သော စကားမျိုးတို့သည် ရေကူးညာတင်ဆိုသော စကား မည်ကုန်၏။

## (၂) ကောက်ပင်ရိတ်လှီး ပြောနည်း စကားမျိုး။

ကောက်ပင်ကို လက်ဘဒက်နှင့် ကြပ်ကြပ်ဆုပ်ပြီးလျှင် အရင်းက တံစဉ်ဖြင့်ဖြတ်၍ လက်တွင်းသို့ ဝင်သမျှစပါးကို ရ၍ သုံးဆောင်ရသကဲ့သို့ သူ့စကားကို ဖမ်းမိအောင် ပြောဆိုပြီးလျှင် အရင်းကဖြတ်၍ ပိုင်အောင်ပြောသော စကားမျိုးသည် ကောက်ပင်ရိတ်လှီး ပြောသော စကားမျိုးမည်၏။

စကားပုံမှာ...ရှေးသော်အခါ သူဌေးသား တယောက်သည် ဗျိုင်းကို လေးနှင့်ပစ်၍ ရလျှင် ယူ၍ လာသည်ကို တွေ့သော သူဌေးသားကမြင်လျှင် ငိုလျက် ရင်ဘတ်ကိုတီး၍ 'ငါ့ဗျိုင်းသည် သာမညဗျိုင်းမဟုတ်ပါ၊ တနေ့တနေ့လျှင် ရွှေစင်တကျပ်စီ ခံတွင်းက အန်ထုတ်၍ ပေးသွင်းနေကျဗျိုင်း ဖြစ်ပါသည်။ လေးနှင့်ပစ်၍ မသေကောင်းပါ'ဟု ရှုပ်ရှဲသည်တွင် ဗျိုင်းကို လေးနှင့်ပစ်သော သူဌေးသားက 'သည်ဗျိုင်းသည် သင့်ကို တနေ့တနေ့လျှင် ရွှေစင်တကျပ်ခံတွင်းကထုတ်၍ ပေးသည်၊ နှစ် လ အဘယ်မျှ ရှိပြီနည်း' မေးလျှင် ဗျိုင်းရှင်ဆိုသူက 'ငါ့ဗျိုင်းသည် တနေ့လျှင် ရွှေစင်တကျပ် ခံတွင်းက အန်ထုတ်၍ ပေးသည်ကား တနှစ်ရှိပြီ' ပြောလျှင် ဗျိုင်းကို လေးနှင့်ပစ်သော သူဌေးသားက 'ငါ့အိမ်ရှေ့တွင် ရွှေစင်ကိုပုံ၍ စုထားသည်ကို တနေ့လျှင် တကျပ် ခိုးယူသောကြောင့် ငါနေ့တိုင်း ချောက်ပါသည်ကို မရနိုင်။ ယခုသည်ဗျိုင်းကို ရပါသည်။ ဗျိုင်းသည်၊ ရွှေကို တနေ့တကျပ်ခိုးယူသည့် ဗျိုင်းသူခိုးဖြစ်သည်။ သင်လည်း သူခိုးလက်ခံ ဖြစ်သည်။ ထို့ကြောင့် တနှစ်တွက် ရွှေ-၃ ပိဿာ ၆၀ ကို ပေးသင့်ပါသည်' စွဲချေ၍ တောင်းသောကြောင့် ဗျိုင်းရှင်က ဗျိုင်းကို လေးနှင့်ပစ်သူသို့ ပြန်၍ ရွှေ ၃ ပိဿာ ၆၀ လျော်ရဘူးလေသည်။ သည်ကဲ့သို့ သူ့စကားကို ဖမ်း၍ပြောသော စကားမျိုးသည် ကောက်ပင်ရိတ်သို့ ပြောသော စကားမျိုးမည်၏။

## (၃) ရေစီးဘောင်ဆန်ပြောနည်း စကားမျိုး။

ဘောင်ကြီးသည် အညာသို့ ဆန်သောကာလ လိုဘွယ်ဆန္ဒရှိသမျှကို ဘောင်ကြီးတွင်တင်၍ ဖြည်းညင်းသာယာစွာ ဆန်သွားလျှင် လိုရာအရပ်သို့ ရောက်ခဲ့၏။ ရောက်လျှင် လိုအင်ကိစ္စသုံးဆောင်ရ၍ ချမ်းသာကို ရသကဲ့သို့ ထို့အတူ စကားမှာလည်း ခြေသိမ်းခေါင်းပိုက်၊ ဥပမာ ဥပမေယျနှင့် ဆိုက်အောင်ပြောသော စကားသည် ရေစီးဘောင်ဆန် စကားမည်၏။

**စကားပုံမှာ**....ရှေးအခါ ဟံသာဝတီ ရာဇာဓိရာဇ်မင်းလက်ထက် ဒွါရဝတီရွှေနန်းရှင် ယိုးဒယားမင်းသည် ရဲမက်ဗိုလ်ပါအများနှင့် ချီလာ၍ မြိတ် တနင်္သာရီသို့ ရောက်လျှင် တပ်ကြီးချ၍နေစဉ်တွင် ရဲမက်ဗိုလ်ပါတို့သည် ရေးဝါခရူ၊ ထားကျိုင်း၊ ကလိန်အောင်၊ ထားဝယ်မြို့များသို့ ရောက်၍ မငြိမ်သက်ရှိကြောင်းကို ဟံသာဝတီမင်း ရာဇာဓိရာဇ်ကြားသိ၍ သံတမန်အရာ၌ လိမ်မာသော ပညာရှိ အမတ်ဘယောက်ကို ချိပ်အိတ်တံဆိပ်ဆက်စာနှင့် စေလွှတ်၍ မြိတ် တနင်္သာရီ ဒွါရာဝတီ ယိုးဒယားမင်းထံရောက်၍ ချိပ်အိတ် တံဆိပ်ဆက်စာကို ဖြေ၍ ဘတ်ပြီးလျှင် စာတွင်ပါသည်မှာ 'အဆွေတော် ဒွါရဝတီရွှေနန်းရှင်၊ မြိတ် တနင်္သာရီသည် ဒွါရဝတီရွှေနန်းရှင် လက်နက်နိုင်ငံဖြစ်ပေသည်။ ရေးဝါခရူ၊ ထားကျိုင်း၊ ကလိန်အောင်စုများသည် ဟံသာဝတီ လက်နက်နိုင်ငံ ဖြစ်ပါသည်၊ ဆိုသည့်စကားမှာ မှန်လေသော ငါ့မှာ ဒွါရဝတီကို ဘေးဘိုးကသည် ယခုတိုင် ဆင်းသက်၍ သီးချိုးနန်းရိုး ဇာတိရင်းဖြစ်သည်။ ရာဇာဓိရာဇ်မှာမူကား မုတ္တမ

ကသွား၍ ဟံသာဝတီမှာ မင်းပြုသည်။ ပဝတ္တိမင်း ဖြစ်သည်ကို အဆွေတော်ဟု စာပေးသည်မှာ မပေးသင့်။ သည်အကြောင်းနှင့် စာပေးကြောင်းကို ဟံသာဝတီသံတို့က ချေလည်ကြစေ။ မချေလည်နိုင်လျှင် သိအိုးကင်းမှာ ထည့်၍ ကြော်မည် အမိန့်တော် ရှိသောကြောင့် ဟံသာဝတီမင်းသံတော် ချေလည်သည်မှာ ရှေးလွန်လေပြီးသော အာဂါကာလ၌ ပွင့်တော်မူကုန်သော တဏှင်္ကရာ၊ သရဏင်္ကရာ၊ မေဓင်္ကရာ၊ ဒီပင်္ကရာ စသော ဘုရားရှင်တို့မှစ၍ ယခုထက်တိုင် အစိန္တေယျဘုရားရှင်တို့၏ ဆွေတော်မျိုးတော်တို့သည် ရှစ်သောင်း လေးထောင်ရှိသည်။ တသိန်းနှစ်သောင်း ရှိကြသည်။ ထိုဆွေတော်မျိုးတော် ရှိကြငြားသော်လည်း သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူကြ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ဘုရားအဖြစ်သို့ မရောက်မီ ဆွေတော်မျိုးတော်တို့ကို ညီတော်နောင်တော် ခေါ်ဝေါ်ခြင်း ထုံးမရှိပါ။ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင်ချင်းတို့သာ ဘုရားညီတော်မည်သည်။ ဘုရားနောင်တော်မည်သည်။ ဘုရားချင်းတို့သာခေါ်ဝေါ်ခြင်း ထုံးရှိပါသည်။ ထိုကဆင်းသက်၍ ယခုတိုင် ဘုရားတပည့် ဖြစ်တော်မူသော သင်္ဃာတော်တို့မှာလည်း လူကတော်စပ်သော ဆွေတော်မျိုးတော် အများ ရှိကြပငြားသော်လည်း ညီတော် နောင်တော် ခေါ်ဝေါ်ခြင်း ထုံးမရှိပါ။ နောင်တော်လည်း ကျောင်းနေပုဂ္ဂိုလ်ဟု သင်္ဃာတော်ချင်းကိုသာ ညီတော်ဟု ခေါ်ဝေါ်ခြင်း ထုံးရှိပါသည်။ တိုင်းနိုင်ငံတို့ကို အစိုးရသော ရှင်မင်းမြတ်တို့မှာ ဆွေတော် မျိုးတော် အများ ရှိခဲ့သော်လည်း ရွှေထီးရွှေနန်း မစံသေးသော ဆွေတော်

မျိုးတော်တို့ကို အဆွေတော်၊ အကြည်တော်ဟု ချိုပ်အိတ်တံဆိပ် ရွှေပေလွှာနှင့် ပေးထုံးမရှိပါ။ တနိုင်ငံနှင့် တနိုင်ငံ ရွှေထီး ရွှေနန်းကို အစိုးရတော်မူသော ထီးဆောင်း နန်းနေချင်းဖြစ်မှ အဆွေတော်၊ အကြည်တော်ဟု ချိုပ်အိတ်တံဆိပ် ရွှေပေဆက်စာ ပေးထုံးရှိသောကြောင့် ဘုရားကျွန်တော် အရှင်သည်လည်း ဟံသာဝတီ ရွှေနန်းရှင် ဖြစ်ပါသောကြောင့် အဆွေတော်၊ အကြည်တော်ဟု ချိုပ်အိတ်တံဆိပ် ရွှေပေဆက်စာနှင့် ပေးပါသည်ဟု လျှောက်လျှင် ဒွါရဝတီ ယိုးဒယားမင်းတွင် ပါသော ပညာရှိမှူးတော် မတ်တော် ရဟန်း ပုဏ္ဏားတို့က ဟံသာဝတီမင်း သံတော်က ချေလည်သည့်စကားသည် ထီးဆောင်းနန်းနေချင်း ဖြစ်၍ အဆွေတော်၊ အကြည်တော်ဟု စာပေးသည်မှာ တိုက်ရိုက်ချေလည်သည့်စကား မဟုတ်ပေ။ လောကသုံးပါးတွင် အတုမရှိ ပညတ် ပရမတ် စသော ဘုရားအပေါင်းတို့ကို အစိုးရတော်မူသော သဗ္ဗညု ရှင်တော်ဘုရားတို့ကို ဥပမာပြု၍ တပည့်သား သင်္ဃာတော်နှင့်တကွ ရေမြေအရှင်သို့တိုင်အောင် ခေါ်ဝေါ်ပြီးသည့်ထုံးစံနှင့် ချေလည်ပေသည်မှာ ထုံးစံဥပဒေ မှတ်လောက်ပေ၏ ဟု ချီးမွမ်းပြီးလျှင် ဒွါရဝတီမင်းကလည်း စကားချေလည်သည် သင့်ပေ၏ဟု ဆုလာဘ်များစွာ ပေးလေသည်ကိုလည်း များစွာရလေသည်။ ဤကဲ့သို့ ဥပမာနှင့်တင်၍ ပြောသောစကားသည် ရေစီးဘောင်ဆန် ပြောနည်း စကားမျိုးမည်၏။

## (၄) အိုးတန်ဆန်ခတ် ပြောနည်း စကားမျိုး။

အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် ကောင်းမွန်စွာ နူးနူးနပ်နပ် သုံးဆောင်ရသကဲ့သို့ လိုအပ်သောစကားမျိုးသည် အိုးတန်ဆန်ခတ်ပြောသော စကားမျိုးမည်၏။

စကားပုံပမှာ...ရှေးသောအခါ အရှင်ဒုကူလ ပါရိက တို့သည် သားတော် မြားဒဏ်သင့်၍နေရာ အဘ ဒုကူလ ရသေ့ကား ဦးခေါင်းရင်း၌နေ၍ အမိ ပါရိက ရသေ့ကား ခြေရင်း၌နေ၍ သား သုဝဏ္ဏသာမသည် မိဘတို့အား လုပ်ကျွေး မွေးပေသော ကျေးဇူးဂုဏ်ကို ချီးမွမ်း၍ ငိုကြွေးမြည်တမ်းနေစဉ်တွင် ဗဟုသုန္ဒြီ နတ်သမီးနှင့် သိကြားမင်းသည် ဆင်းလာ၍ အရှင်ဒုကူလ ပါရိက တို့ကို စကားဆို၏။ "အရှင်ရသေ့တို့၊ သင်တို့၏ မျက်စိကို သော်လည်း မြင်စေချင်သလော။ သား သုဝဏ္ဏသာမ ကိုသော်လည်း ရှင်စေချင်သလော။ အလိုဆန္ဒကို ပေးနိုင်သော ရွှေအိုးကြီး ရတနာကိုသော်လည်း ရလိုသလော။ သုံးပါးသောဆု တခုခုကို ကြိုက်ရာရွေးချယ်၍ ဆိုလော့။ ငါ သင်တို့အား ပေးမည်" ဟု သိကြားမင်းကဆိုလျှင် ဒုကူလ ပါရိကတို့က "ရွှေအိုးကြီး ရတနာ ထမ်းလျက် သားရှင်မျက်နှာကို မြင်လိုပါ၏" ဟု တချက်တည်း ပြီးအောင်ဆို၍ ဒုကူလ ပါရိကတို့သည် မျက်စိလည်း ကောင်းစွာ မြင်သည်။ သား သုဝဏ္ဏသာမသည်လည်း အသက်ရှင်သည်။ အလိုခပ်သိမ်းကို ပေးနိုင်သော ရွှေအိုးကြီး ရတနာကိုလည်း ရလေသည်။ ဤကဲ့သို့ အလိုရှိသောစကားကို မယုတ်မလွန်

ပြောဆိုခြင်းသည် အိုးတန် ဆန်ခတ် ပြောဆိုသော စကားမည်၏။

## (၅) ဆီပွတ်ကျည်ပွေ့ ပြောနည်း စကားမျိုး။

ဆီကိုပွတ်ပေးသည့်ကာလ အထပ်ထပ်ပွတ်လျှင် ဆီထွက်၍ သုံးဆောင်ရသကဲ့သို့ အလိုရှိသော စကားမျိုးကို အထပ်ထပ် ပြောခြင်းသည် ဆီပွတ်ကျည်ပွေ့ပြောနည်း စကားမျိုးမည်၏။

**စကားပုံမှာ....** ရှေးသရောအခါ မင်းကျောင်တွင် ဘုရားစေတီတော်လုပ်စေရာ ကျောင်မင်းက ဘုရားပိန္နဲတိုင်ကို မန်ကျည်းနှစ် မာလှသည်ဖြစ်၍ မန်ကျည်းနှစ်ကောင်းပါမည်လောဟု မေးလျှင် မန်ကျည်းနှစ်လည်း ကောင်းလှပါ၏၊ ကျွန်းလည်း ကောင်းလှပါ၏ဟု လျှောက်လျှင် မင်းကျောင်က ရှားနှစ် မာလှသည်၊ ကောင်းပါမည်လော မေးပြန်လျှင် ရှားနှစ်လည်းကောင်းလှပါ၏၊ ကျွန်းလည်း ကောင်းလှပါ၏ဟု လျှောက်ပြန်၏။ ထိုသို့ စသည်ဖြင့် ကျွန်းကောင်းကြောင်းကို အထပ်ထပ် လျှောက်ထားရာတွင် မင်းကျောင်က မင်းရာဇာသည် ကျွန်းသားကောင်းကြောင်းကို အထပ်ထပ် လျှောက်သည်မှာ ကျွန်းသားသာလျှင် သာ၍ ကောင်းဟန်ရှိသည်ဟု သဘောတော် ရသောကြောင့် ကျွန်းကိုပင် ဘုရားပိန္နဲတိုင် လုပ်စေဟု အမိန့်တော်ရှိ၍ ကျွန်းကိုပင် ပိန္နဲတိုင် တည်ရချေသည်။ ဤကဲ့သို့ အလိုရှိသော စကားကို အထပ်ထပ်ပြောခြင်းသည် ဆီပွတ်ကျည်ပွေ့ ပြောနည်း စကားမျိုးမည်၏။

## (၆) ဆင်ဝှေ့ရန်ရှောင် ပြောနည်း စကားမျိုး။

ဆင်ဝှေ့မည်ဟုလိုက်လျှင် ဆင်သည် အားကြီးလှသောကြောင့် ရပ်ခံလျက်နေလျှင် သေးရောက်မည်ဖြစ်၍ မရပ်မခံဝံ့၊ တိမ်းရှောင် လွှဲသွေ့လွှတ်ရာနေလျှင် ချမ်းသာရသကဲ့သို့ ကိုယ်သို့ရောက်မည့် စကားဖြစ်လျှင် ရှောင်လွှဲ၍ ပြောဆိုခြင်းသည် ဆင်ဝှေ့ရန်ရှောင် ပြောနည်းစကားမျိုး မည်၏။

စကားပုံမှာ....ရှေးသရောအခါ မင်းကောရာဇ်သည် ညီတော်ကို အိမ်ရှေ့ပေးတော်မူ၍ ညီတော်အိမ်ရှေ့မင်းသည် ကျောင်းဆောက်သည်တွင် ကျောင်းတိုင်ကို ယက်မအောက် မြေကြီးသို့ ထိအောင် ရွှေထည့်သည်ကို မြို့ဝန်မင်းမြင်၍ အိမ်ရှေ့မင်းပင် ဖြစ်ငြားသော်လည်း မင်းကောရာဇ် တုပ၍ မြေကြီးထိ ရွှေမချသင့်ဟု ရွှေများကို တိုက်ဖျက်၍ပစ်သည်ကို အိမ်ရှေ့မင်းသည် ကျောင်းသို့ လာရာတွင် ငါ့ကောင်းမှုကို အဘယ်သူသည် ဖျက်သနည်းဟု မေး၍ မြို့ဝန်ဖျက်ကြောင်း သိရလျှင် မြို့ဝန်သည် ငါ့ကောင်းမှု ဖျက်ဆီးသူဖြစ်၍ မြို့ဝန်ကို ဆုံးရှုံးအောင် စီရင်မှ တော်မည်ဟု ခေါ်၍ ရောက်လျှင် မြို့ဝန်သည် ငါ၏ ကောင်းမှုကို အဘယ့်ကြောင့် ဖျက်သနည်းဟု မေး၏။ အိမ်ရှေ့မင်းကို မြို့ဝန်မင်းက တိုက်ရိုက်ဟုတ်တိုင်း လျှောက်လျှင် သေရမည်ကိုကြောက်၍ စကားတိမ်းရှောင်လျက် ဘုရားနောင်တော် ရွှေနန်းရှင်ဘုရားသည် လူ့ပြည်ငြီး၍ နတ်ပြည်သို့ စံတော်မူသော ကာလ နောင်တော်အရာ ရွှေထီးရွှေနန်း စိုးအုပ်တော်မူမည့် အရှင်

ဖြစ်၍ အထွဋ်အမြတ်သို့ ရောက်တော်မူသည့်ကာက ယခုကဲ့သို့ ကျောင်းတော်ဆောက်လျှင် ရွှေချရန် ရွှေခင်းယက်မ အောက်မြေ ထိရုံသာ ရှိပါတော့သည်ဖြစ်၍ ပြည်သူလူရဟန်းတို့က မင်းဧကရာဇ်မဖြစ်မီ အိမ်ရှေ့စံ နေတော်မူသည့်ကာလ ဆောက်သည့် ကျောင်းနှင့် မင်းဖြစ်မှ ဆောက်သောကျောင်းသည် အတူတူပင် မကွဲမပြား မခြားမနားပါလေဟု ဆိုရန်ရှိသောကြောင့် နောင်ရွှေထီးရွှေနန်း စံသည့်ကာလ ကောင်းမှုတော်ကျောင်း ဆောက်တော်မူလျှင် နောင်ချရန် ရွှေအခင်းကို လွှတ်ထားပေသည်ဟု လျှောက်လျှင် အိမ်ရှေ့မင်းလည်း အမျက်တော်ပြေ၍ သို့ဖြစ်လင့်ကစား ငါ၏အကျိုးကို ဆောင်ပေသည်ဟု ချမ်းသာရာရဘူးလေသည်။ သည်ကဲ့သို့ စကားကို ကိုယ်မှဘေးလွှတ်အောင် တိမ်းရှောင်၍ ပြောခြင်းသည် ဆင်ခွေ့ရန်ရှောင်ပြောနည်း စကားမျိုးမည်၏။

## (၇) တောင်သူယာခုတ် ပြောနည်းစကားမျိုး။

တောင်သူတို့သည် ယာခုတ်လျှင် တောချုံ သစ်ပင်တို့ကို စင်ကြယ်အောင် တည်ထွင်ပြီး၍ နောက်မှ သစ်ပင်ကြီးကို ဖိ၍ လှဲဘိသကဲ့သို့ စကားငယ်များကို အလျင်ပြော၍ နောင်မှ စကားကြီးများကို ဖိ၍ ပြောသောစကားသည် တောင်သူယာခုတ် ပြောနည်း စကားမျိုးမည်၏။

စကားပုံမှာ....ရှေးအခါ ဝိဒေဟရာဇ်မင်းကြီးတွင် သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပကုတ်၊ မဟောသဓာ ဟူ၍ အမတ်ကြီး

ငါးယောက်ရှိသည့်တွင် ဝိဒေဟရာဇ်မင်းကြီးက မေးသည်မှာ ဥစ္စာ ရှိသူနှင့် ပညာရှိသူ အဘယ်သူမြတ်သနည်းဟု မေးလျှင် သိန်း အမတ်က ဥစ္စာရှိသူမြတ်သည်ဟု ဆို၏။ မဟောသဓာကလည်း သိန်းအမတ် မသိ၍ ဆိုခြင်းဖြစ်ပါသည်။ ပညာရှိသူသာ မြတ်ပါ သည်ဆိုလျှင် ဝိဒေဟရာဇ်မင်းကြီးက သိန်းအမတ် အသို့နည်းဟု တဖန်မေး၏။ သိန်းအမတ်လည်း မဟောသဓာသည် သူငယ် ဖြစ်၍ နို့ရည် ခံတွင်းမှ အနံ့မပြယ်၊ မစင်ကြယ်သသူဖြစ်၍သာ ဆိုခြင်းဖြစ်ပါသည်။ ဥစ္စာရှိသော သူတို့ကို ပညာရှိသောသူမှ စ၍ လူအပေါင်းတို့ ခစားရသည်ဖြစ်၍ ဥစ္စာသာမြတ်ပါသည် ဟု ဆိုလျှင် ဝိဒေဟရာဇ်မင်းကြီးက ငါ့သား မဟောသဓာ အသို့ နည်းဟု ဆိုပြန်လျှင် သိန်းသည် မည်မှန်းရာမသိ၍ ဆိုခြင်းဖြစ်ပါ သည်၊ ဥစ္စာရှိ၍ ပညာမရှိသော သူတို့သည် မမာမကျန်းရှိသော်၊ တစုံတခုအနာရှိသော် ဆေးသမား ဗေဒင် တတ်ပညာရှိတို့ထံ ဆည်းကပ် ခစားရပါသည်ဖြစ်၍ ပညာရှိသော သူတို့သည်သာ မြတ်ပါသည်ဟုဆိုလျှင် ဝိဒေဟရာဇ်မင်းက သိန်းကို အသို့နည်း မေးပြန်လျှင် သိန်းက မဟောသဓာ မလိမ္မာသူငယ်ဖြစ်ပါ သည်။ ဥစ္စာရှိသူသည် ပမာဆိုသော် အသီးအပွင့်နှင့် ပြည့်စုံ သော သစ်ပင်ကို ခပ်သိမ်းသော ငှက်အပေါင်းတို့သည် မှီခိုရ သကဲ့သို့ ဥစ္စာရှိသောသူသည်သာ ခပ်သိမ်းသောသူတို့ကို မှီခိုရာ ဖြစ်သောကြောင့်၊ ဥစ္စာရှိသောသူသည်သာလျှင် မြတ်ပါသည် ဟုဆိုလျှင်၊ ဝိဒေဟရာဇ်မင်းကြီးက မဟောသဓာ အသို့နည်းဟု မေးမြန်းလျှင်၊ သိန်းသည်ခွေးတော်၊ ကျီးတော်နှင့်တူ၏ ခွေးတော် ကျီးတော်တို့သည် ထမင်းဆုတ်ကြဲရာ အုံသကဲ့သို့၊ တခဏမျှ

ချမ်းသာသည်ကို မြင်သည်၊ ဥစ္စာရှိ၍ ပညာမရှိသော သူမိုက်တို့သည် ကုသိုလ် အကုသိုလ်တရားကိုမသိ၊ မကောင်းသော အကုသိုလ်တရားကို ကျင့်၍ အပါယ်ဆင်းရဲ ခံရသည်ကို မမြင်၊ ပညာရှိသောသူမှာ မကောင်းသောအကျင့်ကို ပယ်ရှား၊ ကောင်းသောတရားကိုကျင့်၍ ခံစားရမည်ကို မသိ၍ ဆိုခြင်းဖြစ်ပါသည်ဟု ဆိုလျှင် ဝိဒေဟရာဇ်မင်းကြီးက သိန်းအမတ် အသို့နည်းမေးပြန်လျှင် သိန်းအမတ်က မဟောသဓာသည် မည်မှန်းရာမှန်းမသိ၍ ဆိုခြင်းဖြစ်ပါသည်။ ဥစ္စာရှိသောသူသည် မဟာသမုဒ္ဒရာကဲ့သို့ ခပ်သိမ်းသော မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာထဲသို့သာ ပေါင်းလာရသကဲ့သို့ ဥစ္စာရှိသောသူ အထံသို့သာ ဥစ္စာမရှိသောသူ ခစားလာရသည်။ ရှေးသရောအခါ ဂေါဝိန္ဒသူဌေး ကြွယ်ဝလှသောကြောင့် ခံတွင်းမှ အရည်ကျသည်ကို နတ်သမီးအဆင်းနှင့် တူသော မိန်းမငယ်တို့သည် ပုတီးလက်စွပ်တန်ဆာတို့ကို ဆင်ယင်၍ ကြာညိုပန်းတို့ဖြင့် အလှည့်လှည့် သုတ်ကြရသည်။ သို့ဖြစ်၍ ဥစ္စာရှိသောသူသာလျှင် မြတ်ပါသည်ဟုဆိုလျှင် ဝိဒေဟရာဇ်မင်းက၊ မဟောသဓာ အသို့နည်း မေးပြန်လျှင် မဟောသဓာက သိန်းသည် လူကြီးပင်ဖြစ်သော်လည်း လူမိုက်ဖြစ်သောကြောင့် ဆိုခြင်း ဖြစ်ပါသည်။ မဟာသမုဒ္ဒရာရေသည် ကမ်းသို့ရောက်လျှင် ပျောက်၍ ကမ်းကို မလွန်နိုင်သကဲ့သို့ ဥစ္စာသာရှိ၍ ပညာမရှိသော သူသည် သဘင်ပွဲလယ်သို့ ရောက်သည့်ကာလ သူ့နောက် နေရပါသည်။ ပွဲလယ်၌ နေခြင်းငှာမထိုက်။ စကားကိုမျှ မပြောတတ်၊ လျှာမဲ့သော ငါးကဲ့သို့ နေရပါသည်။ ပညာရှိသူမှာပွဲလယ်၌ နေခြင်းငှာ

ထိုက်၏။သုခ ဒုက္ခစကားရှိသည်ကို ပြောဆိုတတ်၍ လူတကာတို့ ချီးမွမ်းသည်ကို ခံထိုက်သည်။ ဂေါဝိန္ဒမှာလည်း အရိအရည် ယိုတတ်သောကြောင့် ပွဲလယ်၌ နေခြင်းငှာ မထိုက် ဥပမာကား ဥမင်တွင်း၌ ဥစ္စာပစ္စည်း အများပင် ပေါသော်လည်း ဆိမီး ဟူသော အလင်းကိုရမှသာ ရွေးချယ် သုံးဆောင်ရပါသည်။ ဆီမီးကို မရသဖြင့် မသုံးဆောင်ရသကဲ့သို့ ဥစ္စာသာရှိ၍ ပညာ မရှိသောသူသည် ဆီးမီးနှင့် တူသော ပညာကင်း၍ ချမ်းသာကို မရနိုင်သည်ဖြစ်၍ ပညာသာမြတ်သည်ဟု ဆိုလျှင် ဝိဒေဟရာဇ် မင်းကြီးက သိန်းအမတ် အသို့နည်း မေးပြန်လျှင် သိန်းအမတ်က မဟောသဓာသည် မည်မှန်း မည်ရာကို မသိ၍ ဆိုခြင်းဖြစ်ပါသည်။ အရှင်မင်းကြီးသည် ဝိဒေဟရာဇ် တိုင်းနိုင်ငံနှင့် တကွ မိဓိလာ ပြည်ကြီးကို အစိုးရ၍ ရွှေထီးရွှေနန်းသခင် ဖြစ်တော်မူ၍ စည်းစိမ်ဥစ္စာရှင် ဖြစ်သောကြောင့် ကျွန်တော်မျိုး ပညာရှိ သုခမိန် ငါးယောက်တို့သည် ဥစ္စာသခင် အရှင်မင်းကြီးကို နေ့တိုင်း နေ့တိုင်း ခစားကြရသည်။ မဟောသဓာသည် မသိ၍ ဆိုခြင်း ဖြစ်ပါသည်။ပညာရှိလက္ခဏာမဟုတ်။ သူယုတ်တို့၏ စကားကိုသာ ပြောလေ့ရှိသောသူ ဖြစ်ပါသည်ဟူ၍ လျှောက်လျှင်၊ ဝိဒေဟရာဇ် မင်းကြီးက ငါ့သား မဟောသဓာ အသို့နည်းဟု ဆိုလျှင် အရှင် မင်းကြီး၊ သိန်းသည် မသိ၍ ဆိုခြင်းဖြစ်ပါသည်။ လောက၌ ပွင့်တော်မူကုန်သော အစိန္တေယျ သဗ္ဗ ညု ဘုရားသခင်တို့သည်၊ တခြင်ရွေးသော ဥစ္စာကိုမျှ သိမ်းတော်မမူပါ။ ဇမ္ဗူဒီပါကျွန်း၌ နေကုန်သော အပြည်ပြည်ထောင်သော ထီးဆောင်းနန်းနေ မင်း အပေါင်းတို့သည်၊ ညွတ်၍ ပူဇော် ကြပါသည်။ နတ်ပြည်

ခြောက်ထပ် နတ်မင်းကြီးတို့မှ စ၍ ဗြဟ္မာ့ပြည် တိုင်အောင် နဂါး ဂဠုန် ဂုမ္ဘာန် ရက္ခိုက်တို့မှ စ၍ ဘုရားပစ္စေက ဗုဒ္ဓါ ရဟန္တာပညာရှိ သူမြတ်တို့ထံ ခစားဖူးမြင်ရပါသည် ဖြစ်၍ ပညာရှိသာ မြတ်ပါသည်ဆိုလျှင် ဝိဒေဟရာဇ်မင်းကြီးက သိန်းသုခမိန် အသို့နည်းဟုမေးပြန်လျှင် သိန်းအမတ်သည် ရေကုန်သော အိုးသည် အိုးချည်းသာ ရှိသကဲ့သို့၊ စပါးကုန်သော တင်းတောင်းသည် တောင်းချည်းသာ ရှိသကဲ့သို့၊ သိန်းအမတ်သည် ချေစရာ စကား မရှိ၍ ဦးခေါင်းကို စောက်ထိုးချ၍ နေလေသည်။ ထိုအခါ မဟောသဓာဆိုသော စကားသည် လောကသုံးပါးတွင် အတုမရှိ သဗ္ဗညုတဉာဏ်ကို ရတော်မူသော မြတ်စွာဘုရားထက် အဘယ်ဥစ္စာရှိသူ သာလွန်နိုင်မည် မဟုတ်ပြီ။ဥစ္စာရှိထက် ပညာရှိ မြတ်ပေ၏ဟု မျှားစွာဆုလာဘ် ပေးတော်မူလေသည်။ ဤစကားကဲ့သို့ နောက်မှ စကားကြီးဖိစီး၍ ပြောဆိုခြင်းသည် တောင်သူယာခုတ်ပြောနည်း စကားမျိုးမည်၏။

## (၈) ကြက်ဆုတ် ခွပ်ပစ် ပြောနည်း စကားမျိုး။

ကြက်တို့သဘောသည် ခွပ်သောကာလ နောက်သို့ဆုတ်ဟန်ပြု၍ ခွပ်သောအခါမှသာ စီး၍ခွပ်သကဲ့သို့ စကားမှာလည်း သူ့အလိုသို့ လိုက်ဘန်လျှင် လိုက်၍ စီးသာသောအခါမှ စီး၍ ပြောသော စကားမျိုးသည် ကြက်ဆုတ်ခွပ်ပစ် ပြောနည်း စကားမျိုး မည်၏။

စကားပုံမှာ....ရှေးသောအခါ ရခိုင်ပြည်ကပညာရှိ အမတ်နှင့် အင်းဝနေပြည်တော်က အမတ်ပညာရှိတို့ စကားစစ်ထိုးကြသည်တွင် ရခိုင်ပညာရှိ အမတ်က ပြောသည်မှာ၊ ရခိုင် ဓညဝတီ ပြည်ကြီးသည်ကား နတ်ပြည်ကဲ့သို့ သာယာနုပျိုလှသည်။ အသုံးအဆောင် လိုဘွယ်ဆန္ဒတို့သည်လည်း လိုရာမတ ပြည့်စုံလှ၍ တိုင်းနိုင်ငံသားတို့သည်လည်း ရေချမ်းအိုးကို ပိုက်ရသကဲ့သို့ ချမ်းသာငြိမ်သက် ကြက်ပျံမကျ စည်ပင်သာယာ ဝပြောစွာ၍ ဒါနသီလ၌သာ မွေ့လျော်ပျော်ပါးကြသည် ဖြစ်၍ ရွှေနန်းရှင်သည်လည်း မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်တော်မူ၍ တိုင်းနိုင်ငံသားတို့သည် ချမ်းသာစွာ ရောဂါဘယ မရှိဟု ပြောကြလျှင် အင်းဝရွှေနန်းရှင် ပညာရှိအမတ်က ကိုယ်သို့မရောက်သော စကားဖြစ်၍ ဟုတ်ဘိမည်၊ ဟုတ်ဘွယ်ရှိ၏ဟု ဆိုသည်။ အင်းဝပညာရှိအမတ်က ပြောသည်မှာ ကျွန်ုပ်တို့သခင် အင်းဝ ရွှေနန်းရှင်နိုင်ငံတော်သည် နုပျိုသာယာလှသောကြောင့် တနှစ်လျှင် ဆဲ့နှစ်လ ဖြစ်၍ ဆဲ့နှစ်ရာသီပတ်လုံး တနေ့တခြား အလှူဒါနပွဲလမ်းသဘင်ကို မည်သူတယောက်မျှ ကြည့်ကြမည် မရှိဟု ဆိုလေသည်။ ထိုစကားကို ရခိုင်ပညာရှိ အမတ်က ကြားလျှင် အင်းဝ ရွှေနန်းရှင် ပညာရှိအမတ် သုခမိန်က ပြောဆိုသည့်စကားမှာ ကြားသိရပေပြီ၊ သို့ရာတွင် ကျွန်ုပ်လာစဉ်က အင်းဝသူ အင်းဝသားတို့သည် ဆီး၍ ကြည့်ကြသည်ကာလ အနန္တအတိုင်းမသိ တိုး၍မပေါက် ကြည့်ရှုကြလေသည်။ အဘယ့်ကြောင့် ကြည့်ကြလေသနည်းဟု ဆိုလျှင် အင်းဝရွှေနန်းရှင်အမတ်ပညာရှိက အဆွေတော်လာသည်ကာလ၊ အနန္တ အတိုင်း

မသိ အင်းဝသူ အင်းဝသားတို့အီး၍ ကြည့်ကြသည်မှာ ဟုတ်ပေလိမ့်မည်။ အင်းဝသူ အင်းဝသားတို့ သဘောသည် မင်းကေရာဇ်တွင် စီးတော်ဆင်ကို ရွှေကြိုးကဖြင့် တင်လျက် တီးမှုတ်လျက် နေ့တိုင်းမပြတ် တနေ့လျှင် သုံးကြိမ် ရေချသည်ကို မည်သူတယောက်မျှ ကြည့်ကြမည့်သူ မရှိပါ၊ တောဆင်ရိုင်း လာလျှင်မူကား အတိုင်းမသိ တိုး၍ ဆီးကြိုကြကုန်သည် ဖြစ်ရကား အရိုင်းအစိုင်းကိုသာ ကြည့်တတ်သော သဘောရှိသည်။ အဆွေတို့ ရခိုင်သားတို့သည် လူရိုင်း လူစိုင်း ဖြစ်ကြ၍ ကြည့်ကြကုန်သည်ဟု ဆိုလျှင် ရခိုင်ပညာရှိအမတ်က အဆွေက သည်စကား တချက်စီးမိပေ၏ဟု အရှုံးခံဘူးလေသည်။ ဤကဲ့သို့ စကားကို စီးမိမှသာ စီး၍ပြောခြင်းသည် ကြက်ဆုတ်ခွပ်ပစ် ပြောနည်းစကားမျိုးမည်၏။

## ( ၉ ) ရေစစ်ကရား ရေသွားသောသွင် ပြောနည်း စကားမျိုး။

ရေစစ်သော ကရားကို ရေတွင်နှစ်၍ ရေပြည့်လျှင် အပေါက်ကို လက်နှင့် ပိတ်၍ယူက၊ ရေမထွက်နိုင်သကဲ့သို့ သူ့စကားကို ပိတ်မိအောင် ပြောသောစကားသည် ရေစစ်ကရား ပြောနည်းစကားမျိုး မည်၏။

စကားပုံမှာ၊...ရှေးသောအခါ ၊လူအိုတယောက်နှင့် သူငယ်လေးယောက်တို့သည် ယုံတမ်းစကား ပြောကြသည်တွင် သူငယ်ကလေးတယောက်က ပြောသည်မှာ ငါ ပဒ္ဒိသန္ဓေ နေသည်တွင်

အမိသည် ချဉ်သီးစားချင်သည်ကို ငါသိ၏။ အမိဝမ်းတွင်းက ငါထွက်ပြီးလျှင် ချဉ်သီးရှာ၍ အမိကို ပေးပြီးမှ ငါဝင်မြဲ ဝင်၍ နေသည်။ 'ငါ့အမိလည်း မသိ၊ သည်စကားကိုလည်း ယုံပါစ မေးလျှင် ယုံပါ၏ဟု ဆိုသည်။ သူငယ်တယောက်က ပြောသည်မှာ ငါသည် မန်ကျည်းသီး စားချင်သောကြောင့် မန်ကျည်းပင် တက်သည်၊ မတက်နိုင်သောကြောင့် ခြေမကို ငါကိုင်၍ ပစ်လျှင် မကျည်းပင်ထက်သို့ ရောက်၍ မန်ကျည်းသီးကို လေးငါးခြောက် တင်း ဆွတ်၍ ရလျှင် မဆင်းနိုင်၊ အိမ်မှာ လှေကားကိုယူ၍ ထောင်ပြီးမှ မန်ကျည်းသီးကို ယူခဲ့ပြီးမှ ဆင်း၍လာခဲ့သည်၊ ယုံပါ စဟု မေးလျှင်ယုံပါ၏ဟု ဆိုလေသည်။သူငယ်တယောက်က ပြော သည်မှာ ငါသည် ငါးစားချင်သောကြောင့် ရေထဲမှ ငါးငုပ်၍ ရလျှင် ငါးတကောင်လုံး မယူနိုင်၍ ရေထဲတွင် မီးနှင့်ဖုတ်ပြီးမှ ကျက်လျှင် ငါးကိုစား၍ ဝမှ ငါလာခဲ့သည်။ ယုံပါစဟု မေးလျှင် ယုံပါ၏ဟု ဆိုသည်။ သူငယ်တယောက်က ပြောသည်မှာ တို့မိဘ အိမ်သည် ကြီးမြင့် လှသောကြောင့် အိမ်တွင် ကျွန်မ ပြည့်ဝ ကိုယ်ဝန်ရင့်မာ၍ မီးဖွားရာတွင် သူငယ်သည် ကြမ်းပေါက်သို့ ကျလေသည်။ ထိုသူငယ်လည်း ခေါင်းမှာ ဆံပင်ဆွတ်ဆွတ်ဖြူမှ အောက်သို့ရောက်သည်။ ထိုသူငယ်သည်လည်း မသေ မကျိုး မပဲ့။ သည်စကားကို ယုံပါစဟု မေးလျှင် ယုံပါ၏ဟုဆိုသည်။ထိုသူငယ် လေးယောက်တို့သည် ပြောပြီးခါမှ တခါ ငါပြောတော့မည် သင်တို့က နားထောင်ကြဟု ဆို၍ သူအိုက ပြောသည်မှာ ငါ့တောင်ယာတွင် ထိုဝါပင်ကြီးသည် အကိုင်းလေးကိုင်းရှိသည်။ တကိုင်းလျှင် ဝါသီး လေးလုံးသီးသည်၊ ဝါသီးက ပေါက်သည့်

ကလေး သူငယ်ကား လေးယောက် ပေတည်း။ ထိုဝါသီးက ပေါက်သော သူငယ်တို့ကို ကောင်းမွန်စွာ ကျွေးမွေးစေပါး၍ ထားပါသည်။ ထိုသူငယ်တို့သည် အသက် နှစ်ဆယ်ကျော်ခန့် ရှိလျှင် ထွက်ပြေးတိမ်းရှောင်၍ သွားလေတော့သည်။ လိုက်လံ ရှာဖွေသော် ယခုမှ တွေ့ရပါသည်။ ငါ့ဝါသီးထဲက ပေါက်သော သူငယ်လေးယောက် မှန်ပါသည်။ ငါ့ကျွန်ချည်း ဖြစ်တော့သည်။ တယောက်ကို စိတ္တ၊ တယောက်ကို နန္ဒ၊ တယောက်ကို ကုမ္မာရ၊ တယောက်ကို ဘာသိတ၊ ငါအမည်မှည့်သည်။ မင်းတို့ လေးယောက် ငါ့ကျွန်ချည်းဖြစ်ကြသည်။ ယုံပါစမေးလျှင ယုံပါ၏ဟု ဆိုလျှင်လည်း သက်ကြီးအိုကျွန်၊ မယုံဘူးဆိုလျှင်လည်း ၎င်း သက်ကြီးအိုကျွန် ဖြစ်ဘူးလေသည်။ ဤစကားကဲ့သို့ သူ့စကား ကို ပိတ်မိအောင် ပြောသောစကားမျိုးသည် ရေစစ်ကရေးပြော နည်းစကားမျိုး မည်၏။

## (၁၀) ခက်တင် မောင်းနင်း ပြောနည်း စကားမျိုး။

သူ၏ စကားကို ဟုတ်၏လည်း မဆို၊ မတည်မကျ ပြောသော စကားသည် ခက်တင်မောင်းနင်း ပြောသော စကားမျိုးမည်၏။

စကားပုံမှာ...ရှေးသောအခါ မှူးတော် မတ်တော်များကို လူဆိုးတယောက်သည် အလွန်အကျူး ဆဲဆိုသောကြောင့် ဖမ်းဆီးချည်နှောင် ထောင်းသတ်မည်ပြုသည်တွင် ငါသည် တခြား

မဟုတ် တောင်ဘီလူးဆရာတော်တူ ဖြစ်သည်ဆိုလျှင် မှူးတော်မတ်တော် သားများက ဆရာတော်တူ ဖြစ်သည် မှန်ပေလျှင် မပြုသင့်သေးဟု၊ ထိုသူကို ခေါ်ခဲ့၍ ဆရာတော်ဘုရားထံ ရောက်လျှင် သည်သူသည် ဆရာတော်ဘုရားတူ ဆိုပါသည်၊ မှန်မည် မမှန်မည်ကို အမိန့်တော်ရှိပါဟု လျှောက်လျှင် ဆရာတော်ဘုရားက သည်သူ ငါ့တူမဟုတ်ဖူး ဆိုပြန်လျှင် ဘေးရောက်တော့မည်၊ ဟုတ်၏ဆိုလျှင်လည်း ထိုသူကား ချမ်းသာရ၍ ငါကား မုသားရောက်တော့မည် ကြံ၍ သည်သူသည် ငါ့တူမဟုတ်ဖူးဟု ဘယ်သူဆိုသနည်း ဆို၍ မျက်နှာပိုးသတ်၍ နေတော်မူသည်။ မှူးတော်မတ်တော် သားတော်များ တို့သည် မယူ မဆနိုင် ပြန်၍လည်း မလျှောက်ဝံ့ ဆင်း၍ သွားရလေ၏။ ထို သူသည်လည်း ချမ်းသာရလေသည်။ ဘုန်းတော်ကြီးလည်း မုသားမဖြစ်။ ဤကဲ့သို့ မတင်မကျ ပြောသောစကားမျိုးသည် ဝက်တင်မောင်းနင်း ပြောသောစကားမျိုး မည်၏။

# ၂။ ဥပမာ-စကား။

မှာတန်သောစကားတွင် သံချောင်း၊ ပျော့တန်သောအရေးတွင် ဖယောင်း၊ မြင့်တန်သောအရေးတွင် နေ လ၊ နိမ့်တန်သောအရေးတွင် ကြက်မ၊ ရေရိုးကို ကျင်လည်သော် ရေတိမ်ရေနက်ကို သိလွယ်၏။ မင်းဥစ္စခစားရ၍- မင်းရိပ်မင်းခြည်ကို အသိခက်သည်။ ချီးမွမ်းလွန်သော် မချေငံ၊ ပြစ်တင်လွန်သော် မကျိုးနွံ၊ သစ်ပင်ကြီးရိပ်ခိုသော် အပူပျောက်သည်။ သစ်ပင်ကြီးဖိသော်ဘေးရောက်သည်။ စာသူငယ် ဆင်ပြောင်ကိုမလေး၊ မြေခွေးကျားကို မခန့်၊ အဝင်ကျုံသော် အထွက်ခက်၏၊ အချစ်လွန်သော် အတင့်ရဲ၏၊ ကြက်သွမ်း အစာကောက်သည်ကား-ကျောက်ခဲသလဲစားမိသည်၊ ထက်မြန်လွန်းသော် ခလုတ်ကန်သင်းထိသည်၊ သဒ္ဓါလွန်သော် အပေးအကမ်းကျွမ်းသည်။ ပညာလွန်သော် အပေးအကမ်း ဆွံ့သည်၊ သမာဓိလွန်သော် အမှုမတွင်၊ ဝီရိယလွန်သော် အပြစ်မမြင်။ ကျွန်မလိမ္မာကို အလိုလိုက်သော် ပျက်ပြယ်သည်၊ ယုံကားယုံ၏ အမှုမကုံ၊ အမှုကားကုံ၏ မယုံ၊ ဝရဇိန်လက်နက် မိုးကြိုးစက်ကား တချက်သာသေစေနိုင်သည်။ အရှင်စိုးမင်း မျက်သော်ကား ဆွေခုနစ်ဆက်ပျက်ကြေသည်။ မစွမ်းသန်သည့် ဝန်ညဥ့်ကလွန်၊ လိမ္မာမှ စကား

တတ်သည်၊ ပညာယိုမှ ခွင့်သိသည်၊ စားခြင်း၌ လက်တဆစ်၊ ဆိုခြင်း၌ မှိုကိုးနှစ်၊ သစ်ပင်ထီးသော် လေညှင်းသည်၊ လူထီးသော် ရန်ညှင်းသည်၊ ချစ်သော်မခြားမနား၊ မုန်းသော် ကစဉ့်ကယား၊ ကြောင်လက်သဲကား အခါမဲ့ကို သိုဝှက်သည်၊ အရေးရှိမှ ထွက်သည်။ လူလိမ္မာကား အခါမဲ့ကို သိုဝှက်သည်၊ အရာရောက်မှ ပေါ်ထွက်သည်။ သားသမီးမရှိသေက ကျွန်မရှိသေ။ ကျွန်မရှိသေက အရပ်ကို မခိုင်းမနိုင်၊ ကျွဲနွားရိုင်းသော် ကြိုးတိုင်လည်၏။ ကျေးကျွန်ရိုင်းသော် အမှုကျယ်၏၊ကျွန်မိုက်ကို အရှေ့ဝင်သော် အရိုသေတန်သည်၊ ကျွန်လိမ္မာကို အရှေ့ဝင်သော် အရှင်ကို ကျိုးနွံသည်၊ မြွေအစွယ်ကား ဒဏ်ရာချက်ငယ်သည်ဟူ၍ မလေးသော် သေဆုံးတတ်သည်။ မင်းမျိုးမင်းနွယ်ကို ‘ငယ်သည်ဟူ၍ မလေးမခန့်သော် ပျက်စီးပြုန်းတီးကတ်၏။ တံငါကိုအိမ်ဘက်ပြုသော် အိမ်ပျက်၏၊ လူမိုက်လူရူးကို နှစ်သက်သော် အမှုထွက်၏။ ကျားချင်းကိုက်ရာမှာ သမင်ကူမှားသည်။ မြွေနေသောတွင်းကို ခွေးအနံ့ရှုမှားသည်။ အမိုက်ကိုမွေ့သော် မြွေတွေ့သည်။ လူမိုက်ကိုစေသော် ရန်တွေ့သည်။ အရာကောင်းသော် တသက်၊ အနေကောင်းသော်တချက်၊ အရှင်စိုးမင်း မျက်သော် တနေ့ချင်းပျက်စီးသည်။ လူသတင်းကို လူချင်းဆောင်သည်။ ပန်းသတင်းကို လေညှင်းဆောင်သည်။ သားသမီးမကောင်းသော် အမိအဖအမျိုးယုတ်သည်။ ကျေးကျွန် မကောင်းသော် အရှင်သတင်းပုပ်သည်။ ရေတိမ်ရေနက်ကို သိလိုသော် ကြာပင် ကြာရိုးကိုမြင်သဖြင့် သိလွယ်၏၊ ရေဆိပ်ပွဲတည်မကောင်းလျှင် ကုန်သည်တို့ပြောသည်၊ ကင်းမကောင်းသည်ကို လှေသွား လှေလာတို့

ပြောသည်။ မယားမကောင်းသည်ကို ကျွန်အစေခံတို့ ပြောသည်၊ တရားသူကြီး မကောင်းသည်ကို အမှုသည်တို့ ပြောသည်၊ ပြည်ရွာကျပ်အုပ်ခြင်း ရွာသူကြီးမကောင်းသည်ကို ရွာသားတို့ ပြောသည်၊ ရဟန်းသည် မင်းကျင့် ကျင့်သော် သီလညစ်နွမ်းသည်၊ မင်းသည် ရဟန်းကျင့်ကျင့်သော် စီးပွားလစ်ဟင်းသည်၊ မိန်းမကောင်း ပြည်တန်ဆာမကဲ့သို့ ကျင့်သော် လင်ကောင်းမရ၊ ပြည့်တန်ဆာမ မိန်းမကောင်းကဲ့သို့ ကျင့်သော် လာဘ်မရ။ ခလုပ်ထိမှ အမိတသည်၊ အလုပ်ရှိမှ သိရှိသည်။ သားရေပေါ်တွင် အိပ်သောခွေး သားရေနားကို စားသည်၊ ငှက်ပျောပင်ရိပ်တွင် ခိုသောကျွဲ ငှက်ပျောပင်ကို ခတ်သွဲ့သည်။ ညောင်ပင်ကဲ့ကို အမြိုကို ဖျက်သည်၊ တောမျှောက်ကို သန်လျက်ပေး၍ အိပ်ရာစောင့် အထားမှားသည်၊ ရွှေမရှိသောဘုရားကို လူမရိုသေ၊ အဝတ်တန်ဆာညစ်နွမ်းသော မင်းတို့သည် ကြက်သရေမရှိ၊ အခွေ့ခင်ပွန်း နည်းသောသူတို့သည် အကြံမရှိ၊ ယောကျ်ားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော် မခံနိုင်။ တသောင်းအားနှင့်ယူသော် မရ၊ တယောက်အားနှင့်ယူသော် ရ၏။ လာမည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်ရသည်၊ မခေါ်ခင်က ရောက်နှင့်သည်၊ မဆိုခင်က ကြောက်နှင့်သည်၊ မမေးခင်က ထောက်နှင့်သည်၊ မငေါက်ခင်က ငိုနှင့်သည်။ နီးသော် တကျက်ကျက်၊ ဝေးသော် တသက်သက်၊ လူမိုက်နိဗ္ဗာန် ချမ်းသာကို ကြောက်မှားသည်၊ ကြောင်ရှေ့တွင် ကြွက်မြူးစားသည်၊ ကျောက်ဂျာမှာ ဝက်တူးစားသည် နွားသူငယ် ကျားမကို အမိမှ၍ ကပ်မှားသည်၊ သူ့သားကိုချစ်သော် မှုံကုန်သည်။ သူ့မယားကို ချစ်သော်

ကွမ်းကုန်သည်။ အပ်သွားရာကို ပေါက်ဆိန်မဝင်၊ ပေါက်ဆိန်ရာမှာ အပ်သွားမရောက် မိကျောင်းကို ရေကူးသင်သည်၊ မုဆိုးကို သားထိုးသင်သည်၊ မြေဖြူခဲကို ထုံးပြု၍ကွမ်းနှင့် စားသော် ကွမ်းရေမလှ၊ ခပ်ပြာကို ရွှေနေရာမှသုံးသော် အရောင်မလှ၊ လူလိမ္မာကို အခွင့်ပေးသော် အရေးလှ၏၊လူမိုက်ကိုအခွင့်ပေးသော် အရေးမလှ၊ ချစ်ယောင်ဆောင်၍ သေအောင်ကြံသည်၊ ဆင်ချည်သောကြိုးနှင့် ကြက်ချည်သော် မမြဲ၊ ကြက် ချည်သောကြိုးနှင့် ဆင်ချည်သော်မခိုင်။ တောစပါးကို လိုသော်အိမ်စပါးနှင့် ရင်းရမည်။ လှေမျှောလျှင် လှေချင်းလိုက်ရမည်၊ တောကြက်ကို လိုသော် တိန်ညင်ကြက်နှင့် တည်မှ ရသည်။သူမနာလိုသော် မဆိုနှင့်၊ မဝင်လိုသော် မမျှိနှင့်၊ အကျီစားတန်က ရန်ဖြစ်တတ်သည်၊ အလိုကြီးက အရနည်းသည်၊အရနည်းကလက်ချည်းရှိသည်၊ ပညာရှိသည်ဟူ၍ ကိုယ်တည်းမကြံရာ။ ။ယင်းသည့်စကားမျိုးတို့ကို ပညာနှင့် ဝေဘန်ရန်၊ အဖန်ဖန်ဖတ်ရှု၍ သတိပြုရန် သင့်လှပေတော့သည်။ ။

## ၃။ စကားကြီး ခြောက်ခွန်း။

(၁) မဟုတ်မမှန်၊ အကျိုးစီးပွားမရှိ၊ သူတပါးလည်း မနှစ်သက်သော စကားတခွန်း။

(၂) ဟုတ်မှန်၏၊အကျိုးစီးပွားမရှိ၊ သူတပါးလည်း မနှစ်သက်သော စကားတခွန်း။

(၃) ဟုတ်မှန်၏၊ အကျိုးစီးပွားရှိ၏၊ သူတပါးမနှစ်သက်သော စကားတခွန်း။

(၄) မဟုတ်မမှန်၊ အကျိုးစီးပွားမရှိ၊ သူတပါး နှစ်သက်သော စကားတခွန်း။

(၅) ဟုတ်မှန်၏၊ အကျိုးစီးပွားမရှိ၊ သူတပါး နှစ်သက်သော စကားတခွန်း။

(၆) ဟုတ်မှန်၏၊ အကျိုးစီးပွားရှိ၏၊ သူတပါးနှစ်သက်သော စကားတခွန်း။

ဤစကားခြောက်ခွန်းတို့တွင် တတိယစကားနှင့် ဆဋ္ဌမ စကားနှစ်ခွန်းကိုသာလျှင်၊ သဗ္ဗညု မြတ်စွာဘုရားသည် မိန့်ဆိုတော်မူ၍ ကြွင်းသောစကားလေးခွန်းကို မည်သည့်အခါမျှ မိန့်ဆိုတော်မမူကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ လာရှိပါသည်။ ထို့ကြောင့်

ပညာရှိ သူတော်စင်တို့သည် ထို(၂)ခွန်းသော စကားကိုသာလျှင် အသုံးပြုကြသည်။ 'စကားခြောက်ခွန်း လူ့ဥ္စထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်' ဟု ပညာရှိတို့ လင်္ကာ စပ်ဆိုခဲ့ကြသည်။ လောကီသားတို့မှာ ခြောက်ခွန်းသော စကားကိုပင် ပြောဆိုကြကုန်သတည်း။

တစ်မှတ်စကားမှာ သီလရှိသူကို သီလမရှိဟု ပြောဆိုခြင်း၊ သမာဓိရှိသူကို သမာဓိမရှိဟု ပြောဆိုခြင်း၊ အတတ်အလိမ္မာနှင့် ပြည့်စုံသူကို လူမိုက်လူမလိမ္မာဟူ၍ ပြောဆိုခြင်း၊ သူတောင်းစား မဟုတ်သူကို သူတောင်းစားဆိုခြင်း၊ ကျွန်မျိုး ကယ်ပါမျိုး မဟုတ်သူကို ကျွန်မျိုး ကယ်ပါမျိုး ပြောဆိုခြင်း၊ မုဆိုး တံငါ မဟုတ်သည်ကို မုဆိုး တံငါဟု ပြောခြင်း၊ ဒွန်းစဏ္ဍား မဟုတ်သည်ကို ဒွန်းစဏ္ဍားဟု ပြောဆိုခြင်း စသော အမှုတစုံတခုကို ပြောမိဆိုမိသော် ဟုတ်လည်းမဟုတ်၊ သူလည်းမနှာလို၊ ကိုယ်လည်း အကျိုးမရှိသောကြောင့် ဤစကားကို မသုံးသင့်၊ ပယ်သင့်သည်။

နှစ်မှတ်စကားမှာ သီလမရှိသည်ကို သီလမရှိဟု ပြောဆိုခြင်း၊ အကျိုးကို အကျိုး၊ အကန်းကို အကန်း၊ မုဆိုးတံငါကို မုဆိုးတံငါ၊ ပြည့်တန်ဆာမကို ပြည့်တန်ဆာမ၊ လူမိုက်ကို လူမိုက်၊ မလိမ္မာသူကို-လူမလိမ္မာ၊ လူအ ကို လူအ၊ လူနုံကို လူနုံ၊ အရက်သမားကို အရက်သမား၊ ဘိန်းစားကို ဘိန်းစား၊ သူခိုးကို သူခိုး၊ ဓားပြကို ဓားပြ၊ လူလိမ်လူဝါကို လူလိမ်လူဝါ စသည်ဖြင့် ဟုတ်မှန်သည့်အတိုင်း ပြောဆိုသော် ဟုတ်လည်း ဟုတ်၏၊ သူလည်းမနှာလို၊ ကိုယ်လည်း အကျိုးမရှိသောကြောင့် ဤစကားကို မသုံးသင့်၊ ပယ်သင့်သည်။

သုံးမှတ်စကားမှာ မကောင်းမှု ဒုစရိုက်တို့ကို မပြုကျင့်ရ၊ ကောင်းသောသုစရိုက်ကို ပြုကျင့်ရမည်ဟု ပြောဆိုသော စကား၊ မကောင်းသော ဒုစရိုက်ကို လိုလားအားထုတ်လျှင် အပါယ် လေးပါးသို့ လားအံ့ရန် အကြောင်းကို ပြောဆိုသော စကား သည် ဟုတ်လည်း ဟုတ်၏၊ အကျိုးလည်း ရှိ၏၊ သူတပါးကမူကား မနာလို။ ဤစကားကိုကား မပယ်သင့်၊ ယူသင့် သုံးသင့်၊ ပြောသင့် ဟောသင့်၊ တင့်တယ်ကောင်းမြတ်သော စကား ဖြစ်၍ အမြဲ သုံးစွဲရပေမည်။

လေးမှတ်စကားမှာ ရွှေယုန်ရွှေကျား၊ သက်ငယ်ရိတ်သွား ဆိုသော စကားပုံ၊ နွားမကြီး၏အကြောင်း၊ ဆင်၏အကြောင်း၊ ခွေး-ကြောင်-ကျား-ငန်း-မြွေတို့၏အကြောင်း၊ ခရု အမွေးမရှိ သည့်အကြောင်း၊ ငါးတို့သည် ရေထဲနေသည့်အကြောင်း၊ ပဲထွေး၊ ပဲသီတာ၊ ဒန္တာရီ စသော လီလီလာလာ၊ တီတီတာတာ၊ ပေါ့ပျက်ပြိန်ဖျင်းသော စကားတို့ကို ပြောဆို သင်ကြား ပြသ ခြင်းတို့သည် ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ၊ မသိမလိမ္မာ သော သူတို့ အလိုဆန္ဒဖြစ်သော ဤစကားမျိုးတို့ကို မပြော မဆိုအပ်၊ မသုံးစွဲအပ်၊ ပယ်သင့်ပေသည်။ (ဤရှင်းလင်းချက်သည် ဒန္တာရီပုံပြင်နှင့် ပြိန်ဖျင်းသော စကားတို့ကို ပြောဆိုခြင်းကို ဖွင့်ဆိုပြခြင်း ဖြစ်ပေသည်။ လောကီသားတို့ ဗဟုသုတအလို့ငှာ ပြောဆို လေ့လာ မှတ်သားအပ်သော အကြောင်းအရာများနှင့် မဆိုင်။)

ငါးမှတ်စကားမှာ စစ်တိုက်စကား၊ ခိုးသူစကား၊ ဓားပြတိုက် စကား၊ ခရီးသွားစကား၊ ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူးသော

စကား၊ တစ္ဆေစကား၊ စုန်းစကား၊ နတ်စကား၊ သည်ယောကျ်ား လှသည်၊ သည်မိန်းမ လှသည်၊ မုဆိုးတော သွားစကား၊ တံငါ ငါးရှာစကား၊ သည်သူ ငွေပေါများသည်၊ သည်သူ ဆင်–မြင်း–ကျွဲ နွား လယ် ခြံ ပေါများသည်၊ ကြွယ်ဝသည် စသည်ဖြင့် ပြောဆိုသော စကားများသည်ကား ဟုတ်လည်း ဟုတ်၏၊ သူလည်း နာလို၏၊ ကိုယ်လည်း အကျိုးမရှိသောကြောင့်၊ ဤ စကားမျိုးကို မပြောမဆိုအပ်၊ ပယ်သင့်ပေသည်။ (သူ့သဘော ကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေဟု–ဆုံးမစာ တစောင်တွင် ဖော်ပြထားသည်ကား အပြစ်မရှိ မဆန့်ကျင်သည်ကိုသာ ပမာန လိုရင်းသားရန် သင့်ချေသည်။)

ခြောက်မှတ်စကားမှာ ပရိသတ် လေးပါးတို့အား တရား စကား ဟောပြောခြင်း၊ သမာအာဇီဝဖြစ်အောင် လုပ်ကိုင် ဆောင်ရွက်ရန် ညွှန်ပြခြင်း၊ ပရဟိတ သုတပါးအကျိုး၊ အတ္တ ဟိတ၊ မိမိအကျိုး ဖြစ်ထွန်းအောင် ဟောပြော ညွှန်ပြခြင်း၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုံးဆယ်ရှစ်ပါး အပြားရှိသော အသေဝနာစ ပုဒ်မှ–အာရတီဝိရတီပုဒ်တိုင်အောင် နှစ်ဆယ့်တစ်ပါးရှိသော လူတို့ကျင့်စဉ်တရား၊ ဂါရဝေါစပုဒ်မှ– တပေါစပုဒ်တိုင်အောင် တဆယ့်သုံးပါးရှိသော ရဟန်းတို့ ကျင့်စဉ်တရား၊ ဖုဋ္ဌဿပုဒ်၌ ဈာန်ရ ရဟန္တာတို့၏၊ ခံစားရသော တရားလေးပါးတို့ကို ခွဲခြား၍ ဟောပြောညွှန်ပြခြင်း၊ သာဝတ္ထိ ဆန်းဂိုဏ်း ၂၄ လုံးရှိသော သရဏဂုံ (၃) ပါးကို နေ့ရာ ကျအောင် ဆည်းကပ် ကိုးကွယ်တတ်စေရန် ညွှန်ပြ ပြောဆိုခြင်း

စသော စကားတို့သည် ဟုတ်လည်း ဟုတ်၏၊ သူလည်း နာလို၏၊ ကိုယ်လည်းအကျိုးရှိ၏၊ ထို့ကြောင့် ဤစကားကို ယူသင့် ပြောသင့် ဟောသင့် သုံးသင့်၊ တင့်တယ်ကောင်းမြတ်သော စကား ဖြစ်၍ အမြဲ ပြောဆိုသင့် မှတ်သားသင့်လှသည်။

**ဤကား စကားကြီး ခြောက်ခွန်းပေတည်း။**

# ၄။ ပေါက်ကံမောင်ချို စကားပုံ။

ရတနာသုံးပါးကို ကြည်ညို ရိုသေလေးမြတ်ခြင်း၌ လည်ဝယ် ဝတ်ဆင်သော အဘိုးအနဂ္ဃထိုက်သော ပုလဲကုံးရတနာကဲ့သို့။

ဥစ္စာရှာခြင်း၌ အာယုကပ်ပတ်လုံး စားသုံးနေရမည်ကဲ့သို့။

လှူဒါန်း ပေးကမ်းခြင်း၌ ရေပြည့်အိုးကို မှောက်သွန်ဘိသကဲ့သို့။

ပညာကို ရှာခြင်း၌ တောမုဆိုးသည် သားရှိရာ အရပ်ဝယ် ပျပ်ဝပ် ကျိုးနွံဘိသကဲ့သို့။

ဝီရိယရှိခြင်း၌ တောမျောက်သည် မြေပျောက်မည်အထင်နှင့် မြေပြင်ကို တည့်ခို့ သုံးခါ အိပ်ရာမှထ၍ စမ်းဘိသကဲ့သို့။

သူတပါးဥစ္စာဖြစ်လေက စွန့်ပစ်သော တံတွေးပေါက်ကဲ့သို့။

သူ့မယားကို ယှဉ်ပါးခြင်း၌ လူသတ် ယောကျ်ားသည် လည်ဝယ်တင်ထားသော ဓားရှိသကဲ့သို့။

သုရာမေရယ စသည်၌ အဆိပ်ပြည့်သော ရေကဲ့သို့။

မုသာဝါဒ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၌ မြေကိုလက်ခတ်မလွဲ အမြဲ ကျရောက်အံ့သကဲ့သို့။

ပါဏာတိပါတ စသည့်၌ တယောက်ထည်းသော သားကို အမိစောင့်ရှောက်သကဲ့သို့ ကြဉ်ရှောင်ကုန်ရာသည်။

အသုံးကြီးသော် မပြီးစီး၊ စကားလုံးကြီးသော် အချည်းနှီး၊ အကြံရှိသော် ပြီးမြောက်သည်၊ ဝီရိယရှိသော် ခံစားရသည်၊ ဉာဏ်ရှိသော် အမှန်အကန်ကို သိမြင်ရသည်၊ သင်ကြားသော် တတ်မြောက်သည်၊ မယဉ်ရှားသော် နောက်လိုက်ရသည်၊ ငါး တကောင်ပုပ်သော် လှေလုံးပုပ်သည်။ တယောက်မကောင်းသော် အားလုံး အများပျက်စီးသည်။ တယောက်ကောင်းသော် အပေါင်းချမ်းသာသည်။

အမှိုရှိသော် အတည်ရသည်။ တရားသိသော် အမှားကို ပြနိုင်သည်။ အမှန်ရှိသော် အဘည့်အလင်း သိရသည်။ မအိပ်မနေ အသက်ရှည်၊ မေးဖန်များ စကားရ၊ သွားဖန်များ ခရီးရောက်၊ အချည်မခိုင် အစည်တိုင် အမည်မပိုင် ခန္ဓာအိုင်။ သက်ရှိကိုးက တမျိုးထင်သည်၊ မေတ္တာရှိက အလှန်လှ၊ ဥစ္စာမှာ ဉာဏ်၊ အသက်မှာကံ၊ သဒ္ဓါလွန်သော် ရာဂ၊ ပညာလွန်သော် ဇာဂ၊ ဝီရိယလွန်သော် ဥဒ္ဓစ္စ၊ ဥစ္စာလွန်သော် မာန၊ ချမ်းသာ လွန်သော် ရာဂ၊ အသုံးလွန်သော် ဒါသ၊ အဖိတ်လွန်သော် ဠဏ၊ အစားလွန်သော် ဘယ၊ အအိပ်လွန်သော် မောဟ၊ အဝများစွာလွန်သော် ဇီဝိဘ၊ ထတ်သိလိမ္မာ ပညာရှိသည်မှန်စေ၊ ရေးကြီးခွင့်ကျယ်ရှိက ထွက်မြောက်နိုင်ခဲ့သည်၊ ချစ်သည် ခင်သည် ကြင်သည် ကျွမ်းသည်မှန်စေ၊ အမှုရှိက ထောက်ပံ့ကူညီသူ ရခဲသည်၊ ဥဘ္ဘာရဘနာ ကုံထံကြွယ်ဝ ပြည့်စုံသည်မှန်စေ၊ လူ့ဒါန်း ပေးကမ်း စွန့်ကြဲခဲ့သည်။ ဒါနသီလ အကျိုးအပြစ်ကို အသိအမြင်

အသင်အကြား ရှိသည်မှန်စေ၊ ကျင့်ဆောင်နိုင်ခဲ့သည်၊ အဝတ် အစား အသုံးအဆောင် အဆောက်အဦ ပြုစုကျွေးမွေး ပေးကမ်း စားသောက်ရသည်မှန်စေ၊ သူ့ကျေးဇူး သိခဲ့သည်။နေ့ညဥ့်မပြတ် အမြန်တသဲလဲ ဆည်းကပ်မပြတ် သွားလာသည်မှန်စေ၊ မင်းစိတ် မင်းရိပ်ကို သိခဲ့သည်။ ရာကြီးထူးကြီးကို သိမ်းပိုက်ရသည် မှန်စေ၊ ကိုယ်ပို ဝေခြမ်းစုံစမ်းထောက်မျှော်ခဲ့သည်၊ သူ့အသက် သူ့ဥစ္စာ၊ သူ့အိမ်ယာကို ကြည်ရှောင်ပါ၏ဆိုစေ၊ အခွင့်သာလျှင် ရှောင်နိုင် ခဲ့သည်။တော်တည့်မှန်ကန် တရားသဖြင့်ကျင့်ပါ၏ဟုဆိုစေ၊သစ္စာ မှန်ခဲ့သည်၊ ရဲရင့်တည်ကြည်ခြင်း ရှိပါ၏ဆိုစေ၊ ရန်သူတွေ့က ရှုံ့စားခဲ့သည်။ မမြင်ရာသည် ဆေးသမား၊ မကြားရာသည် တရားသူကြီး၊ မနှိုးနှောရာသည် မင်းလုလင်၊ မတိုင်ပင်ရာသည် ရှေ့နေရှေ့နပ်၊ မစေအပ်ရာသည် မိန်းမလျှာ၊ မလာမသွားရာသည် နတ်စင်၊ မထင်ပေါ်ရာသည် လူသမား၊ တရားမစောင့်ရာသည် သူ့မြီးစား၊ မသိသားရာသည် ကျောင်းဥစ္စာ၊ မပါမဝင်ရာသည် ခိုက်ရန်ပွဲ၊ မဆွဲမငင်ရာသည် ရဟန်းပုဏ္ဏား၊ မပွားမစီး မကြီး ရာသည် ကိုယ်ရောဂါ၊ ပညာကိုလိုသော် မပျင်းနှင့်၊ ဥစ္စာကို လိုသော် မငြင်းနှင့်၊ ဘေးကို ရှောင်သော် ရန်သူ့ဘောင်သို့ မချဉ်းနှင့်၊ အပျင်းကြီးသော် အဖော်မရ၊ အစားကြီးသော် သူ့နောက်ကျ၏၊ အသွားလျင်သော် အရင်ရောက်၏။ ခရီးလျင် သော် ကြံတိုင်းမြောက်၏၊ အစားပုပ်သော် အလုပ်ကြာ၏၊ အသွားချုပ်သော် နေ့ရက်ကွာ၏၊ အရာမရှိဘဲလျက် ပလွှား သည်၊ ဥစ္စာမရှိဘဲလျက် ဆောင်လွှားသည်၊ ပညာမရှိဘဲလျက် ဝါကြွားသည်၊ ညီညွတ်သည်မရှိဘဲလျက် စွန့်စားသည်၊ ချစ်သူ

မဟုတ်ဘဲလျက် ကစားသည်၊ ခရီးမဟုတ်ဘဲလျက် လာသွားသည်၊ အမှုအခင်းမရှိဘဲလျက် ကျေးမြို့များသည်၊ သူ့မယားကိုချစ်သော် ကွမ်းကုန်သည်၊ သူ့သားကိုချစ်သော် ပန်းကုန်သည်၊ မယားကိုချစ်သော် သူတပါးနှင့် မယုံသည်၊ သားကိုချစ်သော် ပညာပုံသည် အမတ်ကိုချစ်သော် ကိုယ်လုံသည်၊ဥစ္စာကိုချစ်သော် ပြည့်စုံသည်၊ ပညာကိုချစ်သော် အတတ်မျိုးစုံသည်၊ ကျွန်ကိုချစ်သော် အလုံးပုံသည် တရားတတ်၏ မဖြောင့်၊ စကားတတ်၏ မစောင့်၊ တရားတတ်သော် ဖြောင့်ခဲသည်၊ စကားတတ်သော် စောင့်ခဲသည်၊ ပညာရှိသော်လည်း သတိရခဲသည်၊ အမှုရှိမှ အမိကိုတသည်၊ အပေးရှိမှ အဖော်ရသည်၊ အရေးရှိမှ အကျော်ရသည်၊ မင်းကို ချစ်စေလိုသော် လက်ဆောင်၊ ရန်ကိုအောင်စေလိုသော် မေတ္တာ၊ ဆရာကိုချစ်စေလိုသော် ချဉ်းကပ်၊ အရပ်ကိုချစ်စေလိုသော် ပေးကမ်း၊ ကိုယ်ချမ်းသာစေလိုသော် ချိုသာ၊ အရာအထူးကို လိုသော် ပျပ်ဝပ်၊ ဖြောင့် မတ် စေ လို သော် တော်မှန်၊ အကြံကိုလိုသော် နှီးနှော၊ ရောပြွမ်းယှက်တင်လိုသော် မေးမြန်း၊ စုံစမ်းလိုသော် ဆိုင်းလင့်၊ အခွင့်ကိုလိုသော် ချိုသာ၊ ရာကြီးထူးကြီးကိုလိုသော် စောင့်ထိန်း၊ သိမ်းပိုက်စေလိုသော် သည်းခံ၊ သစ္စာမှန်မှ လူသမာ၊ ပညာရှိမှ လူဆရာ၊ ဥစ္စာရှိမှ မှီခိုရာ၊ အရန်အကာရှိမှ ပြည့်စုံရာ၊ လုံခြုံမှ လူလိမ္မာ၊ အကြံကောင်းလျှင် တချက်၊ အနေကောင်းလျှင် တသက်၊ အပွင့်ကောင်းလျှင်တခက်၊ အဆက်ကောင်းလျှင် တနွယ်၊ ဝယ်တတ်မှ မြတ်သည်၊ လာဘ်ရှိမှ ပေးနိုင်သည်၊ အထိန်းအသိမ်းရှိမှ ဥစ္စာပြန့်ပွားသည်၊ စကားငြိမ်သက်မှ အချက်နည်းပါသည်၊ အစည်းအရုံးရှိမှ အမြတ်အစွန်း

မြင်သည်၊ အသွင်အပြင်ရှိမှ လူရိုသေသည်၊ အနေအထိုင် ကျစ်လျစ်မှ ချစ်သနားသည်၊ စွန့်စားမှ ဥစ္စာရသည်၊ ချစ်ခင်မှ မြှောက်စားသည်၊ အရည်အသွေးရှိမှ စည်ပင်သည်၊ စည်ပင်မှ သုံးလောက်သည်၊ ကြောက်ရွံ့မှ အမှုပြီးသည်၊ အကြီးအအုပ်ရှိမှ ငြိမ်သက်သည်၊ အခက်အလက်ပြန့်ပွားမှ အလိုရှိတိုင်းရသည်၊ အဆိုအပြော ပြေပြစ်မှ ချစ်ဖွယ်ရှိသည်၊ အညစ်အကြေးကင်းမှ သန့်ရှင်းသည်၊ အတွင်းဥစ္စာရှိမှ အပဆောင်နိုင်သည်၊ အကောင် အထည်ရှိမှ ဝပြောသည်၊ အရောက်အလာရှိမှ အကျွမ်းဝင်သည်၊ အရှင်လေးမြတ်မှ ခန့်ငြားသည်၊ အရေးအသားရှိမှ သားမြေး တင့်တယ်သည်၊ အကျင့်ကောင်းမှ သူမြတ်ချစ်သည်၊ အကျစ် အလျစ်ရှိမှ ဥစ္စာတည်သည်၊ အမျိုးအမည်သိမှ ပေါင်းရာသည်၊ လာမည့်ဘေးကိုအဝေးကရှောင်မှ ကင်းငြိမ်းရာသည်၊အရန်အကာ ရှိမှ လုံခြုံသည်၊ ယုံကြည်မှ အခွင့်ပေးသည်၊ ဆိုရေးဆိုဆစ်ကို သိမှ စကားတတ်သည်၊အကျဉ်းအကျပ်ကို သိမှ အလေ့အကျင့်ကို သိသာသည်၊ ပညာရှိက မာနအားကြီးသည်၊ ဥစ္စာရှိက မောက်မာ သည်၊ ပညာရှိက သတိဖြစ်ခဲသည်၊ ဥစ္စာရှိက သတိဖြစ်လွယ် သည်၊ အမျိုးမှန်လျှင် ဉာဏ်ရင့်သည်၊ တန်ခိုးသန်လျှင် အကြံ ဖင့်သည်၊ အခြေကား၍ စကားများသည်၊ အနေမှား၍ မတရား အားကြီးသည်၊ ထုံးစံရှိက သတိလွယ်သည်၊ ဥစ္စာရှိမှ ကတိ တည်သည်၊ ဥစ္စာမရှိက ကတိမတည်၊ အသွားအရှိလာမှ အကျွမ်း ဝင်သည်၊ ယုံကြည်မှ အခွင့်ရသည်၊ ကြောက်ရွံ့မှ ပြီးမြောက် သည်၊ ပြေပြစ်မှ ချစ်ဖွယ်ရှိသည် လိမ္မာမှ ချေသည်၊ အပေါင်း ကောင်းမှ အကြောင်းမျှသည်၊ အသွားရှိမှ အလာရှိသည်၊

ဆွေကောင်းမှ အကြောင်းမျှသည်၊ မျိုးကောင်းမှ အကြောင်း
လှသည်၊ မိဘကောင်းမှ မနှောင်းရသည်၊ လင်သားကောင်းမှ
အရှည်စံရသည်၊ ဆွေကောင်းလျှင် တစလယ်၊ မျိုးကောင်းလျှင်
တယောက်မ၊ မိဘကောင်းလျှင် အရှိန်ခံ၊ လင်ကောင်းမှသာ
စံရသည်၊ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး၊
အကျိုးကို လိုသော်လည်း အပြစ်မြင်မှ အကျော်သတင်းရှိ၏၊
မြဲစွဲမှအရောင်ရှိသည် မစူးစမ်းမှ အပူအချမ်းခံ၏၊ ပြုစုမှ အမှုကား
ကုန်၏၊ ယုံကြည်မှ ပုံတည်၏၊ လူရိုသေအောင်ကျင့်မှ အခွင့်ကို
ပေး၏၊ အခွင့်ပေး၏ ဆိုရေးဆိုဆစ်ကို မသိ၊ မိမိကား သိမ်းထား
၏ မယားကြောင့် မပျော် လှော်ကားလှော်၏ လှေကားမပြေး၊
ဆိုရေးဆိုဆစ်ကို သိ၏ အခွဲအခြမ်းမရှိ၊ အဂတိသို့ မလိုက်ပါဟု
ဆို၍ နှုတ်ပေးသွန်သင်ပြုသည်၊ ဒမှုအခင်းမရှိဟု ဆို၏ အခေါ်
အချမျှားသည်၊ မယားကို မနိုင်စေနှင့်၊ ကျေးကျွန်ကို မယိုင်
စေနှင့်၊ သစ်ပင်ကို မချိုင်စေနှင့်၊ လျှို့ဝှက်သောစကားကို မလှိုင်
စေနှင့်၊ ရန်သူကို မဆိုင်စေနှင့်၊ မင်းကို မပြိုင်လေနှင့်၊ ပိုင်ကား
ပိုင်၏ အခွင့်အရာကိုမသိ၊ ဥက္ကာရှိလျက် မပေးလှူ၊ လူအရည်ကား
ကောင်း၏ မစောင့်ထိန်း၊ ငြိမ်းကားငြိမ်း၏ ကုသိုလ်မဖြစ်၊
အစစ်အမေးတတ်၏ ဓမ္မသတ်ကို မကျွမ်း၊ ဆိုလမ်းဆိုဆစ်ကို သိ၏
မျက်နှာမရှိ၊ မျက်နှာရှိသော်လည်း ပညာမရှိက လောဘနိုင်ငံသို့
လိုက်သည်၊ မရိုက်မီက ငိုနှင့်သည်၊ မလာမီက ကြိုနှင့်သည်၊
မပြောမီက ဆိုနှင့်သည်၊ မစားမီက မျိုနှင့်သည်၊ မချေးမီက
လိုနှင့်သည်၊ မြင်းကားမလှုပ် ခုံတိုင်လှုပ်၊ အိုးကားမဆူ ပုံးခွက်ပူ၊
ဒယှုမတတ် မဖြောင့်မတ်၊ စကားတတ်၏ ပါဋ္ဌ်ကား မပြေ၊

အနက်ပြေ၏၊ ဆိုလေသမျှ တိုသူ့ကသည် လောဘ[illegible]ပ်ကာ ပညာရှိမှတ်၊ သိတတ်နာပူ၊ ကြည်ဖြူလှဂွာ ဤသည့်စာကို၊ ကြားကာခဏ၊ သတိရအောင်၊ မော်ကွန်းဆောင်သည်၊ တန်ဆောင်ဆီမီး ပမာတည်း။

ပေါက်က မောင်ချို စကားပုံ ပြီး၏။

# ၅။ ကျည်းကန်ရှင်ကြီး-စကားပုံ။

ချစ်သည်၊ ခင်သည်၊ ကြင်သည်၊ ကျွမ်းသည်မှန်စေ- ရန်သူတွေက စွန့်ခဲ့သည်။ သားချင်းပေါက်ဖော် နီးစပ်သည်မှန်စေ- ပေးကမ်းခဲ့သည်။ မြဲစွာခယမ်း၍ ထမ်းရွက်သည်မှန်စေ-အရှင့်အကျိုးကို ဆောင်ခဲ့သည်။ ကြိုးကဲ့သည်မှန်စေ-ညီညွတ်အောင်စီရင်ခဲ့သည်။ ပညာရှိသော်လည်း- သတိရှိခဲ့သည်။ အပေးရှိမှ အဘော်ရသည်၊ အရေးရှိမှ အကျော်ရသည်။ အစကောင်းမှ အနှောင်းသေချာသည်။ ကြောင်တကောင် အတွက်ကြောင့်-ကြွက်တမြို့ကုန်ရသည်။ အလာရှိမှ အသွားရှိသည်။ အမြော်အမြင်ရှိမှ ဆင်ခြင်သည်။ အကြောင်းရှိမှအချစ်-အမြစ်ရှိမှ အပင်၊ အထင်ရှိမှ အတွေး၊ အမေးရှိမှ အဖြေ၊ အသေအချာရှိမှ အမြဲ၊ အစွဲအလမ်းရှိမှ တည်တံ့သည်။ အရန်အကာရှိမှ လုံခြုံသည်။ အယုံအကြည်ရှိမှ အမှုပြီးသည်။ အဆီးအတားရှိမှ ဘေးရန်နည်းသည်။ အစည်းအရုံးရှိမှ ကြောက်ရွံ့သည်။ အခွန်အတုတ်နည်းမှ အရောင်းအဝယ် သာယာသည်။ အလာအရောက်ရှိမှ စည်ပင်သည်။ အရေးရှိမှ အရာသို့ ရောက်သည်။ အကြောက်ရှိမှ အရှက်ပါသည်။ ကံကြမ္မာမြှောက်စားမှ စီးပွားဖြစ်သည်။ အကျစ်အလျစ်ရှိမှ ထိန်းသိမ်းသည်။ စိတ်ငြိမ်းမှ ကိုယ်ချမ်းသာသည်။

ပညာရှိမှ ထင်မြင်သည်။ အသင်အကြားရှိမှ မှတ်သားမိသည်။ အတတ်မျိုးစုံမှ ကံပေးသည်။ အသွေးအဆင်းလှ၍ အကျင့်ကယုတ်သည်။ ထင်ရှား၏ စကားမဟုတ်။ အလုပ်အဆောင်ကောင်း၏ အပေါင်းစိတ်နှင့် မပြည့်စုံ။ ဂုဏ်သတင်းရှိ၍ မတတ်။ မရပ်မနေ လုပ်ဆောင်သည်မှန်၏ အကြံအစည်မရှိ။ ရမိရရာယူ၍ လက်တွင်မမြဲ။ ခွဲခွဲခြမ်းခြမ်းရှိ၍ မစိစစ်။ အမြစ်အခြေရှိ၍ မတည်မရပ်။ စာပေတတ်၍ မပြောမဆိုနိုင်။ ဆိုပိုင်၍ အစိုးမရ။ စကားတတ်၍ မတည်။ အမျိုးအမည်မှန်၏ လူမကြိုက်။ အစိုက်အပျိုးကောင်း၏ မစည်ပင်။ ပွဲသဘင်ကြိုက်၍ အရွယ်မဟုတ်။ အယုတ်အမြတ်ကိုသိ၍ မပြုစု။ အနုအကြမ်းမှီ၍ မပေါင်းဘက်။ အထက်ခါရီ မှန်၏ မပေး။ အရေးအမှုရှိ၍ မစေတတ်။ အကြပ်အမတ်မှန်၏ မပြောမဆို။ အပိုအမိုပြု၍ မသုံးနိုင်။ အတိုင်အဖောက်ရှိ၍ မစေသုံး။ အလုံးအစီကောင်း၏ အကြောင်းမလျော်။ ပေါက်ဖော်များ၏ မချစ်ခင်။ အသွင်လှ၏ မလိမ္မာ။ သာယာချောင်၏ သဘောမဖြောင့်။ ထိန်းသိမ်း၏ မလုံခြုံ။ စုံစမ်း၏ မဆင်ခြင်၍ စကားမရ။ မင်းခယောကျ်ားမှန်၏ ကံမရှိ။ သတိထား၍ မဆင်ခြင်။ အရှင်စေသုံး၏ နားမလည်။ အရိပ်အခြေကိုသိ၍ မပြောတတ်။ အမှတ်အသားရှိ၍ လိုခါမရ။ အစကောင်း၏ အဆုံးမတိုင်။ အနိုင်အပိုင်ပြု၍ အရမမှန်။ အကြံကိုသိ၍ မခင်မယင်။ အရှင်ကိုချစ်၍ မဖြောင့်။ ကြောင့်ကြသည်ဆို၍ အမှုမပြီး။ ဂြိုဟ်စီး ဂြိုဟ်နင်းကို သိ၍ မရှောင်။ အပေါင်ဆို၍ အဘိုးမတန်၊ တော်လှန်၍ မဖြစ်။ စိစစ်၍ စကားမထွက်။ နေ့ရက်ကား ရွေး၏ အသွားမတော်။ အပျော်အပါး

ကြိုက်၏ အဝတ်အစားမရှိ။ ပလိဗောဓများ၏ အသုံးကားမတတ်။ မရပ်မနေသွား၏ အကျိုးမရှိ။ မိမိလင်ကား သိမ်းပူထား၏ မယားကြောင့် ကျွန်မပျော်။ သူတော်တရားကို နားလည်၏ တည်ကြည်အောင်မကျင့်။ အခွင့်ရ၏ အထမြောက်အောင်မချွန်။ ကျွမ်းကျင်၏ မကြည့်ရှု။ အစုစုဖြင့်၊ မှတ်ရှုဘွယ်ရာ၊ မေတ္တာစာကို မချာနေ့ည၊ လေ့ကျက်ကမူ၊ လောကတွင်လည်း၊ မျက်မြင် ကောင်းကျိုး၊ ရွှေထက်တိုးလိမ့်၊ မင်းရိုးမင်းစစ်၊ ဓမ္မရာဇ်လည်း၊ နှစ်နှစ်သက်သက်၊ ရွှေနားရွက်၍၊ လေ့ကျက်လေအောင်၊ မော်ကွန်း ဆောင်သည်၊ ဘုန်းခေါင်မြတ်များ၊ တို့ဘုရားလည်း၊ ကိုယ်စား ရည်ရော်၊ စေတီဟော်ကို၊ ဖူးမြော်သိကြား၊ နဘ်ဒေဝများက၊ ကိုယ်တိုင်မ၍၊ သာသနာ့ဒါယကာ၊ မဟာဓမ္မရာဇ်၊ မင်းဖျား စစ်လည်း၊ အနှစ်တရာ၊ ခန္ဓာမြင့်ရှည်၊ တည်လေသမျှ၊ ရောဂါ ကင်းပျောက်၊ မရောက်ဘေးဒဏ်၊ ရန်လည်းကင်းလွတ်၊ ဥပါဒ် ကြမ္မာ၊ စင်စွာမကပ်၊ ငြိမ်ဝပ်လှစွာ၊ ရွှေပြည်သာ၌၊ ပျော်ပါ ရကြောင်း၊ ထပ်လောင်းဘုန်းတော်၊ တိုးတက် ပေါ်အောင်၊ နိဗ္ဗာန်ဆောင်သည်။ ။ဘုန်းရောင်နေသို့တောက်စေသော်။

# ၆။ ဖိုးသူတော် ဦးနု စကားပုံ။

(၁) ဗုဒ္ဓဘာသာကို တွယ်ရမည်၊ ရုပ်လှတာကို ပယ်ရမည်၊ ဗုဒ္ဓဘာသာကိုတွယ်မှ အေးမြရာသည်၊ ရုပ်လှတာကို ပယ်မှ ဘေးပကြွာသည်။

(၂) သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်၊ သေရည်ကိုသောက်က အပါယ်ဘုံသို့ ကျတတ်သည်၊ ရေကြည်ကို နှောက်က အနယ်မှုန်တို့ ထတတ်သည်။

(၃) ထင်တိုင်းလည်း နှုပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်၊ ထင်တိုင်း နှိုပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်၊ ဝင်တိုင်းနှိပ်၍မျိုက အန္တရာယ်များတတ်သည်။

(၄) ဂေါကြမံသီးကိုလည်း မစားနှင့်၊ ကောခြေရုံကိုလည်း မပွားနှင့်၊ ဂေါကြမံသီးကို စားက မိဘသဘွယ် ဖြစ်ပေသည်။ ကောခြေရုံပွားက အထိကရ အပါယ်နစ်ချေမည်။

(၅) အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်၊ အယုတ်တရားကို အလိုရှိက ဘဂဝါ၏စကားကို ပယ်ရာကျချေမည်၊ မဟုတ်စကားကို ဆိုဘိက သမာဓိတရားတို့ ကွယ်ပရလေသည်။

(၆) မြူသလိုပုံနှင့် ကလေးကို မစနှင့်၊ လူကိုယုံသဖြင့် အကြွေးကို မချနှင့်၊ မြူသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ်သည်၊ လူကိုယုံသဖြင့် အကြွေးကိုချက အရေးမစိုက်သမို့ မွဲတတ်သည်။

(၇) အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကြည့်စားနှင့်၊ အမျိုးယုတ်သူ အဆင်းလှက ဇာဂတန်တတ်သည်၊ တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

(၈) အဟုတ်အမှန်ကိုလည်းသိမှ၊ အလုပ်အကြံကိုလည်းရှိမှ၊ အဟုတ်အမှန်ကိုသိက သံသရာဘေးပ၍ အနေကျမည်၊ အလုပ်အကြံရှိက ဆန်ရှာရေးလှ၍ အခြေကျမည်။

(၉) သူဌေးလို ကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြေပွေးကို ငယ်သော်လည်း အလမ္ပာယ်မပြနှင့်၊ သူဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရှိအသေနည်းသမို့ ပြေမှုန်းတတ်သည်၊ မြေပွေးကို ငယ်သည်ဟု အလမ္ပာယ်ပြက ထိုမြွေခဲ၍ သေဆုံးတတ်သည်။

(၁၀) မတော်ဘဲကို မဝယ်နှင့်၊ မခေါ်ဘဲကို မလယ်နှင့်၊ မတော်ဘဲ ဝယ်လေက သပြာခနေ ရှုံးတတ်သည်၊ မခေါ်ဘဲကို လယ်ချေက မကြာခဏ မုန်းတတ်သည်။

(၁၁) မတော်တာကို အမြည်းမစားနှင့်၊ အဘော်မပါလျှင် ခရီးမသွားနှင့်၊ မတော်တာကို မြည်းစားမိက ဘေးရလို့ ရောဂါပွားတတ်သည်၊ အဘော်မပါဘဲ ခရီးသွားက အရေးမလှသမို့ သောကများတတ်သည်။

(၁၂) ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်း မထားနှင့်၊ ခရီးကို အပြင်းသွားက မှားတတ်သည်။ မီးကို အကြွင်း ထားက ပွားတတ်သည်။

(၁၃) ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါ ကို မကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားလေက မုချ မှောက်တတ်သည်။ အနာရောဂါကို ကြီးပွားစေက ဒုက္ခ ရောက် တတ်သည်။

(၁၄) စကား စကား ပြောဖန်များ၊ စကားထဲက ဇာတိ မြွှေ၍ မာနတံခွန် ထူတတ်သည်။ တရား ဘုရား ဟောဖန်များ တရားထဲက ပါဠိဋ္ဌရ၍ ဒါနအလှူ လှူတတ်သည်။

(၁၅) အမျိုးမြတ်မှ အရိုးကို ကြံရာသည်၊ တန်ခိုးလျှပ်မှ အဘိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမူ၊ အာရုံပြုလျက်၊ ဦးနုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဘွယ်ရာ၊ ဆုံးမစာကို၊ တကာ တကာမ၊ မှတ်သားကြ၍၊ နေ့ညလေ့ကျက် ကြပါလော့။

ဖိုးသူတော် ဦးနု စကားပုံ ပြီး၏။

# ၇။ နှစ်ကြော့တင် စကားပုံ။

မတောင်းဘဲကို မယူနှင့်။ မစောင်းဘဲကို မထူနှင့်။ မတောင်းဘဲယူက သူခိုးလုပ်တတ်သည်၊ မစောင်းဘဲထူက အမိုးစုတ်တတ်သည်။ အပေါင်းအသင်း များတိုင်းလည်း မစွာနှင့်၊ မကောင်းသတင်း ကြားတိုင်းလည်း မနာနှင့်။ အပေါင်းအသင်းများတိုင်း စွာက မင်းဒဏ်တရား ပျက်တတ်သည်။ မကောင်းသတင်း ကြားတိုင်း နာက သည်းခံတရား ပျက်တတ်သည်။ မကောင်းထင်လျှင် မဆက်နှင့်၊ မပေါင်းချင်လျှင် မဖျက်နှင့်။ မကောင်းထင်လျှင် ဆက်က အမြန် မကြာ မုန်းတတ်သည်။ မပေါင်းချင်ဘဲ ဖျက်က သံသရာ ရှုံးတတ်သည်။ မတော်တာကို မကြိုက်နှင့်၊ မခေါ်ရာကို မလိုက်နှင့်။ မတော်တာကို ကြိုက်က မကြည်ညို၍ ပျက်တတ်သည်။ မခေါ်ရာကို လိုက်က အမြင်တို၍ မျက်တတ်သည်။ မတန်ထင်သူကို မလိုမရောနှင့်၊ မခံချင်သူကို မဆိုမပြောနှင့်။ မတန်ထင်သူကို ရောနှောက အမျက်ရှတတ်သည်။ မခံချင်သူကို ပြောဟောက အရှက်ရတတ်သည်။ မမြင်ချင်လျှင် မမော့နှင့်၊ မကြင်ချင်လျှင် မဆော့နှင့်။ မမြင်ချင်ဘဲ မော့က ခဏမကြာ ဆုံမိတတ်သည်။ မကြင်ချင်ဘဲ ဆော့က နေသပြာကုန် ရှိတတ်သည်။ ချစ်ခင်တိုင်းလည်း မနွဲ့နှင့်၊ အပြစ်မြင်တိုင်းလည်း မကဲ့ရဲ့နှင့်။ ချစ်ခင်တိုင်း

နွဲ့က လွန်တတ်သည်။ အပြစ်မြင်တိုင်း ကဲ့ရဲ့က ရှိတတ်သည်။ မကြားချင်လျှင် မနားယူနှင့်၊ မစားချင်လျှင် မရှာမယူနှင့်။ မကြားချင်ဘဲ နားယူက စေတနာပျက်တတ်သည်။ မစားချင်ဘဲ ရှာယူက အဖော့ဗျာပါဖက်ဘတ်သည်။ တရားမမှန်တာကို မဟော နှင့်၊ စကားမမှန်တာကို မပြောနှင့်။ တရားမမှန်တာကို ဟောက ပြောသူအလွဲမှတ်တတ်သည်။ စကားမမှန်တာကို ပြောက သေသူ ငရဲကျတတ်သည်။ အချက်မသိသူကို မပြောနှင့်၊ အရှက်မရှိသူကို မဟောနှင့်။ အချက်မသိသူကို ပြောက မကြားခင် လူရိပ်မိတတ် သည်။ အရှက်မရှိသူကို ဟောက မနားယူချင်၍ အိပ်တတ်သည်။ အမျက်ဖြစ်ဖူးသူကို မစနှင့်၊ အထက်ချစ်ဖူး သူကို မတနှင့်။ အမျက်ဖြစ်ဖူးသူကို စက ရန်မီးပွားတတ်သည်။ အထက်ချစ်ဖူး သူကို တက ဟန်ကြီးထွားတတ်သည်။ မနှစ်သက်လျှင် မလှူနှင့်၊ အချစ်ပျက်လျှင်မယူနှင့်။မနှစ်သက်ဘဲ လှူကအပြစ်မြင်တတ်သည်။ အချစ်ပျက်လျက် ယူက အသစ်ကြင်တတ်သည်။ ရိပ်မိတိုင်းလည်း မတုတ်နှင့်၊ စိတ်ရှိတိုင်းလည်း မလုပ်နှင့်။ ရိပ်မိတိုင်း တုတ်က စကားလွန်ပေါတတ်သည်။ စိတ်ရှိတိုင်း လုပ်က တရားလွန်တတ်သည်။ အစားအစာကို ကျေးကျွန်ပေးလည်း အလွန်မစားနှင့်၊ အသွား အလာကို ဝေးလွန်ဝေးတိုင်း မသွားနှင့်။ အစားအစာကို ကျေး ကျွန်ပေးတိုင်းစားက မုချမှောက်တတ်သည်။ အသွားအလာကို ဝေးလွန်ဝေးတိုင်းသွားက ဒုက္ခရောက်တတ်သည်။ ကုသိုလ်တရား ကို လိုလားပါလျှင် မဆုတ်နှင့်၊ အမှုနကိုစကားကို ပိုကြွား ဝါချင်မလုပ်နှင့်။ ကုသိုလ်တရားလိုလားပါလျှင် ဆုတ်က ဒုကျိုး မရှိယုတ်ဘတ်သည်၊ အမှုနကိုစကားကို ပိုကြွားဝါချင်လုပ်က

တန်ခိုးမရှိနုပ်တတ်သည်။မတော်စကားကိုလည်း အရိပ်မထွက်နှင့်၊ အဖော်မယားကိုလည်း မနှိပ်စက်နှင့်။ မတော်စကားကို အရိပ်ထွက်က အမျှားရှုံတတ်သည်၊ အဖော်မယားကိုနှိပ်စက်က တရားလွန်တတ်သည်။ ဆရာပြောတာကိုလည်း မပယ်မရှားလေနှင့်၊ အနာရောဂါကိုလည်း မကျယ်မပွားစေနှင့်။ ဆရာပြောတာကို ပယ်ရှားလေက အဟုတ် ခက်တတ်သည်။ အနာရောဂါကို ကျယ်ပွားစေက အလုပ်ပျက်တတ်သည်။ တရားကိုလည်း မလိုလားနှင့်၊ စကားကိုလည်း အပိုမကြွားနှင့်။ တရားကို လိုလားက စကားလွန်၍ တရားရှုံးတတ်သည်။ စကားကို အပိုကြွားက တရားလွန်၍ အမျှား မုန်းတတ်သည်။ ဆရာပြောတိုင်းလည်း လုပ်၍မသွားနှင့်၊ သပြာပေါ်တိုင်းလည်း ထုပ်၍ မထားနှင့်။ ဆရာပြောတိုင်း လုပ်၍သွားက အကျိုးနဲတတ်သည်။ သပြာပေါ်တိုင်း ထုပ်၍ ထားက သူခိုး ဆွဲတတ်သည်။

## ၇။ ပေါရာဏ ကထာ လင်္ကာဟောင်း။

(၁) မှတ်သိစေလို၊ သွေးချို-တောင့်တ၊ ဆုရကား-ရည်း၊ သမ်းပြီး- ရိုသေ၊ ရဝေကား- နန်း၊ သလွန်း- တန္တ၊ ဒီမျှ-အမှာ၊ လာလာတုံသေး၊တန်ဆေး တမန်၊ တဖန်-မလှောက်၊ စောကျော-ထောက်သည်၊ တလည်-ပါးနီး၊ အိုးကြီး-ဒေါ်မား၊ တော်ကား-အရှင်၊ ကန်တွင် မည်ရှုန်း၊ ပိတုန်း-ပိလု၊ ပစ္စုဆိုရိုး၊ပုဆိုးဖြူရောင်၊ အိမ်မြှောင်-ဟိုတက်၊ ကြီးလျက်ရုပ်ဆင်း၊ မယွင်း-တက်တူ၊ မြန်လူ-သူစိမ်း၊ ခပ်သိမ်းသွားလာ၊ နေနား တုန်လှုပ်၊ လုပ်သည် ကိုပိုး၊ ဆိုသည်ကားညောင်း၊ မောင်း-စစ်တလောက်၊ ရွှေမှောက်-သနင်း၊ မင်းကိုဆိုမြဲ၊ သူရမ်းပဲမှူး၊ သူ၏အကျင့်၊ ဝေးမြင့်လွန်လေ၊ ဆိုပေလင်္ကာ၊ ပျိုကဗျာတွင်၊ များစွာထုံးနည်း၊ သို့ချည်းနှင်နှင်၊ သဘောမြင်၍၊ ဉာဏ်ရှင့်ရှာဖွေ၊ သိတတ်စေ။

(၂) မှတ်လော့သိသာ၊ များစွာ-ဥဒဟို၊ ရှေးဆို- မဆွ၊ များလှခပဲ၊ သရဲ-လွဲခွါ၊ ဖွေရှာ-စူးစား၊ လက်ချားပလေ၊ ဆိုထွေပေါ့လျော့၊ ကျော့ကျည်း-ပျင်းရိ၊ ပလိဗောဓ၊ ကြောင့်ကြဆိုထွေ၊ ရောင်လေ-လှိုးလှဲ၊ လင်းကဲတဖြာ- မဏ္ဍာစပ်ကြား၊ မိုးတားပရိက်း-တံတိုင်းမှတ်မိ၊ သိသည်-ဂိဝါရ၊ ကိုက်ထအလို၊

ဆိုသည်ဖြားယောင်း၊ အသောင်းမမာ၊ မြဲစွာ- စင်းလျင်း၊ ယွင်းသည်ခဟုက်၊ နှာမြုပ်ဆိုဘိ၊ ဦးကြိုထိမှု၊ သိသည် အကျန်၊ ခုံတိုင်-ဥပုံး၊ အိုးဖုံးစလောင်း၊ ပုပ္ပေါင်းကားး-ခြုံ၊ ပတုံပလှဲ၊ အကြွင်းမဲ့သည်၊ ကြုံးကြည်-အားထုတ်၊ မှန်ဟုတ်-တွင်ကျယ်၊ ဓဝယ်ညွှင်း-အုတ်ကြွပ်၊ ရှုံညွှန်-ကန်စီး၊ ပြုံးတီး- ကြေပျက်၊ ငေါက်-မသာ၊ နားမှာမဆန်း၊ နွယ်လန်း-နှာမောင်း၊ မြောင်း မြီး-အမွေ၊ ထွေငေါနူတ်ပွက်၊ ထက်တိုက်·ခုတိုင်၊ မနိုင်ရန်သူ၊ ဦးမူမတောင်း၊ ကြောင်းအတူတူ၊ ဟူသည်တရထည်၊ ဖဲကြည်၊ ရှောင်ခွါ၊ ကွယ်ရာမဲ့ပဲ၊ တိလင်းကဲ့တိ၊ သိသည် ဝတ်ကြေ၊ မြောက်မြေပိုင်ဆန်း၊ မာကြမ်း-ခရော်ခရွတ်၊ သွတ်လှယ်-မညံ၊ တမံ-ဤသို့၊ စကားတို့ကို၊ မှတ်ဘို့တထွေ-တတ်လှစေ။

(၃) မှတ်ပေအမြဲ၊ အော်သဲလဲတိ-ဆိုဘိကြိမ်များ၊ စကား ဥသုံ-အကုန်အစင်၊ ဖူးမြင်-ချက်တွေ့၊ သားရှဲဟူသည်၊ မဖည် မယိမ်း၊ ကြောက်ကြိမ်း- ကျောက်ဘန်၊ ကောင်းမှန်- ပိတ်စပ်၊ သင့်မြတ် -သရုံဘေး၊ ဝေးသည့်မြေခေါင်၊ သံလျှောင်-ရစ်ပတ်၊ တည်းပဘ်မြည်သံ၊ အမ်းချ-အားကုတ်၊ အစုတ်-ကုန်မြောက်၊ ချီးမြှောက်- ချီး၊ အတီး-နိမိတ်၊ ဒလိဒ္ဒလာ-ကျန်ရာအထီး၊ ကျီးကျူး-ချွတ်လွှဲ၊ အမြဲပြုတ်တု၊ ရမ္မ- ကုတ်ကော်၊ သရော်-ညှိစေး၊ စင်ဆေး-တီးတွတ်၊ ကွန်တက်-လွင့်မြောက်၊ သအောက် သအုံ၊ မှုံမှုံဆန်ဆန်၊ ရန်ကာ-ဆောက်အူ၊ အိပ်မူ-မျောက်မျည်း၊ စေးချည်းကြည်ယုံ၊ ဆုမ္မ-ကံမြစ်၊ ရာစစ်ဆိတ်မော်၊ စောကျော် -သောက်ချင့်၊ နှေးလင့်-စိုပြန်၊ ခဲသည်-ခက်လှော်၊ နံစော်-

အုံအောက်၊ ကောက်ကစင်း- လမ်းဆို၊ မြင့်သည်ကိုင္ဒါး၊ ကြည့်ကားကြွင်နာ၊ ရှင်မှာ-ဖအဲ၊ ဆိုသုံးစွဲသည်၊ အမြဲမှတ်လေ-သိတတ်စေ။

(၄) မှတ်ပေသိနိုင်၊ ဂလိုင်-လိုက်ဆူ၊ ခိုးသူမောသော၊ တောကား-ဟောဝန်၊ မန်းမူစကော၊ သင်းချော-ပွတ်တွန်း၊ အဝန်း-ပတ်လည်၊ ထက်ချည်-ယိုဖိတ်၊ မိတ်ကျွမ်းဝင်- သဟော၊ လျှောဝယ်ပွဲစီး-ထမုန်ကြီးဟု၊ ကယုကယင် ပြုပြင်- လျှောက်ပတ်၊ တန်ဆွတ်-ရေစို၊ တန်သို-တိုင်ဘူး၊ ဦးမစိုက- မတောင့်တပေါ၊ နောင်ခါ-ယခေါင်၊ ထောင်ထောင်ထားထား၊ သောကားဆိုပြီး၊ လုံးသီးလုံးပေါ၊ သဘောစေ့စပ်၊အပ်- မရာထွေ၊ ခြေမနင်းမိ၊ ဂုဏ်ရှိလေးတွဲ၊ ကွပ်ကဲ-ကြီးရာ၊ ခြေမှာခပ်မိ၊ ထိသည်-မယှပ်၊ သင်းချပ်တီးမူ၊ ဟူသည်အုတ်ကျက် မနှစ်သက်ကို၊ ဆိုသည်-သိမ်းပြီး၊ လျင်လည်း-တောက်တပို၊ ထိုမှာခဏ-တဒင်္ဂတည့်၊ သနိုသန်-အခွဲအခြမ်း၊ ညှိတမ်းအစေး၊ ဆိုရေးမျှောက်နှဲ၊ မင်းပွဲစိုက်ထူ၊ ဟူသည်အလံ၊ ခေါမှန်ထူးခြား၊ ရထား- ရဲတံခွန်၊ လျှာမွန်-ရဲလံ၊ ဆင်လှံ-စစ်တမဲ၊ ကွဲလွဲဆိုလုပ်၊ ငုတ်သည်အလံ၊ ခြားနားဟန်ကို၊ မှတ်ကြံသိထွေ-တတ်လှစေ။

(၅) မှတ်လေကြံစည်၊ ဆိုမည်တဖုံ၊ ဖားခုံ ဖားဆင်း၊ ချွတ်ယွင်းလည်းဟူ၊ အထူအကင်း သင်းသီးတခြား၊ မှုံစား-နှီးဆော်၊ ဖွဲ့နွဲ့သော်မူ၊ ပတူပယင်၊ ရှောင်းတခင်- လျင်တဆော၊ မုနော- အတင့်အသရေ၊ မရှိသေမူ၊ ပအူပစေ၊ သနွေး-ပြောက်ကြေ၊ လွဲထွေတသာ၊ ဝါကျိတ်- ဝက်ခုတ်၊ စည်

ပုတ်လင်းကွင်း၊ ခွက်ခွင်းဆိုမြို့၊ မခို့သရို့၊ ချိုသည့် လို့လ၊ မြောက်မှ–မြစ်အောက်၊ ဖောက်ဖောက်ပြန်ပြန်၊ မဆန်မဖီ၊ ရှုအီထိန်းထိန်း၊ စိန်းလိန်းတင်းလင်း၊ ပြီးခြင်းရှုမိ၊ သိသိမြင်မြင်၊ လူတွင်ကလေးကလား၊ လျှင်လျှားသောတိ၊ မရှိလေတန်၊ ဆိုပြန်တည့်ဝေး၊ အလေးအကံ၊ လံပါးအင်စောက်၊ ပင်ရောက်သစွေး၊ ချေးဟုဆိုရှောင်း၊ မဟောင်းနွမ်းကို၊ မမိုမရွား၊ စကားရှေ့စဉ်၊ လင်္ကာယဉ်သည်။ စိတ်ရည်ကောင်းထွေ–သိတတ်စေ။

ပေါရာဏ လင်္ကာဟောင်း ပြီး၏။

# ၉။ ပေါရာဏကထာ လင်္ကာသစ်။

(၁) မှတ်လေဘွယ်ပင်၊ နိဒါန်းဆင်မူ၊ ရှေးလျှင်သူဟောင်း၊ ခေါ်ဝေါ်ရှောင်းလည်း၊ လမ်းကြောင်းမထွင်၊ ရှိလှည့်ကျင်၍၊ သိမြင်လွယ်ရန်၊ မိပ္ပာယ်ပြန်အံ့၊ (လက်မှန်) သည်ကား၊ ရှေးဖျားရှေးဦး၊ (ကျိုးကျူး) ချွတ်လွဲ၊ (ဖတ်လဲတကင်း)၊ ချစ်ခြင်းစုံမက်၊(ငေါက်) မနာသာ၊ (တန်ထွာ) သဘော၊ (လဘော) ပြည့်လျှမ်း၊ (ယမ်း ပည်း) ရှိသေ၊ (ရဝေ) နန်းထိုက်၊ (အကိုက်) အညွှာက်၊ (တောက်တပို) လျှင်ဆော၊ (သောကား) လွှား ထောင်၊ (ပြောင်)ကား အကြီး၊ တသီးမှတ်ရန်၊ (ကျွန်ပိုင်) မယား၊ တပါးမှတ်လမ်း၊ (ခြေ) မစွမ်းမှတ်သင့်၊ (ယခင့်) ကားရှေး၊ (ဦးလေး) ငြိးငွေ့၊ (တပ်ပြေ့) ချစ်ကြင်၊ (ရှောင်တခင်ဆောက်ပတ်) လျင့်ဆောမှတ်လော့၊ အမြွတ် (ရွှေမှောက်)၊ (မြစ်အောက်) ဥတ္တရ၊ (ခြ)ကား ကွဲအက် (ထက်လောင့်ထက်လဲ)၊ ဝမ်းထဲပူဆွေး၊ (တန်ဆေး၊ သုံ့သေး)၊ ခေါ်ရေး တမန်၊ (သဝန်၊ တန်တား)၊ မှာကြားစာစောင်၊ မြေ (ခေါင်) ရပ်ဝေး၊ မြွတ် (သန္တေး) ကား၊ ဆေးဦးခေါင်းလျှော်၊ မျို့သစ်ခေါ်၏၊ လူသော်ခေါ်ရေး၊ ခွက် (သန္ဒေး) ကား၊ ငွေကြေး ဒလား၊ (စူးစား) ရှာဖွေ၊ (ဖျား) ဒီရေနှင့်၊ ရွှေးကို (ဂီဝါ)သာ

ရကာ) ကား၊ ချမ်းသာသုခ၊ (အကံင) ကား၊ ဟီနယုတ်မာ၊ (ကင်္ကာ) မျက်မှောက်၊ (ကောက်ကစင်း) ကား၊ သွားလာ လမ်းစဉ်၊ (ရဉ်) ဟူသည်မူ၊ ဖြတ်သည်ဟူ၏။ (ပတ္တပလင်)၊ ဖွဲ့နွဲ့ ဆင်၏၊ (ယဂင်အစီ)၊ တလီ (ဦးလုံး)၊ ဆံထုံးခေါင်တွေ၊ (သျှောင်) ခေါင်ချော့သည်။ ။မှတ်လေအစဉ် တလျှားတည်း၊

(၂) မှတ်လေဘွယ်သာ၊ နိဒါန်းဖြာပိမ့်-(ဥပါ) ဘီလူး၊ (ဝဲမကူး) ခြားသီး၊ (ခဆီးပတ်) ဟု၊ အိမ်မှု လျှော်ဒဏ်၊ (တော်လှန်) မင်းစစ်၊ သူကောင်းဖြစ်၏၊ (ကံမြစ်) ဆုံးမ၊ (ဒုဟ) နှစ်တွဲ၊ (ဝတဲ၊ ဥတဲ) ဖွင့်မြဲတံခါး၊ (ဆတ်မြား) ကြမ်းကြုတ်၊ (နားမှုဘ်)ခေါင်တွင်၊ နားဝင်အောင်ဆို၊ (ဗဟို) အလယ်၊ (သဟာ၊ သဟဲ) မှီတွဲ အဖော်၊ (ခရော် ခရွတ်) မညီညွတ်တည့်၊ (ပုအတ်၊ ပုအစ်)၊ ပုလောင်ခြစ်စွ၊ (သစ်သစ်) ဆိုရန်၊ မကျန်မကြွင်း၊ (သစ်ဆင်း) ဘဒြ၊ လှေပွဲရ၏၊ လတော်သလင်း၊ (ခပင်း၊ ခပဲ)။ မကွဲအများ၊ (စိတ်ပြား) ဖွေရှာ၊ တတ်လိမ္မာရှုံ့၊ (အာမသာ) နှုတ်ကြမ်း၊ (တံ စမ်း) ရေထွက်၊ (တီထွတ်) ဖင့်နွဲ့၊ (တပဲ) တူမျှ၊ (မဆွဲ) ရှေးဖျား၊ (လံပါး) ပျဉ်းအိုး၊ (ကိုးကိုး ကားကား၊ ရင်သွား) တင့်တယ်၊ (သွတ် လှယ်) မပြတ်၊ (ကတ်လတ်) ကန့်လန့်၊ (ကွန့်) ကား မြူဟန်၊ (ကွန့်) ကား ပျံတက်၊ (အနက်) ဥစ္စာ၊ (မန်း)မှာစင်ကော၊ (နှစ်နော) စဆုံး၊(ဥပုံး)၊ ခုံထိုင်၊ (တောင်ကိုင်) မြေရပ်၊ ဘေးလွတ်လပ်၏၊ (ဆတ်ဆတ်)၊ မုချ၊ (တဒင်္ဂ) မူ၊ တခဏသမုတ်၊ (ဝက်ခုတ်) ဝါကြိတ်၊ (ဒလိဒ္ဒလာ၊ ကပ္ပနာ) ဆီးကျန်၊ (ကိုင်ဟန်) ရေထွက်၊ (တသက်လျာ) မူ၊ မကြာလျင်ဆော၊ (ဖြန်းတော) လျင်မြန်၊ တတန်

(ချပ်ချပ်) (လျပ်လျပ်) နှစ်မည်၊ လျင်သည်သာချည်း၊ (သိမ်းပြီး ရှိမ်းပြီး) နှစ်နည်းရှက်ကြောက်၊ (သအောက် သအုန်) မှုန်မှုန် ဆန်ဆန်၊ လူ့ဌာန်ထွေထွေ၊ ရှေးနောက်ဖွေသည်၊ မှတ်လေအစဉ် စကားတည်း။

(၃) မှတ်လေဘွယ်ကို၊ နိဒါန်းဆိုပိမ့်၊(စိုစိုပြည်ပြည်)၊ ကြာ မြင့်သည်တည့်၊ (တလည်လည်) မူ၊ အတူတူတည့်၊ (ပစ္စူ) ဆိုရိုး၊ ပုဆိုးဖြူလှုပ်၊ (ကပ်လပ်) အမြဲ၊ (အော်လဲ) တပုံ၊(တလုံ လဲလဲ)၊ နှစ်တွဲဆိုဟန်၊ (ကြိမ်ဖန်) အများ ၊(ဒေါမား) အိုးကြီး၊ (တံစီး) ရှုံ့ညွန်၊ (မတန်) လွန်ကဲ၊ (ကုတ်သဲ) လုံ့လ၊ ပြုကြမလွဲ၊ (လင့်ကဲတဖြာ)၊ မျက်နှာရှစ်ရပ်၊ (ချပ်တီးချပ်နောင်) လျင်မြန် ဆောင်၏၊ (ယခေါင်)ဝေးရှည်၊ (ကျီးကျည်အားသံ)၊(မောင်နှံ့ လင်မှီး)၊ မသီးမခြား၊ လင်မယားတည့်၊ (မီးတား) တန်တိုင်း၊ (ပရိုင်းခြံပွတ်၊ ရှဲခတ်) သမိုက်၊ (ကိုက်) ရွှေပေါ်ချော၊ (စောကြော) ထောက်ချင့်၊ နိမ့်မြင့် မျှော်ရှု၊ (ကယုကယင်)၊ သွင်ပြင်တင့်တယ်၊ (ဓဝယ်ညှင်း) မျိုး၊ အမိုးပိတ်ကွယ်၊ (မဝယ် မလှယ်) မှတ်ဘွယ်ရှေးငြိမ်း၊ (ကမ်းလှမ်း) မနီး၊ (ဘုံပတီး) မူ၊ ခင်းနှီးပိတ်ပါး၊ (စုလျား) ဖြူလွှင်၊ ပေါ်တင်ပုဆိုး၊ (အဲခိုး အား သံ၊ ခါရံ) ကာလ၊ ရံခါမှတည့်၊ (ကိုင်းကွ) ကြာရှည်၊ (တရထည်) မူ၊ တူသည်သဘော၊ (မုနော) စံခွင့်၊ အတင့် အတော်၊ (ထွေငေါ် သံကက်)၊ နှုတ်ပွက်စကား၊ (သိစား) သိမြင်၊ (ကျင်လျင်) ကျွမ်းခြင်း၊ (ညီးလင်း) တိမ်းစောင်း၊ (နှစ်ထောင်း)အားရမ်း၊ (ဝမ်း) ကားမနော၊ (နှမြော) စုံမက်။ (အက်) ကား ရွှင်မော၊ (တိတ်တော) လျှောကျ။ (ပတ်လျ)

ဘယ်နှ၊ ယခု (ပစ္စုပ္ပန်)၊ အကုန် (ညွန့်) ၍၊ (မချန့်) ပေးစွန့်၊ (အစိုးသွန့်) မူ၊ မချန့်မချွင်း၊ ပေးကမ်းခြင်းတည့်၊ (ခွက်ခွင်း) ကိုမူ၊ လင်းကွင်းဟူ၏။ (မြန်လူ) သူစိမ်း၊ (ခပ်သိမ်း) လုံးခြုံ၊ (ပတုန်ပလဲ့)၊ မရှိ (မဲ့) တည့်၊ (မဟဲ့မဟော့)၊ မတွေ့မရှိ၊ နတ္ထိ အနေ၊ လွဲမသွေသည်။ မှတ်လေအစဉ် မပြားတည်း။

(၄) မှတ်လေ့ဒွန့်ရှည်၊ နိဒါန်းရှည်ပိမ့်၊ ထူးတည်-တနည်း၊ ဝဲ့ချီး-ချီးမြွောက်၊ အဆောက်အဦ၊ ပည်းထူ-ခြံရံ၊ နက်တံတိမ်နက်၊ ကြံထက်ပညာ၊ သည်လျာသည်ပင်၊ ထို့ပြင်တရိုး၊ သည်မျိုးသည် ရန်၊ တတန်သွေသည်၊ ချစ်ကြည်မယွင်း၊ သည်ရင်းသခင်၊ ဆွေ အိမ့်ရှင်ကား၊ လင်နှင့်မယား၊ ခြားနားတသီး၊ ဇနီးအိမ်သူ မယားဟူ၏၊ ပိလူပိတုန်း၊ ဆုန်းဆုန်းစဉ်ထွတ်၊ ယွက်ယွက်ယွင်းယို၊ ဥဒါဟိုကား၊ လူဗိုလ်မစဲ၊ ပုလဲတမူး၊ ကြည်နူးမြတ်လေး၊ ထင်ကျေးတွန့်တွန့်၊ အဒွန့်ဟူသည်၊ အရှည်အလျား၊ မှုန်စား နှုံးဆော်၊ ကော်ရော်ရှိသေ၊ မှဲ့မည်းချေတည့်၊ ပလေလက်ချား၊ စကားပေါ့သွပ်၊ အောက်ရပ်အတဲ၊ ပြိုင်တဲထိခိုက်၊ တိုက်ကား ရိုက်ပုတ်၊ အစုတ်တသွယ်၊ ပေါပယ်ဖြင်ပည်း၊ နည်းအခြားခြား၊ များ၏အဟုတ်၊ စရတုတ်ကား၊ သူထုတ်ဘိခြင်း၊ တင်းလင်း တည်းလည်း၊ တန်းလန်းချည်းတည့်၊ နည်းမထူးပြီ၊ ဓိပ္ပာယ်ညီ၏၊ မဖီမဆန်၊ မကျူးလွန်တည့် အိုးတန်အိုးခွက်၊ ဖုံးဖွက်စလောင်း၊ ဘောင်းကားအတို၊ တန်စိုနှုမြစ်၊ ဖက်ထစ်အမြဲ၊ ကြလဲခနောင်း၊ မြစ်ချောင်းရေဝဲ၊ မဲမဲအသစ်၊ စုလစ်အထွတ်၊ တမွတ်မြတ်ဖျား၊ လုပ်စားညဥ့်ငှက်၊ လုယက်ဖျက်ဆီး၊ သင်းသီးတခြား၊ ပြားနှင့် ဂနိုင်၊ မြိုင်နှင့်ရဂုံ၊ စုံနှင့်ဟေဝန်၊ ဟောမန်ဟောမာ၊ ရိပ်သာဆိုင်း

ဆိုင်း၊ အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်၏၊ ညွန့်သစ်ဆောင်း ဆောင်း၊ နှာမောင်းနွယ်ဖျား၊ ပုပ္ပောင်းကားချုံ၊ လူဘုံထွေထွေ၊ ခေါ်ကြလေသည်။ ။မှတ်လေ အယဉ်အကျေး တည်း။

(၅) မှတ်စိမ့်နှောင်လာ၊ နိဒါန်းသာပိမ့်၊ မတောင်းတာ အလတ်၊ ခပ်သွတ်လျင်ခုတ်၊ သရုပ်ဖော်ပြ၊ ကာလမရှည်၊ စက်ပန်းလည်တည့်၊ ထူးတည်သိပ်သည်း၊ ယရည်းဆင်ထိန်း၊ ပျော်စံကိန်း၏၊ မိန်းကားငြိမ်သက်၊ စက်ကားအိပ်ပျော်၊ ခဲလှော် ခက်ရပ်၊ ပိတ်စပ်အန္ခုံ၊ သတင်းပျံ့၏၊ ဖို့ရှုံကြောက်ငြင်၊ ရှင်ကို အရည်း၊ ရမထီးပိတ်တည်၊ စီရင် ကျည်းသည်၊ ယွင်းဖည်ယိုယိုင်၊ ဂလိုဏ်ဆူလှိုက်၊ အောက်ကလှိုက်၏၊ ထက်တိုက်ဆိုမှု၊ ယခုတိုင် အောင်၊ လူဘောင်သက်ဆင်း၊ စင်းလျင်းမပြတ်၊ အပတ် တကုတ်၊ အားထုတ်အမ်းချ၊ ဝိရိယမယုတ်၊ ကုတ်ကုတ်ကော်ကော် ခေဆော်လုံ့လ၊ တောင့်တသွေးချို၊ ဆုရည်းဆို၏၊ တန်ဆိုတိုင်ဖူး၊ သောက်ရူးစိုင်ရှူး၊ ဆေးထူးသောကြာ၊ မြို့မှာကာလ၊ လျင်စွ ချက်ဖြုတ်၊ ပါဌဝုတ်ကား၊ ဖော်ထုတ်ဥကထာ၊ ပက်ပါရင်ဆိုင်၊ တိုင်ထိဆင်းရဲ၊ မကွဲအတ္တ၊ တွင်းဆုံးကျလည်း၊ ဒုက္ခအပြီး၊ အကြီး မိမိုင်း၊ ကြုံသိုင်း မြော် မြင်၊ ဘင်ကား ညစ် ကျေး၊ ချေးသရွေးတည့်၊ စိတ်စေးဝေါဟာ၊ နှာလေ့ တိုက်တွန်း၊ ထင်းပန်းမှတ်ခြင်း၊ မယွင်းနှင်းပန်း၊ နှုန်းနှုန်းရည်တူ၊ ထက်မှု ဘဝင်၊ နရက်ကားအောက်၊ အဆောက်ခေးရိုး၊ နတ်ကိုးတင်ရွှယ်၊ နတ်ပွယ်ဆိုနည်း၊ လက်တည်းလက်ကြပ်၊ ကွမ်းကပ်ပန်းတောင်း၊ ထောင်းကားနှိပ်စက်၊ အုတ်ကျက်ညံ့ညံ့၊ စဲသောင်ယံတည့်၊

ဆံထုံးစုလည်း၊ ရိုက်ကျည်းကျော်ဟိန်း၊ အပြိန်းလွန်းလေ၊ ခွဲလိုက်ဝေသည်၊ မှတ်လေအစဉ် တပြေးတည်း။

(၆) မှတ်လေ့စဉ်စီ၊ နိဒါန်းချီပိမ့်၊ သွေးသီပြောဆို၊ ဦးမစိုက၊ မတောင့်တတည့်၊ တန္တမောသော၊ ခိုးသူဟော၏၊ ဖြောဖြောများလှ၊ ကုံမပြည့်စုံ၊ များဉဿုံတည့်၊ တုံကားရပ်တည်၊ ကျည်ကားခိုင်မာ၊ မင်္ဂလာမျိုး၊ ပြတ်ိုထွေးခံ၊ ဟာစ်ကြော်သံကား၊ ကုံကုံတမည်၊ ကျည်ကျည်ကျာကျာ၊ တွင်ဝေါဟာ၏၊ ငါသာကြိုးကြိုး၊ ဟုံးစုံးသံပ၊ ဆင်ကအဟည်း၊ မြေသော်ကြည်း၏၊ မြင်းလည်းအဟိ၊ သံပြိသံပြိုင်၊ အပြိုင်အညီ၊ သနီသနဲ၊ ခြမ်းအခွဲတည်း၊ ရှဲကားခွာထွေ၊ သဟောကျွမ်းဝင်၊ သခင်ကားတော်၊ သဲသောင်သော်မှ ခေါဝေါပြင်ကြီး၊ စစ်စီးနှိုင်းရှဲ့၊ ကြွင်းမဲ့ချက်ကုံ၊ အောက်အုန်ဆွေးမြည့်၊ များ၏ ကြွေ့ကြွေ့၊ လွေ့လွေ့ပည်းထူ၊ အောက်အုန်စော်၊ သရော်ညစ်ကြေး၊ ကြော့သွေးအကြောင်း၊ သံလျောင် သံကြိုး၊ ကန်သင်းမျိုးနှင့်၊ ကန်ရိုးကန်ပိုင်၊ ထိန်းခုတ်ချိုင်၏၊ ချက်ရိုင်ပြည့်စုံ၊ ကြိုက်ကြုံချက်တွေ၊ မလေ့ဆိုရိုး၊ အမျိုးဒေသ၊ ကုသမဖောက်၊ ဝသီရောက်၏၊ လုံမစောက်မှာ၊ သမာစိတ္တာ၊ ကောင်းလှမဖောက်၊ အကျင့်ရောက်၏၊ ချောက်ကားကြော်ကြား၊ ချောက်ချားလှုပ်တုန်၊ ဖားခုန်ဖစ်းဆင်း၊ နိမ့်နင်းမညီ၊ ကသီလင်တ၊ ဆင်းရဲကျ၏၊ မျောက်မလင်စောင်၊ ရှောင်ခွာသရည်း၊ ညစ်အဆည်းတည့်၊ ထက်ချည်းယွင်းကာ၊ သိစိမ့်မှာသည်၊မှတ်စာအပြင် အတွေးတည်း။

(၇) မှတ်သမ်းစဉ်စီ၊ တထုံးချီပိမ့်၊ မြိကားသူ့ကြွေး၊ ပစေးပဦ၊ ကြည်ပျှုမဆို၊ ရိုသေကင်းလစ်၊ တစ်ကားဆွတ်ဖြန်း၊ ပွတ်တွန်း

ချောင်ငင်၊ တွေးတောသင့်မှု၊ ဆင်ခြင်နှိုင်းဆ၊ တလွှရွံဘွယ်၊ နှောင်မယ်ဆိုမှု၊ မယ်မောင်ဟူ၏၊ ရည်ချုလှမ်းဆွတ်၊ လွတ်ကား ပူဇော်၊ လှူပွဲခေါ်၏၊ ဝေါမကောင်းချက်၊ အနံ့ပျက်၏၊ ညီယှက် အယှောက်၊ စစ်တလောက်တီးမောင်း၊ ပေါင်းပည်းပေါင်းကုတ်၊ သူနုပ်ယုတ်မာ၊ အလျှာဟူသည်၊ အလောင်းမည်၏၊ အသည် အဝါ တင့်တယ်စွာ၏၊ လံပါအင်စောက်၊ သဟောက်ညစ်ညမ်း၊ မအော်အမ်းကား၊ သွမ်း၏မှတ်ရာ၊ ခူမာငယ်ကြီး၊ ပုံချီးဆိုသည်၊ အံ့သြသည်တည့်၊ ဖရည်ရော်မှုး၊ မယ်ဖြူးအိုးကင်း၊ သင်းချော စင်ကြယ်၊ ကုံကယ်အများ၊ ငွါးငွါးမှာသော်၊ အမြင့်မော်၏၊ ကုတ်ကော်ခက်ခဲ၊ ဖအဲဖအော၊ ထွေငေါ်ထွေသံ၊ ဆိုသံစကား၊ နှုရားကြောက်ကြိမ်း၊ သိမ်းပကားသိမ်းဆည်း၊ နည်းအထွေထွေ များလှချေသည်။ ကြံလေ ရှေးသူစာဟောင်းတည်း။

(ဂ) ကြံလေစရာ၊ ပြောပြမှာအံ့၊ တောင်တာရှည်လျား၊ မှုန်မွှား ဆိုလစ်၊ နစ်တုံပေါ်တုံ၊ ကြေးမုံမှုကား၊ကြေးပြားဖြူလွင့်၊ မှုန် အသွင်တည့်၊ ကြမ်းပြင်ဟူသည်၊ အကျည်ခေါ်ခြင်း၊ ကြမ်း တပြင်းတည်း၊ အတွင်းမဟူ ပြင်ပင်ယူလေ့၊ နည်းတူဆိုဟောင်း၊ လည်းကောင်းခေါ်ဆို၊ နှောင်းဆိုခေါ်ကြ၊ နောက်ကာလတည်း၊ ခဏမဟုတ်၊ ချက်ဖြုတ်လျင်လျား၊ ချက်ကားအလယ်၊ ကာသယ် ပညပ်၊ သိမ်းသပ်ဖွယ်မှု၊ ပြုသည်ငါးပါး၊ ရှစ်ကွက်ကျားကို၊ တံကျစ်ဆို၏၊ ဦးကြိုခေါ်မှတ်၊ တည့်မတ်စူးဖူး၊ မီးရှူးမျှော်ကာ၊ ဖွားမျက်နှာမြင်၊ ရေပြင်တံရှောင်း ချီးသောင်းချီးမွမ်း၊ မြစ်၏ ကမ်းကို၊ ခမ်းသမုတ်မြို့၊ ကမ်းနှုတ်စိုကား၊ ကမ်းသို့နှု ဘ်၊ တရှို ဆိုဟန်၊ မလွန်မကျူး၊ မူးမူးဆိုမြဲ၊ ဆဲဆဲအနီး၊ လုံးသီးလုံးပေါ်၊

သဘောမိကား၊ တမ်းစေ့ကာတည့်၊ ဖီလာကေန်၊ မုချမှန်၏၊ လှန်ကန်ပွားတိုး၊ ရှေးရိုးမှာကား၊ ရှေးသွားရှေးဦး၊ တထူးမှတ်ရာ၊ နွယ်တာနံကာ၊ ဝါဆိုဝါခေါင်၊ ရှောင်ခဲ့တုံမှ၊ သန္တုလမူ၊ ဝါက ကင်းလွတ်၊ သီတင်းကျွတ်တည့်၊ ပူးပွတ်မကွာ၊ လတာကျယ်ဝန်း၊ ကြင့်နှန်းအမြတ်၊ ချေချွတ်ပြောဟော၊ ပြောပအများ၊ ကုန်းကား ရန်တိုက်၊ မိုက်ဆဲခိုက်ဆည်း၊ နှစ်နည်းရန်ဖြစ်၊ သရစ်အညွန့်၊ အဝှန့်များစွာ၊ တကာအများ၊ စကားထွေထွေ ခြားလှေခြေ သည်၊ မှတ်လေရှေးသူ လမ်းကြောင်းတည်း။

(၉) မှတ်လေစရာ၊တကြောင်းမှာအံ့၊ပလာဟင်းလင်း၊သီးလင်း တိမ်းစောင်း၊ ဦးမထောင်းကား၊ ဘေးများမရှိ၊ ပစိန္နိပ်စက်၊ ရတ်ရက်တခင်း၊ လက်ငင်းလျင်ဆော၊ ရှုရောနှော့တည့်၊ ပလော ဖြောင့်စင်း၊ ရောင်းရင်းတူကွ၊ ငယ်ကပျော်ပါး၊ ကစားကြခြင်း၊ ရိုးရင်းမကွေ့၊ ကြီးမိတ်ဆွေတည့်၊ ပြွေကားမှတ်ဝါး၊ ခုကား ပလွေ၊ ခေါ်ပြန်ချေ၏၊ မြောင်းမြေပိုင်ဆန်း၊ လုပ်ငန်းပြေရုံ၊ ရိပ်မြုံနေရာ၊ ကုဟာတွင်မည်၊ ကဝါသည်တည့်၊ ယမ်းပည်း ရှိသော၊ ဆိုထွေတကွဲ၊ ရမ်းပဲသဘော၊ မှတ်လော ဟုတ်သင့်၊ လေးဖင့်ဟူထွေ၊ ဂုန္ဒြေစောင့်ရေး၊ ဆေးလေး စောင့်ချုပ်၊ ကြပ်ကားအဆင့်၊ တဖျင့်ခြားနား၊ ချော်ကားကျန်းမာ၊ လွှာလွှာ ပါးပါး၊ ရှိုးရှားကုန်စင်၊ ထို့ပြင်ဟာခြား၊ ယိုးယားဟူရာ၊ ရှောင်ရှားခွာ၏၊ အမာဟူသည်၊ အနာမည်၏၊ ပက်ပည်တည့် တည့်၊ ကျည်နဲကျည်နူ၊ ပျင်းရိယူလော့၊ ဟူမိကနား၊ မဆုတ် ရှားပြီ၊ချောင်းကားငယ်ညံ့၊ ဖြိုမှုဖွံ့၏၊ ဆွတ်ပျံ့ညီသည်း၊ လွမ်းစိတ် ပည်းစွာ၊ လိပ်လည်းတိမ်းစောင်း၊ ကောင်းလောင်း ခေါ်ဆို၊

ဖြတ်ဘိတို၏၊ ဦးမစိုမှာ၊ မရှာမဖွေ၊ စိမ့်ချေဋ္ဌမ်သက်၊ မဝေါက် ရက်ဘည့်၊ နှစ်သက်အင်ပြည့်၊ သသည့်သလွင်၊ ရောင်နှောခြင်းကြည့်၊ ပြတင်းတံခါး၊ လေသွန်ထားတည့်၊ ဟဖြားလူ့ဘောင်၊ ပြတည်း ချောင်မှာ၊ အိပ်ရာတိုက်ခန်း၊ တုကျွန်းတုမှဲ့၊ ဂွဲ့သူကြီးကို တမုန့် ဆို၏ ပြိုပြင်ကင်းရဲ၊ ကြည်တဲဆိုချက်၊ သောက်ရေခွက်ဘည့်၊ လျက်ကားဒပြား၊ အရှည်ကားလျှောင်၊ အန်ထောင် လုံ့လ၊ ဖြဖြည်ညာ၊ ညောင်းညာကြာရှည်၊ သိုဒ္ဓိုးတည်သည်၊ အမည် တူးတွေ့ ဘောင်းပြောင်းတည်း။

(၁၀) ဘောင်းပြောင်းထူးထွေ၊ စကားဖွေစိမ့်၊ စီးရေတံ လည်း၊ စနည်းသည်ကား မြွက်ကြားကြောင်းဟိတ်၊ လဲ့ိတ် ဆက်စ၊ အန်းမရကား၊ အကျအရောက်၊ အဘောက်မဖိ၊ လီးလွဲရှောင် တိမ်း၊ မုတိမ်းရန်ဘေး၊ ကလေးကလား၊ ထင်ရှားသံမြင်၊ ဖြင်ကား အများ၊ တခြားခေါ်ချင်၊ ဖျင်နှင့်သင်တိုင်း၊ မှတ်ပိုင်းဒုယင်၊ အင်္ဂါပင်တည့်၊ စစ်နှင့် စစ်ရေး၊ ကြဲသေးထိုတုံ၊ ချပ်ဝေတ်လုံကည့်၊ တပြုပြည်းပြည်း၊ ဖြစ်နည်းဖြစ်ဟန်၊ ကြိမ်ဖန်များပြီး၊ မတီးမရော၊ မအပ်ဆွာတည့်၊ လည်မာဘယက်၊ ရိပ်မြွက်လျှောင်ကာ၊ နီးစွာ စေ့ချင်း၊ ခိုင်မျဉ်းကြာနှေး၊ တိတ်တွေးစာနာ၊ တွေးမှာအကြံ၊ ဝလံသစ်သီး၊ ပြုန်းတီးကြည်သက်၊ ဝက်ကြားပြောဆို၊ ငင်စို ရွက်စပ်၊ အောက်ရပ်အကြောင်းသေကျိုးနှံ၊ နှံကားနှိပ်စက်၊ တချက် ကလူ၊ နှိပ်စက်ယူလော့ မြီးကူသည်ကား၊ မြီးဖျားအဖြူ၊ ရည်းဟူ ဆိုရ၊ ရည်မှတ်ဥာဘည့်၊ ထိုမှတသုန်၊ ခုန်ခဲ့ဘသွန်း၊ နှစ်တန် ဆိုမူ၊ ရုံးဟခုကည်း၊ ယောင်ပုံသလွင်၊ တန်ဆာဆင်၏၊ ထက်ခွင် ထက်ဆို၊ အလှိုသိုကား၊ တွန့်တိုနောက်ဆုတ်၊ သုတ်ကား

သောပျောက်၊ သောက်ကားထွန်းဝင်း၊ လင်းယဉ်းဟူသည်၊လှော့ရှက် မည်၏၊ လူ့ပြည်ရပ်မှာ၊ ဆိုဝေါဟာသည်၊ ဘာသာ ရှေးရှေး နှောင်းနှောင်းတည်း။

(၁၁) ရှေးရှေးနှောင်းနှောင်း၊ သောင်းပြောင်းဆိုရာ၊ မှတ် ကုန်နာလော့၊ တံချာလှင်ကန်၊ ဆုံးစွန်နောက်ရောက်၊ ကျွန်သ ပေါက်ဟု၊ ယူကောက်ခေါ်ကြ၊ အကံကေား၊ ဗာလမှတ်သား၊ စူစားရှာလှည့်၊ တည့်လည့်မြဲပင်၊ လည်း တောင်းတင်ကား၊ ကုန်းခင်ခေါ်ဆို၊ မကုတ်ရှိကား၊ ဝန်ထိုကင်းပျောက်၊ အစောက် ဟူသည်၊ ကာလမည်တည့်၊ လူ့ပြည်သမုတ်၊ ရုတ်ရုတ်ဆိုကြ၊ အသံရ၏၊ တန္တဘေးဒဏ်၊ အန်ထောက်မာန၊ ကြုံပသံပေး၊ ဦးမ လေးကား၊ ဝန်လေးကွာလပ်၊ မီးယပ်သားဖွား၊ လူဖုန်းစားကား၊ သူတောင်းစားမျိုး၊ နှင်းနှိုးနှန်းနှိုင်း၊ နှင်းပန်းနှိုင်းကား၊ မခြား တူလစ်၊ မနှစ်မရှား၊ သနားစုံမက်၊ မွေးသက်လောမ၊ ပျင်းမွေး ရ၏၊ ထိုမှတနည်း၊ တိလင်းကျည်းမှာ၊ ကွယ်ကာမယှဉ်၊ သော်ဉ် ကား အသရေ၊ ချေကားမှဲ့မည်း၊ အထည်းညစ်ကြေး၊ ကပ်စေး နှဲတံ၊ ချကားဒွဲဖဲ၊ တုန်လှုပ်ခဲ့တည်း၊ လေးတဲ့ဂုဏ်ရှိ၊ မှတ်ဘိတဖွဲ့၊ လေးတဲ့ဆင်ခြင်၊ ယူငင်စမ်းစုံ၊ လေးကုံငြိမ်သက်၊ တချက် ရှင်နည်း၊ မောင်နည်းဆွေနည်း၊ ချွန်းစည်းမပျို၊ ထဲကြည်ညို၏၊ မိုမိုရွှားရွှား၊ ရှည်လျားဟောင်းမြည်း၊ နီးခြင်းစေ့ချဉ်း၊ မျဉ်းကား အိပ်ကာ၊ ခပ်အိပ်ရာတည်း၊ ရှောက်ရှာမိုဃ်းသီး၊ အတီးရှေးစည် တမည်ခေါ်ခြင်း၊ နိမိတ်ခင်းတည်း၊ တရင်း တဘောင်၊ ရှေ့တောင်ကားနန်း၊ ခေါ်ရိုးမှန်းသည်၊ ဥဒါန်း နည်းမှ မစောင်းတည်း။